# ဗုဒ္ဓါနုဿတိပကာသနီကျမ်း

ရန်ကုန်မြို့တော်

ခြောက်ထပ်ကြီး ဘုရားကြီးကျောင်းတိုက်

အဂ္ဂမဟာပဏ္ဍိတ

မဟာ[illegible] ဘဒ္ဒန္တ [illegible] မဟာထေရ်

ရေးသားစီရင်အပ်သော

# ဗုဒ္ဓါနုဿတိပကာသနီကျမ်း

နှင့်

# မေတ္တာဝိဟာရီပကာသနီကျမ်း

(ဓမ္မဒါန)

၁၃၃၈-ခု၊ အုပ်ရေ(၂၀၀၀)

သာသနာသက္ကရာဇ်-၂၅၂၀၊ ခရစ်သက္ကရာဇ်-၁၉၇၆။

ပထမ-အကြိမ်၊

အုပ်ရေ-၂၀၀၀

၁၉၇၈-ခု၊ ဇူလိုင်လ

ဓမ္မဒါန

မျက်နှာဖုံး ပုံနှိပ်ခွင့်ပြုအမှတ်(၂၉၅)

အဖုံးရိုက်

နဂါးပင်း ပုံနှိပ်တိုက်

၁၂၁၊ ၃၀-လမ်း၊ ရန်ကုန်မြို့။

ထုတ်ဝေသူ

ဦးဝေပုလ္လ ခြောက်ထပ်ကြီး ဘုရားကြီးကျောင်းတိုက်၊

ရွှေဂုံတိုင်လမ်း ရန်ကုန်မြို့က

ကင်းလွတ်ခွင့်အမှတ်(၀၃၄၃၃)

ဘာသာရေးဆိုင်ရာ စာမူခွင့်ပြုချက် အမှတ်(၈၉၀၉)ဖြင့်

ပုံနှိပ်ထုတ်ဝေသည်။

ပုံနှိပ်သူ

ဦးထွန်းစိန် [မြ-၀၃၆၃] နဂါးမင်း ပုံနှိပ်တိုက်

အမှတ်-၁၂၁၊ ၃၀-လမ်း၊ ရန်ကုန်မြို့။

# ဗုဒ္ဓါနုဿတိပကာသနီကျမ်း

## မာတိကာ


| | | | |
|---|---|---|---|
| ၁ | အပန်းလွှာ | .... | ၁ |
| ၂ | ပဏာမ | .... | ၄ |


## ပုဗ္ဗကိစ္စခဏ်း


| | | | |
|---|---|---|---|
| ၃ | ကြိုကာသကန်တော့ခဏ်း | .... | ၇ |
| ၄ | သီလဆောက်တည်ရန် | .... | ၈ |
| ၅ | မေတ္တာပွားရန် | .... | ၉ |
| ၆ | ဆုတောင်းပတ္တနာပြုရန် | .... | ၉ |
| ၇ | အမျှဝေရန် | .... | ၁၀ |
| ၈ | ခေါင့်ရှောက်ရန် ပန်ကြားပုံ | .... | ၁၀ |
| ၉ | ဘုရားအားအသက်နှင့်ကိုယ်လှူပုံ | .... | ၁၁ |
| ၁၀ | အမိဋ္ဌာန်ပြုပုံ | .... | ၁၁ |


F A

၁၁ သစ္စာပြုပုံ .... ၁၂
၁၂ ထိုင်ပုံ .... ၁၂

## ဗုဒ္ဓါနုဿတိပွားခန်း

၁၃ သက်တော်ထင်ရှားအားအာရုံပြုပုံ .... ၁
၁၄ ဆင်းတုတော်ဘုရားအာရုံပြုပုံ .... ၁၃
၁၅ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းပါဠိ .... ၁၃
၁၆ ဘုရားအလိုကျအဋ္ဌကထာဆရာက ....
တပုဒ်စီ ပြသောနည်း .... ၁၄
၁၇ ဂုဏ်တော်ပွားပုံ .... ၁၄
၁၈ ဘုရားဂုဏ်တော် ၉ ပါး ၁၁ ပါး
ကြီးငယ်လဲဘ်ဟူ မည်သူမဆို လွယ်လွယ်
ကူကူ ပါဠိမြန်မာတွဲ၍ပွားပုံအကျဉ်း .... ၂၄

၁၉ မြတ်စွာဘုရား၏အရဟံစသော ဂုဏ်တော်များ၏
အနက်အကျယ်အခန်း .... ၂၆

၂၀ အရဟံစသောဂုဏ်တော်များ၏
အဓိပ္ပာယ်အကျယ်အခန်း .... ၄၁
၂၁ ကိလေသာတို့မှဝေးပုံ အဓိပ္ပာယ် .... ၄၄
၂၂ သူမိုက်တို့မှဝေးပုံအဓိပ္ပာယ် .... ၄၄

၂၃ မသူတော်တို့မှဝေးပုံအဓိပ္ပာယ် .... ၄၄
၂၄ သူတော်တို့နှင့် ဘုရားနီးပုံအဓိပ္ပာယ် .... ၄၄
၂၅ တထောင့်ငါးရာ ကိလေသာတွက်ပုံ .... ၄၆
၂၆ ကိလေသာကုန်ခမ်း၍ ဆိတ်ကွယ်ရာ၌
မကောင်းမှု မပြုပုံ .... ၅၇
၂၇ သမ္မာသမ္ဗုဒ္ဓေါဂုဏ်တော်အဓိပ္ပာယ် .... ၆၃
၂၈ ဝိဇ္ဇာစရဏသမ္ပန္နောဂုဏ်တော်အဓိပ္ပာယ်.... ၆၄
၂၉ ဝိဇ္ဇာ ၃-ပါး .... ၆၅
၃၀ ဝိဇ္ဇာ ၈-ပါး .... ၆၅
၃၁ စရဏ ၁၅-ပါး .... ၆၇
၃၂ ပုရေဘတ္တကိစ္စ .... ၆၈
၃၃ ရောင်ခြည်တော်များနှင့်စပ်သော
အဓိပ္ပာယ်အကျဉ်း .... ၇၃
၃၄ ပစ္ဆာဘတ္တကိစ္စ .... ၇၆
၃၅ ပုရိမယာမကိစ္စ .... ၇၇
၃၆ မဇ္ဈိမယာမကိစ္စ .... ၇၈
၃၇ ပစ္ဆိမယာမကိစ္စ .... ၇၉
၃၉ သူတောကောင်းတရား ၇-ပါး .... ၈၀
၄၀ ရူပဝစရစျာန် ၄-ပါး .... ၈၁
၄၁ သုဂတောဂုဏ်တော်အဓိပ္ပာယ် .... ၈၂
၄၂ လောကဝိဒူဂုဏ်တော်အဓိပ္ပာယ် .... ၈၅
၄၃ သင်္ခါရလောကအဓိပ္ပာယ် .... ၈၆
၄၄ သတ္တလောက သတ္တာဝါနှင့် အနုသယ .... ၉၇

၄၅ သတ္တဝါနှင့်စရိတ် .... ၉၇

၄၆ သတ္တဝါနှင့်နှလုံးသွင်း .... ၉၈

၄၇ သတ္တဝါနှင့်ကိလေသာ .... ၉၈

၄၈ သတ္တဝါနှင့်ဣန္ဒြေ .... ၉၉

၄၉ သတ္တဝါနှင့်အခြင်းအရာ .... ၉၉

၅၀ သိလွယ်-မသိလွယ်သောသတ္တဝါ .... ၉၉

၅၁ ကျွတ်ထိုက် မကျွတ်ထိုက်သော သတ္တဝါ .... ၁၀၀

၅၂ မြေထု၊ ရေထု၊ လေထု၊ .... ၁၀၁

၅၃ မြင့်မိုရ်တောင် .... ၁၀၂

၅၄ စက္ကဝါဠတောင် အတိုင်းအတာ .... ၁၀၃

၅၅ မြင့်မိုရ်တောင်၏ ပတ်ဝန်းကျင် သမုဒ္ဒရာ ရေအရောင်အဆင်းများ .... ၁၀၃

၅၆ သမုဒ္ဒရာ—၄-စင်း .... ၁၀၅

၅၇ သီဒါသမုဒ္ဒရာ-၇တန်- တောင်စဉ်၇-ထပ် ... ၁၀၅

၅၈ ကျွန်းကြီး ၄-ကျွန်း .... ၅၀၇

၅၉ စာတုမဟာရာဇ်နတ်ပြည် .... ၁၀၈

၆၀ ဓနုဗိမာန် .... ၀၀၉

၆၁ လဗိမာန် .... ၁၀၉

၆၂ တာဝတိံသာနတ်ပြည် .... ၁၀၉

၆၃ အသုံးဆုန်တ်ပြည် .... ၁၁၀

၆၄ နဂါးပြည် .... ၁၁၁

၆၅ ဂဠုံပြည် .... ၁၁၁

၆၆ အိုင်ကြီး-၇-အိုင် .... ၁၁၂

၆၇ အနောတတ္တအိုင်ကို ခြံရံသော
တောင်-၅-လုံး .... ၁၁၂

၆၈ အနောတတ္တအိုင်၏ခံတွင်း၄-ခု .... ၁၁၄

၆၉ ဂင်္ဂါ၅-ခုနှင့် ရေကန်ကြီး၁-ကန် .... ၁၁၅

၇၀ မြစ်ကြီး၅-သွယ် .... ၁၁၅

၇၁ တိယဂ္ဂဠရေကန်ကြီးဖြစ်ပေါ်လာပုံ .... ၁၁၇

၇၂ အနောတတ္တအိုင် ရေအကြောင်းနှင့်
သုံးဆောင်သော တံခိုးရှင်များ .... ၁၂၀

၇၃ နန္ဒမူလိုက်ဂူ ပစ္စေကဗုဒ္ဓါများ သိတင်း
သုံးကြောင်း .... ၁၂၁

၇၄ ကဏ္ဏမုဏ္ဍအိုင် အကြောင်း .... ၁၂၄

၇၅ ရထကာရ အိုင်အကြောင်း .... ၁၃၃

၇၆ ဆဒ္ဒန္တအိုင် အကြောင်း .... ၁၃၇

၇၇ ကုဏာလအိုင် အကြောင်း .... ၁၄၀

၇၈ မန္ဒာကိနီ ရေကန်အိုင်အကြောင်း .... ၁၄၈

၇၉ သီဟပ္ပပါတ အိုင်အကြောင်း .... ၁၅၁

၈၀ အနုတ္တရာဂုဏ်တော် အခြံပွားပါယ် .... ၁၅၈

၈၁ ပုရိသဒမ္မသာရထိ ဂုဏ်တော်
အဓိပ္ပါယ် .... ၁၅၉

၈၂ သတ္ထာဒေဝမနုဿာနံ ဂုဏ်တော်–
အဓိပ္ပါယ် .... ၁၆၁

၈၃ ဖါးနတ်သားဝတ္ထု .... ၁၆၅
၈၄ ဗုဒ္ဓဂုဏ်တော်အဓိပ္ပါယ် .... ၁၆၅
၈၅ ဝိမောက္ခ ဝိမောက္ခန္တ ဝိမောက္ခန္တိက
တို့၏ အထူး .... ၁၆၆
၈၆ သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော်နှင့် ဗုဒ္ဓ
ဂုဏ်တော်၏ အထူး .... ၁၆၇
၈၇ ဘဂဝါ ဂုဏ်တော်အဓိပ္ပါယ် .... ၁၆၈
၈၈ ပါရမီ ၁၀-ပါး အပြား-၃၀ .... ၁၆၉
၈၉ စွန့်ခြင်းကြီး ၅-ပါး .... ၁၇၀
၀ ဉာဏ်ရိယဘုန်းတော် ၈-ပါး .... ၁၇၁
၉၁ ကာယိဿရိယ ဘုန်းတော်၈-ပါးနှင့်
မြတ်စွာဘုရားတို့၏ အနုပ်တော်
ပမာဏ .... ၁၇၃
၉၂ အကျိမ်ာ တံခိုးတော် .... ၁၇၇
၉၃ ရှည်မြင့်အောင် ဖန်ဆင်းသော ဝတ္ထု
ကြောင်း .... ၁၈၁

၉၄ ရာဟုအသူရိန္ဒာအား ကြီးအောင်
ဖန်ဆင်းပြပုံ .... ၁၈၂

၉၅ မြတ်စွာဘုရား၏ ဂုဏ်တော်တို့ကိုပွားများ
ခြင်း၏အကျိုး အာနိသင်များ .... ၁၉၀

၉၆ ကပ္ပိနမင်းနှင့် အနောဇာမိဖုယား
ဝတ္ထု .... ၁၉၄

၉၇ ဘုရားဂုဏ်အာရုံပြု၍ နတ်ပြည်ရောက်သော
မဋ္ဌကုဏ္ဍလီဝတ္ထုအကျဉ်း .... ၁၉၆

၉၈ ဗုဒ္ဓေါ၊ ဗုဒ္ဓေါဟု ဘုရားဂုဏ်အာရုံပြု၍
ပွားများသည်ရှိသော် အရောင်အလင်း
တွေ ဖြစ်ပေါ်လာသော
အနာထပိဏ် သဌေးဝတ္ထု .... ၁၉၇

၉၉ အဇာတသတ်မင်း ဝတ္ထု .... ၁၉၉

၁၀၀ စူဠသုဘဒ္ဒဝတ္ထု .... ၁၉၉

၁၀၁ ရာဇဂြိုဟ်မြို့ သုမန
ပန်းသည်အကြောင်း .... ၂၀၁

၁၀၂ ပစ္စက္ခဝတ္ထုကြောင်းများ .... ၂၀၃

၁၀၃ ဟံသာဝတီခရိုင် ခ မ်းမြို့နယ်
ညောင်ပင်ရွာ ဒေါ်သင်အကြောင်း .... ၂၀၃

၁၀၄ ဟံသာဝတီခရိုင်ခရမ်းမြို့နယ်
ကရင်ကျွန်းရွာနေ ဒေါ်မုန်းအကြောင်း .... ၂၀၄

၁၀၅ ဒေါ်မုန်းသမီး မခအေးပုံအကြောင်း .... ၂၀၄

၁၀၆ ဟောင်ကောင်းဘဏ် မန်နေဂျာ

(၁၉၁၀) ခုဖွား၊ ဦးတန်ဘိန်ချောင်း
အရပ် ဗုဒ္ဓါဘုရား
ဂုဏ်တော်တန်ခိုး .... ၂၀၅

၁၀၇ ဘုရားကျင့်စဉ်ဂုဏ်တော် .... ၂၀၈
၁၀၈ အသက်ထင်ရှားရှိစဉ် အခြံအရံခဲ့၍
ရဟန္တာအလောင်း ကောင်းကင်ပျံပုံ .... ၂၀၉
၁၀၉ ဘုရားဆင်းတုတော်နှင့်
ဓာတ်တော်များတန်ခိုးပြပုံ .... ၂၁၀

၁၁၀ ဓမ္မာနုဿတိဂုဏ်တော်ပွားနည်း .... ၂၁၆
၁၁၁ သံဃာဂုဏ်တော် .... ၂၂၂
၁၁၂ သာသနသိပ္ပံကျောင်း ဦးဘေဇံဒ္ဒပေးသော
ဂုဏ်တော်ကွန်ခြာများ .... ၂၂၇

၁၁၃ ဂုဏ်တော်အသင်း ဝန်ကြီးများရုံး
ရန်ကုန် ဦးတင်ရွှေပေးပို့သော
ဂုဏ်တော်ကိုးသွယ် ကြည်ညိုဘွယ် .... ၂၄၁

၁၁၄ ဘိုးဘိုးအောင်ပုတီးစိပ်နည်း .... ၂၄၆
၁၁၅ အထက်ဆရာ ဝိဇ္ဇာဓရများ
နေ့စဉ်မေတ္တာပို့ရန် .... ၂၄၈
၁ ၆ သမ္ဗုဒ္ဓေဘုရားရှိခိုးဂါထာတော်ကြီး .... ၂၄၈

# အပန်းလွှာ

ဗုဒ္ဓါနုဿတိ ပကာသနီကျမ်း၏ ဤမည်သော အပန်းလွှာ နိဒါန်းစာကို ရေးရမည်ဟု ဆရာတော်ဘုရားကြီးက အမိန့်ရှိ စေခိုင်းသည့်အခါ မရေးဝံ့ဝံ့ရှိသည်နှင့်အမျှ စာကိုယ်နှင့်နိဒါန်း လမ်းခင်း ပေးရမည့်အစား အဋ္ဌတန်တိုင်းကြောင့် ဘုရားကွယ် ဆိုသကဲ့သို့ရှိမည်မှာလည်း စိုးရိမ်မိသည်၊ သို့ပင်တစေ ထူးလည် မြတ်မှန် ကြေခဲ့ဝန်ကို ဆိုသည့်အတိုင်း မဆိုင်းမတွ ရေးရတော့ မည်ဟု ဆုံးဖြတ်သည့်အခါ ကျမ်းစာကို အတန်တန် ဖတ်ရှုလိုက် နငယ်အမြိုးတတ်လိုက်နှင့် အချိန်ကာလ အတော်ကြာညောင်း ခဲ့ရသည်၊ မဟာသာဝကတို့၏ ပါရမီတော် ဖြည့်ကျင့်ရပုံကာလ နှင့်စာသော် ဤကျမ်းစာ၏ ကာလသည်၊ မဆိုလောက်သော အခိုက်အတန့်မျှသာဟု မှတ်တမ်းတင်ရမည်ဖြစ်ပေသည်၊ အဘယ့် ကြောင့်ဆိုသော် ကျွန်ုပ်ကဲ့သို့ ပြောသမျှရေးရပြီး နံပါတ်တတ် ပြီးသား စာပါဠိကို ရှာဖွေကူညီပေးရသည့်သူပင် ကိုယ့်အထွာ နှင့်ကိုယ် အနှစ်နှစ်ဆယ်ခန့်ကာလကြာညောင်းခဲ့ရသည်၊ကျေးဇူး ရှင် ဆရာတော်ဘုရားကြီးအနေနှင့်မူ ကျမ်းထိုထို လိုသမျှ မွှေ နှောက် ရေးဆောက်ရသည်မှာ အဘယ်မည်သော တောသုံး

တောင်ဝယ် ကေသရာဇာခြသေ့်မင်းသည် ရဲတင်းနိုင်အံ့နည်းဟု အံ့မခန်းဖြစ်မိသည်၊ ဗုဒ္ဓ ဓမ္မ သံဃ ဂုဏ်တော်တို့နှင့်ပတ်သက်၍ အကျယ်အဖွင့်ကျမ်းကို ပါဠိအဋ္ဌကထာဋီကာမှ ငြမ်း၍ တန်းဆာ ဆင်ထားခြင်း ဖြစ်သဖြင့် ဤကျမ်းသည် ဆရာတော်ဘုရား၏ လက်စွမ်းပြဖြစ်၍ ဉာဏ်ရည်ကိုတစေ့တစောင်းအကဲခတ်လေ့လာ ခွင့်ရသည်ဟု ဆိုခြင်ပါတော့သည်၊ ဤကျမ်းကိုစတင်ရေးသား ခဲ့သည့် အချိန်အားဖြင့်မူ ဘားကူးကျေးရွာ သာမန်စာသင် တိုက်ကလေးတခုမှ စာချဘုန်းကြီးဘဝတဖြစ်လဲ ကျေးဇူးရှင် ဘုရားကြီးတိုက် မဟာနာယကဆရာတော်အဖြစ်ဖြင့် ဘဝနိဒါန်း စချိန်မှာ ရေးသားသောကျမ်းဖြစ်၍လည်း ဘုရားကြီး(ဘားကူး) ဆရာတော်မူ ဩ ကာ သ ကန် တော့ ခဏ်း ဟူ၍ လမ်းပြ စီ စဉ် ထားသည်မှာ နေနှင့် လပမာ လွန်စွာပဏာရလှသည်၊ ဘဝ နိဒါန်းတို့မည်သည်နိဂုမ်းရှိရသကဲ့သို့အကြားအကြားကာလဝယ် ပဝတ္တိဖြစ်စဉ် အတွေ့အကြုံတို့ ဆုံဆည်းရမြဲ သဘောတံထွာ ဓမ္မတာအတိုင်း ဗုဒ္ဓဂုဏ်ရည်ကို ယုံကြည်လေ့လာ ပွားများကြ သူတို့ တမလွန်မဆိုထားဘိ ပစ္စုပ္ပန်ဘဝ၌ပင် အကျိုးကျေးဇူး ကြီးမားလှပုံတို့ကို ပစ္စုပ္ပန်ဝတ္ထုကြောင်းတို့ဖြင့် သာဓက တင် ထားသည်ကိုလည်း စာရှုသူများ မှတ်သားဖတ်ရှုရမည် ဖြစ်ပေ သည်. ရတနာသုံးပါးတို့၏ ဂုဏ်ရည်သည်'အဟော'အော်အံ့ဘွယ် မကုန်ရေးသားတုန်က သမုဒ်မှင်ရေ အာကာဗွေကို စာပုလွေလုပ် ရေးစီထုတ်လည်း ဆုံးအံ့မထင်ဟုသာ ကင်ပွန်းတတ်ခြင်ဘိတော့ သည်၊ မှန်ပါသည်၊ အနန္တညာဏ အနန္တဂုဏ်ဒိ အစိန္တေယျ ဂုဏ်ပေါင်းခသည့် သုံးလောကထွဋ်တင် ရှင်တော်မြတ်ဘုရား၏

ဂုဏ်တော် ၉-ပါးလုံးကို မဆိုထားဘိ လောကဝိဒူ ဂုဏ်ပုဒ်တခု တည်း၏ အတိုင်းအတာသည်ပင် မြေထု ရေထုလေထုမကျန် သိတာ ၇-တန်နှင့် မြင့်မိုရ်သတ္တရဗန်တိုင် အဆုံးပိုင်းခြားမရှိ နှံ့စပ် ဘိသို့ ကျေးဇူးရှင်ဆရာတော်ဘုရား၏ ညာဏ်စွမ်းနှင့် ဘဝပါရမီ စခမ်းသည်လည်း ဤဗုဒ္ဓါနုဿတိ ပကာသနီကျမ်းမှစပြီးမဆုံးနိုင် သောနိဒါန်းတို့ကို ဆက် လက် ရေးရဦးမည် ဖြစ်သည်သာတည်း၊ ထို့ကြောင့် ကျွန်ုပ်တပည့်တဦးအနေနှင့် ဤကျမ်းဝယ်အပန်းလွှာ နိဒါန်းစာတပုဒ်ရေးထုတ်ခွင့်ရသဖြင့် တခဏ်းတကဏ္ဍမှ တစိတ် တဒေသ လမ်းခင်းပေးရခြင်းကို ဝမ်းပမ်းတသာ ဂုဏ်ယူမိပါ ကြောင်းနှင့် စာရှုသူပညာရှိအပေါင်း မျက်စေ့ မညောင်းခင် 'အနန္တဂုဏ်အင် ကျေးဇူးရှင်ကို လွှန်ပင်ကြည်နူး သဒ္ဓါထူးဖြင့် ဆည်းပူးပါရမီ ကူညီသည်' ဟု သဘောပိုက်ကာ အပန်းလွှာ နိဒါန်းမည်သော ဤစာတမ်းကို ရပ်နားရင်း တရားကိုယ် စာသားကိုသာ ဆက်လက်ဖတ်ရှုကြပါတော့ဟု တိုက်တွန်းလိုက်ရ ပါတော့သည်။

တပည့် (ရှင်ဝါသဝ)
ဝတလုံးကျောင်းတိုက်
ခြောက်ထပ်ကြီးဘုရားကြီးတိုက်။

# ဗုဒ္ဓါနုဿတိပကာသနီကျမ်း

ပုရိသဒမ္မသာရထိ၊ ပူရေန္တော သဗ္ဗပါရမီ ။
ပူရေတိ သဗ္ဗလောကဿ၊ အတ္ထာယ မာရဝိဇ္ဇယော။
သာရထိ သာရထိဒေဝ၊ သာရထိနာမ လောကသ္မိ။
သာရထိ ပုရိသံသေဋ္ဌ၊ သာရထိနာမ တေ နမော ။

ပုရိသ ဒမ္မသာရထိ၊ မယဉ်ကျေးလတ် လူနတ်ဗြဟ္မာ၊ သတ္တဝါဝေနေ ယဉ်ကျေးသမှု ဖန်ဖန်ပြုပြင် သွန်သင်ဆုံးမ နည်းညွှန်ပြတော်မူတတ်သော။ မာရဝိဇ္ဇယော၊ ဒေါသထန်ပြင်း မာရ်နတ်မင်းကို လှန်နိုင်ခြင်းမရှိအောင် အောင်တော်မူသော ယောဗုဒ္ဓေါ၊ အကြင်မြတ်စွာဘုရားသည်။ သဗ္ဗပါရမီ ၊ တခုမကြွင်း ခပင်းဥဿုံ အလုံးစုံသော ပါရမီတော်ကို။ ပူရေန္တော၊ လေးသင်္ချေနှင့် ကမ္ဘာတသိန်း တွက်ကိန်းအမျှကာလပတ်လုံး ဖြည့်ကျင့်တော်မူသည်ရှိသော်။ သဗ္ဗလောကဿ၊ ကြွင်းမဲ့ဥဿုံ လုံးစုံများစွာ ဗြဟ္မာနတ်လူ သတ္တဝါဟုဆိုအပ်သော သတ္တလောက၏။ အတ္ထာယ၊ အကျိုးငှါ။ ပူရေတိ၊ မဆုတ်မနစ်

သဗ္ဗသစ်ပွားဆင့် ဖြည့်ကျင့်တော်မူ၏၊ (၀၁)ပါရမီမြင့် သမ္ဘာရင့်အောင် ဖြည့်ကျင့်တော်မူ၏။

သာရထိ သာရထိ၊ ရထားမျိုးတကာထက် မြတ်သော ရထားမျိုးကြီး ဖြစ်တော်မူသော။ ဒေဝသာရထိနာမ၊ သမ္မုတိနတ် ဥပပတ္တိနတ် ဝိသုဒ္ဓိနတ်တို့ကို ယဉ်ကျေးလိမ္မာ သိမ်မွေ့လာအောင် သွန်သင်ဆုံးမ နည်းလမ်းပြတတ်သောကြောင့် ဝိသုဒ္ဓိနတ်မျိုး၊ လက်ဦးတံဆိပ် ခပ်နှိပ်အပ်တော်မူထသော။ ယော ဗုဒ္ဓေါ၊ သတ္တာလေးပါး ပိုင်းခြားသိမြင် အကြင်ဘုရားရှင်သည်။ လောကသ္မိံ၊ ကာမ–ရူပ–အရူပဟု လောကသုံးထွေ ဘုံသုံးဗွေ၌။ ဥပ္ပဇ္ဇိ၊ ပါရမီစုံ နေအရုဏ်ကြောင့် ဖူးငုံငါးငါး စွင့်စွင့်ကား၍ ဖြစ်ပွားပေါ်ထွန်းခဲ့လေပြီ။ အဟံ၊ တပည့်တော်သည်။ သေဋ္ဌံ၊ လောကသုံးထပ် ဘုံသုံးရပ်သား သတ္တဝါများထက်။ သီလ သမာဓိ ပညာ ဝိမုတ္တိ ဝိမုတ္တိဉာဏဒဿနဂုဏ် တို့ဖြင့် ပြိုင်ဘက်ကင်းလတ် အလွန်မြတ်တော်မူပေထသော။ သာရထိ ပုရိသံ၊ လူနတ်ဗြဟ္မာ သတ္တဝါယောကျ်ား ဝေနေယျများကို ဆုံးမပဲ့ပြင် စီရင်တော်မူတတ်သော။ တံ မုနိံ၊ သတ္တာလေးပါး ပိုင်းခြားသိမြင် ထိုဘုရားရှင်ကို။ သရာမိ၊ ကိုးကွယ်ရာ မှီခိုရာ ပုံးအောင်းရာဟူ၍။ ဇာနာမိ၊ ယုံယုံကြည်ကြည် သဒ္ဓါရည်ပွင့် သိမြင်ပါ၏။ ဇာနိတ္ဗာ၊ ယုံယုံကြည်ကြည် သဒ္ဓါရည်ပွင့် သိမြင်၍။ သာရထိနာမ၊ လူနတ်မျိုးဟု အဦးအစ မသွကပင် နာမထင်ရှား မြတ်ဘုရား။ တော၊ ရှင်တော်မြင့ ဘုရားအား။ မေ၊ တပည့်တော်၏။ အာယု ဝဏ္ဏ သုခ ဗလ ဝုဍ္ဎိယာစ၊ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာ

ခြင်း ကိုယ်အား ဉာဏ်အား တိုးပွားခြင်း အကျိုးငှါငှါင်း။ လိခိတဂန္ထာနုန္တရာယ ပရိသမာပန္တံ စ၊ ရေးသားပြုပြင်စီရင်အပ်လတံ့သော ဗုဒ္ဓါနုဿတိပကာသနီကျမ်းအဆီ၏ ရောဂါဘေးဒဏ် ရန်မာန်သွယ်သွယ် အန္တရာယ်မရှိဘဲ ပြီးဆုံးစေခြင်း အကျိုးငှါငှါင်း။ နမော၊ ယုံကြည်မြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော်ခြင်းသည်။ အတ္ထု၊ စင်စစ်မသွေ ဖြစ်ပါစေသတည်း။

ရှေးဆရာတော်ကြီးများ ရေးထားသော ပုရိသဒမ္မသာရထိနမက္ကာရကို အနည်းငယ်ပြင်၍ ထည့်လိုက်ပါသည်။

ဘဒ္ဒန္တအာစိဏ္ဏ အမည်ရှိသော ငါသည် မြတ်စွာဘုရားအား ရှိခိုးပြီး၍ ၁၃၂၀-ပြည့်နှစ် သီတင်းကျွတ်လတွင် ရေးသားထားအပ်သော ဗုဒ္ဓ ဓမ္မ သံဃာနုဿတိ ကမ္မဋ္ဌာန်းအကျဉ်းကို ယခု ၁၃၃၇-ခုနှစ်၌ ဖြည့်စွက်ရေးသား၍ ဗုဒ္ဓါနုဿတိ ပကာသနီကျမ်း ဟူသော အမည်ဖြင့် ပုံနှိပ်ဖြန့်ချိလိုက်ပါသည်။

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ



၁။ ပုဗ္ဗကိစ္စခန်း
ရတနာသုံးပါးကန်တော့ရန်
ရန်ကုန်မြို့
ခြောက်ထပ်ကြီး ဘုရားကြီးတိုက်
ဘုရားကြီး (ဘားကူး) ဆရာတော်မှု

## (၁) (ဩကာသ - ကန်တော့ခန်း)

ဩကာသ၊ ဩကာသ၊ ဩကာသ၊ ကာယကံ၊ ဝစီကံ၊ မနောကံ၊ သဗ္ဗဒေါသ၊ အပြစ်ခပ်သိမ်း၊ ကင်းလွတ်ငြိမ်း၍၊ စီးပွား ချမ်းသာ၊ မင်္ဂလာ၊ ပြည့်စုံပါစေခြင်း အကျိုးငှာ၊ ပထမ ဒုတိယ တတိယ၊ တကြိမ် နှစ်ကြိမ် သုံးကြိမ် မြောက်အောင်၊ ဘုရား ရတနာ၊ တရားရတနာ၊ သံဃာရတနာ၊ ရတနာသုံးပါး၊ (ဆရာသမား) တို့အား၊ ကြည်လင်သော စိတ်ထားဖြင့်၊ ရိုသေ မြတ်နိုး၊ လက်အုပ်မိုး၍၊ ရှိခိုးပါ၏၊ အရှင်ဘုရား။

( ဆုပေးမည့်ပုဂ္ဂိုလ်ရှိက၊ ဤနေရာတွင် ရပ်ပါလေ )

## ဆုပေးမည့်ပုဂ္ဂိုလ် မရှိက ဆက်လက်၍ ဆုတောင်းရန်

ဤသို့- ရှိခိုးပါရ၊ မြတ်ပုညကြောင့်၊ အပါယ်လေးပါး၊ ကပ်သုံးပါးနှင့်၊ ရှစ်ပါးရပ်မျိုး၊ ရန်မျိုးငါးဝ၊ ဗျသနငါးတန်၊ ပြစ်ဘေးဒဏ် တို့မှ၊ အခါခပ်သိမ်း၊ ကင်းလွတ်ငြိမ်း၍၊ မဂ်ဉာဏ်- ဖိုလ်ဉာဏ်- နိဗ္ဗာန်ကို၊ လျင်မြန်စွာ၊ မျက်မှောက်ပြုရပါလို၏၊ အရှင်ဘုရား။

ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း ဘာဝနာ စီးဖြန်းလိုသော ယောဂီပုဂ္ဂိုလ်သည် ပြစ်မှားမိသော အပြစ်တို့ကို၊ ပြောက်ကင်းခြင်းနှင့် စိတ်နှလုံးရွှင်ပြုံး နှစ်သက် လာစေခြင်းငှာ၊ ရှေးဦးစွာ သရဏဂမန ရတနာ သုံးပါးနှင့် ဂုဏ်ရှိဆရာရှင်တို့အား၊ ရှိခိုး ပူဇော် ဖူးမျှော်မာန်လျှော့ ဩကာသ ကန်တော့ခံဏ်းဖြင့် ကန်တော့ရမည်။

### သီလဆောက်တည်ရန် -

၂။ (က) မိမိ၏သီလကို ဆင်ခြင်လိုက်သည်ရှိသော် စင်ကြယ် နေသော သီလရှိသည်ကို ဆင်ခြင် မိ သည် ဖြစ် ၍ စိတ်ရွှင်ပြခြင်းငှာ၊ လူဖြစ်က ဘုရားထံမှာဖြစ်စေ၊ ကမ္မဋ္ဌာန်းပေးဆရာ ရဟန်းထံမှာဖြစ်စေ ဗြဟ္မစရိယ ငါးပါးသီလ ခံယူရမည်။ သို့မဟုတ် ရှစ်ပါးသီလ၊ သို့မဟုတ် မေတ္တာဘာဝနာခေါင်းတပ်သောငါးပါး ရှစ်ပါးသီလ၊ ဆယ်ပါးသီလတို့တွင် ကြိုက်နှစ်သက်ရာ တမျိုးမျိုးသော သီလကို ခံယူစောင့်သုံးရမည်။

(ခ) ရဟန်းဖြစ်က အာပတ်အား လျှော်စွာ စင်ကြယ်အောင် ဒေသနာကြားပရိပါသ် မာနတ်ဆောက်တည် အဗ္ဘာန်သွင်း၍ ကျင့်သုံးသွားရမည်။

မေတ္တာပွားရန်

၃။ ဘေးရန်မရှိရန်အတွက် ၅-မိနစ်လောက် မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းရမည်။ စီးဖြန်းပုံကား.... အရှေ့ အနောက်၊ တောင်မြောက်၊ ဒေါင့်တန်း အောက်အထက်အရပ် ဆယ်မျက်နှာတို့၌ နေကြကုန်သော (က) ကျင့်ဘော် ကျင့်ဘက် သီတင်းသုံးဘော်၊ (ခ) ကိုယ်စောင့်နတ်၊ (ဂ) အာရာမ်စောင့်နတ်၊ (ဃ) မိဘဆရာ ဥာတကာ၊ (င) စတုပစ္စယဒါယကာ မြို့ရွာ အုပ်ချုပ်သူ ရှင် လူ နတ် သတ္တဝါ အပေါင်းတို့သည် ၁- ရန်မာန်ခပ်သိမ်း ကင်းငြိမ်းပါစေ၊ ၂- စိုးရိမ်ခပ်သိမ်း ကင်းငြိမ်းပါစေ၊ ၃- ဆင်းရဲခပ်သိမ်း ကင်းငြိမ်းပါစေ၊ ၄- ကိုယ်စိတ်နှစ်ဖြာ ချမ်းသာပါစေ၊ ဤသို့ စိတ်နှလုံး၌ နှစ်နှစ်ခြိုက်ခြိုက် ချမ်းသာ အေးမြလာအောင် မေတ္တာပွားရမည်။

၄။ ဆုတောင်းပတ္ထနာပြုရန်

ဆုတောင်းပုံ....ဤသို့ပြုရ ကုသလကြောင့် ဈာန အဘိညာ ပဋိသမ္ဘိဒါ မဂ္ဂါလေးဝ ဖလလေးတန် နိဗ္ဗာန်ကေန် ရ-ရပါလို၏၊ ကမ္မဋ္ဌာန်း အာရုံစိတ်နှလုံးတွင် ကြည်ကြည် လင်လင် ထင်မြင် ပါစေသတည်း။

## ၃။ အမျှပေးဝေရန်

ဤသို့ပြုရကုသလ၏ဘို့ဘာဂကိုစိတ်ထားကြည်နူး မကကျူးရာ ဆရာမိဘာ ဥာတကာ ဘုမ္မအာကာ ဝေမာဏိက ယမ္မရာဇာ အစဖြာ၍ စောင့်ထ လုံးစုံ သုံးဆယ့်တဘုံ ကျင်လည်ကုန်သည့် သတ္တဝါ များ တကာတို့အား ထပ်တူထပ်မျှ အမျှ ပေးဝေ ပါ၏၊ သာဓု သာဓု ညီညာပြု၍ ခေါ်ကြပါစေ ကုန်သတည်း။

## ၄။ စောင့်ရှောက်ရန်ပန်ကြားပုံ

အကျွန်ုပ်အားလည်းဘေးရန်ကင်းကွာချမ်းသာစွာ တရားအားထုတ် နိုင်ရန် စောင့်ရှောက် ကြပါစေကုန် သတည်း။

## ၅။ ဘုရားအားအသက်နှင့်ကိုယ်လှူပုံ

(ဣမာဟံဘဂဝါအတ္တဘာဝံတုမှာကံပရိစ္စဇာမိ) (ဝိသုဒ္ဓိမဂ္ဂကမ္မဋ္ဌာနနိဒ္ဒေသ)ကမ္မဋ္ဌာန်းအာရုံနှင့်တကွ ကြောက် မက် ဘွယ် ရာ အာ ရုံ တွေ့၊ ကြောက် မက် ဘွယ်ရာ ဘေးရန်တွေ့၊ ကြောက် မက် ဘွယ် ရာ ခြင်္သေ့ သစ်ကျား မြွေကင်း ဘီလူး သားရဲစသော ဘေးရန်ကြီးတွေ့ ရင်ဆိုင် တွေ့မြင် ငြားသော် လည်း

ငါ့ခန္ဓာကိုယ်မဟုတ် ဘုရားလှူပြီး၍ ဘုရားခန္ဓာ ကိုယ်သာဖြစ်သည်၊ ဘ ဘုရား အ ရှိ သား ဘဲ ဘာ ကြောက်စရာရှိသနည်းဟု ဘေးရန်တွေကို ဖြောက်၍ တရား အားထုတ်နိုင်ရန် အလို့ငှါ၊ မြတ်စွာဘုရား အား တပည့်တော်၏ အသက်နှင့် အတ္တဘောခန္ဓာ ကိုယ်ကို သင်အရှင်ဘုရားတို့အား စွန့်လှူပါ၏ဟု လှူရမည်၊ သို့မဟုတ် မိမိ ယုံ ကြည် လောက် သော သီလ သမာဓိ ပညာ ဂုဏ် တို့ နှင့် ပြည့် စုံ သော ကမ္မဋ္ဌာန်းပေးဆရာတို့အားလည်း စွန့်လှူရမည်။

လှူပုံကား....ဣမာဟံ ဘန္တေ အတ္တဘာဝံ တုမှာကံ ပရိစ္စဇာမိဟု စွန့်လှူရမည်၊ ဘာသာပြန်.... အရှင် ဘုရား အကျွန်ုပ်သည်(တပည့်တော်သည်) အသက် နှင့် ဤခန္ဓာကိုယ်ကို သင်ဆရာ အရှင်မြတ် တို့အား ကမ္မ ဋ္ဌာန်း အား ထုတ် နေ သည့် ဤအချိန်အတွင်း စွန့်လှူပါ၏။

## (ဂ) အဓိဋ္ဌာန်ပြုပုံ

ကာမံ တစော စ နှာရု စ အဋ္ဌိ စ အဝသုဿတု မေ ဥပသုဿတု နိဿေသံ သရီရေ မံသလောဟိတံ။

### ဘာသာပြန်

ပလိဗောဓ ၁၀-ပါး၊ အသပ္ပါယ ၇-ပါးတို့ကို ရှောင်ကွင်း၍ လျှောက်ပတ်သောကျောင်း၊ လျှောက်ပတ်သောဝတ္ထု ဘောဇဉ်

တို့ကို မှိုဝဲ့နေ၍ ငါကား ဤနာရီအချိန်အခါကစ၍ ဤနာရီ အချိန်အခါအထိ ကိုယ်၌ အရေ အကြော အရိုးသာကြွင်းကျန် ပစေ၊ အသား အသွေး အကြွင်းမဲ့ ခမ်းခြောက်ပစေ၊ ဤအချိန် မစေ့မချင်း မထဟု မြဲမြဲမြန်မြန် အဓိဋ္ဌာန် ဆောက်တည် ရမည်။ သို့မဟုတ် ထိုင်သည်ကစ၍ သမာဓိမရမခြင်း အာရုံ မထင်မခြင်း မထဟုမြဲမြဲမြန်မြန် အဓိဋ္ဌာန် ဆောက်တည်ရမည်။

## (၉) သစ္စာပြုပုံ

သဗ္ဗညုတညာဏ်တော်ရှင် ဘုရားသခင်အား ယုံကြည်ကိုးစား ပါ၏၊ ဤသို့ယုံကြည်ကိုးစား၏ဟု မှန်ကန်သောသစ္စာစကား ကြောင့် ကမ္မဋ္ဌာန်းအာရုံ လျှင်မြန်စွာ ထင်ပါစေသား။

မှတ်ချက်။ ။ကြိုက်သလို မိမိ၏ သီလ သမာဓိ ပညာများကို အမှီပြု၍လည်း သစ္စာပြုနိုင်သည်။

## (၁၀) ထိုင်ပုံ

ယောကျ်ားဖြစ်က တင်ပလ္လင်ခွေ၊ မိန်းမဖြစ်က ပုဆစ်တုပ် ထိုင်ရမည်၊ မလှုပ် မရှက် အောင် လက်နှစ်ဖက် ရှက်ထား ရမည်။

မှတ်ချက်။ ။အလွန်ညောင်းညာဖြေရန်ကား ကြွင်းကြံသော ရပ်သွားလျှောင်း ဣရိယာပထသုံးပါးအပေါင်း ကို လည်း ပြောင်း လဲ့ အား ထုတ် နိုင် သည်၊ ဣရိယာပထ ပြောင်းလဲ့သော်လည်း ကမ္မဋ္ဌာန်း အာရုံ လက်မလွှတ်စေရ၊ သတိမလွှတ်စေရ။

## ၂/ဗုဒ္ဓါနုဿတိပွားခဏ်း

### ၁—က။ သက်တော်ထင်ရှားဘုရားအာရုံပြုပုံ

ကျနစွာထိုင်ပြီးလျှင် ဗောဓိပင် ရွှေပလ္လင်ဝယ် ထက်ဝယ် ဖွဲ့ခွေ သမာပတ် ဝင်စား နေ သည့် ရောင် ခြည် ခြောက် သွယ် ကွန့်မြူးစမွယ် နေတော်မူသော သက်တော်ထင်ရှား မြတ်စွာ ဘုရားကို ဉာဏ်မျက်စိတွင် ထင်မြင်လာအောင် အဖန်ဖန် ရှုကြည့်ရမည်။

### ခ။ ဆင်းတုတော်ဘုရားပုံအာရုံပြုပုံ

သို့မဟုတ် တင့်တယ်သပ္ပါယ် ကြည်ညိုဘွယ် ကောင်းသော ရွှေ ငွေ ကြေး ကျောက် စသည်တို့ဖြင့် ထုလုပ်ထားသော ဆင်းတုတော်ကို ပကတိ မျက် စိ ဖြင့် ကြည့်၍ ဉာဏ်မျက်စိတွင် ထင်လာအောင် ရှုရမည်။

သက်တော်ထင်ရှား ပဉ္စတ် ဘုရား အစစ် ကို ၎င်း၊ ရုပ်ပွား ဆင်းတုတော်ကို၎င်း အာရုံပြု၍ပွားများပြီး သမာဓိ အတော် အလျှင်ရသည့်နောက် ဂုဏ်တော် ၉-ပါး ၁၀-ပါးတို့တွင်အစစွာ ဖြစ်သော(သော ဘဂဝါ ဣတိပိ အရဟံ)ပရမတ် ဂုဏ်တော်ကို ဉာဏ်မျက်စိထဲ စွဲစွဲမြဲမြဲ ထင်မြင်လာအောင် ရှုဆင်ခြင်ပွားများ ရမည်။

### (၂) ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းပါဠိ

ဣတိပိ သော ဘဂဝါ ၁-အရဟံ ၂-သမ္မာသမ္ဗုဒ္ဓေါ ၃-ဝိဇ္ဇာစရဏသမ္ပန္နော ၄-သုဂတော ၅-လောကဝိဒူ

၆-အနုတ္တရော ၇-ပုရိသဒမ္မသာရထိ ၈-သတ္ထာ ဒေဝ-
မနုဿာနံ ၉-ဗုဒ္ဓေါ ၁၀-ဘဂဝါ။

မှတ်ချက်။ ။အနုတ္တရော တပါး၊ ပုရိသဒမ္မသာရထိ တပါး-
ခွဲယူလျှင် ဂုဏ်တော် ၁၀-ပါး၊ အနုတ္တရော
ပုရိသဒမ္မသာရထိဟု တပါတည်း ပေါင်းယူလျှင်
ဂုဏ်တော် ၉-ပါးဖြစ်သည်။

## (၃) ဘုရားအလိုကျ အဋ္ဌကထာဆရာက တပုဒ်စီခွဲပြသောနည်း

၁။ သော ဘဂဝါ ဣတိပိ အရဟံ
၂။ သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ
၃။ သော ဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော
၄။ သော ဘဂဝါ ဣတိပိ သုဂတော
၅။ သော ဘဂဝါ ဣတိပိ လောကဝိဒူ
၆။ သော ဘဂဝါ ဣတိပိ အနုတ္တရော
၇။ သော ဘဂဝါ ဣတိပိ ပုရိသဒမ္မသာရထိ
၈။ သော ဘဂဝါ ဣတိပိ သတ္ထာဒေဝမနုဿာနံ
၉။ သော ဘဂဝါ ဣတိပိ ဗုဒ္ဓေါ
၁၀။ သော ဘဂဝါ ဣတိပိ ဘဂဝါ။

## (၄) ဂုဏ်တော်ပွားပုံ

ဝိသုဒ္ဓိမဂ္ဂလာ ၃၂-ကောဋ္ဌာသနည်းကိုမှီ၍ သော ဘဂဝါ ဣတိပိ အရဟံဟု ဂုဏ်တော်တပါးတည်း နှုတ်ကရွတ်၍ ၅-ရက် တိုင်တိုင် ပွားများရမည်။

သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ
ဂုဏ်တော် ၅ရက်

သော ဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော
ဂုဏ်တော် ၅ရက်

သော ဘဂဝါ ဣတိပိ သုဂတော
ဂုဏ်တော် ၅ရက်

သော ဘဂဝါ ဣတိပိ လောကဝိဒူ
ဂုဏ်တော် ၅ရက်

သော ဘဂဝါ ဣတိပိ အနုတ္တရော
ဂုဏ်တော် ၅ရက်

သော ဘဂဝါ ဣတိပိ ပုရိသဒမ္မသာရထိ
ဂုဏ်တော် ၅ရက်

သော ဘဂဝါ ဣတိပိ သတ္ထာဒေဝမနုဿာနံ
ဂုဏ်တော် ၅ရက်

သော ဘဂဝါ ဣတိပိ ဗုဒ္ဓေါ
ဂုဏ်တော် ၅ရက်

သော ဘဂဝါ ဣတိပိ ဘဂဝါ
ဂုဏ်တော် ၅ရက်

ဤသို့အသီးသီး တပါးတပါး ၅ရက်စီခွဲ၍ ပွားများခဲ့သည် ရှိသော် ရက်ပေါင်း ၅၀ရှိလျှင် ဂုဏ်တော် ၁၀ပါးစေ့သွား တော့၏။ သမာဓိရလျှင် ဝိပဿနာတင်ရမည်။ သမာဓိအရှိန် အဝါ ကောင်းစွာမရသေးလျှင် ရှေ့ဆက်၍ အနုလောမ (အနုလုံ)၊ ပဋိလောမ(ပဋိလုံ)စုံတွဲလိုက် ပွားများပုံကား....

၁။ က— အနုလုံ ၂စုံတွဲ။သော ဘဂဝါ ဣတိပိ အရဟံ
သော ဘဂဝါ ဣတိပိ သမ္မာ
သမ္ဗုဒ္ဓေါ။

ခ— ပဋိလုံ ၂စုံတွဲ။သော ဘဂဝါ ဣတိပိ
သမ္မာသမ္ဗုဒ္ဓေါ။
သော ဘဂဝါ ဣတိပိ အရဟံ။

၂။ က— အနုလုံ ၃စုံတွဲ။သော ဘဂဝါ ဣတိပိ အရဟံ
သော ဘဂဝါ ဣတိပိ
သမ္မာသမ္ဗုဒ္ဓေါ
သော ဘဂဝါ ဣတိပိ
ဝိဇ္ဇာစရဏသမ္ပန္နော။

၂။ ခ— ပဋိလုံ ၃စုံတွဲ။သော ဘဂဝါ ဣတိပိ
ဝိဇ္ဇာစရဏသမ္ပန္နော။
သော ဘဂဝါ ဣတိပိ
သမ္မာသမ္ဗုဒ္ဓေါ
သော ဘဂဝါ ဣတိပိ အရဟံ။

၃။ က— အနုလုံ ၄စုံတွဲ။သော ဘဂဝါ ဣတိပိ အရဟံ
သော ဘဂဝါ ဣတိပိ

သမ္မာသမ္ဗုဒ္ဓေါ
သော ဘဂဝါ ဣတိပိ
ဝိဇ္ဇာစရဏသမ္ပန္နော
သော ဘဂဝါ ဣတိပိ
သုဂတော။

၃။ ခ— ပဋိလုံ ၄ စုံတွဲ။သော ဘဂဝါ ဣတိပိ
သုဂတော
သော ဘဂဝါ ဣတိပိ
ဝိဇ္ဇာစရဏသမ္ပန္နော
သော ဘဂဝါ ဣတိပိ
သမ္မာသမ္ဗုဒ္ဓေါ
သော ဘဂဝါ ဣတိပိ အရဟံ။

၄။ က— အနုလုံ ၅ စုံတွဲ။သော ဘဂဝါ ဣတိပိ အရဟံ
သော ဘဂဝါ ဣတိပိ
သမ္မာသမ္ဗုဒ္ဓေါ
သော ဘဂဝါ ဣတိပိ
ဝိဇ္ဇာစရဏသမ္ပန္နော
သော ဘဂဝါ ဣတိပိ သုဂတော
သော ဘဂဝါ ဣတိပိ
လောကဝိဒူ

၄။ ခ— ပဋိလုံ ၅ စုံတွဲ။သော ဘဂဝါ ဣတိပိ
လောကဝိဒူ
သော ဘဂဝါ ဣတိပိ
သုဂတော
သော ဘဂဝါ ဣတိပိ
ဝိဇ္ဇာစရဏသမ္ပန္နော
သော ဘဂဝါ ဣတိပိ
သမ္မာသမ္ဗုဒ္ဓေါ
သော ဘဂဝါ ဣတိပိ အရဟံ

၅။ က— အနုလုံ ၆ စုံတွဲ။သော ဘဂဝါ ဣတိပိ အရဟံ
သော ဘဂဝါ ဣတိပိ
သမ္မာသမ္ဗုဒ္ဓေါ
သော ဘဂဝါ ဣတိပိ
ဝိဇ္ဇာစရဏသမ္ပန္နော
သော ဘဂဝါ ဣတိပိ သုဂတော
သော ဘဂဝါ ဣတိပိ
လောကဝိဒူ
သော ဘဂဝါ ဣတိပိ
အနုတ္တရော။

၅။ ခ— ပဋိလုံ ၆ စုံတွဲ။သော ဘဂဝါ ဣတိပိ
အနုတ္တရော

သော ဘဂဝါ ဣတိပိ
လောကဒူ
သော ဘဂဝါ ဣတိပိ သုဂတော
သော ဘဂဝါ ဣတိပိ
ဝိဇ္ဇာစရဏသမ္ပန္နော
သော ဘဂဝါ ဣတိပိ
သမ္မာသံမ္ဗုဒ္ဓေါ
သော ဘဂဝါ ဣတိပိ အရဟံ

၄၊ က - အနုလုံ ၇ စုံတွဲ။ သော ဘဂဝါ ဣတိပိ အရဟံ
သော ဘဂဝါ ဣတိပိ သမ္မာ
သမ္ဗုဒ္ဓေါ
သော ဘဂဝါ ဣတိပိ
ဝိဇ္ဇာစရဏသမ္ပန္နော
သော ဘဂဝါ ဣတိပိ သုဂတော
သော ဘဂဝါ ဣတိပိ လောကဝိဒူ
သော ဘဂဝါ ဣတိပိ အနုတ္တရော
သော ဘဂဝါ ဣတိပိ
ပုရိသဒမ္မသာရထိ။

၆။ ခ— ပဋိလုံ ၇ စုံတွဲ။ သော ဘဂဝါ ဣတိပိ
ပုရိသဒမ္မသာရထိ
သော ဘဂဝါ ဣတိပိ အနုတ္တရော
သော ဘဂဝါ ဣတိပိ လောကဝိဒူ
သော ဘဂဝါ ဣတိပိ သုဂတော

သော ဘဂဝါ ဣတိပိ
ဝိဇ္ဇာစရဏသမ္ပန္နော
သော ဘဂဝါ ဣတိပိ
သမ္မာသမ္ဗုဒ္ဓေါ
သော ဘဂဝါ ဣတိပိ အရဟံ။

၇။ က— အနုလုံ ဂ စုံကွဲ။ သော ဘဂဝါ ဣတိပိ အရဟံ
သော ဘဂဝါ ဣတိပိ
သမ္မာသမ္ဗုဒ္ဓေါ
သော ဘဂဝါ ဣတိပိ
ဝိဇ္ဇာစရဏသမ္ပန္နော
သော ဘဂဝါ ဣတိပိ သုဂတော
သော ဘဂဝါ ဣတိပိ လောကဝိဒူ
သော ဘဂဝါ ဣတိပိ အနုတ္တရော
သော ဘဂဝါ ဣတိပိ
ပုရိသဒမ္မသာရထိ
သော ဘဂဝါ ဣတိပိ
သတ္ထာဒေဝမနုဿာနံ။

၇။ ခ— ပဋိလုံ ဂ စုံတွဲ။ သော ဘဂဝါ ဣတိပိ
သတ္ထာဒေဝမနုဿာနံ
သော ဘဂဝါ ဣတိပိ
ပုရိသဒမ္မသာရထိ
သော ဘဂဝါ ဣတိပိ အနုတ္တရော

သော ဘဂဝါ ဣတိပိ လောကဝိဒူ
သော ဘဂဝါ ဣတိပိ သုဂတော
သော ဘဂဝါ ဣတိပိ
ဝိဇ္ဇာစရဏသမ္ပန္နော
သော ဘဂဝါ ဣတိပိ
သမ္မာသမ္ဗုဒ္ဓေါ။
သော ဘဂဝါ ဣတိပိ အရဟံ။

၈။ က- အနုလုံ ၉ စုံတွဲ။ သော ဘဂဝါ ဣတိပိ အရဟံ
သော ဘဂဝါ ဣတိပိ
သမ္မာသမ္ဗုဒ္ဓေါ
သော ဘဂဝါ ဣတိပိ
ဝိဇ္ဇာစရဏသမ္ပန္နော
သော ဘဂဝါ ဣတိပိ သုဂတော
သော ဘဂဝါ ဣတိပိ လောကဝိဒူ
သော ဘဂဝါ ဣတိပိ အနုတ္တရော
သော ဘဂဝါ ဣတိပိ
ပုရိသဒမ္မသာရထိ
သော ဘဂဝါ ဣတိပိ
သတ္ထာဒေဝမနုဿာနံ
သော ဘဂဝါ ဣတိပိ ဗုဒ္ဓေါ။

၈။ ခ— ပဋိလုံ ၉ စုံတွဲ။သော ဘဂဝါ ဣတိပိ ဗုဒ္ဓေါ
သော ဘဂဝါ ဣတိပိ
သတ္ထာဒေဝမနုဿာနံ
သော ဘဂဝါ ဣတိပိ
ပုရိသဒမ္မသာရထိ
သော ဘဂဝါ ဣတိပိ အနုတ္တရော
သော ဘဂဝါ ဣတိပိ လောကဝိဒူ
သော ဘဂဝါ ဣတိပိ သုဂတော
သော ဘဂဝါ ဣတိပိ
ဝိဇ္ဇာစရဏသမ္ပန္နော
သော ဘဂဝါ ဣတိပိ
သမ္မာသမ္ဗုဒ္ဓေါ
သော ဘဂဝါ ဣတိပိ အရဟံ။

၉။ က— အနုလုံ ၁၀စုံတွဲ။သော ဘဂဝါ ဣတိပိ အရဟံ
သော ဘဂဝါ ဣတိပိ
သမ္မာသမ္ဗုဒ္ဓေါ
သော ဘဂဝါ ဣတိပိ
ဝိဇ္ဇာစရဏသမ္ပန္နော
သော ဘဂဝါ ဣတိပိ သုဂတော
သော ဘဂဝါ ဣတိပိ လောကဝိဒူ
သော ဘဂဝါ ဣတိပိ အနုတ္တရော

သော ဘဂဝါ ဣတိပိ
ပုရိသဒမ္မသာရထိ
သော ဘဂဝါ ဣတိပိ
သတ္ထာဒေဝမနုဿာနံ
သော ဘဂဝါ ဣတိပိ ဗုဒ္ဓေါ
သော ဘဂဝါ ဣတိပိ ဘဂဝါ။

၉။ ခ— ပင့်လုံ ၁၀ စုံတွဲ။သော ဘဂဝါ ဣတိပိ ဘဂဝါ
သော ဘဂဝါ ဣတိပိ ဗုဒ္ဓေါ
သော ဘဂဝါ ဣတိပိ
သတ္ထာဒေဝမနုဿာနံ
သော ဘဂဝါ ဣတိပိ
ပုရိသဒမ္မသာရထိ
သော ဘဂဝါ ဣတိပိ အနုတ္တရော
သော ဘဂဝါ ဣတိပိ လောကဝိဒူ
သော ဘဂဝါ ဣတိပိ သုဂတော
သော ဘဂဝါ ဣတိပိ
ဝိဇ္ဇာစရဏသမ္ပန္နော
သော ဘဂဝါ ဣတိပိ
သမ္မာသမ္ဗုဒ္ဓေါ
သော ဘဂဝါ ဣတိပိ အရဟံ။

ဤသို့ ၂– စုံတွဲမှစ၍ ၁၀– စုံတွဲအထိ အနုလုံ ၅– ရက်

ပဋ္ဌိလုံ ၅-ရက်စီ ပွားများခဲ့သည်ရှိသော် ရက်ပေါင်း (၉၀) (၃)လပွားများရ၏။

ဤသို့ပွားများစဉ် သမာဓိခိုင်မြဲအောင် ရသော်ငှင်း၊ ရက်ပေါင်း(၉၀) (၃)လပြည့်မှ သမာဓိခိုင်မြဲအောင် ရသော်ငှင်း၊ ဝိပဿနာပြောင်းရှုရမည်။

အနုတ္တရောဂုဏ်တော်နှင့် ပုရိသဒမ္မသာရထိဂုဏ်တော် ၂-ပါးကို တပေါင်းတည်းပွားများလျှင် ၉-စုံတွဲသာရှိ၍ ရက်ပေါင်း (၈၀)သာ ပွားများရမည်။

၅။ ဘုရားဂုဏ်တော် ၉.ပါး၊ ၁၀ ပါး ကြီးငယ်လတ်ဟု မည်သူမဆိုလွယ်လွယ်ကူကူ ပါဠိမြန်မာတွဲ၍ပွားပုံအကျဉ်း

၁/က။ အရဟံ ဂုဏ်တော်ကျေးဇူး လွန်မြတ်ထူးသည်။ နတ်လူဦးခိုက် ပူဇော်ထိုက်သော မြတ်စွာဘုရား။ မြတ်စွာဘုရား။

၁/ခ။ အရဟံ၊ လူနတ်ဗြဟ္မာ သတ္တဝါတို့ ကြည်ဖြူ ကော်ရော် ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား....မြတ်စွာဘုရား။

၂။ သမ္မာသမ္ဗုဒ္ဓေါ၊ ဧညယျငါးတန် တရားမှန်ကို ကိုယ့်ဉာဏ်သွားဖြင့် ငကန် သိ တော် မူ သော မြတ်စွာဘုရား....မြတ်စွာဘုရား။

၃။ ဝိဇ္ဇာစရဏသမ္ပန္နော၊ သုံးရှစ်ဝိဇ္ဇာ၊ စရဏာ ဆယ့်ငါး ပွါးမှုဖုံဖုံ ပြည့်စုံတော်မူသော မြတ်စွာဘုရား....မြတ်စွာဘုရား။

၄။ သုဂတော၊ အရိယမဂ် ဉာဏ်ယျာဉ်စက်ဖြင့် မပျက်ရပ်ဌာန် မြတ်နိဗ္ဗာန်သို့ ကြွမြန်းတော်မူသော မြတ်စွာဘုရား....မြတ်စွာဘုရား။

၅။ လောကဝိဒူ၊ သတ္တ သင်္ခါ ဩကာသဟုလောက သုံးခွင် ဘုံအပြင်ကို သိမြင်တော်မူသော မြတ်စွာဘုရား....မြတ်စွာဘုရား။

၆။ အနုတ္တရော၊ သီလ သမာဓိ ပညာ ဝိမုတ္တိ ဒဿနမည်တွင် ဉာဏ်ငါးအင်ဖြင့် မိမိထက်မြတ်သူ နတ်လူ ဗြဟ္မာ သတ္တဝါ ရှိတော်မမူသော မြတ်စွာဘုရား .. မြတ်စွာဘုရား။

၇။ ပုရိသဒမ္မသာရထိ၊ မယဉ်ကျေးသူ နတ်လူဗြဟ္မာ တိရစ္ဆာန်တို့ ယဉ်ကျေးသမှု ဆုံးမခြင်းပြုတော်မူသော မြတ်စွာဘုရား....မြတ်စွာဘုရား။

မှတ်ချက်။ ။အနုတ္တရော ပုရိသဒမ္မသာရထိ(တပေါင်းတည်းပြု၍)၊ သီလ သမာဓိ ပညာ ဝိမုတ္တိ ဒဿနမည်တွင် ဉာဏ်ငါးအင်ဖြင့် မိမိထက်မြတ်သူ မရှိမူ၍ မယဉ်ကျေးပေ သတ္တဝါတွေကို ယဉ်ကျေးစေမှု ဆုံးမခြင်းပြုတော်မူတတ်သော မြတ်စွာဘုရား.... မြတ်စွာဘုရား။

၈။ သတ္ထာဒေဝမနုဿာနံ၊ ဗြဟ္မာ နတ်လူ သုံးဘုံသူတို့ ဆုံးမညွှန့်ဖူး ယျဉ်မှူး ဖြစ်တော်မူသော မြတ်စွာဘုရား....မြတ်စွာဘုရား။

၉။ ဗုဒ္ဓေါ၊ ဗောဓိဉာဏ်မြင် သစ္စာလေးလီ ခိုင်နှင်းဆီကို ကိုယ်လည်းသိမြင် သုံးခွင်ဘုံသား ဝေနေအားလည်း သိစေတော်မူတတ်သော မြတ်စွာဘုရား မြတ်စွာဘုရား။

၁၀။ ဘဂဝါ၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်တို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား.... မြတ်စွာဘုရား။

## ၆။ ဗုဒ္ဓါနုဿတိပွားများပုံအကျယ်

တတ္ထ အာရကတ္တာ အရီနံ အရာနဉ္စ ဟတတ္တာ ပစ္စယာဒီနံ အရဟတ္တာ ပါပကရဏေ ရဟာဘာဝါ တိ ဣမေဟိ ၊တာဝ ကာရဏေဟိ သော ဘဂဝါ အရဟန္တိ အနုဿရတိ(ဝိသုဒ္ဓိမဂ္ဂ-ဌ-၁၊၁၉၂)

ဤအဋ္ဌကထာဖွင့်အရ အစဉ်အားဖြင့် နိဿယနက်ကို နည်း အမျိုးမျိုးတို့ဖြင့် ရေးပြပါအံ့၊ ဉာဏ်ကြီးရှင် ဉာဏ်လတ် ဉာဏ်နု ပုဂ္ဂိုလ်များ မိမိတို့ဉာဏ်အလျောက် စိတ်ဝင်စားစွာ နားလည်အောင် အရဆောင် ပြုလုပ်ကြပါကုန်လော့။

## (၁) က– အာရကအနက်

သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည် ဣတိပိအရိယာမဂ္ဂင် မြတ်ကျင့်စဉ်ဖြင့် ကုန်စဉ်များစွာကိလေသာမှ ဝေးကွာတော်မူတတ်သော ဤအကြောင်းကြောင့်လည်း။ အရဟံ(အာရကံ) အရဟာမည်တော်မူ၏။

## ခ– အာရကအနက်

သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဝါသနာနှင့်တကွ ကိလေသာတို့ကို အရိယမဂ် စိန်လက်နက်ဖြင့် ဖျက်ဆီးအပ်ပြီးသည်ဖြစ်၍ ကိလေသာတို့မှ ဝေးတော်မူသော ဤအကြောင်းကြောင့်လည်း။ အရဟံ(အာရကာ) အရဟ မည်တော်မူ၏။

## (၂) က– အရိဟတအနက်

သော ဘဂဝါ၊ သည်။ ဣတိပိ၊ ကိလေသာမာန် ကိုယ်တွင်းရန်ကို ဉာဏ်အရဟတ် စိန်ဓားမြတ်ဖြင့် ခုတ်ဖြတ်သတ်တော်မူတတ်သော ဤအကြောင်းကြောင့်လည်း။ အရဟံ(အရိဟတံ) အရဟ မည်တော်မူ၏။

## (၂) ခ– အရိဟတအနက်

သော ဘဂဝါ၊ သည်။ ဣတိပိ ကိလေသာစက် သုံးထောင်ဝက်ကို လေးမဂ်ဉာဏ်သွား စိန်သံဓားဖြင့် ပယ်ရှားခုတ်ဖြတ်လက်စပြတ်အောင် သတ်တော်မူတတ်သော ဤအကြောင်းကြောင့်လည်း။ အရဟံ(အရိဟတ)အရဟ မည်တော်မူ၏။

## (၂) ဂ– အရိဟတအနက်

သော အဂဝါ၊ သည်။ ဣတိပိ ကိလေသာစက် သုံးထောင်ဝက်ကို လေးမဂ်အမြောက် ချိန်ရွယ်ထောက်၍ ပြစ်ဖေါက်ဖျက်ဆီးတော်မူတတ်သော ဤအကြောင်းကြောင့်လည်း။ အရိဟံ (အရိဟတ)အရဟ မည်တော်မူ၏။

### ၃—က။ အရဟတအနက်

သော ဘဂဝါ၊ သည်။ ဣတိပိ သံသာရစက် ကန့်အကွက်ကို အရဟတ္တမဂ် ပရဆိန် လက်နက်ဖြင့် ခုတ်ဖြတ်တော်မူတတ်သော ဤအကြောင်းကြောင့်လည်း။ အရဟံ (အရ-ဟတ) အရဟာ မည်တော်မူ၏။

### ၃—ခ။ အရ—ဟတအနက်

သော ဘဂဝါ၊ သည်။ ဣတိပိ သံသာရစက်ကန့် အကွက်ကို မဂ်အရဟတ် ဝရဇိန်မြတ်ဖြင့် ခုတ်ဖြတ်တော်မူတတ်သော ဤအကြောင်းကြောင့်လည်း။ အရဟံ(အရ—ဟတ)အရဟာ မည်တော်မူ၏။

### ၃—ဂ။ အရ-ဟတအနက်

သော ဘဂဝါ၊ သည်။ ဣတိပိ၊ အဝိဇ္ဇာချက် ဇရာမရဏ အကွပ် ဆယ်ပါးဓမ္မ အကန့်တပ်ဆင် အစမထင်လတ် သံသာရဝဋ္ဋ စက်ရဟတ်ကို ဗောဓိမဏ္ဍိုင် သီမြေဆိုင်တွင် ကြံ့ခိုင်ဝီရိ၊ တည့်တည့်ရပ်ခါ သဒ္ဓါစွဲလတ် ရဟတ်မဂ်စိန် ပရဆိန်ဖြင့် ချိန်ရွယ် ခုတ်ဖြတ် လက်စသတ်တော်မူတတ်သော ဤအကြောင်းကြောင့်လည်း အရဟံ(အရ-ဟတ)အရ-ဟမည်တော်မူ၏။

### ၃—ဃ။ အရ-ဟတအနက်

သော ဘဂဝါ၊ သည်။ ဣတိပိ၊ ဘဝတဏှာ အဝိဇ္ဇာပုန်းတောင်း အဘိသင်္ခါအကန့် ဇရာ မရဏအကွပ် အာသဝ ဝန်ရိုး လျှိုးထလျက် ဘဝသုံးပါး ယာဉ်ရထားတွင် တပ်ဆင်ထားလတ် အစမသတ် လည်ပတ်နေသော သံသာရစက် ဝဋ္ဋအချက်ကို

ဗောဓိမဏ္ဍိုင် သီမြေဆိုင်တွင် ကြံ့ခိုင်ဝီရိ တည့်တည့်ရပ်ခါ သဒ္ဓါစဲ့လက် ရဟတ်မဂ်စိန် ပရဆိန်ဖြင့် ချိန်ရွယ်ခုတ်ဖြတ် လက်စသတ်တော်မူတတ်သော ဤအကြောင်း ကြောင့် လည်း။ အရဟံ(အရ-ဟတ)အရ-ဟမည်တော်မူ၏။

၃–င။ အရ-ဟတအနက်

သော ဘဂဝါ၊ သည်။ ဣတိပိ၊ အဝိဇ္ဇာ အစဖြာတောင်း အကြောင်း တရား သင်္ခါရ အစပျိုးသည့် အကျိုး တရား ဤနှစ်ပါး၏ မပြတ်မလတ် လည်ပတ်နေသည့် သံသာရစက် ဝဋ်ကန့်ကွက်ကို မဂ်ပရဆိန် လက်နက်စိန်ဖြင့် ချိန်ရွယ်လျက်သာ အချက်မြိုင်မြိုင် ခုတ် ပိုင်း တော် မူ တတ် သော ဤအကြောင်း ကြောင့်လည်း။ အရ-ဟံ(အရ ဟတ) အရ-ဟ မည်တော်မူ၏။

၃–စ။ အရ-ဟတအနက်

သော ဘဂဝါ၊ သည်။ ဣတိပိ၊ လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ပဋိသန္ဓေ နေခြင်း၏အကြောင်းဖြစ်၍ဖြစ်သော ကုသလ–အကုသ လကမ်သည် ကမ္မဘဝမည်၏။ ကမ်ကြောင့်ဖြစ်သော ခန္ဓာဟူ သမျှတို့သည် ဥပ-ပတ္တိဘဝမည်၏။ ခန္ဓာတို့ ဖြစ်ခြင်းဥပါဒ် သည် ဇာတိ၊ ရင့်ခြင်းဌီသည် ဇရာ၊ ပျက်ခြင်းဘင်သည် မရဏ၊ မပြတ်မလတ်လည်ပတ်နေသည့် သံသာရဝဋ်စက်ရဟတ်ကို လေးမဂ်ဉာဏ်ချိန် ပရဆိန်ဖြင့် ချိန်ရွယ်လျက်သာ အချက် မြိုင်မြိုင် ခုတ်ပိုင်းတော်မူတတ်သော ဤ အ ကြောင်း ကြောင့် လည်း။ အရဟံ(အရ-ဟတ)အရ-ဟံမည်တော်မူ၏။

(၄) ပစ္စယ အရဟ အနက်

က။ သော ဘဂဝါ၊ သည်။ ဣတိပိ၊ လူနတ်ဗြဟ္မာ သတ္တဝါ

တို့၏ ကြည်ဖြူကော်ရော် ပူဇော်အထူးကို ခံတော်မူထိုက်သော ဤအကြောင်းကြောင့်လည်း။ အရဟံ (ပစ္စယအရဟံ) အရဟာ မည်တော်မူ၏။

ခ။ သော ဘဂဝါ၊ သည်။ ဣတိပိ၊ လူမင်း နတ်မင်း ဗြဟ္မာမင်းတို့ ဝပ်စင်းကော်ရော် ပူဇော်သက္ကာ ကြီးကျယ်စွာကို မဟာနုဘော် ဂုဏ်တေဇော်ဖြင့် ခံတော်မူထိုက်သော ဤအကြောင်းကြောင့်လည်း။ အရဟံ (ပစ္စယအရဟံ) အရဟာ မည်တော်မူ၏။

ဂ။ သော ဘဂဝါ၊ သည်။ ဣတိပိ၊ လူနတ်ခပင်း အမင်းမင်းတို့ စိတ်ကြည်ဖြူဖြူ ပေးလှူအပ်ငြား ပစ္စည်းများကို ခံထားယူလိုက် ပူဇော်ထိုက်တော်မူသော ဤအကြောင်းကြောင့်လည်း။ အရဟံ(ပစ္စယအရဟံ)အရဟာ မည်တော်မူ၏။

(၅) ပါပကရဏ အရဟာ အနက်။

က-သော ဘဂဝါ၊ သည်။ ဣတိပိ၊ မကောင်းမှုပြုတာ ဆိတ်ကွယ်ရာဟု ရပ်ဌာနပင် ဖြစ်လင့်ကစား စိုးစဉ်းနည်းငယ် မကောင်းဘွယ်အမှု ပြုတော်မူတတ်သော ဤအကြောင်းကြောင့်လည်း။ အရဟံ(ပါပကရဏ အရဟံ) အရဟာ မည်တော်မူ၏။

ခ-သော ဘဂဝါ၊ သည်။ ဣတိပိ၊ မကောင်းမှုပြုတာ ဆိတ်ကွယ်ရာဟု ရပ်ဌာန ရှိတော်မမူသော ဤအကြောင်းကြောင့်လည်း။ အရဟံ၊ အရဟာမည်တော်မူ၏။

၂။ သောဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ။

က-သော ဘဂဝါ၊ သည်။ ဣတိပိ၊ အဘိညေယျာ ပရိညာနှင့် ပဟာတဗ္ဗသစ္ဆိကဟု မဂ္ဂဘာဝနာ လေးသစ္စာကို ဆရာမထား

ကိုယ့်ဉာဏ်သွားဖြင့် ပိုင်းခြား ထင် ထင် ဟိတ် ဖိုလ် ယှဉ် လျက် လက်ဝယ်တင်ထား ပတ္တမြားသို့ ထင်ရှားကေန် မဖောက်ပြန်ဘဲ ဟုတ်မှန်စွာ သိမြင်တော်မူတတ်သော ဤအကြောင်းကြောင့် လည်း။ သမ္မာသမ္ဗုဒ္ဓေါ၊ သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏။

ခ-သော ဘဂဝါ၊ သည်။ ဇ္ဇတိပိ၊ မဖောက်မပြန် ကိုယ်တိုင် ဉာဏ်ဖြင့် ညေယျင်္ဂါးတန် တရားမှန်ကို အမြန်ထိုးထွင်း သိမြင် တော်မူတတ်သော ဤ အ ကြောင်း ကြောင့် လည်း ။ သမ္မာ သမ္ဗုဒ္ဓေါ၊ သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏။

ဂ-သော ဘဂဝါ၊ သည်။ ဇ္ဇတိပိ၊ မဖောက်မပြန် သယမ္ဘူ ဉာဏ်ဖြင့် အတိညေယျ ပဟာတဗ္ဗ သစ္ဆိကာတဗ္ဗ ဘာဝေတဗ္ဗ ညေယျဉဿုံ အလုံးစုံကို အကုန်အစင် သိမြင်တော်မူသော ဤအကြောင်းကြောင့်လည်း။ သမ္မာသမ္ဗုဒ္ဓေါ၊ သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏။

ဃ-သော ဘဂဝါ၊သည်။ဇ္ဇတိပိ၊ဒုက္ခသမုဒယ-နိရောဓပညာ မဂ္ဂဘာဝနာ လေးသစ္စာကို ဆရာမရှိ မိမိအလျောက် မဖောက် မပြန် အမှန်သိတော်မူတတ်သော ဤအကြောင်းကြောင့်လည်း။ သမ္မာသမ္ဗုဒ္ဓေါ သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏။

င-သော ဘဂဝါ၊ သည်။ ဇ္ဇတိပိ၊ ဆအာယတန ဝိညာဏနှင့် ဖဿ ဝေဒနာ သညာ စေတနာ တဏှာ ဝိတက် စဉ်ဆက် ဝိစာ လေးသစ္စာကို မဖောက်မပြန် ကိုယ်တိုင်ဉာဏ်ဖြင့် ထိုးထွင်း သိမြင်တော်မူသော ဤ အ ကြောင်း ကြောင့် လည်း။ သမ္မာ သမ္ဗုဒ္ဓေါ၊ သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏။

စ-သော ဘဂဝါ၊ သည်။ ဇ္ဇတိပိ၊ သစ္စာလေးလီ ခိုင်နှင်းဆီကို

မမှီးဆရာ ကိုယ့်ချည်းသာလျှင် အမှန်ပင် ပန်ဆင်တော်မူသော ဤအကြောင်းကြောင့်လည်း။ သမ္မာသမ္ဗုဒ္ဓေါ၊ သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏။

၃။ သော ဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော။

က-သော ဘဂဝါ၊ သည်။ ဣတိပိ၊ ဝိဇ္ဇာ,၃-ပါး ဝိဇ္ဇာ ၈-ပါး စရဏ ၁၅-ပါးတို့နှင့် ပြည့်စုံတော်မူသော ဤအကြောင်းကြောင့်လည်း။ ဝိဇ္ဇာစရဏသမ္ပန္နော၊ ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏။

ခ-သော ဘဂဝါ၊ သည်။ ဣတိပိ၊ သုံးပါးဝိဇ္ဇာ ဘိညာရှစ်ပါး ဆယ့်ငါးစရဏ မှတ်ကြသချေ့ သီလဘောဇာ သဒ္ဓမ္မာ သတ် ရုပ်လေးဝဟု ဓမ္မဥဿုံ လွှမ်းမိုးခြုံလျက် ပြည့်စုံတော်မူသော ဤအကြောင်းကြောင့်လည်း။ ဝိဇ္ဇာစရဏသမ္ပန္နော၊ ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏။

ဂ သောဘဂဝါ၊သည်။ ဣတိပိ၊ပုဒ်အာ သောဏ္ဍစေ မဝိ ဖုံဖုံ သုံးလီဝိဇ္ဇာ တဖြာရှစ်ဟော သီလဘောဇာ သဒ္ဓမ္မာသတ် ရုပ်လေးဝဟု စရဏအမှန် ဆဲ့ငါးတန်တို့နှင့် ပြည့်စုံတော်မူသော ဤအကြောင်းကြောင့်လည်း။ဝိဇ္ဇာစရဏသမ္ပန္နော၊ဝိဇ္ဇာစရဏ သမ္ပန္န မည်တော်မူ၏။

၄။ သော ဘဂဝါ၊ ဣတိပိ သုဂတော။

က-သော ဘဂဝါ၊ သည်။ ဣတိပိ၊ အရိယာမဂ် ဓမ္မစက်ဖြင့် ဘေးရန်ကင်းကွာ ရပ်ဒီသာသို့ စွဲလမ်းမှုငြိ တည့်တည့် မတ်မတ် ကြွမြန်းတော် မူတတ်သော ဤ အ ကြောင်း ကြောင့် လည်း။ သုဂတော၊ သုဂတမည်တော်မူပါပေ၏။

ခ-သော ဘဂဝါ၊ သည်။ ဣတိပိ၊ အရိယာမဂ် ဓမ္မစက်ဖြင့် မသေရာမှန် မြိုက်နိဗ္ဗာန်သို့ ကြွ မြန်း တော် မူ တတ် သော ဤ အကြောင်းကြောင့်လည်း။ သုဂတော၊ သုဂတမည်တော်မူပါ ပေ၏။

ဂ-သော ဘဂဝါ၊ သည်။ ဣတိပိ၊ သမ္မာပဋိပတ် အကျင့်မြတ်ဖြင့် သုံးထပ်ဘုံသား ချမ်းသာများဘို့ အယုတ်တရား နှစ်ပါးပါယ်ခွါ လှည့်လည်မြန်း ကြွကာ ဟောပြတော်မူ တတ်သော ဤအကြောင်းကြောင့်လည်း သုဂတော၊ သုဂတ မည်တော်မူပါပေ၏။

ဃ-သော ဘဂဝါ၊ သည်။ ဣတိပိ၊ စကားဆိုရန် ခွန်းခြောက်တန်တွင် ဟုတ်မှန်ကျိုးကြောင်း နှစ်ခွန်းကောင်းသာ မိန့်တော်မူတတ်သော ဤအကြောင်းကြောင့်လည်း။ သုဂတော၊ သုဂတ မည်တော်မူပါပေ၏။

## ၅။ သော ဘဂဝါ ဣတိပိ လောကဝိဒူ။

က-သော ဘဂဝါ၊ သည်။ ဣတိပိ၊ လောကသုံးရပ် သတ္တဝါတို့ကို ဉာဏ်မြတ်ထင်ထင် သိမြင်တော်မူသော ဤအကြောင်းကြောင့်လည်း။ လောကဝိဒူ၊ လောကဝိဒူ မည်တော်မူပါပေ၏။

ခ-သော ဘဂဝါ၊ သည်။ ဣတိပိ၊ သတ္တလေးရပ် ဓမ္မမြတ်ဖြင့် လောကဉာဏ် အလုံးစုံကို အကုန်အစင် ထင်ထင်လင်းလင်း သိမြင်တော်မူသော ဤ အ ကြောင်း ကြောင့် လည်း။ လောကဝိဒူ၊ လောကဝိဒူ မည်တော်မူပါပေ၏။

ဂ။ သော ဘဂဝါ၊ သည်။ ဣတိပိ၊ သတ္တ သင်္ခါရ ဩကာသ ဟု လောကသုံးခွင် ဘုံအပြင်ကို ချစ်ရှင်မြတ်စွာ ဉာဏ်တော် သာဖြင့် အတတ်ထင်ထင် သိမြင်တော်မူသော ဤအကြောင်း ကြောင့်လည်း။ လောကဝိဒူ၊ လောကဝိဒူ မည်တော်မူပါ ပေ၏။

## ဃ။ သော ဘဂဝါ ဣတိပိ အနုတ္တရောပုရိသဒမ္မသာရထိ (နှစ်ပါးတွဲ)

သော ဘဂဝါ၊သည်။ ဣတိပိ၊ သီလ သမာဓိ ပညာ ဝိမုတ္တိ ဝိမုတ္တိဉာဏဒဿနမည်တွင် ဂုဏ်ငါးအင်တို့ဖြင့် မိမိထက်မူ လွန် မြတ်ထူးသူ မည်သူ မည်ဝါ မရှိလျှင် မယဉ်ကျေးသည့် လူနတ် ဗြဟ္မာ ဒေဝါ သက္က ယက္ခနာဂံ တိရစ္ဆာန်နှင့် ကုမ္ဘာဏ်စသား များလှသောင်းသောင်း ယောကျ်ားပေါင်းကို ကောင်းအောင် ဆုံးမတော်မူတတ်သော ဤအကြောင်းကြောင့်လည်း။ အနုတ္တ ရော ပုရိသဒမ္မသာရထိ၊ အနုတ္တရောပုရိသဒမ္မသာရထိမည်တော် မူပါပေ၏။

## င။ သော ဘဂဝါ ဣတိပိ အနုတ္တရော (တပါးစီ)

က။ သော ဘဂဝါ၊ သည်။ ဣတိပိ၊ သီလ သမာဓိ ပညာ ဝိမုတ္တိ ဝိမုတ္တိဉာဏဒဿနမည်တွင် ဂုဏ်ငါးအင်တို့ဖြင့် မိမိထက်မူ

လွန်မြတ်သူ နတ်လူပြဟ္မာ ရှိတော်မမူသော ဤအကြောင်းကြောင့်လည်းအနုတ္တရော (ဝိသိဋ္ဌော) အနုတ္တရမည်တော်မူပါပေ၏။

အတ္တနာ ပန ဂုဏေဟိ ဝိသိဋ္ဌတရဿ ကဿစိ အဘာဝတော နတ္ထိ ဧတဿ ဥတ္တရောတိ အနုတ္တရော။ (ဝိသုဒ္ဓိမဂ္ဂ ၇-ဆ အနုဿတိ နိဒ္ဒေသ ဗုဒ္ဓါနုဿတိကထာ ၅၀၁)။

ခ။ သော ဘဂဝါ၊ သည်။ ဋ္ဌတိပိ၊ သီလ သမာဓိ ပညာ ဝိမုတ္တိ ဒဿနမည်တွင် ဂုဏ်ငါးအင်တို့ဖြင့် မိမိထက်ထူး လွန်မြတ်သူ နတ်လူပြဟ္မာ မရှိရှာသော ဤ အ ကြောင်း ကြောင့်လည်း။ အနုတ္တရော အနုတ္တရမည်တော်မူ၏။(ဝိသိဋ္ဌအနက်)။

ဂ။ သော ဘဂဝါ၊ သည်။ ဋ္ဌတိပိ၊ သီလ သမာ ပညာ ဝိမုတ္တိ ဒဿနမည်တွင် ဂုဏ်ငါးအင်ဖြင့် လောကဉဿုံ အလုံးစုံကို လွှမ်းခြုံတော်မူသော ဤအကြောင်းကြောင့်လည်း။ အနုတ္တရော သဗ္ဗလောကာဘိဘဝေါ အနုတ္တရမည်တော်မူပါပေ၏။

တထာ ဟေဿ သီလဂုဏေနာပိ သဗ္ဗံ လောကမ ... ဘဝတိ သမာဓိ ပညာ ဝိမုတ္တိ ဝိမုတ္တိညာ ... ဒဿနဂုဏေနာပိ။ (ဂုဏ် ၂၀၁)။

ဃ။ သော ဘဂဝါ၊ သည်။ ဣတိပိ၊ သီလ သမာ ပညာ ဝိမုတ္တ ဒဿနမည်တွင် ဂုဏ်ငါးအင်ဖြင့် မိမိနှင့်တူသူ နတ်လူ ဗြဟ္မာ သတ္တဝါလုံး၀ ရှိတော်မမူသော ဤအကြောင်းကြောင့်လည်း။ အနုတ္တရော (အသမော)အနုတ္တရမည်တော်မူပါပေ၏။

တတ္တ အသမောတိ ကေသို့ ကာလေ နတ္ထိ ဧတေသ သီလာဒိဂုဏေန သမာ သဒိသာတိ အသမော။ (ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ ၇-ဆ အနုဿတိ နိဒ္ဒေသ ဗုဒ္ဓါ[illegible]တိကထာဝဏ္ဏနာ ၂၄၄)။

င။ သောဘဂဝါ၊သည်။ ဣတိပိ၊ သီလ သမာ ပညာ ဝိမုတ္တ ဒဿနမည်တွင် ဂုဏ်ငါးအင်ဖြင့် တစုံ တယောက်နှင့်မျှ မတူကြသည့် အတိတ်အနာဂါတ် ပွင့်ပြီး ပွင့်လတ္တံ့ပြဒး ဘုရားရှင်တို့နှင့်သာ တူတော်မူသော ဤ အ ကြောင်း ကြောင့် လည်း အနုတ္တရော (အသ မသ မော)အနုတ္တရ မည်တော်မူ၏။

တထာ အသ မေဟိ အတီ တာ နာ ဂ တ ဗုဒ္ဓေဟိ သမော အသမာ ဝါ သမာ ဧ က ဿာ တိ အသမသမော။ (ဋင်းမဟာဋီကာ)။

စ။ သော ဘဂဝါ၊သည်။ ဣတိပိ၊ သီလ သမာ ပညာဝိမုတ္တ ဒဿနမည်တွင် ဂုဏ်ငါးအင်ဖြင့် နိုင်းယှဉ်စရာ ဥပမာမရှိသော ဤအကြောင်းကြောင့်လည်း။ အနုတ္တရော(အပ္ပဋိမော)အနုတ္တရ မည်တော်မူပါပေ၏။

သီလာဒိဂုဏေန နတ္ထိ ဧတ္တဿ ပဋိမောတိ အပ္ပဋိမော။ ယဿ ဥပမာမတ္တံ ပဋိမာ။ (ဋင်းမဟာဋီကာ)။

ဆ။ သော ဘဂဝါ သည် ဣတိပိ။ သီလသမာပညာ ဝိမုတ္တိ ဒဿနမည်တွင် ဂုဏ်ငါးအင်ဖြင့် အတူပြုစရာ ပြဟ္မာနတ်လူ မည်သူ မည်ဝါ မရှိရှာသော ဤအကြောင်းကြောင့်လည်း။ အနုတ္တရော (အပ္ပဋိဘာဂေါ) အနုတ္တရ မည်တော်မူပါပေ၏။ (သဒိသုပမာ ပဋိဘာဂေါ-ဋီကာ)။

ဇ။ သော ဘဂဝါ၊ သည်။ ဣတိပိ၊ သီလ သမာပညာ ဝိမုတ္တိ ဒဿနမည်တွင် ဂုဏ်ငါးအင်နှင့် တဘက်ပြိုင်ဘက်အစုံယှူရာ ပုဂ္ဂလ လုံးဝမရှိသော ဤ အကြောင်း ကြောင့် လည်း။ အနုတ္တရော (အပ္ပဋိပုဂ္ဂလော) အနုတ္တရမည်တော်မူပါပေ၏။ (ယုဂဂ္ဂါဟဝသေန ဋ္ဌိတော ပဋိပုဂ္ဂလော ဝေဒိတဗ္ဗော။ ဋီကာ။)

> သီလဂုဏေနပိ အသမော အသမသမော အပ္ပဋိမော အပ္ပဋိဘာဂေါ အပ္ပဋိပုဂ္ဂလော ပ- ဝိမုတ္တိဉာဏဒဿန ဂုဏေနာပိ။ (ဝိသုဒ္ဓိမဂ္ဂ ၇-ဆ အနုဿတိနိဒ္ဒေသ ဗုဒ္ဓါနုဿတိကထာ-၂၀၁)။

၇။ သော ဘဂဝါ ဣတိပိ ပုရိသ ဒမ္မသာရထိ။

က။ သော ဘဂဝါ၊ သည်။ ဣတိပိ မယဉ်ကျေးသူ နတ်လူပြဟ္မာ တိရစ္ဆာဟု များလှသောင်းသောင်း ယောကျ်ား ပေါင်းကို ယဉ်ကျေးအောင် ဆုံးမတော် မူတတ်သော ဤအကြောင်းကြောင့်လည်း။ ပုရိသ ဒမ္မသာရထိ ပုရိသဒမ္မ သာရထိ မည်တော်မူပါပေ၏။

ခ။ သော ဘဂဝါ၊ သည်။ ဣတိပိ၊ မယဉ်ကျေး ကြ အပလာလနာဂ ဓနပါလကဟတ္ထိ သစ္စကပရိဗ္ဗာဇက အာဠဝက

သဏ္ဍာဗက အစထားသည့် ယောကျ်ားများစွာ သတ္တဝါတို့ကို ယဉ်ကျေးစေမှု ဆုံးမခြင်းကို ပြုတော်မူတတ်သော ဤအကြောင်း ကြောင့်လည်း။ ပုရိသဒမ္မသာရထိ ပုရိသဒမ္မသာရထိ မည်တော် မူပါပေ၏။

(ဂ) သောဘဂဝါ၊ သည်။ ဇလတိပိ၊ မရှင်ဖုံဖုံ နဂါးဂဠုန် ကုမ္ဘာန်ယက္ခ စေဝရရာဇ ပြဟ္မာဏနှင့် သတ္တဒေဝ ဗကပြဟ္မာ သတ္တဝါတို့ကို အချက်ကျကျ နည်းစုံပြလျက် ဆုံးမတော်မူသော ဤအကြောင်းကြောင့်လည်း။ ပုရိသ ဒမ္မသာရတိ၊ ပုရိသဒမ္မ သာရထိ မည်တော်မူ၏။

## ဂ။ သော ဘဂဝါ ဇလတိပိ သတ္ထာဒေဝမနုဿာနံ

က။ သော ဘဂဝါ၊ သည်။ ဇလတိပိ၊ ဒိဋ္ဌ ဓမ္မိက သမ္ပရာ ယိက ပရမတ္ထတို့ဖြင့် နတ်လူပြဟ္မာ သတ္တဝါတို့အား အထိုက် အလျောက် ကျိုးကြောင်းဂုန် နည်းညွှန်ပြလျက် ဆုံးမသွန်သင် တော်မူတတ်သော ဤအကြောင်းကြောင့်လည်း။ သတ္ထာဒေဝ မနုဿာနံ၊ သတ္ထာဒေဝမနုဿ မည်တော်မူပါပေ၏။ (ဝါ)ဒေဝ မနုဿ သတ္ထု မည်တော်မူပါပေ၏။

ခ။ သော ဘဂဝါ၊ သည်။ ဇလတိပိ၊ ကျွတ် တမ်း ဝင် ရန် တိရစ္ဆာန်နှင့် ကုမ္ဘဏ်ဇ ႉး (စုံး) ယူ နတ်လူပြဟ္မာ သတ္တဝါတို့အား ဇာတိစလျှင်း ခရီးပြင်းကို ကျော်နင်းစေကြောင်း တရား ကောင်းဖြင့် ဆုံးမပေတတ် လူနတ်သတ္တဝါတို့၏ အကြီးအမှူး ဦးစီးဖြစ်တော်မူသော ဤအကြောင်းကြောင့်လည်း။ သတ္ထာ ဒေဝမနုဿာနံ၊သတ္ထာဒေဝမနုဿ မည်တော်မူပါပေ၏။

ဂ။ သော ဘဂဝါ၊ သည်။ ဣတိပိ၊ သတ္တဝါပေါင်း ယာဉ်မျိုးကျော်သည် အဖော်နှောက်ပေါ ပေါင်းများစွာကို ကန္တာရကြမ်း ခရီးလမ်းမှ ဘေးဘမ်းမခ လမ်းဌာနသို့ မှန်းဆလွယ်ကူ ထုတ်ကယ်ယူသို့ ထို့တူတရှိ ခက်ခဲဘိသည့် ဇာတိဇရာ မရဏဟု ကန္တာရကြမ်း ခရီးလမ်းမှ ရွှေနန်းရိပ်သာ ပြည်ဓမ္မာသို့ ပြဟ္မာနတ်လူသုံးဘုံသူကို ဆောင်ယူ ကယ်တတ် ဆရာမြတ်ဖြစ်တော်မူသော ကြောင့်အကြောင်းကြောင့်လည်း။ သတ္ထာဒေဝ မနုဿာနံ-ကားတဏှာဉ်ကရောက်ကဲ့သို့ ဘဝိသဏ္ဍာဝလောဘ- သမာသ-တည်း သတ္ထာဒေဝ မနုဿာ မည်တော်မူပါပေ၏။

## ၉။ သော ဘဂဝါ ဣတိပိ ဗုဒ္ဓေါ။

က။ သော ဘဂဝါ၊ သည်။ ဣတိပိ၊ သဗ္ဗညုတဉာဏ ဝိမောက္ခန္တိကအားဖြင့် ဥေယျဥဿံ အလုံးစုံကို အကုန်အစင် သိမြင်တော်မူတတ်သော ကြောင့်အကြောင်းကြောင့်လည်း။ ဗုဒ္ဓေါ၊ ဗုဒ္ဓမည်တော်မူပါပေ၏။

ခ။ သော ဘဂဝါ၊ သည်။ ဣတိပိ၊ သစ္စာလေးရပ် တရားမြတ်ကို အတတ်ပိုင်ပိုင် ကိုယ်တိုင်သိမြင်- သုံးပြင်ဘုံသားဝေနေယျအားလည်း ဟောကြားဆွတ်ချွေ သိစေတော်မူတတ်သော ကြောင့်အကြောင်းကြောင့်လည်း။ ဗုဒ္ဓေါ၊ ဗုဒ္ဓမည်တော်မူပါပေ၏။

မှတ်ချက်။ ။(၁) ဝိမောက္ခဖြင့် ကိလေသာတို့မှလွတ်ခြင်း၏။ အကြောင်းဖြစ်သောကြောင့် အရဟတ္တမဂ်ရ၏။

(၂) ဝိမောက္ခန္တဖြင့် အရဟတ္တမဂ်၏ အဆုံး၌ဖြစ်သော အကျိုး အရဟတ္တဖလ ရ၏။

(၃) ဝိမောက္ခန္တိကဖြင့် အရဟတ္တမဂ်၏အဆုံး၌ ရအပ်သော အရဟတ္တ ဖလနှင့် မရှေးမနှောင်း ရှေ့နောက်ယှဉ်တွဲ ဖြစ်ပေါ်လာသော သဗ္ဗညုတဉာဏ်ရ၏။

၁၀။ သော ဘဂဝါ ဣတိပိ ဘဂဝါ။

ဘဂဝါတိ ဝစနံ သေဋ္ဌံ၊ ဘဂဝါတိ ဝစနမုတ္တမံ။
ဂရုဂါရဝယုတ္တော သော၊ ဘဂဝါ တေန ဝုစ္စတိ။
(ဝိသုဒ္ဓိမဂ်အဋ္ဌကထာ)

က။ သော ဘဂဝါ၊ သည်။ ဣတိပိ၊ အရဟံစသော ဂုဏ်တော်တို့ဖြင့် ချီးမွန်းအပ်မြတ်သည်ဖြစ်၍ အရိုအသေပြုအပ်ပြုသင့် ပြုထိုက်သည်နှင့် ယှဉ်လျက် အလုံးစုံသော သတ္တဝါတို့ထက် ထူးမြတ် တော်မူသော ဤအကြောင်းကြောင့်လည်း။ ဘဂဝါ၊ ဘဂဝန္တ မည်တော်မူ၏။ (ဂရုဂါရဝေဟိယုတ္တော)

ဘာဂျဝါ ဘဂ္ဂဝါ ယုတ္တော၊ ဘဂေဟိ စ ဝိဘတ္တဝေါ၊
ဘတ္တဝါ ဝန္တဂမနော၊ ဘဝေသု ဘဂဝါ တတော။
ရင်းအဋ္ဌကထာ

ခ။ သော ဘဂဝါ၊ သည်။ ဣတိပိ၊ လောကုတ် လောကီနှစ်လီချမ်းသာ ဖြစ်လာသွယ်သွယ် ပါရမီဆယ်ပါး အပြားသုံးဆယ် ငါးသွယ်စာဂ သုံးဝစရိယာအဖြာဖြာသော ဘုန်းကံပါရမီ ရှိတော်မူသော ဤအကြောင်းကြောင့်လည်း။ ဘဂဝါ၊ ဘဂဝန္တ မည်တော်မူပါပေ၏။

ဂ−၁။ သောဘဂဝါ၊ သည်။ ဣတိပိ၊ လောဘအစ ဒသကမှ ဒိဋ္ဌိခြောက်ဆယ့်နှစ် တရာ့ရှစ်တဏှာ အသိန်းမက များလှကုန်စွာ ကိလေသာတို့ကို လေးပြာမြိုက်မဂ် စိန်သန်လျက်ဖြင့် ခုတ်ဖျက်တော်မူတတ်သော ဤ အကြောင်းကြောင့် လည်း။ ဘဂဝါ ဘဂ္ဂဝါ၊ ဘဂဝန္တု မည်တော်မူပါပေ၏။

ဂ−၂။ သောဘဂဝါ၊ သည်။ ဣတိပိ၊ ကိလေသာနှင့် ခန္ဓာ−သခ်ံ ဒေဝပုတ္တမစ္စုလျှင်လျှင် မာရ်ငါးအင်တို့ကို အရဟတ္တမဂ် ဒါးသံလျက်ဖြင့် အချက်ပိုင်ပိုင် ခုတ်ပိုင်းတော်မူတတ်သော ဤ အကြောင်းကြောင့်လည်း။ ဘဂဝါ၊ ဘဂဝန္တ မည်တော်မူ၏။

ဃ−၁။ သောဘဂဝါ၊ သည်။ ဣတိပိ၊ ဣဿရိယ ဓမ္မ ယသ သိရိကာမ ပယတ္တဟု ဘုန်းတော်ခြောက်ပါး ဂုဏ်တော်များနှင့် ပြည့်စုံတော်မူသော ဤအကြောင်းကြောင့်လည်း။ ဘဂဝါ ဘဂေဟိ ယုတ္တော၊ ဘဂဝန္တ မည်တော်မူပါပေ၏။

ဃ−၂။ သောဘဂဝါ၊သည်။ ဣတိပိ၊ ဣဿရိယ ဓမ္မ ယသ သိရိ ကာမ ပယတ္တဟု ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ဤအကြောင်းကြောင့်လည်း။ ဘဂဝါ ဘဂေဟိ ယုတ္တော၊ ဘဂဝန္တ မည်တော်မူပါပေ၏။

င။ သော ဘဂဝါ၊ သည်။ ဣတိပိ၊ တရားရတနာ မြတ်ဩဝါကို ကောင်းစွာဟောကြား တိုက်ဒုတ်ထားလျက် ပိုင်းခြားဝေဘန်တော်မူတတ်သော ဤအကြောင်းကြောင့်လည်း။ဘဂဝါ ဝိဘတ္တဝါ၊ ဘဂဝန္တ မည်တော်မူပါပေ၏။

စ—၁။ သောဘဂ္ဂဝါ၊ သည်။ ဣတိပိ၊ ဒိဗ္ဗ ဗြဟ္မ အရိယာဟု သုံးဝိဟာ ဝိဝေကာနှင့် သုံးဖြာဝိမောက် ဘုံထက်အောက်တွင် ကဲမြောက် ဥတ္တရ လောကိယဟု ဈာနသမာပါတ်လမ်း ထွက်ရပ်သို့ ဆီးကပ်တော်မူတတ်သော ဤအကြောင်းကြောင့်လည်း။ ဘဂ္ဂဝါ ဘတ္တဝါ၊ ဘဂ္ဂဝန္တ မည်တော်မူပါပေ၏။

စ—၂။ သောဘဂ္ဂဝါ၊သည်။ ဣတိပိ၊ မြူသဲဘော်ငွေ မြစ်ငယ်ရေနှင့် ထွေထွေစိမ့်စမ်း ရှုမခမ်းသည့် တောင်တန်းစုံမြိုင် ပန်းနန့်လှိုင်သည့် ဂနိုင်ချောင်ကောင်း ရာသီပြောင်းက ရွက်ဟောင်းကျွေကျွေ့ ရွက်သစ်ဝေသည့် အောင်မြေရဂုံ တောရိပ်မြုံသို့ နိတုံအမြဲ စိတ်ဝယ်စွဲလျက် မှီဝဲဆည်းကပ်တော်မူတတ်သော ဤအကြောင်းကြောင့်လည်း။ ဘဂ္ဂဝါ၊ ဘတ္တဝါ၊ ဘဂ္ဂဝန္တ မည်တော်မူပါပေ၏။

ဆ—၁။ သောဘဂ္ဂဝါ၊ သည်။ ဣတိပိ၊ ကာမ ရူပ အရူပဟု သုံးပါးဘဝ သုံးလောက၌ ထွေးအန်ပြီးခါ တတ်တကျာရှိသည်ဖြစ်၍ ကြွသွားတော်မူတတ်သော ဤအကြောင်းကြောင့်လည်း။ ဘဂ္ဂဝါ ဘဝေသု ဝန္တဂမနော၊ ဘဂ္ဂဝ မည်တော်မူပါပေ၏။

ဆ—၂။ သောဘဂ္ဂဝါ၊ သည်။ ဣတိပိ၊ ကာမ ရူပ အရူပဟု သုံးပါးဘဝ သုံးဌာနတို့၌ ထွေးအန်ပြီးခါ တတ်ကကျာ ရှိတော်မူသော ဤအကြောင်းကြောင့်လည်း။ ဘဂ္ဂဝါ ဘဝေသု ဝန္တဂမနော၊ ဘဂ္ဂဝန္တ မည်တော်မူပါပေ၏။

ဣတိ ဧဝံ၊ ဤသို့။ နဝ—ဒသဂုဏောဟိ၊ ကိုးပါး- ဆယ်ပါး ဂုဏ်တော်များတို့နှင့်။ သပန္နာဂတာ၊ ပြည့်စုံတော်မူသော။ ဗုဒ္ဓံ။

သဗ္ဗညုမြတ်စွာဘုရားကို။အဟံ၊သည်။ ပုဇေမိ၊သုံးဖြာဒွါရ သုံးဝ စေတနာ ပဏာမဖြင့် ရှိသေခညောင်း ညွတ်ပြောင်းပူဇော်ပါ၏ ဘုရား။

## ၁။ အာရကတ္တာ အရဟံအဓိပ္ပါယ်

မြတ်စွာဘုရားသည် အမျ ၃၀-သောပါရမီတို့ကို ဖြည့်ကျင့်လျက် အလုံးစုံသော ကိလေသာတို့ကို ဖျက်ဆီးပြီး သမ္မာသမ္ဗောဓိဉာဏ် ထိုးထွင်းကာ လောကသုံးထပ် ဘုံသုံးရပ်၌ ဘဂဝါဟုဂုဏ်သတင်းကျော်ဇောပြန့်နှံ့၍ အရဟာစသော ဂုဏ်တော် ၉-ပါး ၁၀-ပါးတို့တွင် အရဟံဂုဏ်တော်အနက်များတို့၌ (သဝါသနေဟိ ကိလေသေဟိ အာရကာတိမဂ္ဂေန သဝါသနာနံ ကိလေသာနံ ဝိဒ္ဓံသိတတ္တာတိအာရကတ္တာ အရဟံ) ဟူသော အဋ္ဌကထာအရ။

## ကိလေသာတို့မှဝေးပုံအဓိပ္ပါယ်

က-၁။ မြတ်စွာဘုရားသည်ဗောဓိပင်ရင်းရွှေပလ္လင်၌ထက်ဝယ် ဖွဲ့ခွေ ပဋိစ္စသမုပ္ပါဒ်ကို အနုလောမ ပဋိလောမ မပြတ်မလတ် ဆင်ခြင်သုံးသတ်လတ်သော် အရဲဏ်ကျင်း လင်းစတွင် ဝိပဿနာဉာဏ် အတန်တန်ထင်လျက် သစ္စာနုလောမအား လျော်စွာ မဂ်လေးဆင့်ဖြင့် ဝါသနာနှင့်တကွ ကိလေသာတို့ကို ဖျက်ဆီးအပ်သောကြောင့် အလုံးစုံသော ကိလေသာတို့မှ ဝေးသည်ထက်ဝေးသော တဖန်ပြန်မဖြစ်သော အရပ်၌ တည်တော်မူသော၍အကြောင်းကြောင့် ပဌမအရဟာ ဂုဏ်ထိုက်တော်မူပါ၏။

က—၂။ အသပ္ပုရိ သေဟိ အာရကာဒူရေတိ အသပ္ပုရိ
သာနံ အာရကတ္တာ အရဟံ။

သူမိုက်တို့မှဝေးပုံအစီပွါယ်

မပယ်အပ်သေးသော ရာဂ ဒေါသ မောဟရှိ၍ အရိယဓမ္မ၌ မလိမ္မာ မဆုံးမအပ် အရိယာဓမ္မကို မမြင်မကျင့်သူ အယူဖောက်ပြား မသူတော်များတို့မှ ဝေးတော်မူသည်၏ အဖြစ်ကြောင့် အာရကာ-အရဟာ ဂုဏ်ထိုက်တော်မူပါပေ၏။

မသူတော်တို့မှဝေးပုံအစီပွါယ်

ရဟန်းတို့ ငါဘုရား၏သင်္ကန်းကြီးနားကို ဆွဲကိုင်လျက် ဘွား ခြေထပ်လိုက်ငြားသော်လည်း ၁၊ အဘိဇ္ဈာများသူ။ ၂၊ ကာမ ဝတ္ထုတို့၌ ထက်သောရာဂရှိသူ။ ၃၊ သူတပါးပျက်စီးစေလိုသူ။ ၄၊ ပျက်စီးအောင်ပြစ်မှားသောစိတ်ရှိသူ။ ၅၊ တရားသတိမရှိသူ။ ၆၊ တရား၌ ရှုဆင်ခြင်တတ်သောပညာမရှိသူ။ ၇၊သမာဓိမရှိသူ။ ၈၊ ပြန့်လွင့်တုံလှုပ်သော စိတ်ရှိသူ။ ၉၊ ဣန္ဒြေမစောင့်သူ ဤမသူတော်တို့မှ ငါဘုရားသည်ဝေးတော့သည်။ (ခု ၁၊ ၂၅၆၊ ဝိသုဒ္ဓိ၊ ဋီ၊ ၁၊ ၂၂၅ တို့မှာရှုပါလေ)

က—၃။ ဘဂဝါ ယောဇနသတေ အာရကာ တေဟိ
သပ္ပုရိသေဟိ အာသန္နေတိ

အရဟံ—အရ သူတော်တို့နှင့်ဘုရားနီးပုံအစီပွါယ်

ပယ်အပ်ပြီးသော ရာဂ ဒေါသ မောဟ ရှိ၍ အရိယဓမ္မ၌ လိမ္မာဆုံးမအပ်သူ၊ အရိယဓမ္မကို ဉာဏ်မြင်အောင်ကျင့်သူ သားတော်များနှင့် ငါဘုရားသည် နီးသည်မည်၏။

## ဘုရားမိန့်ပုံ

ရဟန်းသို့ ငါ၏သားတော်များသည် ငါဘုရားမှ ယူဇနာ တရာဝေးကွာသောအရပ်၌ နေငြားသော်လည်း ၁၊ အဘိဇ္ဈာ မရှိသူ။ ၂၊ ကာမဝတ္ထုတို့၌နည်းသော ရာဂရှိသူ။ ၃၊ သူတပါး အပေါ်မေတ္တာစိတ်ရှိသူ။ ၄၊ သူတပါးအား ပြစ်မှားလိုသော စိတ်အကြံအစည်မရှိသူ။ ၅၊ တရားသတိမြဲသူ။ ၆၊ တရားကိုရှုဆင်ခြင် သောဉာဏ်ရှိသူ။ ၇၊ သမာဓိရှိသူ။ ၈၊ တည်ကြည်သောစိတ်ရှိသူ။ ၉၊ စောင့်စည်းအပ်ပြီးသော ဣန္ဒြေရှိသူ၊ ထိုငါ့သားတော်သည် ငါဘုရားနှင့်နီးနေ၏။ ငါဘုရားနှင့် အတူတူ နေသည်မည် ၏။ ငါဘုရားလည်း ထိုငါ့သားတော်တို့နှင့်နီးနေ၏။ အတူတူနေသည် မည်၏။ အကြောင်းသော်ကား ထိုငါ့သားသည် တရားကိုမပြတ် မလတ် ရှုဆင်ခြင်ခဲ့သည်ရှိသော် ပရမတ္ထတရား မြင်သည်ဖြစ်၍ ငါ့ကို မြင်သည်မည်၏။ ဤကား အာရက အရဟအဓိပ္ပါယ် ပြီး၏။

## (၂) အရိ–ဟ၊ ၏–အရဟံအဓိပ္ပါယ်

၂။ (က) မဂ္ဂေနကိလေသာရယော ဟတာတိ ကိလေသာ ရိနံဟတတ္တာပိ အရဟံ အရိပုဗ္ဗော ဟနဓာတု ဟိ သာယံ တပစ္စယော ကမ္မသာဓနော။

၂။ (ခ) မဂ္ဂေနအရယော ဟနီတိ အရိနံ ဟတတ္တာပိ အရဟံ၊ ကွိပစ္စယော ကတ္တုသာဓနော။

## အဓိပ္ပါယ်

၂။ (က) မြတ်စွာဘုရားသည် ဗောဓိပင်ရင်း ရွှေပလ္လင်၌ သာလျှင် တထောင့်ငါးရာ ကိလေသာတည်းဟူသော ရန်သူတို့ကို အရိယမဂ် ဒါးသံလျက်ဖြင့် ပယ်သတ်ခုတ်ထွင် သုတ်သင်တော် မူအပ်သော ဤအကြောင်းကြောင့်လည်း အရိ ဟတ–အရဟ ဂုဏ်ထူး ထိုက်တော်မူပါပေ၏။

၂။ (ခ) အရိယမဂ် ဒါးသံလျက်ဖြင့် တထောင့်ငါးရာ ကိလေသာတို့ကို ပယ်ဖြတ်တော် မူတတ်သော ဤသတ္တိ ထူး ကြောင့် လည်း အရိဟ အရဟ မည်တော်မူထိုက်ပါပေ၏။

## ၁၅၀၀ (တထောင့်ငါးရာ)ကိလေသာထွက်ပုံ

| | | |
|---|---|---|
| ၁။ | အာရမ္မဏဝိဇာနနအားဖြင့် စိတ် ၈၉ ပါးကို | ၁ ပါးယူ |
| ၂။ | စေတသိက် | ၅၂ ပါး |
| ၃။ | နိပ္ဖန္နရုပ် | ၁၈ ပါး |
| ၄။ | လက္ခဏာရုပ် | ၄ ပါး |
| ၅။ | နိဗ္ဗာန် | ၁ ပါး |
| | ပေါင်း | ၇၅ ပါး |
| ၆။ | အဇ္ဈတ္တသန္တာန်-ဗဟိဒ္ဓသန္တာန် | ၂ ပါးနှင့်မြှောက် |
| | | ၁၅၀ ရ၏။ ၎င်းကို |

၇။ ကိလေသာတရားကိုယ် ၁၀ ပါးနှင့်မြောက်သော် ၁၅၀၀ ရ၏။

## (၃) အရ-ဟ ၏ အရဟံ

၃။ (က) တဿံသာစက္ကဿအနေန အရိယမဂ္ဂေန သဗ္ဗေ အရာဟတာတိအရာနံဟတတ္တာပိအရဟံ၊(အရပ္ပဗ္ဗ ဟနဓာတုဟိံသာယံ တပစ္စယော ကမ္မသာဓနံ)

၃။ (ခ) အရိယမဂ္ဂေဟိ သံသာရစက္ကဿ အရေ ဟနိ ဝိဟနိ ဝိဒ္ဓံ သေတိတိ အရဟံ၊ (အရပ္ပဗ္ဗ ဟနဓာတု ဟိံသာယံကွ ပစ္စယော ကတ္တု သာဓနံ) ပါဠိအရ။

## အဓိပ္ပါယ်

၃။ (က) ဗောဓိမဏ္ဍိုင်၌ သက္ကလောက၏ အားထား ကိုးကွယ်ရာအစစ် ဖြစ်တော်မူသော မြတ်စွာ ဘုရားသည် ပညာတည်းဟူသော ဖရဆိန် ဖြင့် ရာဂ ဒေါသ မောဟ စသည်-အစမ္မအကုန် အလုံးစုံတို့ကို ပယ်ခုတ်ဖြတ်တော်မူပြီ၊ ဤသို့ပယ် သတ်အပ်ပြီးသော သတ္တိထူးကြောင့် အရ ဟတ အရဟာမည်တော်မူပါပေ၏။

၃။ (ခ) အဝိဇ္ဇာတဏှာဖြင့်ပြီးသော ပုံတောင်း၊ အဘိ သင်္ခါရအကန့်၊ ဇရာ-မရဏ အကွပ်၊ အာသဝ သမုဒယဖြင့်ပြီးသော ဝန်ရိုးဖြင့် ထွင်းဖောက်

စွပ်အပ်သည်ဖြစ်၍ ဘဝသုံးပါးရထား၌ကောင်း စွာယှဉ်ကပ်အပ်သည့် အစမထင် ကမ်းမမြင် လမ်းမမြင် သံသာရစက်၏ အကန့်တည်းဟူသော အကြောင်းတရားတို့ကို မြတ်စွာဘုရားသည် ဗောဓိမဏ္ဍိုင်၌ ဝီရိယခြေဖြင့် သီလမြေပေါ်တွင် ကြံ့ကြံ့တင်းတင်း ရပ်တည်လျှဉ်းလျက် သဒ္ဓါ လက်ဝဲ မြဲမြဲကိုင်ထား ဉာဏ်စိန်သွားဖြင့် ခုတ် ဖြတ် ဖျက်ဆီး တော်မူတတ်၏။ ဤသို့ခုတ်ဖြတ် ဖျက်ဆီး တော်မူတတ်သော သတ္တိထူးကြောင့် အရ-ဟ၊အရဟဂုဏ်တော်ကြီးနှင့်ထိုက်တန်တော် မူပါပေ၏။

၃။ (ဂ) အဝိဇ္ဇာပုံးတောင်းချက်မ (အရင်းအမြစ်)၊ ဇရာ မရဏအကွပ် (အဆုံးဖြစ်) ၁၊ သင်္ခါရ။ ၂၊ ဝိညာဏ။ ၃၊ နာမရူပ။ ၄၊ သဠာယတန။ ၅၊ဖဿ။ ၆၊ ဝေဒနာ။ ၇၊ တဏှာ။ ၈၊ ဥပါဒါန၊ ၉၊ ဘဝ။ ၁၀၊ ဇာတိ။ ဤဆယ်ပါးကား အကန့်အလယ်ဖြစ်။ ဤသို့အစမထင်လမ်းမမြင် ခက် သံသာရစက် ဝဋ္ဋနရက်ကို ဉာဏ်ဝရဇိန် မြှောက်ချိန်ရှယ်လတ် ဤသို့ခုတ်ဖြတ်သတ်တော် မူတတ် သော အကြောင်း ကြောင့် လည်း အ.ရ.ဟ၊ အရဟ မည်တော်မူပါပေ၏။

၃။ (ဃ) ကာမဘဝ ရူပဘဝ အရူပဘဝ၊ ဤဘဝသုံးပါး သုံးပြင်သား၌ အဝိဇ္ဇာစသော အကြောင်းတရား

သင်္ခါရစပ္ပျိုး အကျိုးတရား၊ ဤအကြောင်း အကျိုး နှစ်မျိုးမပြတ် လည်ပတ်နေတတ်သည် ဖြစ်၍....။

## လူစည်းစိမ်

ငါသည် လူ့ကာမစည်းစိမ်တို့ကို ခံစားအံ့ဟုကာမဉပါဒါန် အကြောင်းကြောင့် ကာယဒ္ဒါရ– ဝစီဒ္ဒါရ– မနောဒ္ဒါရတို့ဖြင့် ကာယ ဝစီ မနော ဒုစ္စရိုက်တို့ကို ပြုကျင့်သဖြင့် ဒုစ္စရိုက် အကုသိုလ်တို့နှင့် ပြည့်လျှံသွားသောကြောင့် အပါယ်လေးပါး၌ ခန္ဓာတွေ ဆင်းဆင်းရဲရဲခံကြရ၏။

## နတ်

ငါသည် နတ်စည်းစိမ်ကို ခံစားတော့အံ့ဟု ကာမဉပါဒါန် ဟူသောအကြောင်းကြောင့် ကာယ ဝစီ မနော ဒ္ဒါရသုံးပါး တို့ဖြင့် သုစရိုက်ကောင်းမှု မပြတ်ပြုကျင့်၍ ကုသလကံတို့ပြည့်စုံ သောကြောင့် နတ်ပြည်၌ဖြစ်လျက် နတ်ခန္ဓာတွေမပြတ်ဖြစ်ကာ စံစားနေရ၏။

## ရူပဗြဟ္မာ

ငါသည် ဗြဟ္မစည်းစိမ်ကို ခံစားတော့အံ့ဟု ကာမဉပါဒါန် အကြောင်းကြောင့် မေတ္တာ– ကရုဏာ– မုဒိတာ– ဉပေက္ခာ

ဘာဝနာတို့ကို စီးဖြန်းသဖြင့် စျာန်ရ၍ ပြည့်စုံသွားသော ကြောင့် ဗြဟ္မပြည်(ဘုံ)၌ဖြစ်လျက် ဗြဟ္မာခန္ဓာတွေ့မပြတ်မလတ် ဖြစ်၍ စျာန်ဝင်စားနေရ၏။

## အရူပဗြဟ္မာ

င ါသည် အရူပဘုံ၌ စည်းစိမ်ခံစား[illegible]ဘဝအံ့ဟု ကာမဉပါဒါန် အကြောင်းကြောင့် အာကာသာနဉ္စာယတနစသော သမာပါတ် တို့ကိုပွား၍ အရူပစျာနသမာပတ်ရ၍ ပြည့်စုံသောကြောင့် အရူပဘုံ၌ ရုပ်ခန္ဓာမဖြစ် နာမက္ခန္ဓာ အစုအဝေး နာမ်ကြီး သက်သက်သာဖြစ်၏။ အကြောင်းခန္ဓာ ကမ္မဘဝဖြစ်ခြင်းကြောင့် အကျိုးခန္ဓာ ဥပပတ္တိဘဝ ဧကဝေါကာရ စတုဝေါကာရ ပဉ္စဝေါကာရ ခန္ဓာတို့ဖြစ်၏။ အကြောင်းဇာတိကြောင့် ရင့်ခြင်း အကျိုး ဇရာခန္ဓာ ပျက်ခြင်းအကျိုး မရဏခန္ဓာတို့ အဆက်ဆက် ပျက်နေရ၏။ ဤသို့ အကြောင်းအကျိုး နှစ်မျိုးသော ခန္ဓာ သံသာရစက်ကို အရဟတ္တမဂ်ဉာဏ် သွားစိန်သံဒါးဖြင့် အမြစ်ပါ မချန် တဖန်ပြန်မဖြစ်အောင် ခုတ်ဆောင်ဖြတ်တော် မူတတ်သော ဤအကြောင်းကြောင့် အရ-ဟ အရဟ မည်တော် မူပါ ပေ၏။

(၁) အဝိဇ္ဇာ သင်္ခါရတဏှာ ဥပဒါန ဘဝ ဤတရား ၅ပါး တို့ကား အတီတကမ္မဝဋ္ဋ၊ အတီတ ဟေတု ပဉ္စကတလာ။ (၂) ဝိညာဏ နာမရူပ သဠာယတန ဖဿ ဝေဒနာ ဤတရား

ငါးပါးတို့ကား တေရဟိဝိပါကဝဋ္ဋ ကူဒါနိပစ္စုပ္ပန္နဖလပဉ္စက
တလွာ။ (၃) တဏှာ ဥပါဒါနဘဝ အဝိဇ္ဇာသင်္ခါရ ဤတရား
ငါးပါးတို့ကား တေရဟိကမ္မဝဋ္ဋ ကူဒါနိဟေတုပဉ္စကတလွာ။
(၄) ဝိညာဏ နာမရူပ သဠာယတန ဖဿ ဝေဒနာ ဤတရား
ငါးပါးတို့ကား အာယတိဝိပါကဝဋ္ဋ အနာဂတဖလပဉ္စက
တလွာ၊ အဝိဇ္ဇာ တဏှာ ဥပါဒါန ဤတရား ၃ ပါးတို့သည်
ကိလေသဝဋ္ဋ၊ ကမ္မဘဝတစိတ်-သင်္ခါရ ဤတရား ၂ပါးတို့သည်
ကမ္မဝဋ္ဋ၊ ဥပပတ္တိဘဝတစိတ်-ဝိညာဏ နာမရူပ သဠာယတန
ဖဿ ဝေဒနာ ဇာတိ ဇရာ မရဏ ဤတရားတို့သည် ဝိပါကဝဋ္ဋ၊
ဤသို့ ဝဋ် ၃ ပါး၊ အလွာလေးပါး၊ ကာလ ၃ ပါး၊ အာကာရ
အခြင်းအရာ ၂၀၊ အစပ် ၃စပ်ရှိသော ပဋိစ္စသမုပ္ပါဒ သံသာရ
စက်ရဟတ်၏ အကန့်အကွက်တို့ကို အရဟတ္တမဂ်ဉာဏ် သံလျက်
ဖြင့် ခုတ်ဖြတ်တော်မူတတ်သော ဤအကြောင်းကြောင့် အရဟာ
မည်တော်မူပါပေ၏။

ဃ။ စီဝရာဒိပစ္စယေ အရဟတိ ပူဇာဝိသေသဉ္စာတိ
ပစ္စယာဒီနံ အရဟတ္တာ ပိ အရဟံ။ (အရဟာ[illegible]တု
ယောဂါစ္စနေ သဗ္ဗတော ကုတွာဝိဝါတိသုတ္တေန
အပစ္စယော ကတ္တုသာဓနံ၊ ဓာတွတ္ထသင်္ဂဟ၊
တိပိဋက ပါဠိမြန်မာအဘိဓာန် အတွဲ ၃၊ နှာ
၄၉၂)။

## ပုဇော်အထူး အနက်ကိုဟောသော အရဟအနက် အဓိပ္ပါယ်အကျယ်

### လူမင်းများ

ဿ ၁။ လောကသုံးထပ် ဘုံသုံးရပ်တွင် လူ့ပြည်လူမင်း တို့တွင်....

၁။ စကြာမင်းကား သမုဒ္ဒြာလေးစင်း အပိုင်းအခြားရှိသော (၁) ပုဗ္ဗဝိဒေဟ အရှေ့ကျွန်း။ (၂) အပရဂေါယာန အနောက်ကျွန်း။(၃)ဇမ္ဗူဒိပ တောင်ကျွန်း။ (၄)ဥတ္တရ ကုရု မြောက်ကျွန်း။ ၄ ကျွန်း တခုသောမြင်းမိုရ်တောင် တခုသော စက္ကဝါဠ အပိုင်းအခြားကို အစိုးရသော စကြာမင်း။

၂။ ထိုကျွန်းကြီးလေးကျွန်းတို့တွင် ယူဇနာတသောင်းကြယ် သော ဇမ္ဗူဒိပါတောင်ကျွန်း၌ တစိတ်တပိုင်း တကျွန်း ကို အစိုးရသော ကာသိတိုင်း၊ ကောသလတိုင်းရှင် သာ ဝတ္ထိမြို့တော် ပသေနဒီအမည်ရှိသော မင်းမြတ်။

၃။ အင်္ဂတိုင်း မဂဓတိုင်းကို အစိုးရသော ရာဇဂြိုဟ်မြို့တော် ဗိမ္ဗိသာရမင်းမြတ်။

၄။ သက္ကတိုင်းကို အစိုးရသော ကပိလဝတ္ထုမြို့တော် သုဒ္ဓေါ ဒနမင်းမြတ်။

၅။ ဝဇ္ဇီတိုင်းကို အစိုးရသော ဝေသာလီမြို့တော် လိစ္ဆဝီ အသင်းမင်းများ။

၆။ ပါဝေယျကတိုင်းကို အစိုးရသော ကုသိနာရုမြို့တော် မလ္လာမင်းများ။

## နတ်မင်းများ

၁။ မြင်းမိုရ်တောင်၏ အရှေ့အရပ်ကို အစိုးရသော ဂန္ဓဗ္ဗနတ်တို့၏အရှင် ဓတရဋ္ဌနတ်မင်း။

၂။ မြင်းမိုရ်တောင်၏ တောင်ဘက်အရပ်မျက်နှာကို အစိုးရသော ကုမ္ဘဏ်နတ်တို့၏အရှင် ဝိရူဠ္ဍကနတ်မင်း။

၃။ မြင်းမိုရ်တောင်၏ အနောက် ဘက် မျက် နှာအရပ်ကို အစိုးရသော နဂါး ဂဠုန် တို့၏အရှင် ဝိရူပက္ခ နတ်မင်း။

၄။ မြင်းမိုရ်တောင်၏ မြောက်ဘက်အရပ်မျက်နှာကို အစိုးရသော ယက္ခဘီလူးတို့၏အရှင် ကုဝေရနတ်မင်း။

၅။ စာတုမဟာရာဇ် တာဝတိံသာ နတ်ပြည် နှစ်ထပ်ကို အစိုးရသော သိကြားမင်း။

၆။ ယာမာနတ်ပြည်ကို အစိုးရသော သုယာမနတ်မင်း။

၇။ တုသိတာ နတ်ပြည်ကို အစိုးရသော သန္တုသိတာ နတ်မင်း။

၇။ နိမ္မာနရတိနတ်ပြည်ကို အစိုးရသော နိမ္မာနရတိနတ်မင်း။
၈။ ပရနိမ္မိတ ဝသဝတ္တိနတ်ပြည်ကို အစိုးရသော ဝသဝတ္တိ နတ်မင်းနှင့် မာရ်နတ်မင်းတို့။

## ဗြဟ္မာမင်းများ

ဟာရိတဗြဟ္မာမင်း၊ သဟမ္ပတိဗြဟ္မာမင်း၊ သနင်္ကုမာရ ဗြဟ္မာမင်း၊ ဗကဗြဟ္မာမင်းစသော ဗြဟ္မာမင်းတို့။

## သုဒ္ဓါဝါသဘုံ

ဃဋိကာရဗြဟ္မာမင်း၊ ဥပကဗြဟ္မာမင်း၊ ဂလဗန္ဓုဗြဟ္မာမင်း၊ ပက္ကုသာတိဗြဟ္မာမင်း အစရှိသော ဗြဟ္မာမင်းတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်သော ဤအကြောင်းကြောင့် အရဟံဂုဏ် ထိုက်ပါပေ၏။

အထူးအားဖြင့်....

၁။ ပသေနဒီကောသလ မင်းကြီးနှင့် တိုင်းသူပြည်သားတို့ သူ့ထက်ငါ အပြိုင်အဆိုင် အဘိုးတန်ပစ္စည်းတို့ဖြင့် အသဒိသ အလှူတော်ကြီးကို ၇ ရက်တိုင်တိုင် ပေးလှူပူဇော်၏။(ဓမ္မပဒ၊ ၃၊ ၁၊ ၁၁၈)။

၂။ သိကြားမင်းသည် နတ်ပြည်ရှိ နတ်အပေါင်းနှင့်တကွ ပဥ္စသိခနတ်သားကိုရှေ့ဆောင်ထား၍မဂဓတိုင်းရာဇဂဟပြည်တော်

၏အရှေ့အရပ် အမ္ဗသဏ္ဍပုဏ္ဏားရွာ၏ မြောက်ဘက် ဝေဒိယက တောင် ဣန္ဒသာလလိုဏ်ဂူ၌ သီတင်းသုံးတော်မူသောအခါ ချဉ်း ကပ်၍ အသက်အပ်နှင်းခါ ပူဇော်ပသ၏။ (မဟာဝဂ္ဂ၊ သက္က ပဥ္စသုတ်)။

၃။ စာတုမဟာရာဇိက ကာမာဝစရ ကောင်းကင်ဘုံ၌ ဖြစ်ကုန်၍ အသက်ရှည်ကုန်သော ဝရုဏနတ် ဝါရုဏနတ် သောမနတ်တို့သည် လူ့ပြည်၌ သိဒ္ဓတ္ထမင်းသားသည် ဘုရား ဖြစ်လိမ့်မည်ဟုကြား၍ ပဋိသန္ဓေနေသည့်နေ့ကစ၍ ဘုရားကို ပူဇော်အံ့ဟု ပန်းကိုသိုက်ခဲ့ရာ မလ္လာမင်းတို့ အင်ကျင်းဥယျာဉ် အင်ကျင်းပင်ပျို ၂စုံတို့၏အကြား သတိ သမ္ပဇဉ်ရှေ့ထားလျက် အရဟတ်ကျင်းအလင်းရောက်လျှင် ပရိနိဗ္ဗာန်စံမည်ဟု နှလုံးပြုကာ လက်ျာနံတောင်းဖြင့် ကျိန်းစက်တော်မူစဉ် အဆွေ နတ်သား တို့က....

| | |
|---|---|
| မေး။ ။ | သင်တို့ဒီပန်းကုံးကိုဘယ်သူ့အတွက် သိုက်ထားတာလဲ။ |
| ဖြေ။ ။ | ဘုရားအတွက် သိုက်ထားတာ ဘုရား ပူဇော်ဘို့ သိုက်ထားတာ။ |
| မိတ်ဆွေနတ်များပြော။ | ။ယခုလိုဆိုလျှင် မြတ်စွာဘုရားယနေ့ ပရိနိဗ္ဗာန်စံရန် ကုသိနာရုံမြို့ အင် ကျင်းဥယျာဉ်၌ စံနေတော်မူ၏ ဟု |

ပြောလိုက်ကြသောအခါ ထိုပန်းကုံးရှင် နတ်သားတို့သည် မပြီးသေးသော ပန်းကုံးကြီးကို လျှင်မြန်စွာယူ၍ လာခဲ့သည်ရှိသော် နတ်ဗြဟ္မာ ကုဋေ ရာထောင်သောင်း တို့သည် ပြည့်ကျပ်နေ၍ စကြာဝဠာနခမ်းရေးပေါ် တွဲရရွဲဆွဲခါ လက်ချင်းယှက် လည်ချင်းဖက် မြှောက်ချီယူပြီး ရထနာသုံးပါးဂုဏ်ကို အာရုံပြု၍ ၃၂ ပါးသောလက္ခဏာ။ ၆ သွယ်သော ရောင်ခြည်တော် ၁၀ ဖြာသောပါရမီ၊ ၅၅၀ သောဇာတ်တော် ၁၄ ပါးသော ဗုဒ္ဓဉာဏ်တော် တို့ကို သံပြိုင်သီဆိုရွတ်ကာ ပူဇော်ကြကုန်၏။ (မဟာဝဂ္ဂအဋ္ဌကထာ ပဟာပရိနိဗ္ဗာနသုတ် ၁၆၇နှင့် မဟာသမယသုတ် ၂၀၃)။

၄။ သဟာမ္ပတိဗြဟ္မာမင်းသည်လည်း မြင်းမိုရ်တောင်လောက်ရှိသော ရတနာပန် ကုံးဖြင့် ကြည်ကြည်ညိုညိုလေးလေးစားစား ပူဇော်သက္ကာရပြုပါ၏။ (ဝိသုဒ္ဓိမဂ္ဂ—၁၊ ၁၉၅)။

၅။ သက်တော်ထင်ရှား ဘုရားကိုယ်တော်ကို ထားလိုက်ဦး၊ပရိနိဗ္ဗာန် စံတော်မူပြီးသော မြတ်စွာဘုရားကိုရည်ရွယ်၍ မြတ်စွာဘုရားအဓိဋ္ဌာန်ဖြင့်ထားတော်မူခဲ့သော အရိုးဓာတ်တော် သွားဓာတ်တော် အံတော်၊ စွယ်တော်၊ ညှပ်ရိုးတော်၊ ဆံတော် မွေးညှင်းဓာတ်တော်တို့ကို ဌာပနာ၍ သိရိမ္မာသောက ဘုရင်မင်းမြတ်သည် ၉၆ ကုဋေသော ဥစ္စာတို့ကို စွန့်လွှတ်ပြီး ဇမ္ဗူဒီပါ ကျွန်းလုံး၌ရှစ်သောင်း လေးထောင်သောစေတီ ကျောင်းဆောင်တို့ကို ဆောက်လုပ်ပူဇော်၏။

ကျယ်မည်စိုး၍ ဤမျှလောက်သာ ရေးလိုက်သည်၊ အလို ရှိပါက သုတ္တန်များမှာ ကြည့်ကြပါကုန်။

## ဤကား အရဟာ-ပူဇော်ခြင်းအနက်အဓိပ္ပါယ်ပြီး၏

## အ-ရဟာအဓိပ္ပါယ်

နတ္ထိ ဧတဿ ပါပကရဏေ ရဟောတိ ပါပ ကရဏေ ရဟာဘာဝတောပိ အရဟံ၊ (နပုဗ္ဗပဒ ဧတဒ္ဓတ္ထိ ဗဟုဗ္ဗိဟိသမာသ်)။

## ၄-၁။ ကိလေသာရန် ကုန်ခမ်း၍ ဆိတ်ကွယ်ရာ၌ မကောင်းမှုမပြုပုံ။

ကောသမ္ဗီပြည် ဥတေနမင်း၏ မိပုရားဖြစ်လတံ့သော အလွန် ချောမောလှပသော မာဂဏ္ဍိယစသော အမျိုးသမီးပျိုလေးတွေ မဆိုထားဘိ။ ကာမဝိတက္က ဗျာပါဒ ဝိတက္က ဝိဟိံသဝိတက္က အကြားအပေါက်များရလျှင် အခွင့်ကောင်းကြည့်ပြီး ဆော်ထည့် လိုက်မည်ဟု ဗောဓိသတ္တ ၆ နှစ် ဗုဒ္ဓ ၁ နှစ် ပေါင်း ၇ နှစ် ပတ်လုံး နောက်ကတကောက်ကောက်လိုက်၍ ပြစ်ချက်ကြည့် နေသော်လည်း ပြစ်ချက်မတွေ့ရ၍ မာရ်ဝတိုင်း ရာဇဂြိုဟ်မြို့တော် ဥရုဝေလရွာ ဥရုဝေလတောနေရဥ္စရာမြစ်ကမ်းအနီး အဇပါလ

ညောင်ပင်ရင်းဝယ် သီတင်းသုံးစဉ် မာရ်နတ်သည် ဘုရားရှင်ထံ ဆည်းကပ်ပြန်၍ လျှောက်ထားသည်မှာ....

ကြီးသည် အဆီခဲ အဆီတုံး အဆင်းရှိသော ကျောက်ခဲကိုတွေ့မြင်ရ၍ သားတစ် အဆီခဲသားတစ် အဆီတုံးနှင့်တူသော ထိုကျောက်ခဲ၌ နူးညံ့ပြော့ပြောင်းသည်ကို ရမူလည်း ရကုန်ရာ၏။ ချိုမြိန်သော အရသာလည်းရှိခဲ့ရာ၏၊ ဤသို့မှတ်ထင်ကာ သားတစ် အဆီခဲနှင့်တူသော ကျောက်တုံးကို ချဉ်းကပ်ဆိတ်သောအခါ သာယာဘွယ်မရ နှုတ်သီးပြင်းစွာ နာကျင်လှ၍ ကြီးသည် ကျောက်ခဲမှ ဖဲခွါရသလို အကျွန်ုပ်တို့သည် အရှင်ဂေါတမတည်းဟူသော ကျောက်ခဲကို ထိပါးမိသဖြင့် ငြီးငွေ့၍ အရှင်ဂေါတမမှဖဲခွါပါကုန်အံ့ဟု စိတ်ပျက်ပျက်နှင့် ဘုရားအနီးအနား မြေပထဗျာတွင် တင်ပလ္လင်ခွေကာ ကြံမှိုင်လျက် လက်ဖြင့်ကိုင်ထားထင်းချောင်းသားဖြင့် မြေချစ်ပြီး မှိုင်ထိုင်နေစဉ် တဏှာ—အရတိ—ရာဂ သမီးချောသုံးယောက်တို့က....

သံတော်ဦးတင်။ ။ဘခမည်းတော် ဘာအလိုမကျ ကြံမှိုင်နေရပါသနည်းဘုရား။

မာရ်နတ်မိန့်။ ။အခြားမဟုတ်ပါ့မလား ယော့ဟိုကရှင်ဂေါတမဗုဒ္ဓအတွက်ပေါ့ဟု မေးငေါ့ ပြောလိုက်သော် ပရိနိမ္မိတ ဝသဝတ္တိနတ်ပြည်တွင် ရှုမမုန်းအောင် အချောဆုံး အလှဆုံးဖြစ်သော

သမီးသုံးဦးတို့က ခမည်းတော်မပူရန်သော
စံတော်မူပါဘုရားဟုသံတော်ဦးတင်ပြီး။

(မိန်းမ မာယာ သဲကိုးဖြာ မာယာတသိန်း အပရိမ်းအနန္တ) စကားပုံအရ အမျိုးမျိုး အရွယ်ရွယ် အသွယ်သွယ် အစားစား မခြား အချော အလှ ရာထောင်သိန်းသန်း ဖန်ဆင်းပြကာ မြူချော့ရှာသော်ယည်း မြတ်စွာဘုရားမှာ ကိလေသာ ကုန် နိဗ္ဗာန်အာရုံတန်း၍ ဖလသမာပါတ်ဖြင့် ခံစံဝင်စားနေသော ကြောင့် မာရ်နတ်သမီးတို့အား လုံးဝမရှုစားဘဲ သမာဓိခိုင်မြဲ စွာ နေသဖြင့် မာရ်နတ်သမီးတို့က....

သဒ္ဓါထက်သန်၍ များစွာကုန်သော ဂိုဏ်းသံဃာ၌ လှည့် လည်လေ့ရှိသော ဆရာကြီးတို့သည် တဏှာကို ဖြတ်တောက်၍ မချွတ်ကေန် အမှန်စင်စစ် လှည့်လည်ကုန်သလို ဤဂေါတမ နွယ်ဘွား မြတ်စွာဘုရားသည်လည်း တဏှာမိုရာ လုံးဝမရှိပါ၍ များစွာသော သတ္တဝါအပေါင်းကို သေမင်းလက်မှ လုယက်၍ နိဗ္ဗာန်ကမ်းသို့ မချွတ်ပို့ဆောင်တော်မူလတံ့၊ ဤသို့မြတ်သော လုံ့လရှိတော်မူသော ဘုရားသခင် အရှင်မြတ်တို့သည် သူတော် ကောင်းတရားဖြင့် တပည့်သား သတ္တဝါအပေါင်းကို သေမင်း လက်မှ လုယက်လုမ်း၍ နိဗ္ဗာန်တည်းဟူသော ဟိုမှာဘက်ကမ်းသို့ ဆောင်ပို့ကြကုန်၏။ တရားသဖြင့်တပည့်သား သတ္တဝါတို့ကို နိဗ္ဗာန် တည်းဟူသော ကမ်းတဘက်သို့ ဆောင်ပို့တော်မူ ကြသော တရားသိမြင်ထိုဘုရားရှင်တို့၌ ငြူစူစောင်းမြောင်း

ခြင်းသည် ဘာအကျိုးရှိသလဲ မယ်မင်းမတို့ ဟုကိုယ့်ကိုယ်ကို အပြစ်တင်၍ အရှုံးပေးကာ ခမည်းတော်ထံ သွားကြပြန်ကုန်၏။

မာရ်နတ်မိန့်....

ဟဲ့သမီးအမိုက်လေးတွေ နင် တို့ ကု မု ဒ ကြာ ဖြူရိုး တို့ ဖြင့် တောင်ကြီးကိုရိုက်သလို လက်သည်းဖြင့် တောင်ကို ခြစ်သလို သွားတို့ဖြင့် သံကိုကိုက်ခဲစားသလိုနေမှာပေါ့ဟု မြည်တွန်တောက်တီး ပြောကြားလိုက်လေ၏။

ဤ ဆို အပ် ခဲ့ ပြီး သော ဝတ္ထုများဖြင့် ဆိပ်ကွယ်အရပ်၌ မကောင်းပါပဟူသမျှ လုံးဝပြုခြင်း အလျဉ်းမရှိသော ဤအကြောင်းကြောင့် ပဌမ အ-ရဟ မည်တော်မူပါပေ၏။

(သဂါထာဝဂ္ဂ မာရယုဘတ္တ သတ္တ ဝ ဿာနု ဗန္ဓ သုတ္တ နှင့် မာရဓီတုသုတ္တ ၁၂၃/၁၂၅)။

သဗ္ဗသော န သန္တိ တေဿ ရဟာယိ
အရဟောတိ ဝတ္တဗ္ဗေ ဩကာရဿ သာရဿာရံ
အကာရာဒေသံ ကတွာ အရဟန္တိ ဝုတ္တံ။

(ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ ၂၂၆)

၄-၂။ ရာဂ ဒေါသ မောဟတည်းဟူသော မကောင်းမှုအကုသလတရား လုံးဝမရှိသော ဤအကြောင်းကြောင့်လည်း ဒုတိယ အရဟ မည်တော်မူပါပေ၏။

န သန္တိ တေသံ ရဟာ ပရိစ္စဇနကာတိ အရဟံ။

င—၃။ ရာဂစသည် စွန့်လွှတ် ပြစ်ပယ်တတ်သော ဘုရား၌ များသော အားဖြင့် မတုန်မလှုပ်ကြည်ညိုတတ်သည့် ကလျာဏ ပုထုဇ္ဇန်မှစ၍ ကောင်းစွာ ကျင့်ကြသော ယောကျ်ားထူး ယောကျ်ားမြတ် သူတော်ကောင်းတို့စွန့်ပယ်ခြင်း မရှိသော ဤအကြောင်းကြောင့်လည်းတတိယအရဟာမည်တော်မူပါပေ၏။

မှတ်ချက်။ ။သူ တော် ကောင်း များ သည် မြတ်စွာဘုရားကို ဘယ်သောအခါမျှမစွန့် အသက်အပ်နှံ၍ ဆည်းကပ် ကိုးကွယ်၏။

နတ္ထိ တေသံ ရဟော သာဓုဟိ ပရိစ္စဇိတဗ္ဗတာ တိ အရဟံ။

င—၄။ တရား၌ မတုန်မလှုပ် ကြည်ညိုကြသည့် ကလျာဏ ပုထုဇ္ဇန်မှစ၍ ကောင်းမြတ်သော အကျင့်နှင့် ပြည့်စုံကြသည့် ယောကျ်ားထူး ယောကျ်ားမြတ် သူ တော် ကောင်း တို့ သည် ဘုရားအားစွန့်တတ်ခြင်းမရှိသော ဤအကြောင်းကြောင့်လည်း စတုတ္ထအရဟာ မည်တော်မူပါပေ။

နတ္ထိ တေသံ ရဟော ဂမနံ မစ္စာဇာတိပိ အရဟံ။ (ဗုင်း ၂၂၇)။

၈—၅။ ဗောဓိမင်ရင်း၌ ကံဟူသမျှ အလုံးစုံ ကုန်အောင် ပြုတတ်သော အရဟတ္တမဂ်ဖြင့် အဆောက်အအုံနှင့်တကွ ကမ္မဝဋ်ကို အလုံးစုံမကြွင်း ဖြတ်တောက် ဖျက်ဆီးအပ် ပြီး သည် ဖြစ်၍ အမျိုးမျိုးသော ဂတိတို့၌ သံသာရတခွင် ပြဲပြဲစင်အောင် လှည့်လည်သွားလာခြင်းမရှိသော ဤအကြောင်းကြောင့်လည်း ပဉ္စမ အရဟာ မည်တော်မူပါပေ၏။

အရဟိယတေ ပသံသိယတေတိ အရဟံ။

(အရဟာဓာတု ပသံသာယံ အပစ္စယော)။

၈—၆၊ ပညာရှိ လူနတ် ဗြဟ္မာ ရဟန္တာတို့သည် အနုတ္တရဖြစ်သော သီလ သမာဓိ ပညာ ဝိမုတ္တိဝိမုတ္တိဉာဏဒဿနတို့ဖြင့် ချီးမွမ်းအပ်သော်လည်း အမွန်းတင် အပ်သော်လည်း အဆုံး တိုင်အောင် မစွမ်းဆောင်နိုင်သော ဂုဏ်ရှိသော ဤအကြောင်းကြောင့်လည်း ဆဋ္ဌ အရဟာ မည်တော်မူပါပေ၏။

သင်္ဂဟဂါထာ

အာရကာ မန္ဒဗုဒ္ဓီနံ၊ အာရကာ စ ဝိဇာနတံ။

ရဟာနံ သုပ္ပယီနတ္တာ၊ ဝိဒူန မရဟောယျတော။

ဘဝေသု စ ရဟာဘာဝါ၊ ပါသံသာ အရဟံ ဇိနောတိ။

(ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ ၂၂၀)။

ဇိနေ၁၊ မြတ်စွာဘုရားသည်။ (၁)မန္ဒဗုဒ္ဓိနံ၊ ပညာနည်းသော သူမိုက်တို့၏(ဝါ)တို့မှ အာရကာ၁စ၊ ဝေးသည်၏ အဖြစ်ကြောင့် လည်းကောင်း။ (၂) ဝိဇာနတံ၊ ပညာရှိတို့၏ (ဝါ)တို့နှင့်၊ အာရကာ၁စ၊ နီးသည်၏ အဖြစ်ကြောင့် လည်းကောင်း။ (၃) ရဟာ၁နံ၊ ရာဂစသော အကုသလတရားတို့ကို သုပ္ပဟီနတ္တာ၁စ။ ကောင်းစွာ အကြွင်းမဲ့ပယ်အပ်ပြီးသည်၏ အဖြစ်ကြောင့်လည်း ကောင်း။ (၄) ဝိညူနံ၊ ပညာရှိတို့၏(ဝါ)တို့နှင့်။ အရဟောယျ တော၁စ၊ မစွန့်ကောင်း မကင်းကောင်း အတူပေါင်းနေသည်၏ အဖြစ်ကြောင့်လည်းကောင်း။ (၅)ဘဝေသု၊ ဘဝသုံးပါးတို့၌။ ရဟာ၁ဘာ၁ဝါစ၊ လှည့်လည်သွားလာခြင်း မရှိသည်၏ အဖြစ် ကြောင့်လည်းကောင်း။ (၆) ပါသံသာ၁စ၊ ပညာရှိချီးမွမ်းမဆုံးနိုင်သော ကြောင့်လည်းကောင်း။ အရဟံ၊ အရဟ မည်တော်မူပါ ပေ၏။

( ၂ )

> သမ္မာ သာ၁မဥ္စ သဗ္ဗဓမ္မေ ဗုဒ္ဓေါ ဗုဇ္ဈတိ ဗုဇ္ဈတိ သမ္မာ သာ၁မဥ္စ သဗ္ဗဓမ္မာနံ ဗုဒ္ဓတ္တာ သမ္မာသမ္ဗုဒ္ဓေါ။ (သမ္မာ–သံဥပသာ၁ရနိပါတ် ရှေ့ရှိသော ဗုဓဓာတု ညာဏောတ ပစ္စယော ကတ္တုသာ၁သနံ)။

လူတို့သည်စီးပွားဥစ္စာအလုရှုံလျှင်စီးပွားရှာမိုးတတ်သောစည်း စိမ်ရှင် ဆရာရှာ၍ အသည်းကပ်ကုန်သကဲ့သို့ရင်း၊အထက်တန်းပညာ

အမျိုးမျိုးတို့ကိုလိုလျှင် ပညာ အမျိုးချိုးတတ်ဆရာမြတ်ကိုရှာ၍ ဆည်းကပ်ကုန်သကဲ့သို့ရှင်း။ ဈာန မဂ္ဂ ဖလ ပဋိသမ္ဘိဒါ ဉာဏ်တို့ လိုလျှင်လောကီလောကုတ္တရာဈာနမဂ္ဂ ဖလပဋိသမ္ဘိဒါဉာဏ်တို့ ရသော ဆရာမြတ်ကို ရှာမှီးဆည်းကပ်သကဲ့သို့ရှင်း၊ ဘုရားမြတ် စွာကား ဆရာမရှာ ကိုယ်ကြီးသက်သက်သာ အဓိသီလကျောက် မြေမြတ်၌ လေးပါး ဝိသာရဒ ဉာဏ်ပါဒတို့ဖြင့် မားမားမတ်မတ် ကြံ့ကြံ့တန့်တန့်ရပ်တော်မူ၍ သမာဓိပုံသွင် ကျောက်ပြင်ပေါ်၌ ဝီရိယတည်းဟူသော လက်ဖြင့်ကိုင်ကာ ထက်အောင်သွေးအပ်သော ဝိပဿနာဉာဏ် အခြေခံ၍ အရဟတ္တမဂ်ဉာဏ် စိန်ဒါး သံဖြင့် ကိလေသာဥသုံ အလုံးစုံကို ခုတ်ထွင်ပယ်ရှင်းပြီးသည် ဖြစ်၍ ဓမ္မဥသုံ အလုံးစုံကို သဗ္ဗညုတဉာဏ်ဖြင့် သိမြင်တော် မူသော ဤအကြောင်းကြောင့်လည်း သမ္မာသမ္ဗုဒ္ဓ မည်တော် မူပါပေ၏။

( ၃ )

ဝိဇ္ဇာဟိ စ စရဏေန စ သမ္ပန္နော သမ္ပဇ္ဇတိ
သမ္ပဇ္ဇိတိ ဝိဇ္ဇာဟိ စ စရဏေန စ သမ္ပန္နတ္တာ
ဝိဇ္ဇာစရဏသမ္ပန္နော။ ဘဂဝါ။

(ကိတန္တက တတိယာတပ္ပုရိသမာသ)။

သမ္ပဇ္ဇတိ သမ္ပဇ္ဇိ တိ သမ္ပန္နော။ ဘဂဝါ။
သံပုဗ္ဗေ ပဒဓာတု ဂတိယံ ထိရေ စ။
တပစ္စယာသ အန္တာဒေသော။ ကတ္တုသာဓနံ။

## ဝိဇ္ဇာ ၃– ပါး

(က) ပုဗ္ဗေနိဝါသဉာဏ်ဟူသည်ကား....ရှေး၌နေဘူးသော မိမိသူတပါး လူနတ်ဗြဟ္မာ တိရစ္ဆာန်သတ္တဝါတို့၏ ခန္ဓာ အ စဉ် ဟူ သမျှ အ ကုန် သိ မြင် နိုင် သော အဘိဉာဏ်ပင်တည်း။

(ခ) ဒိဗ္ဗစက္ခု ဉာဏ်ဟူသည်ကား.... လော က သုံး ခွင် ဘုံအပြင်၌ လူနတ်ဗြဟ္မာနှင့် အပါယ်ဘုံသား သတ္တဝါမှန်သမျှ သဏ္ဌာန် အဆင်းအာရုံအဝေးဖြစ်စေ အနီးဖြစ်စေ အလုံးစုံ နတ်မျက်စိဖြင့် မြင် နိုင်သော အဘိဉာဏ်ပင်တည်း။

(ဂ) အာသဝက္ခယ ဉာဏ် ဟူသည် ကား.... ကာမာသဝ ဘဝါသဝ ဒိဋ္ဌာသဝ အဝိဇ္ဇာသဝ ဤအာသဝ လေးပါး ကုန်ခမ်းပြီးသော အရဟတ္တဖလဉာဏ် ပင်တည်း။

## ဝိဇ္ဇာ ၈-ပါး

(ဃ) ဒိဗ္ဗ သောတဉာဏ် ဟူသည်ကား....လူနတ် ဗြဟ္မာ တိရစ္ဆာန် အသံအာရုံ လူပြည်,နတ်ပြည်, ဗြဟ္မာပြည် ငရဲပြည် အဝေး အနီး အသံအာရုံဟူသမျှ အလုံးစုံ ကြားနိုင်သော အဘိဉာဏ်ပင်တည်း။

(င) ဋ္ဌဒိဗ္ဗစက္ခုဉာဏ်ဟူသည်ကား.... မိုးပျံ့မြေလျှိုးရေမပြို ငှက်လိုပလ္လင်ဖြင့်ပြဟ္မာပြည်တိုင်အောင်သွား လ၊နေတို့နဲ့ လက်ဖြင့်သုံးသတ် တဦးကစအများ လူနတ်ပြဟ္မာ နဂါးဂဠုန်အလုံးစုံ ပုံသွင်စစ်အင်ခင်းကျင်းလိုအင်ဆန္ဒ အကုန်ဖန်ဆင်းပြနိုင်သော တန်ခိုး အဘိဉာဏ်ပင်တည်း။

(စ) စေတောပရိယဉာဏ်ဟူသည်ကား.... သတ္တဝါအမျိုးမျိုးတို့၏ ၁၆-ချက်သောစိတ်အကြံအစည်ကို သိစွမ်းနိုင်သော အဘိဉာဏ်ပင်တည်း။

(ဆ) မနောမယိဒ္ဓိဉာဏ်ဟူသည်ကား....ဋ္ဌဒိဗ္ဗစက္ခုအဘိဉာဏ်၌ အကြုံးဝင်သော မိမိကိုယ်၏ အတွင်း၌ဖြစ်သော အလုံးစုံ မိမိကိုယ်နှင့်တူသည့်စိတ်ဖြင့် ပြီးသည်ဖြစ်၍ အင်္ဂါကြီးငယ်တို့နှင့် ပြည့်စုံလျက် မဆုတ်ယုတ်သော ဣန္ဒြေရှိသော ရုပ်ခန္ဓာကိုယ်ကို ဖန်ဆင်းပြနိုင်သော အဘိဉာဏ်ပင်တည်း။

မှတ်ချက် .... ဝိကုဗ္ဗနိဒ္ဓိကား ဋ္ဌဒိဗ္ဗစက္ခုအဘိဉာဏ်၌ အကြုံးဝင်သော မိမိကိုယ်မှ တမျိုး တခြား တပါး အပဉ္စဖြစ်စေ ရုပ်ရှိသော စိတ်အလိုအတိုင်း ပြီးနိုင်သော မိမိရုပ်အဆင်းနှင့် မတူသော လူ နတ် ပြဟ္မာ နဂါး ဂဠုန် ရုပ်ပြောင်းရုပ်လွှဲ ကုမ္ဘာဏ် ရက္ခ ဆင်

မြင်း ရထား ခြေလျင် စစ်တပ် စသော အမျိုးမျိုး
တို့ကို ဖန်ဆင်းပြနိုင်သော အဘိဉာဏ်ပင်တည်း။
ဤကား မနောမယိဒ္ဓိနှင့် ဝိကုဗ္ဗနိဒ္ဓိအထူးတည်း။

(၈) ဝိပဿနာဉာဏ်ဟူသည်ကား....နာမ်ရုပ်ခန္ဓာအာယတန
ဓာတ် သစ္စာ ပဋိစ္စသမုပ္ပါဒ်-၃၇-ပါးသော ဗောဓိ
ပက္ခိယ တရားတို့ကို မြင်နိုင်သော လောကီဉာဏ်
ပင်တည်း။ (ဒီဃနိကာယ သီလက္ခန္ဓဝဂ္ဂ အမ္ဗဋ္ဌသုတ္တ
၉၃-ကြည့်ပါလေ)

မှတ်ချက် .... အထက်ပါ ပု-ဒိ-အာ ဝိဇ္ဇာသုံးပါးထည့်လျှင်
ဝိဇ္ဇာ ၈-ပါး ဖြစ်သတည်း။

ပု ဒိ အာ သော ဣ စေ မ ဝိ ဝိဇ္ဇာ-၈-ပါးပြီး၏။

စရဏ တဆယ့်ငါးပါး

စရဏ ၁၅-ပါးတို့တွင်

(က) သီလသံဝရဟူသည်ကား အဓိသီလကိုစောင့်စည်းခြင်း
ပင်တည်း။

(ခ) ဣန္ဒြိယေသု ဂုတ္တဒွါရတာဟူသည်ကား မျက်စိ နား
နှာခေါင်း လျှာ ကိုယ် စိတ်ဟူသော အစိုးရ ၆မျိုး
တို့၌ လုံခြုံအောင်ရှောင့်ရှောက်ထားခြင်းပင်တည်း။

(ဂ) ဘောဇနေ မတ္တညုတာဟူသည်ကား စားအပ် ခဲအပ် လျက်အပ် သောက်အပ်သော စားဘွယ် ခဲဘွယ် စသော အာဟာရကို ပရိယတ္တိ ပဋိပတ္တိ ပဋိဝေဓ ဓမ္မသုံးရပ်ကို ချမ်းချမ်းသာသာ မျှမျှတတဖြင့် အားထုတ်နေနိုင်ရန် သင့်တော်ရုံသာ စားခြင်းပင်တည်း။

(ဃ) ဇာဂရိယာနုယောဂ မနုယုတ္တာဟူသည်ကား နေ့ညဉ့် ပတ်လုံး ကမ္မဋ္ဌာန်း ဘာဝနာဖြင့် နိုးကြားခြင်းနှင့် ယှဉ်ခြင်းကို အဖန်ဖန်အားထုတ်ခြင်းပင်တည်း။

## ဇာဂရိယာနုယောဂ၏ အကျယ်အဓိပ္ပါယ်

မြတ်စွာဘုရား၏ကိစ္စတော်သည်ကား ၅ မျိုးရှိ၏။ ၅ မျိုးဟူသည်ကား (၁) ပုရေဘတ္တကိစ္စ (၂) ပစ္ဆာဘတ္တကိစ္စ (၃) ပုရိမယာမကိစ္စ (၄) မဇ္ဈိမယာမကိစ္စ (၅) ပစ္ဆိမယာမ ကိစ္စ တို့ပင်တည်း (သီလက္ခန္ဓဝဂ္ဂအဋ္ဌကထာ ဗြဟ္မဇာလသုတ္တ ပရိဗ္ဗာဇကဝဏ္ဏနာ- ၄၅မှ၄၈-အထိ)။

## ၁/ပုရေဘတ္တကိစ္စကား

(က) မြတ်စွာဘုရားသည် နံနက်စောစောကသာလျှင် ထ၍ အလုပ်အကျွေးကို ချီးမြှောက်လိုခြင်းနှင့် ကိုယ်၏ ချမ်းသာခြင်းအကျိုးငှါ မျက်နှာတော်သစ်ခြင်း ရေ ချိုးခြင်းစသော အမှုကိုပြုခြင်း။

(ခ) ၈-နာရီမှ၉-နာရီအထိ ဆွမ်းခံချိန်တိုင်အောင် ဆိတ်ငြိမ်သောနေရာ၌ သမာပါတ်ဖြင့်လွန်စေခြင်း။

(ဂ) ဆွမ်းခံချိန်အခါ၌ သင်းပိုင်တော်ကို ပြင်ဆင်ဝတ် ခါး ပန်းကြိုးကို ပန်းဖွဲ့၍လည် လက်ကောက်ဝတ်တော်ကို ဖုံးအောင် သင်္ကန်းတော်ကိုရုံလျက် သပိတ်တော်ကို လက်ဖြင့် ပိုက်ခါတခါတရံ တပါတည်း တခါတရံ ရဟန်း ပရိသတ် ခြံရံလျက် ကြွတော်မူခြင်း တခါတရံ တန်ခိုးအမျိုးမျိုး ရောင်ခြည်တော်တို့ကိုလွှတ်လျက် တန်ခိုးတော်များ ပြလျက်ကြွတော်မူခြင်း။

(ဃ) ဘုရား ရှေ့တော်မှ နူးညံ့သိမ်မွေ့သောလေတို့သည် ဘုရား ကြွတော်မူရာ မြေပြင် လမ်းမတော်ကို တိုက်ခတ် တန်မြက်စီး လှဲသကဲ့သို့ သုတ်သင်ခြင်း။

(င) တိမ်တိုက်တို့မှ တဖြောက်ဖြောက် ရေပေါက် ကြွစေလျက် လမ်းခရီး၌ မြူမှုန့်ငြိမ်းစေလျက် အထက်၌ ဗိတာန် မျက်နှာကျက်ကဲ့သို့ တည်နေစေခြင်း။

(စ) အချို့သော လေတို့က ပန်းပွင့်တို့ကို ယူဆောင်၍ လမ်းခရီး၌ ကြဲဖြန့်ကြခြင်း။

(ဆ) မြင့်မောက်မြေတို့က နိမ့်အောင်နိမ့်ရှိုင်း(နက်ရှိုင်း)သော မြေတို့က မြင့်မောက်အောင်ပြုလုပ်ခြင်း။

(ဇ) ခြေတော်ချရာ အရပ်၌ အတွေ့အထိ နူးညံ့သော ပဒုမ္မာ ကြာပန်းတို့က ခြေတော်ကို ခံလာကြခြင်း။

(ဈ) လက်ျာခြေတော် မြို့ရွာတံခါး ခုံအတွင်း ချတော်မူသည်နှင့်တပြိုင်နက် ကိုယ်တော်မှ စိမ်းညို ဝါ ရွှေနီ တွေ့ဖြူဖွေး ပန်းရောင်သွေးစွက် ပြိုးပြိုး ပျက်ပျက် ရောင်စုံထွက်စေလျက် ရွှေရေတို့ဖြင့် သွန်းလောင်းကုန်ဘိသကဲ့သို့ရှင်း ဆန်းကြယ်သောပုဆိုးတို့ဖြင့်ခြုံရုံကုန်ဘိသကဲ့သို့ရှင်း မြို့တော်တွင်း စုလစ်မွန်း ချွန်အထွဋ်တပ်သော ဘုံဆင့် ပြဿဒ်နန်းတော် အိမ်အစရှိသည်တို့ကိုတန်ဆာဆင်ကုန်လျက် ဤဤထိုထို ပြေးသွားကြခြင်း။

(ည) ဆင်မြင်းငှက် အစရှိသော သတ္တဝါတို့က ချိုအေးသာယာနာပျော်ဘွယ်ရာ ကောင်းသော အသံတို့ကို မြည်တွန်ကြွေးကျော်ကြခြင်း။

(ဋ) တူရိယာ အမျိုးမျိုးတို့နှင့် လူတို့၌ ဆင်မြန်းထားသော ပုတီး နားဒွှောင်း လက်ကောက် လက်ကြပ်တန်းဆာတို့က အလိုလိုအသံမြည်ကြခြင်း။

ထိုသို့ရှိသော အခြင်းအရာ အမှတ်အသားဖြင့် မြတ်စွာဘုရား သည် ယခု ငါတို့မြို့ရွာ လမ်းသို့ ဆွမ်းခံဝင်တော်မူလတံ့ဟု သိကြ၏။ ဤသို့သိကြကုန်သော ထိုလူတို့သည် အဝတ်တန်းဆာ ကောင်းစွာ ဝတ်ဆင် ကြကုန်လျက် နံ့သာပန်း စသည်တို့ကို လက်ဖြင့်ကိုင်ယူကြ၍ အိမ်မှထွက်ခါ ခရီးဦးကြိုဆိုကြကုန်လျက် မြတ်စွာဘုရားအား နံ့သာပန်း စသည်တို့ဖြင့် ပူဇော်၍ ရှိခိုးပြီးလျှင် မြတ်စွာဘုရား တပည့်တော်တို့အား ရဟန်းဆယ်ပါး ပေးတော်မူပါ၊ရဟန်းတော်နှစ်ကျိပ်ရဟန်းတော်ငါး ကျိပ်၊ရဟန်းတော်တရာစသည် တောင်းပန်လျှောက်ထားပင့်သွားကြကုန်၏။

ထို့နောက် ဘုရားရှင်အား ပင့်ဆောင်ရန် အခွင့်ရသူက ဘုရား၏သပိတ်တော်ကိုယူဆောင်၍ ပင့်သွားကြကုန်၏။ အိမ်တို့၌ နေရာခင်း၍ ထိုင်စေလျက်ဘုရားရှင်သပိတ်၌ရေစက်သွန်ခြ၍ဤ- ခဲဘွယ်ဘောဇဉ်တို့ကို ဘုရားအမှူးရှိသော သံဃာတော်အား လှူပါ၏ ဘုရားဟုရိုရိုသေသေဆွမ်းဖြင့် လုပ်ကျွေးကြကုန်၏။ ဆွမ်းဘုဉ်းပေးခြင်းကိစ္စပြီးသော် သရဏဂုဏ် ပဥ္စသီလ မဂ္ဂလေးဝ ဖလလေးတန် သတ္တဝါတို့ ပါရမီဉာဏ်ကို ဆင်ခြင်သုံးသတ်၍ ရဟန်းပြု အရဟတ္တဖလတည်အောင် အနုမောဒနာ တရားဟော တော်မူ၏။

ဤသို့ အလှူရှင်အပေါင်းကို တရားတော်ဖြင့် ချီးမြှောက် ဟောတော်မူပြီး နေရာမှထ ကျောင်းတော်သို့ကြွသွား၍ တပည့်သား ရဟန်းတို့၏ ဆွမ်းဘုဉ်းပေးခြင်းကိစ္စ ပြီး ဆုံး သည့် တိုင်အောင် ဆိုင်းငံ့လျက် ကျောင်းတိုက် အတွင်း တန်ဆောင်း၌ ခင်းကျင်းထားအပ်သော ဗုဒ္ဓနေရာ၌ သီတင်းသုံး ထိုင်နေတော်

မူ၏။ ရဟန်းတို့၏ ဆွမ်းကိစ္စပြီးသည့်အဆုံး၌ မြတ်စွာဘုရားထံ ရှိခိုးဆည်းကပ်လက်အုပ်ချီနေစဉ် အလုပ်အကျွေးက တပည့်သား ရဟန်းတော်များ စုံပါပြီဘုရားဟု လျှောက်ထားသော အခါ ဂန္ဓကုဋိတိုက်၏ အနီး ခင်းထား အပ်သော ခြေဆေးအင်း ပျဉ်တော်၌ရပ်၍ ခြေတော်ကို ဆေးကြောလျက်....

ဘိက္ခဝေ အပ္ပမာဒေန သမ္ပာဒေထ ဒုလ္လဘော
ဗုဒ္ဓုပ္ပါဒေါ လောကသ္မိံ၊ ဒုလ္လဘော ၊ မနုဿတ္တ
ပဋိလာဘော၊ ဒုလ္လဘာ သမ္ပတ္တိ၊ ဒုလ္လဘာ ပဗ္ဗဇ္ဇာ။
ဒုလ္လဘံ သဒ္ဓမ္မသဝနံ၊ ဧဝံ ဒိဝ သေဒိဝသေ ဩဝဒိ....
ဤသို့မိန့်ကြားတော်မူခြင်း။

## ဘာဘာပြန်

ရဟန်းတို့....မမေ့မလျော့သော သတိတရားနှင့် ပြည့်စုံကြ ကုန်လော၊ လောက၌ ဘုရားပွင့်ခြင်းကိုရခဲ၏၊ လူ၏ အဖြစ် ကိုရခဲ၏၊ သဒ္ဓါတရားစသည် ပြည့်စုံခြင်းကိုရခဲ၏။ ရှင်ရဟန်း အဖြစ်ကို ရခဲ၏။ သူတော်ကောင်း၏ တရား စကား ကြား နာခြင်းကိုရခဲ၏။ဤသို့နေ့တိုင်းနေ့တိုင်း ဆုံးမပြီးသော် ဂန္ဓကုဋိ စံကျောင်းတော်သို့ဝင်တော်မူ၏။

ဤကားပုရေဘတ္တကိစ္စတည်း

ထိုအခါအချို့သော ရဟန်းတို့က မြတ်စွာဘုရားထံကမ္မဋ္ဌာန်း တရား မေးလျှောက်ကြကုန်၏၊ ထိုရဟန်းတို့အား စရိတ်အား

လျှော်စွာ ဟောကြားတော်မူ၏၊ ထိုရဟန်းတို့သည်မြတ်စွာဘုရားကိုရှိခိုး၍ မိမိတို့နေသန့်ရန် အလို့ငှါ တောယောင် သစ်ပင်စတုမဟာရာဇ် တာဝတိံသာ ယာမာ တုသိတာ နိမ္မာနရတိ ပရနိမ္မိတဝသဝတ္တိဘုံသို့ သွားရောက်ခါ တရားအားထုတ်ဖလသမာပတ္တိ ဝင်စားကာ အချိန်ကုန်စေကြသည်၊ မြတ်စွာဘုရားလည်း ဂန္ဓကုဋိတိုက်တွင်းသို့ကြွဝင်တော်မူ၏။

## ရောင်ခြည်တော်များနှင့်စပ်သောအဓိပ္ပါယ်အကျဉ်း

(က) မင်္ဂလဿ ပန သမ္မာသမ္ဗုဒ္ဓဿ အညေဟိ ဗုဒ္ဓေဟိ အဓိကတရာ သရီရပ္ပဘာ အဟောသိ၊ ယထာ ပန အညေသံ သမ္မာသမ္ဗုဒ္ဓါနံ သမန္တာ အသီတိ ဟတ္ထပ္ပမာဏာ ဝါ ဗျာမပ္ပမာဏာ ဝါ သရီရပ္ပဘာ အဟောသိ၊ န ဧဝံ တဿ၊ တဿ ပန ဘဂဝတော သရီရပ္ပဘာ နိစ္စကာလံ ဒသသဟဿီလောကဓာတုံ ဖရိတွာ အဋ္ဌာသိ။ (ဗုဒ္ဓဝံသအဋ္ဌကထာ ၅ မင်္ဂလာ ဗုဒ္ဓဝံသဝဏ္ဏနာ ၁၇၂)။

(ခ)-၁။ ယထာ ပန အညေသံ ဗုဒ္ဓါနံ သမန္တာ အသီတိဟတ္ထပ္ပ မာဏာ ဧဝ သရီရပ္ပဘာ ဟောတိ၊ န ဧဝံ တဿ၊ တဿ ပန

ဘဂဝတော သရိရပ္ပဘာ နိစ္စ ကာလံ ဒသ
သဟဿီလောကဓာတုံ ဖရိတွာ အဋ္ဌာသိ။
(အဋ္ဌသာလိနီ အဋ္ဌကထာ နိဒါနကထာ-
၅၀)။

(ခ)-၂။ မင်္ဂလဿ ပန ဘဂဝတော ပုဗ္ဗပတ္ထနာဝသေန
အညေသံ ဗျာမပ္ပဘာ ဝိယ သရိရပ္ပဘာ
နိစ္စ မေဝ ဒသသဟဿီ လောကဓာတုံ
ဖရိတွာ အဋ္ဌာသိ။ (၄ စီးအဋ္ဌကထာ ၅၀)။

(ခ)-၃။ ဥဘဟတ္ထ ကင်္ဟနော အသီတိ လုဗျဉ္ဇန
ဗျာမပ္ပဘာနုရဥ္ဇတာယသရီရ နိဗ္ဗတ္တိယာသမ္ဘန
ဂတော- သဗ္ဗဥေယျဇာနနသမတ္ထံ သဗ္ဗညုတ
ဉာဏ် ပဋိဝိဇ္ဈိတွာဋ္ဌိတော၊ လောကာတာရ
ဏော၊ ဗုဒ္ဓေါနာမ အတ္ထိနုခေါ နတ္ထိတိကင်္ခတိ
(အဋ္ဌသာလိနီ ၃ နိက္ခေပကဏ္ဍတိကနိက္ခေပ
ကထာ ၃၀၀)။

(ဂ) ဘဂဝါမိ ကေဒါ ဆမ္ဘဏ္ဏရံသိ ယောစိဝရေန
ပဋိစ္ဆာဒေတွာအညာတကရော ပိဏ္ဍပါတိကောဝိယ
စရတိတိ သယောဇနမဂ္ဂံ အင်္ဂုလိမာလဿ
ပစ္စုဂ္ဂပန် ဂစ္ဆန္တောဝိယဘေဒါ ဆဗ္ဗဏ္ဏရံသိယော
ဝိဿဇ္ဇေတွာကပိလ ဝတ္ထုံ ပဝေသနာဒိသုဝိယ

(ဓမ္မပဒဋ္ဌကထာလဝဂ္ဂ ၉ သုမနကလာကရ ဝတ္ထု ၃၀၆)။

(ဃ) ရညှိဝေမတ္တံနာမ မင်္ဂလဿ ဘ ဂ ဝ တော သရီရရညှိ ဒသသဟဿီ လောက ဓာတုပ္ပ မာဏာ အဟောသိ၊ အမှာကံ ဘဂဝတော သမန္တာ ဗျာမမတ္တာ တတြ ရညှိဝေမတ္တံ အဗ္ဘောသယပ္ပဋိံဗဒ္ဓါ၊ ယော ယတ္တကံ ဣစ္ဆတိ၊ တဿ တတ္တကံ သရီရပ္ပ ဘာဖရတိ။ မင်္ဂလဿ ပန နိစ္စမ္မိ ဒသသဟဿီ လောကဓာတုံ ဖရိ ကူတိ အဗ္ဘောသယော အဟောသိ။ (မဟာ ဝဂ္ဂ အဋ္ဌကထာ မဟာပဒါနသုတ္တ သမ္ပဟုလ ပရိစ္ဆေဒ ဝဏ္ဏနာ ၁၈)။

အဓိပ္ပာယ်

(က) ဂေါတမ မြတ်စွာဘုရားသည် အသက်တိုသော တရာတန်း၌ပွင့်၍ ကိုယ်တော် သ ဏ္ဍာန် ၆- တောင် (၉-ပေ) သာ ရှိသောကြောင့် အမြဲ တန်းကိုယ်တော်ရောင် တလံမျှသာ ထွန်းလင်း တော်မူ၏။

(ခ) မင်္ဂလာဘုရားမှတပါး ကဿပ မြတ်စွာဘုရားမှ

စ၍ အထက်၌ ပွင့်တော်မူကြသော ဘုရားရှင်များသည် သက်တော်သောင်းသိန်း ရှည်တော်မူကြ၍ ကိုယ်သဏ္ဌာန်တော်မှာလည်း ကြီးထွားသောကြောင့် ကိုယ် တော် ရောင် အမြဲတန်း အတောင် (၈၀) ထွန်းလင်းတော်မူ၏။

(ဂ) မင်္ဂလဘုရားမှာ ရှေးဆုတောင်း၏ အစွမ်းအားအားဖြင့် အမြဲတန်း တ သောင်း သော လောကဓာတ်ကိုပြန့်နှံ့၍ ရောင်ခြည်တော် ထွန်းလင်းတော်မူ၏။

(ဃ) ဘုရားရှင်ဟူသမျှတို့သည် မိမိအလိုဆန္ဒတော်အရ ရောင်ခြည်တော်များ ကွန့်မြူး ထွန်းလင်းနိုင်ကုန်၏။

## ပဉ္စဘာတ္တကိစ္စကား

၁၂ နာရီမှ ညနေ ၆ နာရီအတွင်း ၃ ပိုင်း ပိုင်းရမည်။ ပဌမပိုင်းကား၊ ၁၂ နာရီမှ ၂ နာရီအထိ၊ ဒု တိ ယ ပိုင်း ကား ၂ နာရီမှ ၄ နာရီအထိ၊ တတိယပိုင်းကား ၄ နာရီမှ ၆ နာရီအထိဖြစ်သည်။

ပထမပိုင်း၌ ဂန္ဓကုဋိတိုက်သို့ ဝင်ပြီးသော်၊ အလို ရှိ လျှင် သတိသမ္ပဇဉ်ရှဉ်လျက် လက်ျာနံပါးတော်ဖြင့် တမုဟုတ်မျှ မြတ်

သော ကြိမ်းစက်ခြင်းကိုပြု၍ ဖလသမာပါတ်ကို ဝင်စားနေတော်မူ၏။ ကိုယ်လက်သက်သာ၍ ထတော်မူသည်ရှိသော် ဒုတိယပိုင်း၌ ကျွတ်ထိုက်သော သတ္တဝါ တွေကို ကြည့်တော်မူ၍ တတိယပိုင်း၌ နံနက်ခင်းက အလှူအတန်းပေး ဆွမ်းကျွေးပြီး တရားနာရန်အတွက် ကောင်းမြတ်စင်ကြယ်သော အဝတ်အရုံတန်ဆာတို့ကို ဝတ်ရုံ ဆင်ရင်၍ နံ့သာပန်း လှူဒါန်းဘွယ်ဝတ္ထုတို့ကို လက်စွဲယူ၍ လှူဒါန်းပူဇော်ကြ၏။

ဤသို့ စည်းဝေးသော ပရိသတ် အပေါင်းအား ဂန္ဓကုဋိတိုက်တော်မှ လျောက်ပတ်သောတန်ခိုးတော်ဖြင့် ကြွတော်မူ၍ ဓမ္မသဘင်ရုံတော်စဥ်၌ခင်းကျင်းထားအပ်သော မြတ်သောဘုရားနေရာ၌ ထိုင်တော်မူလျက် စည်းဝေး လာ သော သတ္တဝါတို့အဇ္ဈာသယ စရိတကို ဆင်ခြင်လျက် ၂ နာရီကစ၍ ၅ နာရီအထိ တရားရေအေးအမြိုက်ဆေး တိုက်ကျွေးတော်မူ၏။ ထို့နောက် ပရိသတ်ကို လွှတ် လိုက် ၍ မြတ် စွာ ဘု ရား အား ရှိခိုး၍ မိမိတို့နေရာ အိမ်ဂေဟာသို့ ပြန်သွားကြကုန်၏။

## ဤသည်ကား ပစ္ဆာဘတ္တကိစ္စတည်း။
## ပုရိမယာမကိစ္စကား

ပစ္ဆာဘတ္တကိစ္စပြီးဆုံးခဲ့သည်ရှိသော် ကိုယ်တော်ကို ရေဖြင့်သွန်းလောင်းခြင်းငှာ အလိုရှိခဲ့ငြားအံ့ ဘုရားနေရာတော်မှထ၍ ရေချိုးရုံသို့ဝင်၍ အလုပ်အကျွေးသည် စီစင်ထား အပ်သော

ရေဖြင့် အငွေ့ရအောင် ကိုယ်ကိုရေဖြင့် သုန်းလောင်းတော်မူ၏။ ဒရချိုးပြီးလျှင် ကျထပ်သင်းပိုင်ဝတ်၍ ခါးပန်းကြိုးကို ပန်း၍ အပေါ်ရုံ ကောစီကို လက်ဝဲတဘက် ပခုံးထက်၌တင်၍ ဂန္ဓကုဋိ တိုက်သို့ကြွ၍ ပရဝိုဏ်း၌ ခင်းထားအပ်သော ပလ္လင်နေရာထက်၌ တပါးတည်းတည်း တမုဟုတ်မျှ ကိန်းအောင်းလျှက်ထိုင်၏။

ထိုအခါ ရဟန်းတို့သည် ထိုထိုအရပ်မှ လာကြ ကုန်လျက် မြတ်စွာဘုရားအား လုပ်ကျွေးရန်ဆည်းကပ်ကြကုန်၏။ အချို့သော ရဟန်းတို့သည် ပြဿနာမေး ကြကုန်၏။ အချို့သော ရဟန်းတို့သည် ကမ္မဋ္ဌာန်းလျှောက် ကြကုန်၏။ အချို့သော ရဟန်းတို့သည် တရားနာခြင်းငှာ တောင်းပန်ကြကုန်၏။ မြတ်စွာ ဘုရားသည် ထိုရဟန်းတို့၏ အလိုကိုပြည့်စုံစေလျက် ၆ နာရီမှ ၁၀နာရီထိ ပုရိမယာမ်ကို ကုန်လွန်စေ၏။

ဤသည်ကား ပုရိမယာမကိစ္စပြီး၏။

## မဇ္ဈိမယာမကိစ္စကား

ပုရိမယာမကိစ္စအဆုံး၌ ရဟန်းတို့သည် မြတ်စွာဘုရားကို ရှိခိုး၍ ကြွသွားကုန်ပြီးသည်ရှိသော် အလုံးစုံ စကြာဝဠာ အပေါင်း လောကဓာတ် တသောင်း အတွင်း ရှိကြကုန်သော နတ် ဗြဟ္မာ နဂါး ဂဠုန်အပေါင်းတို့သည် အခွင့်ကောင်းကို ရကြကုန်၍ ဘုရားထံဆည်းကပ်ပြဿနာအရပ်ရပ်ကိုလျှောက်ကြ ကုန်၏။

အချို့သော နတ် ဗြဟ္မာ နဂါး ဂဠုန်တို့က အကြင်အကြင် ပြုပြင်စီရင်အပ်သော အယုတ်ဆုံး လေးလုံးသောအကွဲချရှိသော ပြဿနာကိုလည်း မေးလျှောက်ကြကုန်၏။ မြတ်စွာဘုရားသည် ထိုထိုနတ် ဗြဟ္မာ နဂါး ဂဠုန်တို့၏ ပြဿနာကိုဖြေကြားလျက် ၁၀ နာရီမှ နာရီပြန် ၂ချက်အထိ မဇ္ဈိမယာမကိစ္စကို ကုန်လွန်စေတော်မူ၏။

ဤသည်ကား မဇ္ဈိမယာမကိစ္စပြီး၏။

## ပစ္ဆိမယာမကိစ္စကား

ပဌမပိုင်း ဒုတိယပိုင်း တတိယပိုင်းဟု ၃ ပိုင်း ပိုင်းရာ၏။ တပိုင်းလျှင် ၁နာရီနှင့် မိနစ်၂၀ ရှိသည်။

ပဌမပိုင်းမှာ နတ်တွေပြန်သွားခဲ့သည်ရှိသော် နေ့ပုရေဘတ္တမှ စ၍ ညဉ့်မဇ္ဈိမယာမ် ၂နာရီအထိ ထိုင်နေခြင်းသည် နှိပ်စက်အပ်သော ကိုယ်တော်၏ ပင်ပန်းသည်၏အဖြစ်မှ လွတ်စေခြင်းအကျိုးငှာ စင်္ကြံကြွသဖြင့် လွန်စေတော်မူပြီး ၂ နာရီမှ စ၍ ၃နာရီ မိနစ်၂၀ အထိဖြစ်သည်။

ဒုတိယပိုင်း ၃နာရီ မိနစ် ၂၀ မှ စ၍ ၄နာရီ မိနစ် ၄၀ အတွင်း၌ ဂန္ဓကုဋိတိုက်တော်တွင်းသို့ဝင်၍ လက်ျာ ခြေပေါ်၌ လက်ဝဲခြေတော်ကိုစဉ်း ငယ် တလက်မလောက်လျှော၍တင်ပြီး

လက်ျာနံတောင်းဖြင့် စောင်းလျက် သတိသမ္ပဇဉ်ယှဉ်ပြီး မြတ်သော ကိန်းစက်ခြင်းကိုပြုတော်မူ၏။

တတိယပိုင်း ၄ နာရီနှင့် မိနစ် ၄၀ မှ ၆နာရီအတွင်းမှာ ကိန်းစက်တော်မူရာမှထတော်မူပြီး ရှေးဘုရားရှင်တို့၏အထံတော်တို့၌ ပြုကျင့်ဆည်းပူးခဲ့ဘူးသော ဒါန သီလ ဘာဝနာ တို့ ၏ အစွမ်းအားဖြင့် ပြုကျင့်အပ်ပြီးသော ကောင်းမှုရှိကြကုန်သော ဝေနေယျပုဂ္ဂိုလ်တို့ကို ကြည့်ရှုတော်မူခြင်းငှာ ဗုဒ္ဓစက္ခုတော်ဖြင့် တလောကလုံးကို ဖြန့်၍ကြည့်တော်မူ၏။

ဤသည်ကား ပစ္ဆိမယာမကိစ္စတော်ပင်တည်း။

ထို့ကြောင့် မြတ်စွာဘုရားသည် ဇာဂရိယာနုယောဂ ဂုဏ်တော်နှင့် အမြဲတန်းပြည့်စုံတော်မူပါပေ၏။

**သတ္တသဒ္ဓမ္မ သူတော်ကောင်းတရား ၇ ပါးရှိသူ**

၁။ သဒ္ဓ ဘုရား တရား သံဃာ ရတနာသုံးပါးတို့ကြည်ညို၍ ကံ ကံ၏အကျိုးကို ယုံကြည်ခြင်းရှိသူ။

၂။ ဟိရိမန္တ ဒုစရိတ်တရားတို့မှ ရှက်ခြင်းရှိသူ။

၃။ ဩတ္တပ္ပ ဒုစရိတ်တရားတို့မှ လန့်ခြင်းရှိသူ။

၄။ ဗဟုဿုတ အကြားအမြင်ရှိသူ။ ပရိယတ္တိ ပဋိပတ္တိ ပဋိဝေဓတို့၌ များသော

၅။ အာရဒ္ဓဝီရိယ ကောင်းသော တရားတို့၌ အားထုတ်ခြင်းရှိသူ။

၆။ သတိမန္တ သတိမြဲခြင်းရှိသူ။

၇။ ပညာဝန္တ အလုံးစုံသောတရားတို့ကို ဟုတ်မှန်သောအားဖြင့် သိတတ်သောပညာရှိသူ။

## ဆောင်ပုဒ်

သဒ္ဓ သတိ၊ ဟိရိ ဩတ္တပ္ပ၊ သုတ ပညာ၊ ဝီရိယာ။ ခုနစ်ဖြာ မှတ်ဓါ၊ သဗ္ဗမှာ။ သတ္တ

စတ္တာရိရူပါဝစရဈာနာနိ၊ လေးပါးသောရူပါဝစရဈာန်

၁။ ပဌမဈာန် ကာမစ္ဆန္ဒ ဗျာပါဒ ထိန မိဒ္ဓ ဥဒ္ဓစ္စ ကုက္ကုစ္စ ဝိစိကိစ္ဆာ တည်းဟူသော နိဝရဏ တရား ၅ပါးတို့မှ လွန်မြောက်ပြီး ဝိတက် ဝိစာရပီတိ သုခ ဧကဂ္ဂတာ ဈာန်၏အင်္ဂါ ၅ပါးတို့နှင့်ယှဉ်သောဈာန်ကို ပဌမဈာန်ခေါ်သည်။

၂။ ဒုတိယဈာန် ဝိတက် ဝိစာရ အင်္ဂါ ၂ပါးမှ လွန်မြောက်ပြီး ပီတိ သုခ ဧကဂ္ဂတာ ဈာန်၏ အင်္ဂါ ၃-ပါး တို့နှင့် ယှဉ်သော ဈာန် ကို ဒုတိယ ဈာန် ခေါ်သည်။

၃။ တတိယစျာန် ပီတိ အင်္ဂါတပါးကို လွန်မြောက်ပြီး သုခ ဧကဂ္ဂတာ စျာန်၏အင်္ဂါ ၂ ပါးတို့နှင့်ယှဉ်သော စျာန်ကို တတိယစျာန်ခေါ်သည်။

၄။ စတုတ္ထစျာန်နှ သုခအင်္ဂါ တပါးကို လွန် မြောက် ပြီး ဥပေက္ခာ ဧကဂ္ဂတာစျာန်၏ အင်္ဂါနှစ်ပါးတို့နှင့် ယှဉ်သောစျာန်ကို စတုတ္ထစျာန်ခေါ်သည်။

မြတ်စွာဘုရားသည် ဤဆိုခဲ့ပြီးသော စရဏ ၁၅ ပါးတို့နှင့်ပြည့်စုံတော်မူ၏။ (မဇ္ဈိမ နိကာယ၊ မဇ္ဈိမ ပဏ္ဏာသ ၁–ဂဟပတိဝဂ္ဂ-၃-သေခသုတ္တ–၁၇-ရှု)။

ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်အဓိပ္ပာယ်အကျဉ်းပြီးပြီ။

## ၄။ သုဂတော ဂုဏ်တော် အဓိပ္ပာယ်

(က) အရိယမဂ္ဂေန သုသောဘဏံ ခေမံ ဒိသံ အသဇ္ဇမာနော ဂတောဝါတိ သုဂတော။

မြတ်စွာဘုရားသည် ဘေးရန်ကင်းစွာ ရပ်ဒိသာသို့ အရိယမဂ်ဖြင့် စွဲလမ်းမငြိ တိတိမတ်မတ် ကြွတော်မူတတ်သောကြောင့် သုဂတဂုဏ်တော်နှင့် ပြည့်စုံတော်မူပါပေ၏။

(ခ) အရိယမဂ္ဂေန သု သုန္ဒရံ အမတံ နိဗ္ဗာနံ ဌာနံ ဂတော ပဿတီတိ သုဂတော။

မြတ်စွာဘုရားသည် မသေရာမှန် မြိုက်နိဗ္ဗာန်သို့ အရိယမဂ်ဉာဏ်ယာဉ် ဖောင်ပျံဖြင့် ကြွမြန်းတော် မူတတ်သောကြောင့် သုဂတဂုဏ်တော်နှင့် ပြည့်စုံတော်မူပါပေ၏။

(ဂ) အရိယ မဂ္ဂေန ဥသော အနွေ အနုပဂစ္ဆန္တော သမ္မာဂ ၀ တာ ဂစ္ဆတီတိ သုဂတော။

မြတ်စွာဘုရားသည် ဒီပင်္ကရခြေတော်ရင်းမှ ဗောဓိမဏ္ဍိုင်တိုင်အောင် သမ္မာပဋိပတ်အကျင့်မြတ်ဖြင့် သုံးထပ်ဘုံသား ချမ်းသာများအောင် ပြုလုပ်ဆောင်ပြီး ကျိုးစီးပွားကို ပြုပြီးပြောင်း၍ အယုတ်တရားသို့ မကပ်ရောက်ဘဲ ကောင်းစွာ ကြွသွားတော်မူတတ်သောကြောင့်လည်း သုဂတဂုဏ်တော်နှင့် ပြည့်စုံတော်မူပါပေ၏။

(ဃ) ဘူတံ ကစ္ဆံ အတ္တသံဟိတံ ၀ါစံ သမ္မာ ဂဒေါ ဂဒတိ ဘာသတီတိ သုဂတော၊ ဘဂဝါ။ မဇ္ဈိမ မဏ္ဏာသ ပါဠိ - ၁ - ဂဟပတိဝဂ္ဂ - ၈ - အဘယရာဇကုမာရသုတ္တ ၅၇)။

မြတ်စွာဘုရားသည် စကားဆိုရန် ခွန်း ခြောက် တန် တွင် ဟုတ်မှန်ကျိုးကြောင်း နှစ်ခွန်းကောင်းကိုသာ မိန့်တော်မူတတ်သောကြောင့် သုဂတဂုဏ်တော်နှင့် ပြည့်စုံတော်မူပါပေ၏။

## စကား ၆ ခွန်း

၁။ အဘူတံ အတစ္ဆံ အနတ္တသံဟိတံ၊ မဟုတ်မမှန် အကျိုး မများ သူတပါး မချစ်မနှစ်သက်သောစကား(မပြော)။

၂။ ဘူတံ တစ္ဆံ အနတ္တသံဟိတံ၊ ဟုတ်မှန် အကျိုးမများ သူတပါး မချစ်မနှစ်သက်သောစကား(မပြော)။

၃။ ဘူတံ တစ္ဆံ အတ္ထသံဟိတံ၊ ဟုတ်မှန် အကျိုးများ သူတပါး မနှစ်သက်သော စကား ( အချိန်အခါ ကြည့်ပြော။)

၄။ အဘူတံ အတစ္ဆံ အနတ္ထသံဟိတံ မဟုတ် မမှန် အကျိုးမများ သူတပါး နှစ်သက်သော စကား (မပြော)။

၅။ ဘူတံ တစ္ဆံ အနတ္ထသံဟိတံ ဟုတ်မှန်အကျိုးမများ သူတပါး ချစ်နှစ်သက်သော စကား (မပြော)။

၆။ ဘူတံ တစ္ဆံ အတ္ထသံဟိတံ ဟုတ်မှန် အကျိုးများ သူတပါး ချစ်နှစ်သက်သောစကား ( အချိန်အခါ ကြည့်ပြော)။

## မှတ်ချက်

ပဌမစကားတွင် တတိယဝိသေသျစကား ပုဒ်ကို ထောက်၍ သစ္စာ ဓမ္မ ပိယ သုဘာသိတ အင်္ဂါလေးပါးတို့တွင် ဝိယအင်္ဂါမှ တပါး ကြံသုံးပါးသာလိုရင်းဖြစ်နေတော့သည်၊ ပိယအင်္ဂါကား လိုရင်းမဟုတ်။

မာဂဏ္ဍီသတိုးသမီး ဒေဝဒတ်တို့အား ပြောဆိုသော စကား များသည် နှစ်သက်စရာ ချစ်ခင်စရာမဟုတ်သော်လည်း ဟုတ်မှန် သော တရားနှင့် စပ်ယှဉ် ပြည့်ဝနေသောကြောင့် မငဲ့မညှာ အားမနာဘဲ မိန့်ကြားတော်မူသည်။

## ၅။ လောကဝိဒူဂုဏ်တော်အဓိပ္ပါယ်

သဗ္ဗညုတဉာဏေနသဗ္ဗထာ လောကံ အဝေဒိ အညာသိ ပဋိဝိဇ္ဈိတိ လောကဝိဒူ ဘဂဝါ။

လောကသဒ္ဒုပ ပဒ၊ ဝိဒူဓာတု၊ ဉာဏမင်္လျေ၊ရူပစ္စယော၊ ကတ္တုသာဓနံ၊ ကိတန္တဒုတိယတပ္ပုရိသ သမာသော။

လောကဝိဒူ၌ ပဌမနည်း သစ္စာလောက ၄-ပါး တို့ကို သိတော်မူသည်။

### ၄-ပါကား

၁။ ဒုက္ခသစ္စာလောက။
၂။ သမုဒယသစ္စာလောက။
၃။ နိရောဓသစ္စာလောက။
၄။ မဂ္ဂသစ္စာလောက ဤသစ္စလောက ၄ ပါး တို့ကို သိတော်မူသည်။

### ဒု-သ-နိ-မ-လေးသစ္စ ပဌမလောကဝိဒူ အဓိပ္ပါယ်ကား

၁။ ဒုက္ခသစ္စာကား လောကီစိတ် ၈၁၊ လောဘကြဉ်သော စေတသိက် ၅၁။ ရုပ် ၂၈ တို့နှင့် ပညတ်တရားတို့ပင်တည်း။
၂။ သမုဒယသစ္စာကား လောဘစေတသိက် (တဏှာ) ပင်တည်း။
၃။ နိရောဓသစ္စာကား နာမ်ရုပ်ချုပ်ရာ ဘဝကင်းရာ နိဗ္ဗာန်ပင်တည်း။
၄။ မဂ္ဂသစ္စာကား လောကုတ္တရာစိတ် ၈ပါးနှင့်ယှဉ်သော

သမ္မာဒိဋ္ဌိ (ပညာ)၊ သမ္မာသင်္ကပ္ပ(ဝိတက်)၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ (လောကီလောကုတ္တရာ ဝိရတီ ၃ ပါး)၊ သမ္မာဝါယာမ (ဝီရိယ ၄ ပါး)၊ သမ္မာသတိ(သတိပဋ္ဌာန် ၄ပါး) သမ္မာသမာဓိ (ဧကဂ္ဂတာ)အားဖြင့် ပွား းများ ရာ တရား ၈ပါးတို့ပင်တည်း။ဤ၄ပါးသောသစ္စာလောကကို သိတော်မူ၏။

### ဒုတိယနည်း လောက ၃ပါး

၁။ သင်္ခါရလောက။

၂။ သတ္တလောက။

၃။ ဩကာသလောကအားဖြင့် သုံးပါးသော လောကကို ဉာဏ်ဖြင့် သိတော်မူ၏။

(ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ ၁ ဆ အနုဿတိနိဒ္ဒေသ ဗုဒ္ဓါနုဿတိကထာ လောကဝိဒူဝဏ္ဏနာ ၁၉၈။ ဝိသုဒ္ဓိမဂ္ဂ မဟာဋီကာ ၁တွဲ ၂၃၇။ အင်္ဂုတ္တရ နိကာယ သတ္တက နိပါတ ပါဠိ ၇-မဟာဝဂ္ဂ၊ ၂။ သတ္တသုရိယသုတ္တ ၄၇၄။ ၎င်းအဋ္ဌကထာ ၁၇၉။ အင်္ဂုတ္တရနိကာယ အဋ္ဌကနိပါတ ပါဠိ ၁ ပဌမပဏ္ဏာသက။ ၂မဟာဝဂ္ဂ ၉။ ပဟာရာဒသုတ္တ၃၈။ ၎င်းအဋ္ဌကထာ ၂၁၇။သာရတ္ထဒီပနီဋီကာ ၁ တွဲ ဝေရဉ္ဇကဏ္ဍဝဏ္ဏနာ ၂၄၁)။

### ၁။ သင်္ခါရလောက

### အဓိပ္ပါယ်အကျယ်

### ပဌမနည်း

ကံ စိတ် ဥတု အာဟာရဟူသော အကြောင်း တရား

၄ ပါးတို့သည် ပြုပြင်စီရင်အပ်သည်ဖြစ်၍ ဖြစ်တတ် ပျက်တတ်သော ဣန္ဒြိယဗဒ္ဓ အနိန္ဒြိယဗဒ္ဓဖြစ်သော စတုဇရုပ် ၂၈ စိတ် ၈၉၊ စေတသိက် ၅၂ သည် အကျဉ်းအားဖြင့် သင်္ခါရလောကမည်၏။ ဤသည်ကား ပဌမနည်းတည်း။

## ဒုတိယနည်း

(၁) တ ပါးဟူသည်ကား သဗ္ဗေ သတ္တာ အာဟာရဋ္ဌိတိကား (၂) နှစ်ပါးဟူသည်ကား နာမဥ္စ ရူပဥ္စ (၃)သုံးပါးဟူသည်ကား တိသော ဝေဒနာ (၄) လေးပါးဟူသည်ကား စတ္တာရော အာဟာရာ (၅) ငါးပါးဟူသည်ကား ပဉ္စုပါဒါနက္ခန္ဓာ (၆) ခြောက်ပါးဟူသည်ကား ဆအဇ္ဈတ္တိကာယတနာနိ (၇) ခုနစ်ပါး ဟူသည်ကားသတ္တဝိညာဏဋ္ဌိတိကာ (၈) ရှစ်ပါးဟူသည်ကား အဌ လောကဓမ္မာ (၉) ကိုးပါး ဟူသည်ကား နဝ သတ္တဝါသာ (၁၀) တ ဆယ့်နှစ်ပါးဟူသည်ကား ဒွါဒသာယတနာနိ (၁၁) တဆယ့်ရှစ်ပါး ဟူသည်ကား အဋ္ဌာရဓာတုယော။

## ဒုတိယနည်း အဓိပ္ပါယ်ကား

### (၁)သဗ္ဗေ သတ္တာ အဟာရဋ္ဌိတိကာ

၁။ အလုံးစုံသောသတ္တဝါဟူသမျှတို့သည်အာဟာရတည်းဟူသောအကြောင်းတရား၌တည်ကုန်၏။ အာဟာရတည်းဟူသော၊ အကြောင်းတရားနှင့်စပ်၍ဖြစ်ကုန်၏။

## (၂) နာမဥ္စ ရူပဥ္စ

ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ဟုဆိုအပ်သော နာမ်ခန္ဓာ ၄ပါးတို့သည် နာမ်မည်၏။ အနက်အားဖြင့် ဖဿဝေဒနာစသော စေတသိက် ၅၂ပါး၊ စိတ် ၈၉ ပါးတို့သည် နာမ်မည်၏။

ဘူတရုပ် ၄ပါး ဥပါဒါရုပ် ၂၄ ပါးတို့သည် ရုပ်မည်၏။ (တနည်း) ပသာဒရုပ် ၅ပါးဟုဆိုအပ်သော အဇ္ဈတ္တိကရုပ်၊ ဂေါစရရုပ် ၇ပါး၊ ဘာဝရုပ် ၂ပါး၊ ဟဒယရုပ် ၁ ပါး၊ ဇီဝိတရုပ် ၁ ပါး၊ အာဟာရရုပ် ၁ ပါး၊ အာကာသဓာတ် ၁ ပါး၊ ဝိညတ္တိရုပ် ၂ပါး၊ ဝိကာရရုပ် ၃ ပါး၊ လက္ခဏရုပ်။ ၄ပါး၊ အာပေါဓာတ် ၁ပါး၊ ပေါင်း ၂၃ပါးသော ဗာဟိရရုပ်သည် ရုပ်မည်၏။

### ၃ တိဿော ဝေဒနာ

၁။ ဒုက္ခသဟဂတ ကာယဝိညာဏ် ၁ ပါး၊ ဒေါသမူ ၂ ပါးတို့၌ ယှဉ်သော စေတသိက် တို့သည် ဒုက္ခဝေဒနာစေတသိက်၃ ပါးမည်၏။

၂။ သုခသဟဂတစိတ် ၆၃ ပါး၌ယှဉ်သော စေတသိက်တို့သည် သုခဝေဒနာစေတသိက် ၆၃ပါးမည်၏။

၃။ ဥပေက္ခာသဟဂတစိတ် ၅၅ ပါးတို့၌ ယှဉ်သော စေတသိက်တို့သည် ဥပေက္ခာဝေဒနာ စေတသိက် ၅၅ ပါးမည်၏။

ဏုတ္တံ စိတ္တာဝိယုတ္တာနံ၊ သမ္ပယောဂဥ္စ သင်္ဂဟံ။
ဥတွာ ဘေဒံ ယထာယောဂံ၊ စိတ္တေနု
သမုဒ္ဒိသေ....ဟူသော ဂါထာအရ စိတ်တို့နှင့်
ယှဉ်သော စိတ်အရေအတွက်အရ စေတနာ စေတသိက် တို့၏
အရေအတွက်ကို ရေတွက်ပြလိုက်သည်။

၄။ စတ္တာရော အာဟာရာဟူသည်ကား

၁။ ကဗဠီကာရာဟာရ။ ၂။ ဖဿာဟာရ။ ၃၊ မနော
သဉ္စေတနာဟာရ။ ၄ ဝိညာဏာဟာရအားဖြင့် ၄ပါးတို့တည်း။

အစိပ္ပာယ်

၁။ ဩဇာလျှင် ၈ ခု မြောက်သော ရုပ်ကို ခဇ္ဇ
ဘောဇ္ဇစသော စားမျိုအပ်သော ဘာဟာရ
အားဖြင့် ဆောင်တတ်သော ဝတ္ထုရုပ် သည်
ကဗဠီကာရာဟာရမည်၏။

၂။ ဝေဒနာ ၃ ပါးတို့ကို ဆောင်တတ်သော ဖဿ
စေတသိက်သည် ဖဿာဟာရမည်၏။

၃။ ကာမ ရူပ အာရူပဟု ဆိုအပ်သော ဘ၀ သုံး
ပါးတို့၌ ပဋိသန္ဓေဝိညာဏ် ပဝတ္တိဝိညာဏ်တို့ကို
ဆောင် တတ် သော ကုသိုလ် အကုသိုလ်
အကြောင်း စေတနာသည် မနောသဉ္စေတနာ
ဟာရမည်၏။

၄။ ပဋိသန္ဓေ နေသောခဏ၌ နာမ်ရုပ် တရား တို့ကို
ဆောင်တတ်သောစိတ် ၈၉ ပါးသည် ဝိညာ
ဏာဟာရမည်၏။

၅။ ပဥ္စုပါဒါနက္ခန္ဓာတို့၏တရားကိုယ်အရကား

၁။ ဥပါဒါန် ၄ပါးတို့၏ အာရုံဖြစ်၍ ဖြစ်ကုန်သော ရုပ် ၂၈ ပါး တို့သည် ရူပက္ခန္ဓာ။

၂။ ဝေဒနာစေတသိက်သည် ဝေဒနာက္ခန္ဓာ။

၃။ သညာ စေတသိက်သည် သညာက္ခန္ဓာ။

၄။ ကြွင်းကျန်သော ၅၀ သော စေတသိက်တို့သည် သင်္ခါရက္ခန္ဓာ။

၅။ လောကီစိတ် ၈၁ ပါးတို့သည် ဝိညာဏက္ခန္ဓာ။

၆။ ဆအဇ္ဈတ္တိကာနိအာယတနာနိတို့၏တရားကိုယ်အရကား

၁ စက္ခုပသာဒသည် စက္ခာယတန။ ၂ သောတပသာဒ သည် သောတာယတန။ ၃ ဃာနပသာဒ သည် ဃာနာယတန။ ၄ ဇိဝှာပသာဒသည် ဇိဝှာယတန။ ၅ ကာယပသာဒသည် ကာယာယတန။ ၆ စိတ်အကျဉ်း ၈၉ အကျယ် ၁၂၁ ပါးသည် မနာယတန။

သတ္တဝိညာဏဋ္ဌိတိက-တို့၏တရားကိုယ်အရကား

ဒီဃနိကာယ-ပါထိကဝဂ္ဂပါဠိ ၁၁-ဒသုတ္တရသုတ္တသတ္တဓမ္မာ ၂၄၁

၁။ နာနတ္တကာယနာနတ္တသညီကာမသုဂတိ (၇)ဘုံသား

က။ (၁) လူ့ပြည် (၂) နတ်ပြည်ခြောက်ထပ်ဘုမ္မစိုးနတ်ထို ဘုမ္မစိုးနတ်တို့ကိုမှီ၍ ဖြစ်သော ဝိနိပါတိကဟု ဆိုအပ်သော မြေဘုတ်ဘီလူး ဝေမာနိကပေတာ ဤကာမသုဂတိ ၇ ဘုံသားတို့၏ ပဋိသန္ဓေစိတ် အားဖြင့် ၁ သုဂတိ အဟိတ်၊ ၂ဒွိဟိတ်၊ ၃တိဟိတ်

ဟုပင်္ဂိသန္ဒေ စိတ်တို့ဟည် အထူးထူးအပြားပြား ဖြစ်ကုန်၏။

၁—ခ။ အသွင်သဏ္ဌာန် အကြီး အငယ် အနိမ့် အမြင့် အဖြူ အမည်း အသံ အမူအရာစသော အား ဖြင့်မိတူ ဘတူ ဖြစ်သော ညီအစ်ကိုပင်ဖြစ်သော် လည်းအလုံးစုံမတူနိုင်သည် ဖြစ်၍ ကိုယ်သဏ္ဌာန် လည်း ထူးထူးပြားပြားဖြစ်၏။ ဤသို့ပင္ဂိ နေ့နှင့် ကိုယ်သဏ္ဌာန် နှစ်မျိုး မတူ ထူးသောကြောင့် နာနတ္တကာယ နာနတ္တသညီဝိညာဏ ဋ္ဌိတိမည်၏။

၂။ ဧကတ္တကာယနာနသညီ ပဌမဈာယိက ဗြဟ္မာန အပါယ်ဘုံသား။

၂—က။ ပဌမ ဈာန်သုံးဘုံ၌ ဖြစ်သောင် ၁ ဗြဟ္မာပါရိ သဇ္ဇာ။ ၂ ဗြဟ္မပုရောဟိတ။ ၃ မဟာဗြဟ္မာ ယော။ ထိုသုံးယောက်တို့တွင် မဟာဗြဟ္မာ က ဗြဟ္မပါရိသဇ္ဇာ ဗြဟ္မပုရော ဟိတာတို့ ထက် အရောင် အဆင်း စသည်သာ လွန်၏။ အပါယ်လေးဘုံတို့တွင်လည်း အချို့သော ငရဲ သူတို့၏ ကိုယ်ကား တဂါဝုတ်ရှိ၏၊ အချို့ တယူဇနာရှိ၏၊ ဒေဝဒတ်၏ ကိုယ်ကား ယူဇနာ တရာရှိ၏၊ တိရစ္ဆာန်တို့တွင် ရေ၌ တိမိရတိမိင်္ဂလ စသော ငါးတို့ကား ကြီး၏။ အချို့ ငါး စသည်တို့ကားငယ်၏။ ကုန်းမြေ၌ အချို့ခြေ နှစ်ချောင်း အချို့ ခြေလေးချောင်း အချို့

ခြေများစွာ အချို့ခြေမရှိ၊ ပြိတ္တာတို့၌လည်း အချို့ပြိတ္တာ အတောင်ခြောက်ဆယ်၊ အတောင်ရှစ်ဆယ်ယူဇနာတက်ဝက် အချို့ ယူဇနာတရာမျက်စဉ်း တောင်၌ နေ၏။ အချို့လှ၏၊ အချို့မလှ အသုရကာယ် တို့၌လည်း အချို့အဆင်းလှ၊ အချို့မလှ၊ ဤသို့စသောအားဖြင့် ကိုယ်သဏ္ဌာန်အထူးထူး အပြားပြားရှိကုန်၏။

(ခ) ပဋိသန္ဓေ အားဖြင့်ကား ပဉ္စမစျာန် သုံးဘုံဖြဟ္မာတို့သည် ပဉ္စမစျာန်ပိပါက် စိတ်တခုသာ အပါယ်လေးဘုံ သတ္တဝါ တို့သည် ဒုဂ္ဂတိတိ အဟိတ် ပဋိသန္ဓေစိတ်တခုသာလျှင် ရှိကုန်၏။ ဤသို့ပြားထူးသော ကိုယ်သဏ္ဌာန် ရှိသည်ဖြစ်၍ တခုတည်းသော ပဋိသန္ဓေ ရှိခြင်း ကြောင့် နာနတ္တကာယ ဧကတ္တသညီမည်၏။

၃။ ဧကတ္တကာယ နာနတ္တသညီ ဒုတိယ စျာယ်ိက ၁ဗရိတ္တာဘာ။ ၂ဘပ္ပမာဏာဘာ။ ၃ ဘာဘဿရတို့ကားကိုယ်သဏ္ဌာန် တူသော်လည်း ဒုတိယ၊ တတိယ ပဋိသန္ဓေစိတ်မည်၏။

က။ ဒုတိယစျာန်သုံးဘုံ ဗြဟ္မာတို့ကား ပရိတ္တာဘာထက်၊ အပ္ပမာဏာဘာ အပ္ပမာဏာဘာထက် အာဘဿရဗြဟ္မာ အရောင်အဝါ တဆင့်ဆက်တဆင့် ထွန်းလင်းသော်လည်း ကိုယ်ပမာ

ဏအားဖြင့် အကြီးအငယ် အနိမ့်အမြင့် သဏ္ဌာန် တူကြ၏။ (၁) ပဋိသန္ဓေအားဖြင့်ကားဒုတိယ ဈာန်ဝိပါတ်စိတ်။(၁)ခုတတိယဈာန်ဝိပါတ်စိတ် (၁)ပါးဟူ၍အထူးထူးသော ပဋိသန္ဓေ ရှိကုန်၏၊ ဤသို့တူမျှသော ကိုယ်သဏ္ဌာန်ရှိ၍ အထူးထူး သောပဋိသန္ဓေရှိခြင်းကြောင့် ကေတ္တကာယနာ နတ္တသညီ ဝိယညာဏဋ္ဌိတိမည်၏။

၄။ ကေတ္တာကာယ ကေတ္တသညီ တတိယဈာယိက စတုတ္ထ ဈာယိကကို သဏ္ဌာန်တည်ဘို့ပဋိသန္ဓေ တည်လျှင်

က။ ပရိတ္တသုဘာ အပ္ပမာဏသုဘာ သုဘတိဏှာဟု ဆိုအပ်သော တတိယဈာန်သုံးဘုံ ဗြဟ္မာတို့ သည် ကိုယ်သဏ္ဌာန် အားဖြင့်လည်း တူကြ၏။ (၁) ပဋိသန္ဓေ အားဖြင့်လည်း စတုတ္ထဈာန် ဝိပါတ်စိတ်တခုသာ၊ (ဂ) ဝေဟပ္ဖိုလ် သုဒ္ဓါ ဝါသငါးဘုံ ဤစတုဈာန်ခြောက်ဘုံ ဗြဟ္မာ တို့သည်လည်း ကိုယ်သဏ္ဌာန်အားဖြင့် တူကုန် ၏၊ ပဋိသန္ဓေအားဖြင့်လည်း ပဥ္စမဈာန် ဝိပါက် စိတ်တခုသာ ဤသို့ တတိယဈာန့်သုံးဘုံ စတုတ္ထ ဈာန့် ခြောက်ဘုံ အားဖြင့် ကိုးဘုံ၌ ဗြဟ္မာ တို့သည် ကိုယ်သဏ္ဌာန်လည်းတူသည်၊ ပဋိသန္ဓေ အားဖြင့်လည်း တူသည် ဖြစ်သော ကြောင့် ကေတ္တကာယ ကေတ္တသညီ မည်၏။

မှတ်ချက်။ ။အသညသတ်ပြဟ္မာ့ဘုံ ဝိညာဏ်၏ တည်ရာမဟုတ် ရုပ်သက်သက် ဖြစ်သောကြောင့် ဤဝိညာဏဋ္ဌိတိ အရာ၌ မသွင်းပေ။

၅။ အလိုရှိသော ရုပ်ခန္ဓာ၌ဖြစ်သော သညာတို့ကို လွန်မြောက်၍ ကောင်းကင်သည်။ အဆုံးမရှိ ပွား၍ရအပ်သော ပေအာကာသ နဉ္စာ ယတန ပဋိ သန္ဓိ အာယုသခ်ါရ စသော အားဖြင့် အသီးဖြစ်သော ကြောင့်ဝိညာဏဋ္ဌိတိမည်၏။

**အာကာသာနဉ္စာယတန**

၆။ အလုံးစုံသော အာကာသာ နဉ္စာ ယတနကို လွန်မြောက်၍ ဝိညာဏ်သည် အဆုံးမရှိ ဤသို့ပွား မှု ဝိညာဏာဉ္စာယတနဝိညာဏဋ္ဌိထိ မည်၏။

၇။ အလုံးစုံသော ဝိညာဏဉ္စာယတနစျာန်ကို လွန် မြောက်၍ တစုံတခုသော ပညတ် မရှိဟုပွား များ ၍ ကပ်ရောက်ခြင်းပဋိသန္ဓိသည် အာကိ ဥ္စညာ ယတန ဝိညာဏဋ္ဌိတိမည်၏။

မှတ်ချက်။ ။နေဝ သညာနာ သညာယတန ပြဟ္မာတို့၏ ပဋိ သန္ဓိဝိညာဏ်ကား ရှုန့်ရင်းသော ဝိညာဏ်မရှိ ခြင်းကြောင့် ဝိညာဏဋ္ဌိတိ၌မသွင်း။

ဤသို့ နာနတ္တကာယ နာနတ္တသညီ စသော သတ္တဝိညာဏ ဋ္ဌိတိအားဖြင့် လောကသည် ခုနစ်ပါး ရှိ၏။

ဂ။ **အဋ္ဌလောကဓမ္မာတို့၏ အဓိပ္ပါယ်ကား**

၁။ လာဘော လာဘ်ရခြင်း။

၂။ အလဘော လာဘ်မရခြင်း။
၃။ ယသော အခြံအရံ အကျော်အစောနှင့် ပြည့်စုံခြင်း။
၄။ အယသော အခြံအရံအကျော်အစော မရှိခြင်း။
၅။ နိန္ဒံ သူတပါးတို့၏ အစွပ်အစွဲကိုခံရခြင်း။
၆။ ပသံသံ သူတပါးတို့၏ အချီးအမွမ်းကို ခံရခြင်း။
၇။ သုခံ ချမ်းသာခြင်း။
၈။ ဒုက္ခံ ဆင်းရဲခြင်း။

ဤသို့ ဓမ္မအားဖြင့်လည်း လော က ဓမ္မသည် ရှစ်ပါး ဖြစ်၏။

၉။ နဝ သတ္တာဝါသာ ဟူသည်ကား

သတ္တဝါတို့၏နေရာ သတ္တဝါသအားဖြင့်လည်း ဆိုအပ်ပြီးသော သတ္တဝိညာဏဋ္ဌိတိ ၇ ပါးတွင် အသညသတ် နေဝသညာနာသညာ ယတနာဤနှစ်ဘုံကို အသီးသီးသွင်း၍ ၉ပါး ဖြစ်သတည်း။

၁၀။ ဒွာဒသာယတနာနိတို့၏ အဓိပ္ပာယ်ကား

၁။ ပက္ခုပသာဒသည် စက္ခာယတန။
၂။ သောတပသာဒသည် သောတာယတန။
၃။ ဃာနပသာဒသည် ဃာနာယတန။
၄။ ဇိဝှာပသာဒသည် ဇိဝှာယတန
၅။ ကာယပသာဒသည် ကာယာသန။
၆။ ရူပါရုံသည် ရူပါယတန။
၇။ သဒ္ဒါရုံသည် သဒ္ဒါယတန။
၈။ ဂန္ဓာရုံသည် ဂန္ဓာယတန။

၉။ ရသာရုံသည် ရသာယတန
၁၀။ ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗာယတန။
၁၁။ စိတ် ၈၉ သည် မနာယတန။
၁၂။ စေတသိက် ၅၂၊ သုခုမရုပ် ၁၆၊ နိဗ္ဗာန်သည် ဓမ္မာယတန။

၁၁။ **အဋ္ဌာရသ ဓာတုယောတို့၏ အဓိပ္ပာယ်ကား**

၁။ စက္ခုပသာဒသည် စက္ခုဓာတ်။
၂။ သောတပသာဒသည် သောတဓာတ်။
၃။ ဃာနပသာဒသည် ဃာနဓာတ်။
၄။ ဇိဝှာပသာဒသည် ဇိဝှာဓာတ်။
၅။ ကာယပသာဒသည် ကာယဓာတ်။
၆။ ရူပါရုံသည် ရူပဓာတ်။
၇။ သဒ္ဒါရုံသည် သဒ္ဒဓာတ်
၈။ ဂန္ဓာရုံသည် ဂန္ဓာဓာတ်။
၉။ ရသာရုံသည် ရသဓာတ်။
၁၀။ ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗဓာတ်။
၁၁။ စက္ခုဝိညာဏ်ခွေးသည် စက္ခုဝိညာဏဓာတ်။
၁၂။ သောတဝိညာဏ်ခွေးသည် သောတဝိညာဏဓာတ်။
၁၃။ ဃာနဝိညာဏ်ခွေးသည် ဃာနဝိညာဏဓာတ်။
၁၄။ ဇိဝှာဝိညာဏ်ခွေးသည် ဇိဝှာဝိညာဏဓာတ်။
၁၅။ ကာယဝိညာဏ်ခွေးသည် ကာကဝိညာဏဓာတ်
၁၆။ ပဉ္စဒွါရဝဇ္ဇာန်း သမ္ပဋိစ္ဆိုင်းနှ-၂- ဤ၃-ပါးတို့သည် မနောဓာတ်။

၁၇။ ကြွင်းသောဝိပါက်စိတ် ၂၄ ကြိယာစိတ် ၁၉ သည် မနောဝိညာဏဓာတ်။

၁၈။ စေတသိက် ၅၂ သုခုမရုပ် ၁၆ နိဗ္ဗာန်သည် ဓမ္မဓာတ်။

## သတ္တလောက

## သတ္တဝါနှင့်အနုသယ

မြတ်စွာဘုရားသည် သတ္တဝါတို့ သန္တာန်၌ တည်နေသော ကုသလဓမ္မ-အကုသလဓမ္မများကိုသိတော်မူ၏။

သတ္တ လောက၌ ဤသတ္တဝါသည် ဤကိုအလိုရှိ၏ဟု ခပ်သိမ်းသော သတ္တဝါတို့၏အလိုကို သိတော်မူ၏၊ ဤသတ္တဝါ၏ သန္တာန်၌ ခုနှစ်ပါးသော အနုသယကိန်း၏။ ဤသတ္တဝါ၏ သန္တာန်၌ ငါးပါးသောအနုသယကိန်း၏။ ဤသတ္တဝါ၏သန္တာန်၌ သုံးပါးသော အနုသယကိန်း၏၊ ဤသို့ခပ်သိမ်းသော သတ္တဝါတို့၏သန္တာန်သို့ အစဉ်လိုက်၍ ဖြစ်တတ်သော ၁။ ကာမရာဂါနုသယ၊ ၂။ ဘဝရာဂါနုသယ၊ ၃။ ပဋိဃာနုသယ၊ ၄။ မာနာနုသယ၊ ၅။ ဒိဋ္ဌာနုသယ၊ ၆။ ဝိစိကိစ္ဆာနုသယ၊ ၇။ အဝိဇ္ဇာနုသယဟုဆိုအပ်သော အနုသယ ၇ ပါးတို့၏ကိန်းခြင်းကို သိတော်မူ၏။

## သတ္တဝါနှင့်စရိုက်

ဤသတ္တဝါကား အာရုံတွေ့မြင်လျှင်အလိုကြီးခြင်း တတ်မောခြင်းဤသို့လောဘစရိုက်ရှိ၏။ ဤသတ္တဝါကားအချက်ထွက်ခြင်း

ရန်ငြိုးဖွဲ့ခြင်းကျေးဇူးချေခြင်း သူတပါးဂုဏ်ကျေးဇူးကိုရှုတ်ချ၍ အပြိုင်အဖျင်းပြုခြင်း စသော ဒေါသစရိတ်ရှိ၏။ ဤသတ္တဝါကား တွေဝေခြင်း၊ မိန်းမောခြင်း၊ မေ့လျော့ခြင်း၊ မသိခြင်း၊ မောဟစရိတ်ရှိ၏။ ဤသတ္တဝါကား ကောင်းသောအာရုံ မကောင်းသောအာရုံတို့၌ ကြံခြင်း၊ သုံးသပ်ခြင်း၊ ဝိတက်စရိတ် ရှိ၏။ ဤသတ္တဝါကား ထိုထိုသို့သောအာရုံတို့၌ ယုံကြည်ခြင်း၊ သဒ္ဓါစရိတ်ရှိ၏။ ဤသတ္တဝါကား ထိုထိုသို့သောအာရုံတို့၌ သဘောလက္ခဏာစသည်တို့ကို စူးစမ်းဆင်ခြင်ခြင်း ဗုဒ္ဓိစရိတ်ရှိ၏။ ဤသို့စသည်ဖြင့် ခပ်သိမ်းသောသတ္တဝါတို့၏ အလေ့အကျင့် စရိတ်တို့ကို သိတော်မူပါပေ၏။

## သတ္တဝါနှင့်နှလုံးသွင်း

ဤသတ္တဝါကား ဟီနာဓိမုတ္တိ ယုတ်သောနှလုံးသွင်း အဇ္ဈာသယဓာတ်ရှိ၏။ ဤသတ္တဝါကား ပဏီတာဓိမုတ္တိ မြတ်သောနှလုံးသွင်း အဇ္ဈာသယဓာတ်ရှိ၏။ ဤသို့စသည်ဖြင့် ခပ်သိမ်းသော သတ္တဝါတို့၏ နှလုံးသွင်းကို သိတော်မူပါပေ၏။

## သတ္တဝါနှင့်ကိလေသာ

ပညာမျက်စိ၌ ကိလေသာတည်းဟူသော မြူနည်းသော သတ္တဝါ ပညာမျက်စိ၌ ကိလေသာတည်းဟူသော မြူများသော သတ္တဝါတို့ကိုလည်း သိတော်မူပါပေ၏။

## သတ္တဝါနှင့်ဣန္ဒြေ

ဤသတ္တဝါကား ဖူးစင့်ုစဖြစ်၍ ရေပေါ်သို့ မတက်သေးသော ကြာငုံကဲ့သို့ သဒ္ဓါ ဝိရိယ ပညာ သတိ သမာဓိ တည်းဟူသော ဣန္ဒြေတို့သည် နုကုန်သေး၏။ ဤသတ္တဝါကား ရေနှင့် ထပ်တူမျှသာရှိသော ကြာငုံကဲ့သို့ သဒ္ဓါ အစရှိသော ဣန္ဒြေတို့သည် ရင့်ခြင်းသို့မရောက်သေး၊ ဤသတ္တဝါကား နေအရှဏ်ကိုသာ ငံ့လင့်လျက် ရင့်ပြီးသည်ဖြစ်၍ ရေပေါ်သို့ တက်သော ကြာငုံကဲ့သို့ ဘုရားတို့၏ ဒေသနာဉာဏ်တည်းဟူသော နေအရှဏ်ကိုငံ့လင့်လျက် ရင့်ပြီးသောဣန္ဒြေရှိ၏။ ဤသို့ ၁။ ဥဂ္ဃဋိတညူ၊ ၂။ ဝိပဉ္စိတညူ၊ ၃။ နေယျဟု ဆိုအပ်သော ဣန္ဒြေ အနုအရင့်ရှိသော သတ္တဝါတို့ကို သိတော်မူပါပေ၏။

## သတ္တဝါနှင့်အခြင်းအရာ

ဤသတ္တဝါကား ကာယသုစရိတ် စသည်တို့ဖြင့် ကောင်းသောအခြင်းအရာရှိ၏။ ဤသတ္တဝါကား ကာယဒုစရိတ်စသည်တို့ဖြင့် မကောင်းသောအခြင်းအရာရှိ၏။ ဤသို့ ကောင်းသော အခြင်းအရာ မကောင်းသော အခြင်းအရာရှိကုန်သော သတ္တဝါတို့ကို သိတော်မူပါပေ၏။

## သိလွယ် မသိလွယ်သော သတ္တဝါ

ဟုတ်မှန်သောသဘောနည်းဖြင့် ဤသူကား- သုပညာပယသန္ဓ ကျယ် သိလွယ် မြင်လွယ်သော သန္ဓပညာ ဝန္တ သတ္တဝါ၊

ဤသူကား ထိုမှ ဖောက်ပြန်သောဒုဝိညာပယဖြစ်သော အသဒ္ဓ ဒုပ္ပည သတ္တဝါ ဤသို့ သိတော်မူပါပေ၏။

## ကျွတ်ထိုက် မကျွတ်ထိုက်သော သတ္တဝါ

## မချွတ်ထိုက်သောသတ္တဝါများကား

ချွတ်ခြင်းငှာလွယ်သောသတ္တဝါချွတ်ခြင်းငှာခက်သော သတ္တဝါ၂မျိုးရှိ၏၊ ဤသတ္တဝါကား ဈာန် မဂ် ဖိုလ်ကို ဆီးတားတတ်သော ဒုဂ္ဂတိအဟိတ် သုဂတိအဟိတ် ဒွိဟိတ် ပဋိသန္ဓေဟုဆိုအပ်သော ဝိပါကန္တရာယ်ရှိခြင်းကြောင့် မကျွတ်ထိုက်။

ဤသတ္တဝါကား ဈာန် မဂ် ဖိုလ်တို့ကို တားဆီး တတ်သော မာတုဃာတက ပိတုဃာတက အရဟန္တဃာတက လောဟိတုပ္ပါဒက သံဃဘေဒကအားဖြင့် ငါးပါးသော အာနန္တရိယကံ ဟုဆိုအပ်သော ကမ္မန္တရာယ်ရှိခြင်းကြောင့် မကျွတ်ထိုက်။

ဤသတ္တဝါကား ဈာန် မဂ် ဖိုလ်ကို ထားဆီး တတ်သော အကိရိယနတ္ထိက အဟေတုက မိစ္ဆာဒိဋ္ဌိ အယူဟု ဆိုအပ်သော ကိလေသန္တရာယ်ရှိခြင်းကြောင့် မကျွတ်ထိုက်။

ဤသတ္တဝါကား သောတာပန်အစရှိသော အရိယာတို့အား ကံသုံးပါးတို့တွင်တပါးပါးဖြင့် စွပ်စွဲပြစ်မှားခြင်း တည်းဟူသော အရိယူပ ဝါဒန္တရာယ်ဟု ဆိုအပ်သော အရိယာတို့ကို ပြစ်မှားသော ကံငြိမ်းအောင် မကန်တော့ခြင်းခြင်းကြောင့် မကျွတ်ထိုက်။

ဤသတ္တဝါကား မြတ်စွာဘုရား အာဏာတော်ကိုလွန်ကျူး

ခြင်းတည်းဟူသော အာဏာဝီတိက္ကမန္တရာယ် မငြိမ်းခြင်းကြောင့် မကျွတ်ထိုက်။

ဤသတ္တဝါကား ထိုအန္တရာယ်ငါးပါးမရှိသော်လည်း မဂ်ဖိုလ်၏အဆောက်အဦမရှိခြင်းကြောင့်မကျွတ်ထိုက်၊ ဤသတ္တဝါကား ဖြစ်လတ္တံ့သော သဗ္ဗညုတဉာဏ်စသည်တို့၌ တောင့်တခြားသော်လည်းပဒပရမဖြစ်ခြင်းကြောင့် မကျွတ်ထိုက်။

## ကျွတ်ထိုက်သောသတ္တဝါများကား

ဤသတ္တဝါကား ဝိပါကန္တရာယ် အစရှိသည်ကို ကင်းသည်ဖြစ်၍ မဂ် ဖိုလ်အဆောက်အဦ ပြည့်စုံခြင်းကြောင့် ဤဘဝကျွတ်ထိုက်၏။ ဤသတ္တဝါကား ဒုတိယဘဝ တတိယဘဝစသည်တို့၌ ကျွတ်လတ္တံ့၊ ဤသို့အားဖြင့် ကျွတ်ထိုက်သော သတ္တဝါမကျွတ်ထိုက်သော သတ္တဝါတို့ကိုငှင်း၊ ဤသို့ဆိုအပ်ခဲ့ပြီးသော ခန္ဓာတို့၏အပေါင်း သတ္တာဘဏ္ဍာန ပညတ်ဟု ဆိုအပ်သော ခပ်သိမ်းကုန်သော သတ္တလောကကိုငှင်း၊ သိတော်မူပါပေ၏။

## ထိုသတ္တလောက၏တည်ရာစက္ကဝါဠ

## မြေထု ရေထု လေထု

ဩကာသလောကား ၁ တခု တခုသော စကြာဝဠာတိုက်သည် အလျား အနံ အခြင်း အရာအားဖြင့် ယူဇနာ (တသန်း နှစ်သိန်း သုံးထောင် လေးရာ့ငါးဆယ်) အဝန်းအားဖြင့် ယူဇနာ ( သုံး သန်းခြောက် သိန်းတသောင်းသုံးရာ့ငါး

ဆယ်)ရှိသည့် ၂စကြာဝဠာအတွင်း၌ပထဝီ ၂မျိုးကားပံသုပထဝီ ဤပံသုပမာဏကား တသိန်းနှစ်သောင်း။ ၁-ထိုမြေကိုခံသော သိလာပထဝီပမာဏ တသိန်း နှစ်သောင်းအားဖြင့်ပထဝီပမာဏ မြေထု နှစ်သိန်းလေးသောင်းရှိ၏။ ၃ ဥဒကပမာဏ ထိုစကြာ ဝဠာမြေထုကိုခံသောရေထုကားအစောက် ယူဇနာ လေးသိန်း ရှစ်သောင်းရှိ၏။ ၄ ဝါယုပမာဏထိုရေကိုခံသော လေထုကား အစောက်ယူဇနာ ကိုးသိန်း ခြောက်သောင်းရှိ၏။

## မြင်းမိုရ်တောင်

ဤသို့စသောအားဖြင့် တည်သော စကြာဝဠာတိုက် တတိုက်တတိုက်၏အလယ်၌သိလာပထဝီမှ ပံသုပထဝီကိုဖေါက်၍ အမြင့်ယူဇနာ ရှစ်သောင်းပေါ်ထွက် မြင့်ခေါက်ကာ၏ (က) အရှေ့အရပ်မှ ငွေဖြင့်ပြီးသော အထွဋ်။ (ခ) တောင်အရပ်မှ ဣန္ဒနီလာ ပတ္တမြားညိုဖြင့်ပြီးသော အထွဋ်၊ (ဂ) အနောက် အရပ်မှ ဖလ်ဖြင့် ပြီးသော အထွဋ်၊ (ဃ) မြောက်အရပ်မှ ရွှေဖြင့်ပြီးသောအထွဋ် ဤသို့လေးခုသောအထွဋ်တို့ဖြင့် တန်းဆာ ဆင်၍ ယူဇနာနှစ်သောင်း လေးထောင်တိုင်တိုင် မြေထု၌စူး၍ တည်သော တောင်တကာ တို့ထက် မြင့်သည်ဖြစ်၍ ဖြစ်သော မြင်းမိုရ်တောင်သည် (က)သီဒါသမုဒ္ဒရာတွင်းသို့ နစ်လျက်တည် သည့် ယူဇနာရှစ်သောင်းလေးထောင်၊ (ခ) သီဒါသမုဒ္ဒရာ ပေါ်မှအထက်သို့ အမြင့်ရှစ်သောင်းလေးထောင်၊ (ဂ)အချင်း လည်းရှစ်သောင်းလေးထောင်၊ (ဃ)အဝန်းလုံးပတ်နှစ်သိန်းငါး သောင်းနှစ်ထောင်ရှိ၏။

## စက္ကဝါဠတောင် အတိုင်းအတာ

## စက္ကဝါဠ တောင်သည်

သမုဒ္ဒရာအတွင်းရှစ်သောင်းနှစ်ထောင်နစ်မြုပ်ခနေလျက်" သမုဒ္ဒရာအထက်ရှစ်သောင်းနှစ်ထောင်ပေါ်လွင်နေ၏။ ဤရှစ်သောင်းနှစ်ထောင် အမြင့်ဆောင်သော စက္ကဝါဠတောင်သည် (က) သမုဒ္ဒရာလေးစင်း၊ (ခ)လေးကျွန်း၊(ဂ)တမြင့်မိုရ်တောင်တို့ကို ဝိုင်းဝင်းပတ်၍တံတိုင်းကဲ့သို့တည်၏။

## မြင်းမိုရ်တောင်၏ပတ်ဝန်းကျင်သမုဒ္ဒရာ ရေအရောင်အဆင်းများ

### အရှေ့ငွေရောင်

မြင်းမိုရ်တောင်၏ အရှေ့ဘက် အရပ်မျက်နှာ၌ သမုဒ္ဒရာရေအဆင်းသည် ငွေရောင် ဖုံးလွှမ်းသဖြင့် နွားနို့ကဲ့သို့ဖြူသော အဆင်းထင်နေ၏။ ကောင်းကင်လည်း ဖြူသော အဆင်းထင်နေ၏။

### တောင်စိမ်းညိုရောင်

တောင်ဘက်အရပ်မျက်နှာ၌ ဣန္ဒနီလာ ပတ္တမြားစိမ်းညိုရောင် လွှမ်းမိုးသဖြင့် သမုဒ္ဒရာရေသည် အများအားဖြင့် စိမ်းညိုသောအရောင် အဆင်းထင်နေ၏။ ကောင်းကင်လည်း စိမ်းညိုသောအဆင်း ထင်နေ၏။

## အနောက်ကျောက်သလင်းရောင်

အနောက်အရပ်မျက်နှာ၌ ကျောက်သလင်း ဖလ်ရောင် အဆင်း လွှမ်းမိုးသဖြင့် သမုဒ္ဒရာ ရေသည် အများ အား ဖြင့် ကျောက်သလင်းဖလ်ရောင်ထင်နေ၏။ ကောင်း ကင် ဆည်း ထို နည်းထင်နေ၏။

## မြောက်ရွှေဝါရောင်

မြောက်အရပ်မျက်နှာ၌ ရွှေရောင်လွှမ်းမိုးသဖြင့် သမုဒ္ဒရာ ရေသည် အများအားဖြင့် ဝါရွှေသော အ ဆင်း ထင် နေ ၏။ ကောင်းကင်လည်း ထိုနည်းဖြင့် ထင်နေ၏။

## အရှေ့တောင်အဂ်ါဒေါင့်

အရှေ့တောင်ဒေါင့်နံဘေးမှထွက်လာကုန်သော ဘော် ဖြူငွေရောင်၊ ပတ္တမြားစိမ်းညိုရောင်တို့သည် တပေါင်း တည်း ပေါင်း၍ သမုဒ္ဒရာအပြင်မှလာလတ်လျက် စက္ကဝါဠ တံတိုင်းတိုင် တောင်ကိုထိ၍ တည်ကုန်၏။

## စနေဒေါင့်

အနောက်တောင်ဒေါင့် အရပ်မျက်နှာမှ ထွတ်ပေါ်လာကုန် သော ပတ္တမြားညိုရောင် ကျောက်သလင်း ဖလ်ရောင်တို့သည် တပေါင်းတည်းပေါင်း၍ သမုဒ္ဒရာအပြင်မှလာလတ်လျက် စက္က ဝါဠတံတိုင်းတောင်ကိုထိ၍ တည်ကုန်၏။

## ရာဟုဒေါင့်

အနောက်မြောက်ဒေါင့် အရပ်မျက်နှာမှ ထွက်ပေါ်လာကုန်သော ကျောက်သလင်း ဖလ်ရောင် ရွှေဝါရောင် တို့သည် တပေါင်းတည်းပေါင်း၍ သမုဒ္ဒရာအပြင်မှလာလတ်လျက် စက္ကဝါဠတံတိုင်းတောင်တို့ကိုထိ၍ တည်ကုန်၏။

## တနင်္ဂနွေဒေါင့်

အရှေ့မြောက်ဒေါင့် အရပ်မျက်နှာမှ ထွက်ပေါ် လာကုန်သော ရွှေဝါရောင် ငွေဖြူဘော်သားရောင်တို့သည် တပေါင်းတည်းပေါင်း၍ သမုဒ္ဒရာအပြင်မှလာလတ်လျက်စက္ကဝါဠတံတိုင်းတောင်တို့ကိုထိ၍တည်ကုန်၏။

## သမုဒ္ဒရာလေးစင်း

ဤအရောင်တို့၏အကြား၌ ၁။အရှေ့သမုဒ္ဒရာ၊ ၂။အနောက်သမုဒ္ဒရာ၊ ၃။ တောင်သမုဒ္ဒရာ၊ ၄။ မြောက်သမုဒ္ဒရာ ဤသို့လေးစင်းသော သမုဒ္ဒရာတို့သည် ဖြစ်ပေါ်လာကုန်၏။

## သီဒါသမုဒ္ဒ ၁ ၇တန် တောင်စဉ် ၇ထပ်

သိနေရုယုဂန္ဓရာဒီနံ အန္တရေသီဒန္တရ သမုဒ္ဒါနာမဟောန္တိ။ ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ။ ၅ဆအနုဿတိနိဒ္ဒေသဗုဒ္ဓါနုဿတိ ကထာဝဏ္ဏနာ ၂၄၂။ သာရတ္ထဒီပနိဋီကာ။ ဝေရဉ္စကဏ္ဍဝဏ္ဏနာ ၂၅၄)

၁။ ထိုမြင်းမိုရ်တောင်အပြင်၌ သီဒါသမုဒ္ဒရာ အကျယ် ယူဇနာရှစ်သောင်းလေးထောင် ထိုဂ ၄၀၀၀ သီဒါ ရှိသော ယုဂန္ဓိုရ်တောင်သည်ရေထဲသို့နှစ်နေသော လေးသောင်းနှစ်ထောင်၊ အမြင့်လည်းလေးသောင်း နှစ်ထောင်၊ ထိုယုဂန္ဓိုရ်တောင်ကိုရှိသော သီဒါ ရေလက်ကြားလည်း လေးသောင်း နှစ်ထောင်။

မှတ်ချက်။ ။သီဒသဒ္ဒါသည် နှစ်မြှုတ်ခြင်း ဟော၍သီဒန္တရသမုဒ္ဒ အတွင်း၌ နူးညံ့သော ဥဒေါင်းတောင်များ ပြစ်ချ လိုက်လျှင် မပေါ်ဘဲ နှစ်မြုပ် သွားသောကြောင့် သီဒန္တရသမုဒ္ဒရာခေါ်၏။ တစ်တောင်နှင့်တစ်တောင် သိဒါခုစီ ခြားနေသောကြောင့် သိဒန္တရ ၇တန်ရှိ၏။

## ဤသဓရတောင်

၂။ ဤသို့ ထက်ဝက်စီ ဆုတ်သောအားဖြင့် ဤသဓရေ တောင်အမြင့် နှစ်သောင်းတထောင်။

## ကရဝိကတောင်

၃။ ကရဝိကတောင်အမြင့် တသောင်းငါးရာ။

## သုဒဿနတောင်

၄။ သုဒဿနတောင်အမြင့် ငါးထောင့်နှစ်ရာ့ငါးဆယ်။

## နေမိန္ဓရတောင်

၅။ နေမိန္ဓရတောင်အမြင့် နှစ်ထောင့် ခြောက်ရာ့ နှစ်ဆယ့်ငါးယူဇနာ။

## ဝိနတကတောင်

၆။ ဝိနတကတောင်အမြင့် တထောင့်သုံးရာ့တဆယ့်နှစ်ယူဇနာ နှစ်ဂါဝုတ်။

## အဿကဏ္ဏတောင်

၇။ အဿကဏ္ဏတောင်အမြင့် ခြောက်ရာ့ ငါးဆယ့်ခြောက် ယူဇနာတဂါဝုတ်။ ဤတောင်ကြီး၇လုံးတို့သည် သီဒါသမုဒ္ဒရာ ရေလက်ကြား တခု တခုစီခြားလျက် စက်အဝန်းတံတိုင်းသဖွယ်ကဲ့သို့ မြင်းမိုရ်တောင်မင်းကို အဆင့်ဆင့်ရံ၍ တည်ကုန်၏။

## ဟိမဝန္တတောင်

အမြင့်ယူဇနာ ငါးရာ၊ အကျယ်ယူဇနာသုံးထောင်၊ အထွဋ် ရှစ်သောင်း လေးထောင်။

## ကျွန်းကြီးလေးကျွန်း
## တောင်ကျွန်းနှင့်သပြေပင်

၁။ ဇမ္ဗူဒီပ တောင်ကျွန်း ယူဇနာတသောင်း အမှတ်။ ဇမ္ဗူရုက္ခသပြေပင်သည် လုံးပတ်ငါးယူဇနာ၊ အမြင့်

ယူဇနာတရာ၊ ပင်လုံး ယူဇနာ ငါးဆယ်၊ ပင်ဖျား ယူဇနာငါးဆယ်၊ ခက်မငါးဖြာ. တခက်မလျှင် ယူဇနာ ငါးဆယ် ရှိ၏။ ထို့ကြောင့် ဇမ္ဗုရုက္ခကား အမြင့်ယူဇနာတရာ၊ အပြန့်ယူဇနာတရာရှိ၏။

### အနောက်ကျွန်းနှင့်ထိန်ပင်

၂။ အပရ ဂေါယာန အနောက်ကျွန်း အကျယ်ယူဇနာ ခုနစ်ထောင်၊ ကဒမ္ဗ မအူပင် ထိန်ပင် (အတိုင်းအတာ သပြေပင်အတိုင်းမှတ်)။ ယဿာနုဘာဝေန စသည် (ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ ၂၄၂။သာရတ္ထဒီပနီဋီကာ ဝေရဉ္ဇကဏ္ဍဝဏ္ဏနာ ၂၅၉)။

### အရှေ့ကျွန်းနှင့်ကုက္ကိုပင်

၃။ ပုဗ္ဗဝိဒေဟ အရှေ့ကျွန်း ယူဇနာခုနစ်ထောင် အမှတ်သိရိသ ကုက္ကိုပင်။

### မြောက်ကျွန်းနှင့်ပဒေသာဝင်

၄။ ဥတ္တရကုရု မြောက်ကျွန်း ယူဇနာရှစ်ထောင် အမှတ်ကပ္ပရုက္ခ ပဒေသာပင်။ တကျွန်းတကျွန်း၌ ကျွန်းငယ်ငါးရာတို့ဖြင့်ခြံရံ၏။

## စာတုမဟာရာဇ်နတ်ပြည်

မြင်းမိုရ်တောင်ခြေရင်းနှင့် မြင်းမိုရ်တောင် အလယ်ပတ်ဝန်းကျင် ထက်ဝက် ပတ်ဝန်းကျင်ကို စာတုမဟာရာဇ် နတ်ပြည်ခေါ်၏။ အရှေ့ရပ်ကား ဓတရဋ္ဌနတ်မင်းကြီးအုပ်စိုး၏။ တောင်အရပ်ကား ဝိရုဠှကနတ်မင်းကြီး အုပ်စိုး၏။ အနောက်ရပ်ကား

ဝိရူပက္ခနတ်မင်းကြီးအုပ်စိုး၏။ မြောက်အရပ်ကား ကုဝေရနတ်မင်းကြီးအုပ်စိုး၏။

## နေဗိမာန်

အတွင်းကရွှေ အပြင်ကဖလ်တို့ဖြင့် ခြံရံအပ်သော သူရိယမဏ္ဍလနေဗိမာန်သည် ယူဇနာငါးဆယ်ရှိ၏။လဗိမာန်၏တစ်ယူဇနာအထက်ယုဂန္ဓိုရတောင်နှင့်အညီအမျှ လှည့်ပတ်သွားလာ၏။

## လဗိမာန်

အတွင်းက ဣန္ဒနီလာ ပတ္တမြားညို အပြင်က ဖွေးဖွေးဖြူသော ဘော်ငွေတို့ဖြင့်ခြံရံပြီး စန္ဒမဏ္ဍလ လဗိမာန်သည် လေးဆယ့်ကိုးယူဇနာရှိ၏။ နေ၏အောက် တစ်ယူဇနာတွင်ကသွား၏။

နေလအကြား တယူဇနာကွာခြား၏။ နေ၏အထက်စွန်းနှင့် လ၏အောက်စွန်းသည် ယူဇနာတရာရှိ၏။ (သုတ်ပါထေယျ အဋ္ဌကထာ အဂ္ဂညသုတ်အဖွင့်ကြည့်)။

နက္ခတ်တာရာတို့လည်း လသွားလမ်းအတိုင်း လသွားလမ်း၏ နိမ့်သောအရပ်မှ ယုဂန္ဓိုရတောင်ကို လှည့်ပတ် သွား လာ ကြကုန်၏။

## တာဝတိံသာနတ်ပြည်

မြင်းမိုရ်တောင်ထိပ် တာဝတိံသာနတ်ပြည်သည် ယူဇနာတသောင်းကျယ်၏။ ပါရိစ္ဆတ္တက ပင်လယ်ကသစ်ပင် ဝေဇ

ယန္တာပြဿာဒ် သုဓမ္မာနတ်သဘင် စသော ရတနာခုနစ်ပါးတို့ဖြင့် ချယ်လှယ်အပ်သော ဘုံနန်းပြဿာဒ်တို့ဖြင့် တင့်တယ်၏။ သာရတ္ထဒီပနီဋီကာ ဝေရဉ္ဇကဏ္ဍဝဏ္ဏနာ၌အကျယ်ပါ၏။ ၂၄၆။

## အသုရာနတ်ပြည်

မြင်းမိုရ်တောင်အောက် အသုရာ နတ်ပြည်သည် ယူဇနာ တသောင်းကျယ်၏။ သိမ့်လိလက်ပံပင် ရတနာတို့ဖြင့် ခြယ်လှယ်အပ်သော ဘုံနန်းပြဿာဒ်တို့ဖြင့် တင့်တယ်၏။

နာတိမညာမိ ရာဇာနံ၊ ဓတရဋ္ဌံ ယသဿိနံ။
ဓတရဋ္ဌောဟိ နာဂါနံ၊ ဗဟူနမပိ ဣဿရော။

တတ္ထ ဗဟူနမ္ပီတိ ပဉ္စ ယောဇနသတိကဿ နာဂဘဝနဿ ဣဿရဘာဝံ သန္ဓာယ ယေဝမာဟ (ဇာတက အဋ္ဌကထာ သတ္တမတွဲ ၂၂- မဟာ နိပါတ် ဘူရိဒတ္တ ဇာတက ဝဏ္ဏနာ ၈)။ မဟာသတ္တောပေ ဥဘောပိ ဘေဒါယ ယမုနာတိရံ ဂန္တွာ တိရေဋ္ဌိတော အာဟ- တက္ကာ ပတ္တော သာနုစရော သဟ ပုံ့ တွေ န ပြဟ္မဏာ။ ပုဇိတော မယှံ ကာမေဟိ၊ သုခံ ပြဟ္မဏာ ဝဇ္ဇသီသိ။ [ရှင်းအဋ္ဌကထာ နှာ-၁၆]။

## နဂါးပြည်

နဂါးပြည်သည် မြင်းမိုရ်တောင်၏ တောင်မျက်နှာ အပြင် တောင်ကျွန်းယမုနာမြစ်အတွင်းယူဇနာ ၀ ါရောရှိ၏။ မြစ်သမုဒ္ဒရာတို့ အတွင်းတို့၌လည်း တည်ရှိ၏။ နတ်ပြည်ကဲ့သို့ တင့်တယ်၏။

ဇာတကအဋ္ဌကထာ စတုတ္ထတွဲ စမ္ပေယျနဂါးမင်းဇာတ်၌ စမ္ပါ မြစ်တွင်း၌ နဂါးဘုံပေါက်နေ၏။ သီလဆောက်တည်ပုံ ဘူရိဒတ်ဇာတ်နှင့်တူ၏။

## ဂဠုံပြည်

ဂရုဠာနံ သိမ္ဗလိရုက္ခော သိနေရုဿ ဒုတိယ ပရိဘဏ္ဍေ ပတိဋ္ဌိတော

(ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ ပ-တွဲ ၂၄၂)။

ဂဠုံပြည်သည် မြင်းမိုရ်တောင်၏ ဒုတိယ အာလိန် ဆင့်၌ တည်ရှိပြီး သိမ္ဗလိလက်ပံပင်ဖြင့် အသိအမှတ်ပြု၏။

> တဒါ ဒက္ခိဏ မဟာသမုဒ္ဒဿ ဒီ္ဝသာဘာဂေ သိမ္ဗလိဝါတိ ကော ဂရုဠော ပက္ခဝါတေဟိ သမုဒ္ဒေ ဥဒကံ ဝိယူဟိတွာ တော် နာဂရာဇာနံ သီသေ ဂဏှိ။
> (ဇာတကအဋ္ဌကထာ သတ္တမတွဲ- ၂၂)။

တနည်း ဂဠုံပြည်သည် တောင်ဘက်မဟာသမုဒ္ဒရာ၏ အရပ်မျက်နှာအတွက် ၊ ကမ္ဘားပေါ်၌တည်သည်။

## အိုင်ကြီး ၇-အိုင်

စတုရာသီတိ သဟဿေဟိ ကူဋေဟိ ပဋိမဏ္ဍိတောတို သုဒဿနကူဋ စိတြကူဋာဒီဟိ စတုရာသီတိ ကူဋသဟဿေဟိ ပဋိမဏ္ဍိတောစသည်။

(သာရတ္ထဒီပနီဋီကာ ပဌမတွဲ ၂၅၅)။

ဂင်္ဂါ ယမုနာတိ ဣမေ ဌတွာ ဣမာသံ နဒီနံ ဥပ္ပတ္တိကထံ က ထေဟုံ ဝဋ္ဋတိစသည်။ (အင်္ဂုတ္တရ အဋ္ဌကထာ အဋ္ဌကနိ ပါတ ၁-ပဌမ ပဏ္ဏာသက ၂- မဟာဝဂ္ဂ ၉- ပဟာရာဒသုတ္တ ဝဏ္ဏနာ ၂၁၀။ ၎င်းဋီကာ ၂၂၈)။

ယူဇနာ တသောင်းကျယ်သော ဇမ္ဗူကျွန်း၌ ၁ ယူဇနာ လေးထောင်အတိုင်း အရှည်ရှိသော အရပ်သည် ရေနေသမုဒ္ဒရာ မည်၏။ ၂ ယူဇနာ သုံးထောင်အတိုင်း အရှည်ရှိသော အရပ် သည် လူနေမည်၏။ ၃ ယူဇနာသုံးထောင်အတိုင်းအရှည်ရှိသော မြေအရပ်၌ ဟိမဝန္တာတောင်တည်၏။

၎င်းဟိမဝန္တာတောင်တည်ရာ ယူဇနာ သုံးထောင် အရပ်၌ ဟိမဝန္တာတောင်ကိုဝန်းရံလျက် အလျား အနံ အစောက်အား ဖြင့် ယူဇနာငါးဆယ်စီရှိ၍ အဝန်းအဝိုင်း အားဖြင့် ယူ ဇ နာ ၁၅၀-(ဋီကာအလို ယူဇနာ ၂၅၀)ရှိကြကုန်သော ၁-အနော တတ္တအိုင်၊ ၂ ကဏ္ဏမုဏ္ဍအိုင်၊ ၃ ရထကာရအိုင်၊ ၄ ဆဒ္ဒန္တအိုင်၊ ၅ ကုဏာလအိုင်၊ ၆ မန္တာကိနီအိုင်၊ ၇ သီဟပ္ပပါတ အိုင်အား ဖြင့် အိုင်ကြီး ၇-အိုင် ရှိကုန်၏။

အနောက်တတ္တအိုင်ကို ခြံရံသော တောင် ၅ လုံးကား

(၁) သုဒဿနကူဋ၊ (၂) စိတြကူဋ၊ (၃) ကာဠကူဋ၊ (၄) ဂန္ဓမာဒနကူဋ၊ (၅) ကေလာသကူဋတည်း။

၁။ ရွှေဖြင့်ပြီးလျှက် ယူဇနာနှစ်ရာ အစောက်မြင့်သည်ဖြစ်၍ အတွင်းသို့ ကောက်သော ကျိုးနှုတ်သီးသဏ္ဍာန်ရှိ၍ အနောတတ္တအိုင်ကို ဖုံးလွှမ်းလျှက် တည်သော တောင်သည် သုဒဿကူဋတောင်မည်၏။

၂။ အလုံးစုံရတနာတို့ဖြင့်ပြီးလျှက် ယူဇနာ နှစ်ရာအစောက် မြင့်သည်ဖြစ်၍ အတွင်းသို့ကောက်သော ကျိုးနှုတ်သီးသဏ္ဍာန်ရှိ၍ အနောတတ္တအိုင်ကို ဖုံးလွှမ်းလျှက် တည်သော တောင်သည် စိတြကူဋတောင်မည်၏။

၃။ ရွှေနည်းအတိုင်း မျက် စဉ်း ညို ဖြင့် ပြီးသည်ဖြစ်၍ တည်သောတောင်သည် ကာဠကူဋတောင်မည်၏။

၄။ တောင်ထိပ်တောင်ဖျား ညီညာပြန့်ပြောသော အပြင်ရှိသည်ဖြစ်၍ အတွင်း၌ပဲနောက်အဆင်းရှိလျှက်။

၁။ စန္ဒကူးနက်ကရမက်အကျော်စသော အပင်တို့၏ အမြစ်နှံ့။

၂။ စန္ဒကူးနီ စန္ဒကူးဖြူစသောအပင်တို့၏အနှစ်နှံ့။

၃။ ထင်းရှူးစသော အပင်တို့၏အကာနှံ့။

၄။ လေးညှင်းစသောအပင်တို့၏အခွံ (အခေါက်)နှံ့။

၅။ သီးပင်စသည်တို့၏ အပွေးနှံ့။

၆။ ပွဲလျက်(ပွင့်ညက်)စသည်တို့၏အရေနံ့။

၇။ ပန်းညိုပင်၊ ဖံ့လာပင် စသည်တို့၏ အရွက်နံ့။

၈။ ကန့်ကော်ပင်စသည်တို့၏ အပွင့်နံ့။

၉။ ဇာဒိတ်ဖိုလ်ပင် စသည်တို့၏အသီးနံ့။

၁၀။ အမျိုးမျိုးကုန်သောသီးပင်ပွင့်ပင်တို့၏အနံ့၊ ဤသို့ ၁၀မျိုးသောအနံ့တို့ဖြင့် တကြိုင်ကြိုင်လှိုင်သည်ဖြစ်၍ အထူးထူး အပြားပြားသောဆေးပင်တို့ဖြင့်ဖုံးလွှမ်းလျက် လဆုပ်ပက္ခ ဥပုသ်နေ့၌ အရောင်တပြောင်ပြောင် တောက်ပသော မီးကျီးကဲ့သို့ ထွန်းလင်း တောက်ပလျက် အနောတတ္တအိုင်ကို ဖုံးလွှမ်းကာ တည်သောတောင်သည် ဂန္ဓမာဒနကူဋတောင်မည်၏။

၅။ ဖွေးဖွေးပြုံသော ဘော်ငွေတို့ဖြင့် ပြီးသော ယူဇနာ နှစ်ရာ အစောက် မြင့်သည်ဖြစ်၍ ကျီးနှုတ်သီး သဏ္ဍာန် ရှိလျက် အနောတတ္တအိုင်ကိုဖုံးလွှမ်း၍ တည်သောတောင်သည် ကေလာ သကူဋတောင်မည်၏။

## အနောတတ္တအိုင်၏ ခံတွင်း ၄ ခု

၁။ အရှေ့အရပ် သီဟမုခ ခြင်္သေ့ခံတွင်း။

၂။ အနောက်အရပ် ဟတ္ထိမုခ ဆင်ခံတွင်း။

၃။ မြောက်အရပ်အဿမုခမြင်းခံတွင်း။

၄။ တောင်အရပ် ဥသဘမုခ နွားသိုးခံတွင်း။

## ဂင်္ဂါ ၅ ခုနှင့် ရေကန်ကြီး ၁ ကန်

၁။ အာဝဋ္ဋဂင်္ဂါ။

၂။ ကဏှဂင်္ဂါ။

၃။ အာကာသဂင်္ဂါ။

၄။ တိယဂ္ဂဠပေါက္ခရဏီ။

၅။ ဗဟာလဂင်္ဂါ။

၆။ ဥမင်္ဂဂင်္ဂါ။

## မြစ်ကြီး ၅သွယ်

၁ ဂင်္ဂါ၊ ၂ ယမုနာ၊ ၃ အစိရဝတီ၊ ၄ သရဘူ၊ ၅ မဟီ" ဤသို့မြစ်ကြီးငါးသွယ် ဂင်္ဂါ ၅ခုတို့ကား ယူဇနာ ၆၀စီ၊ တိယဂ္ဂဠပေါက္ခရဏီကားယူဇနာ ၅၀- ရှိ၏။

### ၁။ ပါဝိနဒီသာ သိဟာမုခနဒီ

၁။ အနောတတ္တအိုင်၏အရှေ့အရပ်ခြသေ့်ခံတွင်းမှထွက်လာသောရေသည် အနောတတ္တအိုင်ကို လက်ျာရစ်သုံးပတ်လှည့်လျက် အနောက်-တောင်-မြောက် သုံးစင်းသောမြစ်တို့ကို မကပ်ရောက်ဘဲ ဟိမဝန္တာတောင်၏ အရှေ့အရပ်ဖြင့်သာလျှင် နတ်လမ်းခရီးဖြင့် စီးဆင်းသွား၍ မဟာသမုဒ္ဒရာသို့ စီးဝင်၏။ ထို့ကြောင့် ပါစီနဒီသာ သိဟာမုခနဒီမည်၏။ ခြသေ့်တွေပေါ်များ၏။

## ၂။ ပစ္ဆိမဒိသာဟတ္ထိမုခနဒီ

၂။ အနောတတ္တအိုင်၏အနောက်အရပ်ဆင်ခံတွင်းမှထွက်လာသောမြစ်သည် အနောတတ္တအိုင်ကို သုံးကြိမ်သုံးခါ လက်ျာရစ်လှည့်၍ သီဟမုခ အဿမုခ ဥသဘမုခမြစ်တို့ကို မကပ်ရောက်ဘဲ ဟိမဝန္တာတောင်၏ အနောက် အရပ်ဖြင့်သာလျှင် နတ်လမ်းခရီးဖြင့် စီးဆင်းသွား၍ မဟာသမုဒ္ဒရာသို့ သက်ဝင်သွားကြကုန်၏။ ထို့ကြောင့် ပစ္ဆိမဒိသာ ဟတ္ထိမုခ နဒီမည်၏။ ဆင်တွေ့ပေါများ၏။

## ၃။ ဥတ္တရဒိသာဥသဘမုခနဒီ

၃။ အနောတတ္တအိုင်၏ မြောက်အရပ် နွားသိုး ခံတွင်းမှ ထွက်လာသောမြစ်ရေတို့သည် အနောတတ္တအိုင်ကို သုံးကြိမ် သုံးခါ လက်ျာရစ်လှည့်လျက် သီဟမုခ ဟတ္ထိမုခ အဿမုခမြစ်တို့ကို မကပ်ရောက်ဘဲ ဟိမဝန္တာတောင်၏ မြောက်အရပ်ဖြင့်သာလျှင်နတ်လမ်းခရီးဖြင့် စီးဆင်းသွား၍ မဟာသမုဒ္ဒရာသို့ စီးဝင်ကုန်၏။ ထို့ကြောင့် ဥတ္တရဒိသာ ဥသဘမုခနဒီမည်၏။နွားသိုးတွေ့ပေါများ၏။

## ၄။ ဒက္ခိဏဒိသာအဿမုခနဒီ

၄။ အနောတတ္တအိုင်၏ တောင်အရပ် အဿမုခမှ ထွက်လာသောရေအလျဉ်တို့သည် သမုဒ္ဒရာသို့ တိုက်ရိုက်မစီးဆင်းဘဲ ရေကန်ကြီး တကန် ဂင်္ဂါ ၅ စင်း

မြစ်ကြီး ၅ သွယ်ဖြစ်ပေါ်လာပြီး သမုဒ္ဒရာသို့ စီးဆင်းသွားတော့၏။ ထို့ကြောင့် ဒက္ခိဏဒိသာ အဿမုခနဒီမည်၏။ မြင်းတွေပေါ်များ၏။

## ဒက္ခိဏဒိသာ အဿမုခနဒီမှစီးဆင်းသော ရေများဖြစ်ပေါ်လာပုံအကျယ်။ တိယဂ္ဂဠ ရေကန်ကြီးဖြစ်ပေါ်လာပုံ။

အနောတတ္တအိုင်၏ တောင်အရပ် အဿမုခမှ ထွက်လာသောရေအလျဉ်တို့သည် အနောတတ္တအိုင်ကို သုံးကြိမ် သုံးပတ်လက်ျာရစ်လှည့်လျက်အနောတတ္တအိုင်၏ တောင်နံဘေးမှမြောင့်မြောင့်တန်းတန်း ကျောက်ဖြာ အပြင်ဖြင့် သာလျှင် ယူဇနာခြောက်ဆယ်တိုင်တိုင်သွားလျက် ဟိမဝန္တာတောင်ကိုတိုက်ခတ်ပြီး ဟိမဝန္တာတောင်၏ ပတ်ဝန်းကျင် သုံးဂါဝုတ်အတိုင်းအရှည်ရှိသော ရေအလျဉ်တို့ဖြစ်ခါ ကောင်းကင်ဖြင့် ယူဇနာခြောက်ဆယ်တိုင်တိုင်စီးဆင်းသွားလျက် တိယဂ္ဂဠအမည်ရှိသော ကျောက်ဖြာ၌ကြကုန်၏။

ထိုတိယဂ္ဂဠကျောက်ဖြာသည် ကျလာသောရေအလျဉ်အဟုန်ဖြင့်ကွဲသွားတော့၏။ ယူဇနာငါးဆယ်အတိုင်း အရှည်ကွဲသွားရာ

အရပ်သည် တိယဂ္ဂဋ္ဌမည်သော ရေကန်ကြီး ဖြစ်ပေါ် လာ တော့၏။

## ဂင်္ဂါ ၅စင်း ဖြစ်ပေါ်လာပုံ

### ဘာဂဝဋ္ဋဂင်္ဂ

ဒက္ခိဏဒိသာ အဿမုခနဒီမှ စီးဆင်းလာသော ရေတို့သည် တိယဂ္ဂဋ္ဌရေကန်ကြီး၏ ကမ်းကိုဖေါက်ဖျက်လျက်ကျောက်ခေါင် သို့ဝင်ကာ ယူဇနာခြောက်ဆယ်တိုင်တိုင် စီးဆင်းကုန်၏။ ထိုမှ တခဲနက်သော မြေကို ထွင်းဖောက်လျက် ဥမင်လှိုင်ခေါင်းဖြင့် ယူဇနာ ခြောက်ဆယ်တိုင်တိုင် သွားလျက် ဝိဥ္ဈအမည်ရှိသော တိရစ္ဆာနတောင်(တောင်ဖီလာ)ကို ပုတ်ခတ်ခါ လက်ဝါးပြင်၌ ငါး ချောင်းသောလက်နှင့်တူသောငါးခုသော ရေအလျဉ်တို့ဖြစ် ကုန်လျက် နေ၏။

စီးဆင်းလာသော ထိုရေအလျဉ်ကို အနောတတ္တ အိုင် ကို သုံးကြိမ်သုံးပတ်လှည့်ခါ ကျရာ အရပ် ၌ စီး ဆင်း လာ သော ထိုရေအလျဉ်ကို အာဝဋ္ဋဂင်္ဂါဟုဆိုအပ်၏။

### ကဏှဂင်္ဂါ

ကနောတတ္တအိုင်၏တောင်နံဘေး အဿမုခမှ ထွက်ပေါ်လာ သော ရေအလျဉ်ကို ဖြောင့်ဖြောင့်ကျောက်ဖျာအပြင်ဖြင့်ယူဇနာ ခြောက်ဆယ်တိုင်တိုင် ကျရာအရပ်ကိုကဏှဂင်္ဂါဟုဆိုအပ်၏။

## အာကာသဂင်္ဂါ

အနောတတ္တအိုင်၏တောင်နံ့ဘေး အဿမုခမှထွက်လာသော ရေအလျဉ်သည် ကောင်းကင်ဖြင့် ယူဇနာခြောက်ဆယ်တိုင်တိုင် ကျရာအရပ်ကို အာကာသဂင်္ဂါဟု ဆိုအပ်၏။

## ဗဟလဂင်္ဂါ

အနောတတ္တအိုင်၏ တောင်နံ့ဘေး အဿမုခမှ ထွက်ပေါ်လာသော ရေသည် တိယဂ္ဂဠ ရေကန်ကြီး၏ ကမ်းကို ဖောက်ထွင်း၍ ကျောက်ဖြာသို့ဝင်ပြီး ယူဇနာ ခြောက်ဆယ် တိုင်တိုင် သွားရာ အရပ်ကို ဗဟလဂင်္ဂါဟုဆိုအပ်၏။

## ဥမင်္ဂဂင်္ဂါ

အနောတတ္တအိုင်၏ တောင်နံ့ဘေး အဿမုခမှ ထွက်ပေါ်လာသော ရေသည် တခဲနက်သော မြေကိုဖေါက်ထွင်း၍ ဥမင်ဖြင့် ယူဇနာ ခြောက်ယ်တိုင်တိုင် သွားရာ အရပ်ကို ဥမင်္ဂဂင်္ဂါဟု ဆိုအပ်၏။

## မြစ်ကြီး ၅စင်းဖြစ်ပေါ်လာပုံ

အနောတတ္တအိုင်၏ တောင်နံ့ဘေး အဿမုခမှ ထွက်လာသော မြစ်ရေသည် ဥမင်္ဂဂင်္ဂါမှ စီးဆင်းလာလျှက် ဝိဥ္ဈအမည်

ရှိသော တိရစ္ဆာနတောင်(တောင်ဖီလာ)ကိုတိုက်ခတ်ခါငါးဖြာသော ရေအလျဉ်တို့သည် ဖြစ်ပေါ်လာကုန်၏၊ ထိုငါးဖြာသော ရေအလျဉ်တို့သည် ဂင်္ဂါ-ယမုနာအစိရဝတီသရဘူ-မဟီ မြစ်ကြီးငါးသွယ်ဖြစ်ကုန်၍ ဟိမဝန္တာတောင်မှ စီးဆင်းလျက် မဟာသမုဒ္ဒရာသို့ စီးဆင်းကုန်၏။

## အနောတတ္တအိုင်ရေအကြောင်းနှင့် သုံးဆောင်သောတံခိုးရှင်များ လ-နေသွားပုံ

၁။ လနေတို့သည် အနောတတ္တအိုင်၏ တောင်လမ်း မြောက်လမ်းဖြင့်သွားကြကုန်သည် ရှိသော်ငင်းသုဒဿနကူဋအစရှိသော တောင်တို့၏ အကြားဖြင့် သွားခဲ့သည်ရှိသော်ငင်းထိုအနောတတ္တအိုင်၌ လရောင် နေရောင်တို့ထွန်းလင်းတောက်ပနိုင်၏။ လနေတို့ လမ်းကြောင်း ဖြောင့်ဖြောင့် သွားခဲ့သည်ရှိသော် အနောတတ္တအိုင်၌ လရောင် နေရောင်တို့ မထွန်းလင်းနိုင်။

၂။ ငါးလိပ်တို့မှ ကင်းသော ဖလ်ရောင်နှင့်တူသော အညစ်အကြေးကင်းသော ရေရှိကုန်၏။

၃။ ရတနာ ၇ ပါး တို့ဖြင့် ပြီးသည်ဖြစ်၍ စိတ်နှလုံးကို ပွားစေတတ်သော ကျောက်လှေခါး အထစ်အပြင်တို့နှင့် သုံးဆောင်ခြင်းငှါထိုက်သော ရေချိုးဆိပ်တို့သည်၊ ဘုန်းတံခိုးရှိကြကုန်သောဖုန်းရှင်ကံရှင်တို့၏ ဆက်ဆံသော ကံကြောင့်သာလျှင် ဖောင်းစွာတည်နေကြကုန်၏။

၄။ ယင်းရေချိုးဆိပ်တို့၌ သဗ္ဗညုမြတ်စွာ ဘုရား ပစ္စေက ဗုဒ္ဓါဘုရား ရဟန္တာအရှင်မြတ်တို့နှင့် တံခိုးရှင် ရသေ့တို့သာ ချိုးသုံးကုန်၏။

၅။ နတ်ဘီလူး၊ကုမ္ဘဏ်၊ဂန္ဓဗ္ဗစသည်တို့လည်း ဤအနောတတ္တ အိုင် ကမ်းဘေး၌ ဥယျာဉ်ပွဲဆင်နွှဲကြကုန်၏။

## ဂန္ဓမာဒနတောင် နန္ဒမူလကပဗ္ဘာရ
## နန္ဒမူလလိုဏ်၌ ပစ္စေကဗုဒ္ဓါများသီတင်းသုံးကြောင်း

ဂန္ဓာမာဒနတောင်သည် ဟိမဝန္တာတောင်၌ တည်ရှိကြသော ၁ စူဠကာဠတောင် ၂ မဟာကာဠတောင်၊ ၃ နာဂပလိဝေဌနနဂါးရစ်တောင်၊ ၄ စန္ဒဂဗ္ဘတောင်၊ ၅ သူရိယဂဗ္ဘတောင် ၆ သုဝဏ္ဏပဿတောင်၊ ၇ ဟိမဝန္တတောင်အားဖြင့် တောင်စဉ် ၇ ထပ်ကို ကျော်၍တည်၏။ ထိုဂန္ဓမာဒနတောင်၌ နန္ဒမူလကအမည်ရှိသော တောင်ဝှမ်း တောင်ခေါင်းသည် ပစ္စေကဗုဒ္ဓါတို့၏ သီတင်းသုံးရာ အရပ်ပင်တည်း။

ထိုတောင်ဝှမ်း တောင်ဂူ တို့သည် ၁ သုဝဏ္ဏဂူဟာရွှေဂူ။ ၂ မဏိဂူဟာပတ္တမြားဂူ။ ၃ ရဇတဂူဟာငွေဂူအားဖြင့် ဂူသုံးလုံးရှိ၏။

၁။ ထိုဂူသုံးလုံးတို့တွင် ပတ္တမြားဂူတံခါး၌ အမြင့် အပြန့် အကျယ် တယူဇနာစီရှိသော မဉ္ဇူသကနတ်ပန်းပင်သည် ရှိ၏၊

ထိုမဥ္ဇူသကနတ်ပန်းပင်သည် အထူးသဖြင့်ပစ္စေကဗုဒ္ဓါများပွင့်၍ ကြွလာရာနေ့၌ ရေပန်းအမျိုးမျိုးကြည်း (ကုန်း) ပန်းအမျိုးမျိုး ပွင့်၏။

၂။ ထိုမဥ္ဇူသက နတ်ပန်းပင်၏အထက်မှ အလုံးစုံရတနာတို့ဖြင့် ပြီးသော တန်ဆောင်းဝင်း ပုံသဏ္ဌာန် မဏ္ဍာပ် ဖြစ်ပေါ်နေ၏။

၃။ ထိုရတနာ တန်ဆောင်းဝန်း၌ သမ္မဇ္ဇနဝါတ တံမျက်စည်းလှဲတတ်သော လေသည် ပန်းမှိုက်ဟောင်းတို့ကို တိုက်ခတ်စွန့်ပြစ်၏။

၄။ သမကရဏဝါတ အညီအညွတ်ဖြစ်အောင်ပြုလုပ်တတ်သော လေသည် ရတနာ အမျိုးမျိုးတို့ဖြင့် ပြီးသော သဲကို ညီညွတ်အောင်လုပ်၏။

၅။ သိဉ္စနကဝါတ ရေသွန်းဖြန်း တတ်သော လေသည် အနောတတ္တအိုင်မှ ရေကိုဆောင်ယူ၍ ရေဖြင့်သွန်းဖြန်း၏။

၆။ သုဂန္ဓကရဏဝါတ မွှေးကြိုင်အောင်ပြုလုပ်တတ်သော လေသည် ဟိမဝန္တာတောမှ အလုံးစုံသော မွှေးကြိုင်သောအနံ့ရှိသော သစ်ပင်တို့၏ အမွှေးနံ့များကို ဆောင်၍ ထုံသင်းစေ၏။

၇။ ဩစိနကဝါတ ပန်းတို့ကို ဆွတ်ခူးတတ်သော လေသည် ပန်းတို့ကို ဆွတ်ခူး၍ရတနာတန်ဆောင်းဝန်း၌ ကျဲပြန့်ပူဇော်၏။

၈။ သန္တိရကဝါတ နေရာခင်းတတ်သော လေသည် တန်တန်ဆောင်းဝန်း၌ နေရာ ပြည့်အောင် ပန်းနေရာများ ဖြန့်ခင်း၏။

တန်ဆောင်း မဏ္ဍာပ်တွင်း၌ ပစ္စေကဗုဒ္ဓါများ သီတင်းသုံးတော်မူရန် အမြဲနေရာ ခင်းထားကုန်၏။ ပစ္စေကဗုဒ္ဓါတို့ ပွင့်ထွန်းသောနေ့၌ရှင်း၊ ဥပုသ်နေ့၌ရှင်း၊ ထိုနေရာတို့၌ အလုံးစုံသော ပစ္စေကဗုဒ္ဓါတို့သည် စည်းဝေးထိုင်တော်မူကြကုန်၏။

## စည်းဝေးပုံ

ပွင့်သစ်စ ပစ္စေကဗုဒ္ဓါသည် ထိုရတနာ တန်ဆောင်းစန်းသို့ ကြွ၍ မိမိအတွက် ခင်းထားသော နေရာ၌ထိုင်၏။ သို့မဟုတ် ပွင့်သစ်စ ပစ္စေကဗုဒ္ဓါ တန်ဆောင်းဝန်း၌ ထိုင်နေတဲ့အချိန် တပါးသော ပစ္စေကဗုဒ္ဓါတို့သည်လည်း ခဏခြင်း စည်းဝေး၍ မိမိတို့ကျရောက်သောနေရာတို့၌ထိုင်လျက် တစုံတခုသော သမာပါတ်ကိုဝင်စားပြီး ထကြကုန်၏။

## ပုစ္ဆာမေးပုံ

ထိုသို့ သမာပါတ်မှ ထပြီးသည့်နောက် ပစ္စေကဗုဒ္ဓါတို့၏ အကြီး ဥက္ကဋ္ဌ မဟာနာယက သံဃထေရ်ာ ပွင့်သစ်စ ဖြစ်သော ပစ္စေကဗုဒ္ဓါအား အနုမောဒနာ ဝမ်းမြောက်ဝမ်းသာ တရားဟောခြင်း အကျိုးငှာ အဘယ်သို့သော အခြင်းအရာ

သံဝေဂဖြင့် ဤပစ္စေကဗောဓိဉာဏ်ကို ရအပ်ပါ သနည်းဟု ပုစ္ဆာမေး၏။

## ဝိသဇ္ဇနာပြုပုံ

ပွင့်သစ်စပစ္စေကဗုဒ္ဓါသည် မိမိပစ္စေက ဗောဓိဉာဏ် ရလာခြင်း၏အကြောင်း ဥဒါန်းစကားဂါထာများကို ဟောကြား၏။ ဤသို့ ဂန္ဓမာဒနကုဋ္ဌတောင်သည် ပစ္စေကဗုဒ္ဓါတို့၏ အမြဲနေရာအရပ်ဖြစ်၏။ ဤသည်ကာ- ဂန္ဓမာဒနတောင်နှင့် ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း ပစ္စေကဗောဓိဉာဏ်ရခြင်း၏ အကြောင်းအကျဉ်းတည်း၊ အကျယ်ကိုအလိုရှိမါက သုတ္တနိပါတအဋ္ဌကထာ ၁။ ဥရဂဝဂ္ဂ ၃။ ခဂ္ဂဝိသာဏသုတ္တဝဏ္ဏနာ ၅၆နှင့် သာရတ္ထဒီပနီဋီကာ ပဌမတွဲ ဝေရဉ္ဇကဏ္ဍဝဏ္ဏနာ ၂၅၅တို့၌ ကြည့်ရှုကြပါကုန်။ ဤသည်ကားအနော်တတ္တအိုင်အကြောင်းပြီး၏။

## ၂။ ကဏ္ဏမုဏ္ဍအိုင်အကြောင်း

အစအမွန် ဟိမဝန္တာမှ စီးဆင်းလာသော ရေ တို့ သည် အနော်တတ္တအိုင်အစရှိသော အိုင်ကြီးအတွင်းတို့သို့ စီးဝင်သလို ကဏ္ဏမုဏ္ဍအိုင်အတွင်းသို့ စီးဝင်လာကြကုန်၏။ အထူးအားဖြင့် ကဏ္ဏမုဏ္ဍအိုင်၏ကမ်းပါး၌ ဝေမာဏိကပြိတ္တာတို့သည် ဖြစ်ကြကုန်၍ ဘုံဗိမာန်ပေါက်ခါ ခြံရံနေကုန်၏။

အများအားဖြင့် ကဏ္ဏမုဏ္ဍအိုင်၌ရင်း၊ ကဏ္ဏမုဏ္ဍအိုင်၏ကမ်းပါးဘေး၌ရင်း ဝေမာဏိကပြိတ္တာတို့သည် နတ်စည်းစိမ် ကဲ့သို့

ခံစားကြကုန်၏။ အကုသိုလ်ကံအကျိုးပေးချိန်အခါဆင်းရဲသော အကျိုးဒုက္ခခံ နေကြရကုန်၏။

## ဝတ္တုကြောင်းကား

ကဿပဘုရားလက်ထက်တွင် ငါးရာသော ဥပါသကာတို့တွင် ခေါင်းဆောင် သောတာပန် ဥပါသကာသိ၍ ဇနီးသည် အရက်သမားတို့နှင့်ပေါင်းဖော်ပြား၍ ဥပါသကာသိမေးရာ မှသွားကျိန်၏။ ဤသို့ဖောက်ပြန်ကျင့်ပါလျှင် ဖြစ်ရာဘဝတိုင်းတွင် ခွေးနက်ကြီးစားပါစေသားဟုကျိန်ဆို၏။ အဖော် ဥပါသိကာမတို့လည်း ငါတို့အဆွေမ ပြုလုပ်တာမသိပါ။ အကယ်၍သိခဲ့လျှင် ဘဝတိုင်းဘဝတိုင်းအဆွေမကျွန် ဖြစ်ပါစေသားဟု ကျိန်ဆိုကြကုန်၏။ သေလွန်တဲ့အခါဟိမဝန္တာတောင်မင်းကိုခြံရံသောအိုင်ကြီး ၇ အိုင်တို့တွင်ကဏ္ဏမုဏ္ဍအိုင်၏ကမ်းဘေးတံ့ဗိမာန်ပေါက်၍ကဿပဘုရားသခင်လက်ထက်က ပြုခဲ့သော ကုသိုလ်ကောင်းမှု၏ အကျိုးဖြင့်နေ့အခါ နတ်စည်းစိမ်ကဲ့သို့ ခံစံရ၏။ ကျိန်စာဆိုတိုင်း ဝေမာဏိကပြိတ္တာဖြစ်လာကြ၏။

## ခွေးစားခံရပုံ

ညအခါ ကဏ္ဏမုဏ္ဍအိုင်၏ ကမ်းဘေးတခုသော အရပ်၌ ရေကန်ကြီးသည်ရှိ၏။ ထိုရေကန်သို့သွားရာ ကဏ္ဏမုဏ္ဍအမည်ရှိသော ဆင်ပေါက်လောက်ရှိ ခွေးနက်ကြီးသည် ပေါ်ပေါက်လာ၍ထိုဝေမာဏိကပြိတ္တာ၏ကိုယ်သားကိုအရိုးသာကျန်အောင်စားပြစ်လိုက်တော့၏။ ကြွင်းကျန်သော အရိုး တို့ကို အနီး ရှိရေကန်ကြီးထဲ ပြစ်ချလိုက်သောအခါပကတိဝေမာဏိကပြိတ္တာမပြန်ဖြစ်လာ၏။ ထို့ကြောင့် ဤကန်ရေသည် ဝေမာဏိက

ပြိတ္တာမတို့၏ ပကတိကိုယ်ပြန်ဖြစ်နိုင်သော သီးခြားကန် တကန် ပင်တည်း။ (ပေတဝတ္ထုအဋ္ဌကထာ ၂၊ ဥဗ္ဗရိဝဂ္ဂ ၂၊ ကဏ္ဏမုဏ္ဍ ပေတီဝတ္ထု ဝဏ္ဏနာ ၁၄၀)။

## နတ်သရက်တောဥယျာဉ်

ကဏ္ဏမုဏ္ဍအိုင်မှ ထွက်လာသော တောင်ပေါက်ဖြင့် သွား၍ ဂင်္ဂါမြစ်သို့ စီးဝင်ရာ တခုသောမြစ်သည်ရှိ၏။ ယောကျ်ား မရှိသော ထိုနတ်သမီးတို့၏နေရာဌာန ဘုံဗိမာန်အနီး၌ နတ်၌ဖြစ်သော အသီးတွေ ဝေဝေဆာဆာ သီးနေကြသော သရက်ပင်တို့ဖြင့်ရင်း အိမ်ပိန္နဲ တောင်ပိန္နဲ စသည်တို့ဖြင့်ရင်း တင့်တယ်သော တခုသော တောဥယျာဉ်သည်ရှိ၏။

## နတ်သရက်သီးမြစ်တွင်းချလိုက်ပုံ

ထိုသရက် ပိန္နဲ နတ်ဥယျာဉ်တွင်းမှ ယောကျ်ား လာခြင်းကို လိုခြင်တောင်းတ ဆန္ဒပြင်းပြနေကြသော နတ် သမီး တို့ သည် သရက်သီးတို့ကိုခူး၍ လူ့ပြည်သို့ စီးသွားသော ဂင်္ဂါမြစ် တဲသို့ ပြစ်ချလိုက်ကြ၏။

ထိုသရက်သီးတို့တွင် အချို့သရက်သီးတို့ကို မြစ်ကမ်းနား၌ နေကြသော ရသေ့တို့ ဆယ်ယူစားကြကုန်၏။အချို့ကို တောမုဆိုးတို့ယူစားကြကုန်၏။ အချို့ကိုငှက်စသည်တို့ စားကြကုန်၏။

အချို့ကမ်းပါးစပ်၌ ကပ်ညိတည်နေကြ ကုန်၏။ တလုံးသော သရက်သီးသည် ဂင်္ဂါမြစ်ရေအလျှင်ဖြင့် အစဉ် လိုက် သွား ၍ ဗာရာဏသီမြို့တော် ဗာရာဏသီးမင်းမြတ်၏ ရေကစားရာ ကြေးဇာပိုက်ကွန်ထဲ၌ ကပ်ညိနေ၏။

မင်းမှုထမ်းအရာရှိယောကျ်ားတို့သည် အဆင်းအနံ့အရသာနှင့်ပြည့်စုံသော ထိုနတ်သရက်သီးကို ဘုရင်မင်းမြတ်အား ဆက်သကြ၏။ ဘုရင်မင်းမြတ်သည် ဤအသီးသည် အဆိပ်သီး လေလော သို့မဟုတ် ကောင်းမြတ်သောအသီးလေလောဟု စုံစမ်းလိုသောကြောင့် လွတ်ရက်မရှိသတ်စေဟု အပြစ်ပေးထားသော အကျဉ်းထောင်ရာဇသတ်သားတယောက်အားစားစေ၏။

## ရာဇဝတ်သားသရက်သီးစားခိုင်းပုံ

ထိုရာဇဝတ်အကျဉ်းသား စားကြည့်စေပြီးမှ ဘုရင်မင်းမြတ်အား နတ်သရက်သီးဖြစ်ဟန်တူပါတယ် အလွန် ကောင်းမြတ်သော အရသာရှိပါတယ်ဘုရားဟု သံတော်ဦးတင်၏။ နောက်တဖန် တစိတ်ပေးလိုက်ပြန်၏။ နောက်တစိတ် ထပ်စားရသော အခါ် လူအိုသ လူချိုလေးကဲ့သို့ ဖြစ်သွားတော့၏။

## ဘုရင်မင်းမြတ်စားပုံ

ထိုအခါမှ ဘုရင်မင်းမြတ်သည် ပွဲတော်တည်လိုက်ရာတကိုယ်လုံးပြန့်နှံ့သွားအောင် အရသာရှိလှ၍ စည်းဝေးခစား နေကြ

သော မင်းမူးမတ် ပရိသတ်တို့ကို ဤနတ်သရက်သီး တို့ကား ဘယ်မှာရှိသလဲဟု မေးမြန်း၏။

ဟိမဝန္တာတောင်၏ တောင်ခြေ ဥယျာဉ်မှာ ရှိကြောင်း သံတော်ဦးတင်ကြပြန်ရာ ဘယ်သူယူဆောင်နိုင်အံ့နည်းဟု မေး၍ တောလယ်မုဆိုးတို့ ယူဆောင်နိုင်ကြောင်း သံတော်ဦးတင်ကြ သောအခါ ဘုရင်မင်းမြတ်သည် တောလယ်မုဆိုးတို့ကို ခေါ်၍ မေးမြန်းပြီး သွားနိုင်သော တောလယ်မုဆိုးအား ဆုတော်ငွေ ကျပ်တထောင်ပေးကာ နတ်သရက်သီး ရှာစေခိုင်းလေ၏။

## မုဆိုးနတ်သရက်တောသွားပုံ

တောမုဆိုးလည်း ဆုတော်ငွေကို အိမ်သူအိမ်သား တို့အား ပေးခဲ့ပြီး ရိက္ခာလက်နက်စုဆောင်းလျက် ဂင်္ဂါမြစ်အထက်အညာ ကဏ္ဍမုဏ္ဍအိုင်သို့ ရှေ့ရှု လူလမ်းခရီးဖြင့်သွားရာ ကဏ္ဍမုဏ္ဍအိုင်သို့ ရောက်၍ လူလမ်းခရီးဆုံးသည့်အခါ ကဏ္ဍမုဏ္ဍအိုင် အတွင်း ကမ်းဘေးမှသွားရာ ယူဇနာခြောက်ဆယ်သို့ ရောက်လျှင် ပဌမ ရသေ့တပါးနှင့်တွေ့ပြီး ယင်းရသေ့ လမ်းညွှန်သည့် အတိုင်း သွားရာ ယူဇနာသုံးဆယ်အလွန်တွင် ဒုတိယ ရသေ့ တပါးနှင့် တွေ့ရပြန်၏။

ဒုတိယရသေ့က ဤစခမ်းမှသွား၍ ၁၅ယူဇနာရောက်သော အခါ တတိယရသေ့နှင့် တွေ့ပါလိမ့်မည်ဟုပြောသဖြင့် ဆက် သွားပြန်သော် ပြောသည့်အတိုင်း တတိယရသေ့ တပါးနှင့်တွေ့ ပြန်၏။

## တောင်ပေါက်မြစ်လမ်းခရီး

တတိယအကြိမ်မြောက်တွေ့မြင်ရသော ရသေ့ကြီး၏ လမ်းညွှန်ချက်ဖြင့် ဂင်္ဂါမြစ်ကြီး တည့်တည့်ဆန်မတက်ဘဲ မြစ်ငယ်ကလေးကိုမှီကာ ဆန်တက်သွားခဲ့သည်ရှိသော် နေ့အခါမှသာ ရေစီးဆင်း၍ ညဥ့်အခါရေမစီးသော တောင်ပေါက် တွင်းသို့ မီးဒုတ်ဖြင့် ညတွင်းခြင်း ခရီးပြင်းနှင်လေ၏။

၂-ယူဇနာ ၃-ယူဇနာခန့် သွားမိသောအခါ နေထွက်ချိန်မှာ အထူးထူးသော ရတနာအရောင် ဇာကွန်ယက် အရောင် တို့ဖြင့် တောက်ပြောင်သော မြေအတိုရှိ၍ အသီး ဝန်ဆောင်ရ သဖြင့် အောက်သို့ညွတ်သော အကိုင်းအခက် ဗိတာန်ကြက်သားသကဲ့သို့ သရက်ပင်ပျိုအပေါင်းဖြင့် တင့်တယ်သော အထူးထူးသော စက္ကဝတ် ရေကြက် ဟင်္သာ ကြိုးကြာ စသော ငှက်အပေါင်းသည် ကြူးရင့်ကွန့်မြူး နေသည်ဖြစ်၍ အလွန်တင့်တယ်. ရှုမော မဆုံး စိတ်နှလုံးကို မွေ့လျော်စေတတ်သော နတ်သရက်တောဥယျာဉ်ကြီးသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားလေပြီ။

### နတ်သမီးတွေပြေးလာပုံ

ယောကျ်ားအလာစောင့်မျှော်နေကြသော ပြိတ္တာမတို့သည် ထိုမုဆိုး ယောကျ်ားကို မြင်၍ သူထက် ငါအရင် ဦး အောင် ငါ့ယောကျ်ား ငါ့ယောကျ်ားဟုအော်၍ ပြေးသွားကြ၏။

## ဖုန်းမရှိသောမုဆိုးထွက်ပြေးပုံ

မုဆိုးလည်း ထိုပြိတ္တာမတို့နှင့်အတူတကွ နတ်စည်းစိမ်ခံစားခြင်းငှာ လျောက်ပတ်သော ကုသိုလ်ကောင်းမှု မပြုဘူးသောကြောင့် နတ်သမီးတို့ကိုမြင်တဲ့အခါ သူရဲတစ္ဆေပမာ ကြောက်လန့်၍ အမယ်လေး အမယ်လေးဟုအော်ကာ ကဆုံခုံပြေးသွားလျက် ဗာရာဏသီပြည်သို့ ပြန်ရောက်သည့်အခါ ဘုရင်မင်းမြတ်အား အကျိုးအကြောင်းသံတော်ဦးတင်လေ၏။

## ဗာရာဏသီမင်း သရက်ဥယျာဉ်သို့သွားခန်း

ဗာရာဏသီမင်းသည် မုဆိုးသံတော်ဦးတင်ချက်အရ ပြိတ္တာမတို့ကိုလည်း တွေ့မြင်လို နတ်သရက်သီးကိုလည်း စားလိုသော စိတ်ဆန္ဒပြင်းစွာဖြစ်၍ တိုင်းပြည်တာဝန်ကို အမတ်ကြီးတို့အား လွှဲပြောင်းကာ ပေးအပ်ပြီး တောလိုက်မုဆိုး အသွင်အပြင်ဖြင့် ဖွဲ့အပ်သော လေးများ တောက်ရှိသည်ဖြစ်၍ သံလျက်လွယ်ကာ နှစ်ယောက် သုံးယောက်သော မင်းချင်းယောကျ်ားခြံရံလျက် မုဆိုးသည် ညွှန်ပြအပ်သော ခရီးဖြင့်သွားလေရာ နှစ်ယူဇနာ သုံးယူဇနာအတွင်းအရပ်၌မင်းချင်းယောကျ်ားတို့ကို တထောင်စီ တထောင်စီထားခဲ့၍ တောမုဆိုးကိုသာ ခေါ်လျက်အစဉ်သဖြင့် သွားလေရာ သရက်တောအနီးရောက်သောအခါ မုဆိုးကို ပြန်လွှတ်၍ မိမိတယောက်တည်းသွားရာ နေထွက်လာသော အခါ သရက်တောဥယျာဉ်သို့ဝင်လေပြီ။

## ပြိတ္တာမတို့ မင်းအားခရီးဦးကြိုဆိုပုံ

ယောကျ်ားဆာနေသော ပြိတ္တာမတို့သည် အသစ်ဖြစ်ပေါ်လာသော နတ်သားကဲ့သို့ ထိုဗာရာဏသီမင်းကို မြင်သည့်အခါ ဖြေးဖြေးသာသာ ခရီးဦးကြိုဆိုလျက် ဘုရင်မင်းမြတ်မှန်းသိသဖြင့် လွန်စွာချစ်ခင်မြတ်နိုးသော စိတ်ရှိကြကုန်သည်ဖြစ်၍ ဘုရင်မင်းမြတ်အား ရှိသေစွာ ရေချိုးပေးပြီးလျှင် နတ်ဝတ်တန်ဆာပန်းအမွှေးနံ့သာတို့ဖြင့် တင့်တင့်တယ်တယ် တန်ဆာဆင်ယင်ပြီး ဗိမာန်ခပေါ်သို့ပင့်ဆောင်တင်၍ အထူးထူးမြတ်သော အရသာရှိသော ဘောဇဉ်ကို ကျွေးမွေးလျက် ထိုမင်းအလိုကျဆည်းကပ်ခယယ လုပ်ကျွေးကြ၏။

## ပြိတ္တာမ ခွေးစားခံရပုံနှင့် တဖန်ပြန်ဖြစ်ပုံ

ထိုဗိမာန်၌ အနှစ်တရာ့ငါးဆယ် ၁၅၀ လွန်ခဲ့သည်ရှိသော် ဘုရင်မင်းမြတ်သည် တခုသော ညသန်းခေါင်အခါမှာ ထ၍ ထိုင်နေစဉ် ဇနီးသည် ပြိတ္တာမ ရေကန်ကမ်းပါးသို့ သွားတာမြင်၍ ဤနတ်သမီးအချိန်အခါမဲ့၌ ဘယ်သို့သွား သနည်း ဟု နောက်ရောင်ခံ စုံစမ်းရန် လိုက်သွားလေပြီ။

ရေကန်ကမ်းဘေး ရောက်သောအခါ ခါးစောင်းလောတ်မှ ခွေးနက်ကြီး ထွက်လာပြီး ထိုပြိတ္တာမကို အရိုးသာကြွင်းအောင် စားပြီး အရိုးတွေကို ရေကန်တွင်းပြစ်ချလိုက်ပြီး ခွေးနက်ကြီး

ပျောက်ကွယ် သွား၏။ ထို နတ်သမီးကို စားတာ မြင်ရ၍ ဤအကြောင်းကား အဘယ်နည်းဟု မသိသည်ဖြစ်၍ တရက်နှစ်ရက်စုံစမ်းပြီးသည့်နောက် ဤခွေးနက်ကြီးကား ငါ့ဇနီးသည် နတ်သမီး၏ ရန်သူဖြစ်လတံ့ဟုဆုံးဖြတ်လျက် ထက်အောင်သွေးထားသော မျှားဖြင့်ပြစ်ခါ ခွေးနက်ကြီးသေစေပြီးသည့်နောက် မိမိဇနီးသည်နတ်သမီးကိုထောင်းထုပြီး ကန်တွင်းပြစ်ချ ရှေးကံအတိုင်း ရုပ်အသွင်ပြန်ဖြစ်လာလေ၏။ မင်းကအကြောင်းအကျိုးစုံမေးမြန်း ပြောမှ- နတ်သမီးလည်း မိမိပြုခဲ့သမျှ အကုသိုလ်ကုသိုလ်ခံရကြောင်း စံရကြောင်း ပြောပြပြီးသည့်နောက် ယခုအခါ အကုသိုလ်ကံကုန်ခန်းပါပြီ၊ နောက်တဖန် ဤလို မခံရတော့ကြောင်း သင်ဘုရင်မင်းမြတ်သည် ဤနေရာ၌ ဖျော်ဖျော်ပိုက်ပိုက် နေဘို့ရန်အကြောင်း အကြိမ်ကြိမ်အခါခါ သံတော်ဦးတင် တောင်းပန်လေသည်။

## မင်းသံဝေဂဖြစ်ပုံ

ဘုရင်မင်းမြတ်မှာ သံဝေဂဉာဏ်ထိတ်လန့်လာ၍ ဒါန သီလဘာဝနာကုသိုလ်သာလျှင် အားကိုးရာရှိသဖြင့် ဤနေရာ၌နေလို့မဖြစ်ပေ မိမိဗာရာဏသီပြည်သို့သာသွား၍ကုသိုလ်ပြုကာနေမည့်အကြောင်း တောင်းပန်ပြော၍ သင်နတ်သမီးတို့လည်း မမေ့မလျော့ နေကြဟု တိုက်တွန်း၏။ ထိုဝိမာဏ နတ်သမီးသည် များစွာသော မြတ်သောသူတို့အားသာ ထိုက်တန်သော ရတနာတို့နှင့်တကွ ဘုရင်မင်းမြတ်ကို ဗာရာဏသီပြည်သို့ မိမိကိုယ်တိုင်

ဆောင်ယူ၍ ပြဿာဒ်ပေါ်တင်ထားပြီး အဖန်ဖန်ငိုကြွေးလျက် မိမိနေရာ ကဏ္ဏမုဏ္ဍအိုင်အနီး ဘုံဗိမာန်သို့ ပြန်လာကာနေရ၏။

ဗာရာဏသီဘုရင်မင်းမြတ်လည်း ဒါန, သီလ, ဘာဝနာတို့ကို ပြုကာ နတ်ရွာစံသည့်အခါ နတ်ပြည်လားလေသည်။ အရှင်မဟာမောဂ္ဂလာန်လည်း နတ်ပြည် ပြိတ္တာပြည် ဒေသစာရီလှည့်လည် သည့်အခါ ထိုဝေမာနိက ပြိတ္တာမနှင့်တွေ့၍ ပြုခဲ့တဲ့ ကံ အကြောင်းတရားများ မေးမြန်းပြီး လူ့ပြည်မှာ ဖေါက်သည် ချကာ ဟောပြောလေသည်။ (ပေဘာ ထ္ထုအဋ္ဌကထာ-၂ဉဇ္ဇရိဝဂ္ဂ ၁၂ ကဏ္ဏမုဏ္ဍ ပေတိ ဝတ္ထုဝဏ္ဏနာ ၁-၂)။

## ဤသည်ကား ကဏ္ဏမုဏ္ဍ အိုင်အကြောင်းပြီး၏။

## ၃ ရထကာရအိုင်အကြောင်း

ရထကာရအိုင်သည် အလျား၊ အနံ၊ အစောက် ယူဇနာ ငါးဆယ်(၅၀)အဝန်းယူဇနာတရာ့ငါးဆယ်(၁၅၀)သို့မဟုတ် ၂၀၀-နှစ်ရာရှိ၏။ ဤရထကာရအိုင်ဘေး၌စည်းစိမ်ခံစားရသော ပြိတ္တာမတို့သည် ဘုံဗိမာန်ဓပေါက်၍ စည်းစိမ်ခံစားနေကုန်ကြ၏။

(က) ဆိုပြိတ္တာမတို့၏အဆင်းကား ဦးသစ်စ သိင်္ဂီရွှေနှင့်တူ သော အဆင်းရှိ၏၊ တင့်တယ်၏၊ ရှုချင်ဘွယ်ရှိ၏၊ လှပ၏၊ ဆန်းကြယ်သော နတ်ဘန်းဆာနှင့်တူသော တန်းဆာတို့ဖြင့် ဆင်ယင်ထား၏၊ (ခ) ဘုံဗိမာန်သည် (ဂ) ကြောင်မျက်ရှင် တို့ဖြင့်စီချယ်ထားသော တိုင်ရှိသည်ဖြစ်၍ နှစ်သက်စဘွယ် ပြုံ ပြိုး ပျက်ပျက် အရောင်အဆင်းရှိသော အချိုးချိုးသောရတနာ တို့ဖြင့် ဆန်းကြယ်သော ဘုံဗိမာန်ပေါက်နေ၏။

## ဝတ္ထုကြောင်းကား

ကဿပဘုရားလက်ထက်စဉ်အခါ သီလရှိ အကျင့်ကောင်း ကလျာဏ မိတ္တတို့နှင့်ပြည့်စုံသည့် ဥပသိကာမတယောက်သည် ဖြစ်၍ ကဿပဘုရား သာသနာတော်၌ အလွန်ကြည်ညိုသော ကြောင့် ကောင်းစွာစီစဉ်အပ်သည့် ဆန်းကြယ်သော နံရံ တံတိုင်း စောင်းတန်း မြေအပြင်တို့ဖြင့် တင့်တယ်ရှုချင်ဘွယ် ရှိသော ကျောင်းထဆောင်ကိုဆောက်လုပ်၍ ရဟန်းတော်များအား ပင့် လျှက် ကျောင်းပေါ်၌ဆွမ်းကျွေးပြီး သံဃာတော်များအား ကျောင်းကို ရေစက်ချလှူ၏။

ထိုဥပါသိကာမသည် ကွယ်လွန်သောအခါ တပါးသော မကောင်းမှုကံ၏ အစွမ်းအားဖြင့် ပ်ဳမဝန္တာတောင်၏ အနီး တောတွင်း အရံ ရထကာရအိုင်ကိုမှီ၍ ဝေမာဏိက ပြိတ္တာမ ဖြစ်လာ၏။ ထိုရထကာရအိုင်၏ အလျား,အနံကားယူဇနာ (၅၀) စီ၊ အဝန်းယူဇနာကား (၁၅၀) သို့မဟုတ် (၂၀၀) ရှိ၏။

ဗာရာဏသီပြည်သား လုလင်ပျိုတဦးသည် ဂင်္ဂါမြစ်၌ ပြိတ္တာမ တို့သည် ပြစ်ချအပ်သောနတ်သရက်သီးကိုရ၍ စားသုံးသောအခါ အရသာ၌ တပ်စွဲ၏။ ထိုလုလင်သည် အရသာ၌တပ်စွဲ၍ ဂင်္ဂါမြစ် အထက်သို့ဆန်တက်ကာ သရက်တောဥယျာဉ်ကိုရှာရာ နတ်သရက် တောနှင့် ဝေမာဏိကပြိတ္တာမကိုတွေ့မြင်၏။ ထိုပြိတ္တာမသည် ထိုလုလင်ကိုမိမိ၏နေရာဗိမာန်သို့ခေါ်ဆောင်၍ စကားနှီးနှော ပြောဆိုကြ၏။

ထိုအခါလုလင်မေး။ (က) ။ သင်၏အဆင်းကား ဦးသစ်စသိဂ်ိမ ရွှေနှင့်တူသောအဆင်းရှိ၍ တင့်တယ်၏၊ ရှုချင်စဖွယ်ရှိ၏

လှပ၏။ ဆန်းကြယ်သော နဲတ်တန်းဆာနှင့် တူသော တန်းဆာတို့ဖြင့် ဆင်ယင်ထား၏။

(ခ) ဘုံဗိမာန်သည်ကား ကြောင်မျက်ရွဲတို့ဖြင့် စီချယ်ထားသော တိုင်ရှိသည်ဖြစ်၍၊ နှစ်သက်စဘွယ် ပြိုးပြိုးပျက်ပျက် အရောင်အဆင်းရှိသော အမျိုးမျိုးသောရတနာတို့ဖြင့် ဆန်းကြယ်သော ဘုံဗိမာန်ရှိ၏။

(ဂ) ယင်း ဘုံဗိမာန်အလယ်၌ ဆန်းကြယ်သော ပလ္လင်ရှိ၏၊ နတ်သမီးသည် ထိုပလ္လင်ထက်၌ တင့်တင့်တယ်တယ် စမ့်ယ်ကာနေ၏။

(ဃ) ဤဘုံဗိမာန်အနီး၌ အမျိုးမျိုးသော ရတနာတို့ဖြင့် ပြီးသည်ဖြစ်၍ အလွန်အကဲမြတ်သော ထက်ဝန်းကျင်မှ ကြည်ညိုဘွယ်ကို ဖြစ်စေလျက်၊ နှလုံးမွေ့လျော်စေနိုင်သော နန္ဒဝန်ဉယျာဉ်နှင့်တူသော ဉယျာဉ်တွင်း၌ ကြာအမျိုးမျိုးတို့နှင့် ပြည့်စုံသော ရေကန်တည်ရှိ၏။ ရွှေမှုံ သဲမှုံ တို့ဖြင့် ထက်ဝန်းကျင် ပြိုးပြိုးပျက်ပျက်လက်အောင် ခင်းထားအပ်၏၊ ရှုချင်စဘွယ် လှပတင့်တယ်၍၊ နှလုံးကို ပွားစေတတ်ကုန်သော ဟင်္သာတို့သည် ရေကန်ကြီး၌လှည့်လည်လျက် ကျက်စား မြူးတူးကြကုန်၏၊ နတ်စည်ကဲ့သို့သောအသံကို ကျူးရင့်ကြကုန်၏။ ဤရေကန်တွင်း၌ နတ်သမီးတို့သည် ရွှေလှေဖြင့်မြူးတူးပျော်ပါးကစားကြကုန်၏၊ နတ်သမီးတို့သည် နန္ဒဝန်ဉယျာဉ်နှင့်တူသောဉယျာဉ်၌ မွေ့လျော်ပျော်ပါး ကစားကြကုန်၏။ ဤဉယျာဉ်အတွင်း၌ နဲတ်သရက်ပင်တို့ တည်ရှိကုန်၏။ ရှေးဘဝက် အဘယ်ကောင်းမှုပြုခဲ့မါသနည်း။

ပြိတ္တာမပြေ။ ။ ကဿပဘုရားရှင် လက်ထက်ကပြုခဲ့သော ဒါန သီလ, ဘာဝနာကောင်းမှုကြောင့် စံရကြောင်းေ ပြာကြား သည် ယင်းမှအတိတ်အကုသလဝိပါကအကုသလသန္တိရဏဖြင့် ပဋိသန္ဓေနေရသော်လည်း ရှေ့လူ့ဘဝကပြုထားသော ဒါန ကုသလကံ၊ သီလကုသလကံတို့၏ တန်ခိုးသတ္တိကြောင့် စာတု မဟာရာဇ် နတ်တို့ကဲ့သို့ခံစားရသည်။ (ပေတဝတ္ထုအဋ္ဌကထာ ၃ - စူဠဝဂ္ဂ ၃ - ရထကာရပေတဝတ္ထုဝဏ္ဏနာ–၁၇၂)

**ဝေမာဏိကပြိတ္တာမက လုလင်ပျိုအား တိုက်တွန်းပုံ**

အရှင်လုလင်ပျို၊ ဤကျွန်တော်မ၏ နတ်ဘုံဗိမာန်အရပ်၌ အကျိုးပေးသော ဒါန, သီလ, ဘာဝနာ, ကုသိုလ်ကောင်းမှုကိုပြု ပါလော့၊ ဤကျွန်တော်မနေရာအရပ်၌ နတ်ဖြစ်လာခြင်းငှာ စိတ် ၏ ညွတ်ယိမ်းကိုင်းရှိုင်းခြင်းသည် ဖြစ်ပါလော့၊ သင်လုလင်ပျို သည် ကျွန်တော်မနှင့်ပေါင်းမိခြင်းကို ရပါလိမ့်မည်ဟု ဤသို့တိုက် တွန်း၏။

**ထိုလုလင်ပျို၀န်ခံပုံ**

ထိုလုလင်ပျိုသည် ဝေမာဏိကပြိတ္တာမ၏စကားကို ကောင်း ပြီဟု၀န်ခံပြီး မိမိ၏နေရင်းနေရာ ဗာရာဏသီမြို့တော်သို့ပြန်လာ၍ ဝေမာဏိကပြိတ္တာမနှင့်ဘုံဗိမာန်ကိုရည်ရွယ်မှန်းထား၍ ကုသိုလ် ကောင်းမှုပြုသဖြင့် စုတေခဲ့သည်ရှိသော် ထိုဝေမာဏိကပြိတ္တာမ ၏ အပေါ်သဟဲ အရှင်လင်ယောကျာ်း နတ်သားဖြစ်၏။ (ပေတဝတ္ထု အဋ္ဌကထာ - ၃စူဠဝဂ္ဂ - ၃ - ရထကာရ ပေတဝတ္ထု ဝဏ္ဏနာ–၁၇၂)။

**ဤသည်ကား ရထကာရအိုင် အကြောင်းပြီး၏။**

## ၄။ ဆဒ္ဒန္တအိုင်အကြောင်း

ဆဒ္ဒန္တအိုင်သည် အလျား အနံအစောက် အဝိုင်းအဝန်း အားဖြင့် ရှေးအနေ့ာတတ္တအိုင်နှင့်တူ၏

## ရေအကြောင်း

ဆဒ္ဒန္တအိုင်အလယ်၌ ၁၂ ယူဇနာ့ရှိသောအရပ်၌ မှော်သေး မှော်ညင်း မရှိပတ္တမြားတုံးဆောင်းရှိသော့ရေရှိ၏

## ပထမကြာတော ၇ မျိုး

၁။ သုဒ္ဓကလ္လဟာရဝန တယူဇနာ ရှိသော စင်ကြယ် သောကြာသိမ်တော။ ၂ သုဒ္ဓနီလုပ္ပလဝန တယူဇနာရှိသော စင်ကြယ်ကြာညိုတော။ ၃ရတ္တုပ္ပလဝန ကြာနီတော။ ၄ သေထုပ္ပ လဝနကြာဖြူတော။ ၅ ရတ္တပဒုမဝန ပဒုမ္မာကြာနီတော။ ၆သေတပဒုမဝန ပဒုမ္မာကြာဖြူတော။ ၇ ကုမုဒဝန ကုမုဒြာ ကြာတော

## ၎င်းကြာတော၇မျိုးကိုဝင်ရံနေ့သော ၁၀မျိုး

၁ ဝေါမိဿကဝန ကြာ့အမျိုးမျိုး ရောနှော့နေသော့ တော့။ ၂ ထို့နော့က်ဆင်တို့၏ခါး ပမာ့ဏရှိသော ရေအရပ် ၌ ရတ္တသာ့လိဝန သလေးနီတော့။ ၃ နီလဝန ညိုသော့ တော။ ၄ ပီတဝန ဝါရွှေသော့တော။ ၅ လော့ဟိတဝန နီမြန်းသော့တော့။ ၆ ဩဒါတဝန ဖြူဖွေး သော့တော့။ ၇ သုရကဝန မွှေးကြိုင်သော့တော။ ၈ သုခုမဝနသိမ်မွေ့ နူးညံ့သော့တော့။ ၉ ကုသုမဝန ပန်းပွင့်တော့။ ၁၀ ခုဒ္ဒကဂစ္ဆဝန သေးငယသော့ချုံရှိသော့တော။

## တတိယအသီး တောအမျိုးမျိုး

၁ ခုဒ္ဒရာဇမာသဝနာ ပုံ့ဖြူလေး တော။ ၂ မဟာရာဇမာသဝန ပုံ့ကြီးတော။ ၃ မုဂ္ဂဝနပုံ့နှောက်တော။ ၄ တိပုသဝန သခွါးဆင်တော။ ၅ ဠေဝါလုကဝန် သခွါး ပြုတ်တော့။ ၆ အလာဗုဝန်ဗူးတော။ ၇ ကုမ္ဘဏ္ဍဝန် ဖရုံတော

၈ ဝလ္လိဝန အနွယ်တော ၉ ဥစ္ဆုဝန ထမ်းပင်လုံး ပမာဏရှိ သောကြံတော ၁၀ ကဒလိဝန ဆင်နှာမောင်း ပမာဏရှိသော ငှက်ပျောတော ၁၁ သာလဝန အင်ကြင်းတော ၁၂ ပနသဝန အိုးစရည်း ပမာဏရှိသော ပိန္နဲတော ၁၃ အမ္ဗဝန ချိုမြိန်သောအသီးရှိသော သရက်တော ၁၄ စိဉ္စဝနမကြီးတော ၁၅ ကပိဋ္ဌဝန သီးတော ၁၆ မဟာဝန် သစ်ပင်အမျိုးမျိုး ရောသော တောအုပ်ကြီး ၁၇ ဝေဏုဝန ဝါးတော

### ဝါးတောကိုခြံရံသောတောင် ၇ လုံး

၁ စူဠကာဠတောင်။ ၂ မဟာကာဠတောင်။ ၃ ဥဒကပဿတောင်။ ၄ စန္ဒိမပဿတောင်။ ၅ သူရိယပဿတောင်။ ၆ မဏိပဿတောင်။ ၇ သုဝဏ္ဏပဿတောင်အားဖြင့် ၇လုံးတို့တည်း။

ထိုတောင်၇လုံးတို့တွင် အတွင်း ထပ်အကျဆုံး သတ္တမရွှေ တောင်သည် အမြင့်၇ယူဇနာရှိ၍ ဆဒ္ဒန္တအိုင်ကိုရစ်ပတ်ဝင်းရံ လျက် သပိတ်နံခမ်း ရေးကဲ့သို့တည်၏၊ ထိုရွှေတောင်၏ အတွင်း၌ဖြစ်သော နံဘေးက ရွှေအဆင်းရှိ၏။ ထိုရွှေတောင်မှ ထွက်သော ရွှေရောင်ဖြင့် ဆဒ္ဒန္တအိုင်သည် တက်သစ်စ နေ လုလင်နှင့်တူ၏။

အပြင်ထပ်တောင်တို့၏ အနိမ့်ကမြင့်ကား သတ္တမ ရွှေတောင် ၏ အပြင်ဘက် ဆဋ္ဌမမဏိပဿတောင်သည် ၆ ယူဇနာ၊ ပဉ္စမ သူရိယပဿတောင်ကား ၅ ယူဇနာ၊ စတုတ္ထစန္ဒိမပဿတောင်က ၄ ယူဇနာ၊ တတိယဥဒကပဿတောင်က ၃ ယူဇနာ၊ ဒုတိယ မဟာကဋ္ဌတောင်က ၂ ယူဇနာ၊ ပဌမစူဠကာဠတောင်က ၁ ယူဇနာအားဖြင့် အစဉ်လိုက် နိမ့်သွားတော့၏။

## မဟာနိဂြောဓရုက္ခပညောင်ပင်ကြီး

ဤတောင် ၇ လုံးတို့ဖြင့် ခြံရံအပ်သော ထိုဆဒ္ဒန္တအိုင်၏ အရှေ့မြောက်ထောင့် ရေလေညှင်းတိုက်ခက်ရာ အရပ်၌ မဟာနိ ဂြောဓရုက္ခပညောင့်ပင်ကြီးသည် စည်ပင်စွာပေါက်ရောက်ခနေ၏၊ ထိုပညောင်ပင်ကြီးသည် ပင်စည်လုံးပတ် ၅ ယူဇနာ၊ အမြင့် ယူဇနာ၊ အရပ်လေးမျက်နှာတို့၌ ၆ ယူဇနာစီရှိသောခက်မလေး ဖြာ၊ အထက်သို့တက်သော အခက်များ ၆ ယူဇနာ၊ အခက်တို့၏ ဤမှာဘက်စွန်းမှ ထိုမှာဘက်စွန်းအထိ ၁၂ ယူဇနာ၊ မြစ်ပျဉ်း

ရှစ်ထောင်တို့ဖြင့် တန်းဆာဆင်အပ်သော ပတ္တမြား တောင်ကတုံးကဲ့သို့ တင့်တယ်စမွယ်လျက်တည်၏။

ကဥ္စနဂုဟာ ရွှေဂူ
ဆဒ္ဒန္တအိုင်၏ အနောက်အရပ် ရွှေတောင်၌
၁၂ယူဇနာရှိသော ရွှေဂူမ်၏
ဆင်မင်းနေရာအရပ်

ဆဒ္ဒန္တဆင်မင်းသည်မိုးဥတု မိုးကာလနှင့်ဆောင်းဥတုဆောင်းကာလတို့၌ ဆင်ပေါင်း ရှစ်ထောင်ခြံရံပြီး ရွှေဂူ၌နေ၏။ နေပူပြင်းသော နွေဥတု၌ ရေလေညှင်းခံလျက် ပညောင်ပင်ရင်းမြစ်ပြင်းကြား၌ နေ၏။ (ဇာတကအဌကထာ ပဥ္စမတွဲ ၁၆တိံသနိပါတ ၄ ဆဒ္ဒန္တဇာတကဝဏ္ဏနာ ၃၇ နှင့် သာရတ္ထဒီပနီဋီကာ ပထမတွဲ ဝေရဉ္စကဏ္ဍဝဏ္ဏနာ ၂၅၇)။

ဤသည်ကားဆဒ္ဒန္တအိုင်အကြောင်းပြီး၏။

၅- ကုဏာလအိုင်အကြောင်း
ကုဏာလအိုင်အနီး တောအုပ်အကြောင်း

ကုဏာလအိုင်သည် အလျား အနံ ယူဇနာ ၅ ဆယ် ရှိ၏။

၄င်းအိုင်၏အနီး သစ်မြစ် သစ်ခေါက် သစ်ရွက် အပွင့် စသော အလုံးစုံသော ဆေးဩဇာကိုဆောင်သော မြေအပြင်နှင့်ပြည့်စုံသော တမျိုးမက အသီးအကျိုးငှာဖြစ်ပေါ်သော အပွင့် ပန်ဆင်ရန် ပန်းတို့ဖြင့် ရောပြွမ်းနေသော ဆင်၊ နွား၊ ကျွဲ၊ ရူရူ၊ ရွှေသမင်၊ စမရ စာမရီသား၊ ပသဒ ချေ ခဂ္ဂ ကြံ့၊ ဂေါကဏ္ဏ စိုင်၊ ခြသေ့၊ ကျား၊ ကျားသစ်၊ ဝံ၊ ကောက သစ်ကြုတ်၊ ဝံပုလွေ၊ အောင်း၊ ဥဒ္ဒါရ၊ ဖျံ ကဒလိမိဂ ဝံပိုင့် ဗိဠာရ ကြောင်ကြီး သသ ယုံ ကဏ္ဏိက ဒရယ် တို့ဖြင့် လှည့်လည်ကျက်စားသွားလာ ခိုအောင်း ရောပြွမ်းနေသော ဆင်ငယ်လေးအပေါင်း ဆင်ကြီးအပေါင်းတို့ ကျက်စားခြင်း အစရှိသောအားဖြင့် ဆယ်မျိုးသော ဆင်ထီးတို့နှင့် ဆင်မအပေါင်းတို့ကို လွှမ်းမိုးအုပ်စိုးနေ၏။

ဏ္ဍီမိဂ ခြသေ့နက် သာခမိဂ မျောက်(ရှဉ့်) သရဘမိဂ သမင်ဆီးဆောက် ဧဏိမိဂ ဧဏိသားကောင် (တောဆိတ်နက်) ဝါတမိဂ သမင်ပုံ့ ပသဒမိဂ ဆန်းကြယ်သောချေ ပုရိသာလု မြင်းမျက်နှာနှင့်တူသော မြေဘုတ် ဘီလူးမ ကိမ္ပုရိသ ဒေဝ ကိန္နရ (နတ်ကိန္နရာ) စန္ဒကိန္နရာ ဒုမကိန္နရာ (သစ်ပင်ကိန္နရာ) ဒဏ္ဍမာဏဝက လူ့မျက်နှာနှင့်တူ၍ ရွှေတောင်ဝှေးကိုင်ထောက်သွားတတ်သော ကိန္နရာငှက် ကောန္တိကသကုဏ ကဏ္ဏပါဝုရဏ အထောင့်အနားတို့၌ ချုံထည်ချုံကာ လှန်တန် ထောက်သွားတတ်သော ကိန္နရာငှက်မျိုး စသည်တို့ဖြင့် ရောပြွမ်းနေ၏။

အမဇ္ဇဝ မကုလဓရ ပန်းငုံ ပဥ္စရိဓရ ပန်းတန်တို့နှင့်၎င်း၊ ပဟာဠပုပ္ဖဖုသိတဂ္ဂ ရှင်ရှင်လန်းလန်း ကောင်းစွာ ပွင့် သော တွေ့ထိသောအဖျားရှိကုန်သော အနေက ပါဒပ ဂဏ ဝိတတ များစွာသစ်ပင်အပေါင်းတို့ဖြင့်၎င်း ရောပြွမ်းနေ၏။

ကုံရရ ဝန်လိုင့်ကျ၊ စကောရ စင်ရော်၊ ဝါရဏ ငှက်ဆင် မယူရ ဥဒေါင်း၊ ပရဘတ ဥဩ၊ ဇီဝဥ္စီဝက ဇီဝဇိုပ်ငှက် စေလာဝက ထီးလိုင်ကာငှက် ဘိင်္ကာရ ဘိင်္ကရာဇ်ငှက်၊ ကရဝိက မက္က အသံဖြင့်ယစ်ကြူးတတ်သောကရဝိတ်ငှက် ဝိဟင်္ဂဂဏ ငှက် အပေါင်းတို့၏ သတတ အမြဲမပြတ် သမ္ဗဿုဌ ကောင်းစွာတွန်မြူး နေ၏။

အဥ္စနမျက်စဉ်း မနောသိလာ မြင်းသိလာ ကြောက်သလင်း ဟရိတာလဆေးဒန်း ဟင်္ဂုလက ဟင်္သပတား၊ ဟေမ ရွှေ၊ ရဇတ ငွေ၊ ကနက အနေက ဓာတု သတတ ဝိနဒ္ဓ ပဋိမဏ္ဍိတ ခြေနှစ် ချောင်း ခြေလေးချောင်း သားငှက်အသီးသီးသော သီးပင် ပွင့်ပင်တို့ဖြင့် ချယ်လယ်အပ်သည်ဖြစ်၍ ရွှေငွေစသော တရာမက များစွာသော ဓာတ်တို့ဖြင့် မြေးယှက် တန်းဆာဆင်အပ်သော တောအုပ်၌ အလွန်အကဲ ဆန်းကြယ်သော အတောင် တို့ဖြင့် ဖုံးလွှမ်းအပ်သော ကုဏာလ ငှက်မင်းသည် စံနေတော်မူ၏။

ထိုဘုရားအလောင်း ကုဏာလငှက်မင်းကို သုံးထောင်ငါးရာ သော ဥဩအမျိုး မင်းသမီးတို့သည် ခြံရံလုပ်ကြွေး ကုန်၏။

အကျယ်လိုလျှင် ဇာတက အဋ္ဌကဋ္ဌာ ပဥ္စမတွဲ ၂၁- အသီတိ နိပါတ ၄- ကုဏာလဇာတက ဝဏ္ဏနာ ၄၄၅-၌ ကြည့်ရှုကြ ပါကုန်။

## ပုဏ္ဏမုခ အမည်ရှိသော ဖုဿ ဥယျာဉ်အကြောင်း

ရုရဝက ကုရဝကမည်သော သစ်ပင်၊ မုစလိန္ဒ ကျည်းပင်၊ ကေတက ဆတ်သွားပင်၊ ဝေဒိသမည်သောသစ်ပင်၊ ဝဉ္စုလ ရင်းရဲပင်(သော်ကပင်)၊ ပုန္နာဂ ပုန်းညက်ပင်၊ ဗကုလ ချင်းရား ပင်၊ တိလက ပြည်စင်ပင်၊ ဝိယကမအူပင်၊ ဟာသန ပိတောက် ပင်၊ သာလ အင်ကြင်းပင်၊ သဠလ ထင်းရှုးပင်၊ စမ္ပက စကားပင် (စကားဝါပင်) (စကားဖြူပင်)၊ အသောက ပန်းသည်းပင်၊ နာဂရုက္ခ ကန့်ကော်ပင်၊ တိရိဋိ တိရိဋိမည်သော သစ်ပင်၊ ဘုဇပတ္တ ဘုဇပတ်ပင်(ဇမ္ဗူပင်)၊လောဒ္ဒတောက်ရပ်ပင်၊ ဆန္ဒန အလွန်မွှေးကြိုင်သော စန္ဒကူးနီပင်တို့၏ အပေါင်းနှင့် ပြည့်စုံသောဘော-ကာဠာဂရုကြစုပင် အကျော်နက်ပင် ပဒ္ဓက ကြက်မောက်ပင်၊ ဝိယင်္ဂု ဥပသကာပင်၊ ရှိရှားပင်၊ ဆပ်စပါး ပင်၊ ပိတ်ချင်းပင်၊ ဒေဝဒါရုက နတ်ထင်းရှုးပင်၊ စောစဂပါဏ ငှက်ပျောပင်တို့ဖြင့်ပြည့်စုံသောတော ကကုဓ ရေခံယက်ပင်၊ ကုဋဇ လက်တုတ်ကြီးပင်၊ အင်္ကောလ မှန်ကုပင်၊ ကစ္စိကာရ စွန်လက်သည်းပင်၊ ကဏိကာရ မဟာလှေကားပင်၊ ကဏ္ဏိကာရ ကုလားဇလပ်ပင်၊ ကနဝီရ (ကရဝီရ၊ ကနဝေရ)နွယ်သာကီပင် ကောရဏ်က လိပ်ဆူးရွေပင်၊ ကောဝိဠာရ ပင်လယ်ကသစ်ပင်၊

ကိံသုက ပေါက်ပင်၊ ယောဓိကာ စမွယ်ပွင်၊ ဝနမလ္လိကာ ဘဏ္ဍိ ဇီဇဝါပင်၊ သုရူစိရဘင်္ဂိနီ မလာ မလိုရေ အလွန်နှစ်သက်ဖွယ်ကောင်းကုန်သော ဘင်္ဂနီအမည်ရှိသော သစ်ပင်တို့၏ အပွင့်တို့ဖြင့် ပန်းနွယ် ပန်းကုံး သဏ္ဍာန်ဆောင်သောခတာ၊ ဇာတိသုမန မြတ်လေးပဒေးပင်၊ မဓုဂန္ဓိက ပျားနံ့သော သင်းခွေပင်၊ ဓနုဆူးကျင့်ပင် (ကွမ်းပင်)၊ တက္ကာရိ ရာသကျည်းပင် (ရေသကျည်းပင်-ဆူးခေါက်နက်ပင်)၊ တာလီသ ပစ္စည်းပင် (ပန်းညိုပင်)၊ တဂရ ဘောင်ဇလပ်ပင်၊ မုသီရ ပန်းရင်းပင်၊ ကောဋကစ္ဆဝိ တတ ပန်းပင်အမျိုးမျိုးတို့ဖြင့် ရောပြွမ်းပြန့်နှံ့သော မြစ်ချိုင့်ဝှမ်း ဘောချိုင့်ဝှမ်း။ အတိမုတ္တက သံကုသုမိတလတာ ဝိတတ မဏ္ဍိမဏ္ဍိတ ပဒေသာ ပန်းအပွင့်ကို တောင်သော စစ်ကြီး နွယ်တို့ဖြင့် ရောပြွမ်းသည့်ဖြစ်၍ တန်းဆာဆင်အပ်သော တောအရိပ်-

ဟံသ ဟသ်ာ၊ ပိလဝ ငှက်ဘီလူး၊ ကာဒမ္ဗ မီးတုတ်၊ ကာရဏ္ဍဝါဘိနဒိတ ဝမ်းဘဲပျံတို့သည် ကြူးရင့် မြည်တွန်အပ်သောတော-

ဝိဇ္ဇာဓရေ သိဒ္ဓိ သမဏ တာပသ ဂဏာဓိဝုဋ္ဌ ဝိဇ္ဇာဓိုရ် ဝိဇ္ဇာဓရေ အတတ်ပြီးကုန်သော ရဟန်း ရသေ့ အပေါင်းတို့သည် အုပ်စိုးနေအပ်သောတော

ဝရဒေဝ မြတ်သော အထက်နတ်-ယက္ခ ဘီလူး၊ ရက္ခသ ခေဘီလူး၊ ဒါနဝ ဒုနောနဘ်၊ ဂန္ဓဗ္ဗ ကချေသည် ကိန္နရ သုန္နရာ မဟောရဂ နဂါးတို့သည် အနုစိဏ္ဏပဒေသ မပြတ်မလဘ် လှည့်လည်ကျက်စားအပ်သော တောအချပ်-

ဤသို့မွှေ့လျော်ဘွယ်ရှိသော တောအုပ်၌ အလွန်သာယာချို မြိန့် သောအသံရှိ သည်ဖြစ်၍တင့်တယ်စမွယ်သောမျက်လုံး သူရာယစ်သောသူကဲ့သို့ နီမြန်း သော မျက်လုံးရှိသော မျက်နှာပြည့်ဖြိုးသောကြောင့် ပုဏ္ဏမုခအမည်ရှိသေ တပါး သော သူတို့ဖြင့် တွေ့ထွအပ် သောကြောင့် ဖုံသာဂုဏ်ထူးရသောဥ ဩမင်းသည်စံနေ၏။

ထိုဥဩငှက်မင်းကို သုံးထောင်ငါးရာသော ဥဩအမျိုးမင်း သမီးလေးတို့သည် ခြံရံ လုပ်ကျွေးကြကုန်၏။ အကျယ် လိုလျှင် ဇာတကအဋ္ဌကထာ ပဥ္စမတွဲ ၄၅၀-၄၅၁ မှာ ကြည့်ကြပါ ကုန်။

**မိန်းမများ၏မိမိယောကျ်ားအပေါ်ဖောက်ပြန်စွာကျင့်ကြပုံ။**

တနေ့သ၌ ပုဏ္ဏမုခ အမည် ရှိသော ဖုဿဥဩ မင်းသည် မကျန်းမမာခတ်ပျက်သောအခါ ၃၅၀- သော အ ခြံ အ ရံ ဥဩမိဖုရားတို့သည် မိမိတို့၏အရှင်သခင် ပုဏ္ဏမုခ ဥဩ မင်းကို အဖော်မထားဘဲ တယောက်တည်းစွန့်ပစ်ထားခဲ့ကြ၍ ကုဏာလ ဥဩမင်းထံသို့ သွားကြကုန်၏။

ကုဏာလဥဩမင်းမေး။ ။အယုတ်ကပာမဘွေ နင်တို့ပင် ဘယ်မှာသဲ။

ဥ သြ မ မျှား ဖြေ။ ။မကျန်းမမာ ဖြစ်နေပါတယ်၊ ဒီအနာရောဂါမှ ထမှာ မဟုတ်တော့ပါ။

ကုဏ္ဍာလ ဥသြမင်းမိန့်။ ။ဟဲ့အယုတ်မတွေ နင် တို့ ပျက်စီးစေ၊ ငါ့နွား မကပ်နဲ့ ဤသို့ ပြော ဆိုပြီး သူငယ်ချင်း ပုဏ္ဏမုခ ဥသြမင်း မမာတဲ့နေရာ သွား၍။

ကုဏ္ဍာ လ မေး။ ။အဆွေပုဏ္ဏမုခ သင့် အသက်ရှိ သေးရဲ့လား။

ပု ဏ္ဏ မုဲ ခ ဖြေ။ ။အဆွေ ကုဏ္ဍာလရယ်၊ ကျွန်ုပ် အသက်ရှိပါသေးတယ်။ ဤသို့ မေးမြန်းပြောဆိုပြီးသည့်နောက် သစ်သီးသစ်ရွက် ဆေးဘက်တို့ကို ရှာ၍တိုက်ကျွေးလေရာ တရက်နှစ်ရက်အတွင်း ရောဂါပျောက်ကင်းချမ်းသာသွားလေတော့၏။ ထိုအခါ အဆွေ၊ သင့်မိန်းမတွေနဲ့ သင်ပြန်နေပေတော့၊ ကျွန်ုပ်သွားတော့မည်ဟုပြော၏။

ပု ဏ္ဏ မုံ ခ ဖြေ။ ။ဒီကာမကြူးတဲ့ မိန်းမယုတ်တွေဖြင့် အလိုမရှိတော့ပါ။

## ကုဏာလညွှန်းက မိန်းမတွေဖောက်ပြန်ပုံနှင့်စပ်၍ တရားဟောပုံ။

ဟိမဝန္တာတော ဆေးဒန်းမြင်း သိလာကျောက်ဖျာ နေရာ၌ ထိုင်လျက်ာ ၁ ပုဏ္ဏမုခအမှုးရှိသော ညွှန်းပရိသတ်၊ ၂ ကာမာဝစရ နတ်ပြည်ခြောက်ထပ်ရှိနတ်ပရိသတ်၊ ၃ အာနန္ဒ အမည်ရှိသော ငှင်းတမင်းအမှုးပြုသော တသောင်းသော ငှင်းတ ပရိသတ်၊ ၄ ပဉ္စအဘိညာဏ်ရနာရဒရသေ့အမှုးရှိသည့် တ သောင်း သော ရသေ့ပရိသတ်၊ ၅ကြွင်းကျန်သောများစွာသော နဂါးပရိသတ်၊ ဂဠုန်ပရိသတ်၊ တိန္နရီပမိသတ်၊ ဝိဇ္ဇာဓရ ပရိသတ် စသည်တို့ စည်းဝေးကာ တရားနာလာသည်ဖြစ်၍ ဟိမဝန္တာ တောအုပ် ပြည့်လျှံထွက်သွားတော့၏။

ကုဏာလညွှန်းသည် ဇာတိဿရဉာဏ်ဖြင့် ၁-၁ ပဉ္စပဏ္ဍုရာဇပုတ္တဇာတ် (ဇာတက အဋ္ဌကထာ ပဉ္စမတွဲ ၄၅၇)။ ၂-၂ သစ္စ တပါဝီအမည်ရှိသော သေတသမဏီရဟန်းမဝတ္ထု (ငှင်း-၄၅၉)။ ၃-၃ကာကဝတီဇာတ်(ငှင်း-၄၆၀)။ ၄- ဗြဟ္မဒတ္တ ၄ဇာတ်(ငှင်း-၄၆၀)။၅-၅ကောသလရာဇ ဝတ္ထု (ငှင်း-၄၆၂) ဤဇာတ်ဝတ္ထု ၅-မျိုးကိုထုတ်၍ မိန်းမတို့၏ ဖောက်ပြန်သော

အကျင့်ရှိပုံ- ယုတ်မာပုံကို ဂါထာပေါင်းများစွာဖြင့် ဟောပြော၏။

ဟောပြောပြီးသည့်နောက် အာနန္ဒါအမည်ရှိသော ငှင်းတမင်းက ကုဏာလဥဩမင်း၏ အစအလယ်အဆုံး တရားများကို သိသည်ဖြစ်၍ ချီးမွမ်းခြင်း၊ နာရဒရသေ့ကချီးမွမ်းခြင်း၊ ဤသို့သစည်ဖြင့် တရားပွဲကို သိမ်းလိုက်တော့၏။ ဤကုဏာလဇာတ်တော်ကိုထောက်ဆ၍ မြတ်စွာဘုရားသည် မဟာသမယ သုတ်လာ သာကီဝင်မင်းသား ငါးရာတို့အား ဤကုဏာလ ဇာတ်တော်ကိုဟောတော်မူသဖြင့် ကိလေသာ ကုန်ခမ်း ရဟန္တာဖြစ်တော်မူကြပြီ။

ကျမ်းလေးမည်စိုး၍ အကျယ် မရေးပေ၊ အလို ရှိလျှင် ယင်းဇာတ်တော်များကို ကြည့်ပါလေ။

ဤကား ကုဏာလအိုင်အကြောင်း ပြီး၏။

## ၆။ မန္ဒာကိနီ ရေကန်အိုင်အကြောင်း

မန္ဒာကိနီအိုင်သည် ယူဇနာငါးဆယ်ကျယ်၏။ ထိုအိုင်၏ ၂၅ ယူဇနာရှိသောအရပ်၌ မှော်သေးမှော်ညှင်းမရှိ၊ ရေသည် ဖလ်ရောင်အဆင်းရှိ၏။ ထို ၂၅ ယူဇနာ၏အပြင်ဘက်အချပ် ဆင်ခါး

အရပ် ပမာဏရှိသော ရေ၌ ယူဇနာ၁၀က် အပြန့်ကျယ်သော ပဒုမ္မာကြာဖြူတောသည် ယူဇနာ၁၀ါးဆယ်ရှိသော မန္ဒာကိနီအိုင်ကို ခြံရံ၍တည်၏။

ထိုပဒုမ္မာကြာဖြူတော၏အခြားမဲ့၌ ကြီးသောပဒုမ္မာ ကြာနီတော၊ ထိုတော၏အခြားမဲ့၌ ကုမုဒကြာနီတော၊ ထိုတော၏ အခြားမဲ့၌ ကုမုဒ ကြာဖြူတော၊ ထို့နောက် ကြာညိုတော၊ ထို့နောက် ကြာနီတော၊ ထို့နောက်ကောင်းသောအနံ့ရှိသော နီမြန်းသော သလေးစပါးတော၊ ထို့နောက် ချိုသောအရသာရှိသည့် သခွါး ဘူး ဖရုံ စသော နွယ်သီးတောများ၊ ထို့နောက် ယူဇနာ ၀က်ကျယ်သော ကွမ်းသီးပင်ခန့် ရှိသော ကြံ တော၊ ထို့နောက် ငှက်ပျောတော၊ ထို့နောက် အိုးစရည်းလောက် အသီးရှိသော ပိန္နဲတော၊ ထို့နောက် သပြေတော၊ ထို့နောက် သရက်တော၊ ထို့နောက် သီးတောများ တထပ်ပြီး တထပ် ခြံရံလျက်ရှိ၏။

ထိုမန္ဒာကိနီအိုင်၌၎င်း၊ ထိုအိုင်ကမ်းပါး၌၎င်း ပေါက်ရောက်သော အပင်တို့၏ အသီးသည် မစားကောင်းသည်မရှိ အားလုံးစားကောင်းသည်ချည်းပင်။

## ပေါက္ခရမဓုကန်ရေချို

ပဒုမ္မာကြာပန်းပွင့်တို့၏ပွင့်ချိန်ဝယ် လေသည် ဝတ်မှုံလုံးကို ထစေ၍ ပဒုမ္မာကြာရွက်ပေါ် တည်စေ၏။ ထိုပဒုမ္မာကြာရွက်

ပေါ်၌ ရေပေါက်တို့သည် ကျလာကုန်၏။ ထို ကျ လာ သော ရေပေါက်ကို နေဖြင့်ချက်လိုက်သည်ရှိသော် ကျက်သောနို့ရည်ခဲ ကဲ့သို့တည်ငြီးနေ၏။ ထိုနို့ရည်ခဲသည် ကန်ရေချိုမည်၏။

## အရှင်ကောဏ္ဍညအား ဆင်များလုပ်ကျွေးပုံ

ထိုမန္ဒာကိနီအိုင်၌နေကြသော ဆင်ကြီးတို့သည် ထိုရေချိုကို ဒါမိတို့ကိုးကွယ်ဆည်းကပ် လုပ်ကျွေးနေသော အရှင်ကောဏ္ဍည မထေရ်အား ယူဆောင်လှူကြကုန်၏။ သည်မျှမကသေး ထွန်းဘုံး ဉ်းလောက်ရှိသော ကြာစွယ်ကိုရင်း၊ စည်ကြီးလောက်ရှိသော ကြာဆစ်တို့၌ ခြေတပ်ထားသော ကြာသွတ်အိုးလောက်ရှိသော နို့ရေကိုရင်း၊ ပျားသကာတို့ဖြင့် ရောစပ်ဖျော်အပ်သော ကြာရိုး တို့ကိုရင်း၊ ကြာရေကိုညှစ်ယူ၍ ရေအိုင်ထဲပြည့်အောင် ထည့်ပြီး နေဖြင့်ချက်အပ်သော နို့ကျောက်ဖြူဘုံးနှင့်တူသည့် ကြာသကာ ကိုရင်း ဆောင်၍လှူကြကုန်၏။

## အရှင်ကောဏ္ဍညအား နာဂဒတ္တနတ်သား လုပ်ကျွေးပုံ

ကေလာသတောင်၌ နာဂဒတ္တအမည်ရှိသော နတ်သားသည် ရံဖန်ရံခါ မိမိနေရာ ဘုံဗိမာန်သို့ကြွလာတော်မူသော အရှင် ကောဏ္ဍညထေရ်အား ထောပတ်သစ် ကန်ရေချိုခဲအမှုန့်တို့ဖြင့် ရောစပ်အပ်သော ရေမပါသော နို့ဂဏာကို သပိတ်ပြည့်အောင်

ကာပ်လျှ၏။ မထေရ်လည်း ယင်းနတ်သားလျှသော နို့ဂဏာကို ဘုဉ်းပေး၏။

## နာဂဒတ္တနတ်သား နို့ဂဏာ ဖြစ်ပေါ်ခြင်း အကြောင်း

ဝင်းနတ်သားသည် လူဖြစ်စဉ်အခါ ကဿပဘုရား ပွင့်တော်မူသောအခါ အနှစ် နှစ်သောင်းကာလပတ်လုံး ကောင်းသော အနံ့ရှိသော ထောပတ်ဖြင့် နွားနို့စာရေးတန်အလှူကို ပေးလှူခဲ့ဘူးသောကောင်းမှုကြောင့် ထိုနို့ဂဏာ ဘောဇဉ်သည် ဖြစ်ပေါ်လာ၏။

မှတ်ချက်။ ။အရှင် ကောဏ္ဍညထေရ် မန္ဒာကိနီ အိုင်ကြွလာခြင်း၏အကြောင်း၊ ဆင်ကြီးတွေက ပြုစုလုပ်ကျွေးသည့်အကြောင်း၊ ပရိနိဗ္ဗာန်စံခြင်း၏ အကြောင်းများ ကျယ်မည်စိုး၍ မရေးတော့ပေ။ အလိုရှိပါက သဂါထာဝဂ္ဂအဌကထာ ဂဝင်္ဂီသသံယုတ္တ ၉၊ ကောဏ္ဍညသုတ္တဝဏ္ဏနာ ၂၅၆–မှာ ကြည့်ကြပါလေ။ ထိုမန္ဒာကိနီအိုင်သည် ဆဒ္ဒန္တအိုင်လိုဆင်တို့၏ကျက်စားရာ အိုင်သာဖြစ်၏။ ။ဤကား မန္ဒာ ကိုနီ အိုင် အကြောင်းပြီး၏။

## ၇ သီဟပ္ပပါတအိုင်အကြောင်း

ရှင်အာနန္ဒာထေရ်အား ကောသလမင်းကြီးနှင့် မိဖုရားတို့က ပုဆိုးတထောင်လှူသည်။ ယင်းပုဆိုးတထောင်ကို မိမိအား

ကျေးဇူးပြုလုပ်ကျွေးသော ဝေယျာဝစ္စ ရဟန်းငယ်လေးအား ချီးမြှောက်ထောက်ပံ့ခြင်းကြောင့် အချို့တပည့် ရဟန်းတို့က ကဲ့ရဲ့ကြ၏။ ယင်းနှင့် စပ်လျဉ်း၍ ကျေးဇူးရှိသော ပုဂ္ဂိုလ်အား ချီးမြှောက်ထောက်ပံ့ရခြင်း၏ အကြောင်းနှင့်စပ်၍ ဘုရားရှင် ဟောတော်မူ၏။

## ဟောတော်မူပုံ

လွန်လေပြီးသောအခါ ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းနန်းစံစဉ် ဘုရားအလောင်းသည် ခြင်္သေ့မျိုး၌ ဖြစ်၍ ဟိမဝန္တာတော သီဟပပ္ပါတအိုင် ကမ်းဘေး တခုသောတောင်၏လိုဏ်ဂူ၌ နေ၏။ ထိုအိုင်ကမ်းစပ် မြင့်မောက်ရာ အရပ်၌ ညွန်ကြမ်းအထက်အထက် အပြင်မှာ နူးညံ့ချိုမြိန်သော နေဇာမြက်၊ ပဒေါ်မြက်လေးတို့သည် ပေါက်ကုန်၏။

ယုန်ငယ်လေးတို့နှင့်တကွ ပေါ့သောကိုယ်ရှိကုန်သော သမင် ဒရယ်၊ ဂျီငယ်စသည်တို့သည် ညွန်ထိပ်အပြင်၌ လှည့်လည်လျက် မြက်နုလေးတွေကိုစားနေကြကုန်၏။ တနေ့သ၌ ညွန်ထိပ်ပြင်ဝယ် မြက်နုလေးတွေကို လှည့်လည်စားနေသော သမင်တကောင်ကို မြင်၍ တောင်ထိပ်ဂူ၌နေသော ခြင်္သေ့မင်းသည် သမင်ကို ဖမ်းယူအံ့ဟု တောင်ထိပ်မှ ခြင်္သေ့အဟုန်ဖြင့် ခုန်ပျံကာ ပြေးဝင်လိုက်လေသည်။

သမင်ငယ်သည် သေဘေး ကြောက်ထိတ် လန့်သည် ဖြစ်၍ မြည်တွန်ကာ ပြေးလေပြီ။ ခြသေ့မင်းသည် အဟုန်ကို တန့်ရပ်ခြင်းငှာ မစွမ်းနိုင်သည်ဖြစ်၍ ညွန်၌ကျကာ နစ်မြုပ်လျက် ခြေလေးချောင်းမလှုပ်နိုင်အောင် ၇- ရက်လုံးလုံး အစာပြတ်လျက် ဒုက္ခရောက်နေ၏။

ခုနစ်ရက်မြောက်သောနေ့၌ မြေခွေးတကောင်သည် အစာရှာထွက်လာသောအခါ ညွန်တွင်း၌ နစ်မြုပ်နေသော ခြသေ့ကိုမြင်၍ ထွက်ပြေးလေသော် ခြသေ့က မိတ်ဆွေ မကြောက်ပါနဲ့ လာခဲ့ပါ၊ ကျွန်ုပ်ညွန်တွင်း၌ နစ်နေပါသည်။ ကျွန်ုပ်၏ အသက်ကိုကယ်ဆယ်ပါ၊ အတန်တန်တောင်းပန်၍ မြေခွေး ယုံကြည်အောင် ပဋိညာဉ်ပေးပြီးသည့်နောက် မြေခွေးသည် ခြသေ့မင်း၏ ခြေလေးဘက်တို့၏ထက်ဝန်းကျင်မှ ညွန်တွေ ယက်ထုတ်လျက် မြောင်းလေးသွယ်တူးကာ ရေသွန်းလိုက်၏။

ရေသွန်းပြီး ညွန်ကိုနူးညံ့ပျော်သွားအောင်လုပ်ပေး၏။ ညွန်နူးညံ့ ပျော်သွားအောင် လုပ်ပေးပြီး ထိုခဏ၌ မြေခွေးသည် ခြသေ့မင်း၏ရင်အုံအတွင်း မိမိခေါင်းသွင်းလျက် အရှင်ခြသေ့မင်း လူးလှုပ်ပါလေ့ဟု ညာသံပေးလျက် ခေါင်းဖြင့် ဝမ်းကိုမတင်မြောက်လိုက်၏။

ခြသေ့သည် အဟုန်ကိုဖြစ်စေလျက် ညွန်မှ ခုန်ပြန်တက်ခါ ကျည်းကုန်း၌တည်လေပြီ။ တမုဟုတ်ခန့်မျှ အပန်းဖြေနားနေပြီး

အိုင်တွင်းသို့ဆင်းခါ ပေနေသော ညွန်တွေဆေး ရေချိုးလျှက် ကိုယ်ပူအေးအောင်ပြုလုပ်ပြီး ကျွဲတကောင် ခုန်အုပ်သတ်လျှက် အစွယ်ဖြင့် အသားကောင်းတွေကို ထိုးနှုတ်ခွါပြီး ကျေးဇူးရှင် မြေခွေးအား မိတ်ဆွေစားပါဟု မြေခွေးရှေ့ ထားပြီးသည့် နောက် မိမိကိုယ်တိုင်လည်းစား၏။

ထို့နောက် ကျေးဇူးရှင် မြေခွေးဇနီးမောင်နှံကို မိမိတောင် ထိပ်သို့ခေါ်ယူခါ မိမိ၏လိုဏ်ဂူတံခါးအနီး တပါးသော လိုဏ်ဂူ တဂူ၌ နေစေလျက် အသက်ဆုံးသည့်တိုင် သားသမီးတွေမွေး မိတ်ဆွေကျေးဇူးမပျက်စေဘဲ အတူနေသွားကြသည်။

မှတ်ချက်။ ။ဤနေရာ၌ ဟိမဝန္တာတော သီဟပ္ပပါတဒဟ ဟု မပါသော်လည်း ဤဂုဏဇာတ်၌လာသော ခြင်္သေ့မင်းသည် အိုင်တွင်း ကျသွားသော ကြောင့်ထိုအိုင်ကို သီဟပ္ပပါတဒဟဟု ခေါ် တွင်သည်ဟု ယူဆရမည်။ (ဇာတကအဋ္ဌကထာ ဒုတိယ တွဲ ၂၊ ဒုကနိပါတ ၁၊ ဒဠှဝဂ္ဂ ၇၊ ဂုဏဇာတက ဝဏ္ဏနာ ၂၁)။

## တပါးသောသီဟ ကောဋ္ဌုဇာတ်

သီဟင်္ဂုလိ သီဟနခေါ၊ သီဟပါဒ ပတိဋ္ဌိတော။
သော သီဟော သီဟသံဃမှိ၊ ဧကော နဒိ အညထာ။

မြတ်စွာဘုရားသည် ဒေဝဒတ်၏ လက်ဝဲရံ ကောကာလိကနှင့်စပ်၍ ဟောတော်မူပုံ။

ငါဘုရားသည် လွန်လေပြီးသောအတိတ်က ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း နန်းစံတဲ့အခါ ဟိမဝန္တာတော အိုင်အရပ်၌ ခြင်္သေ့ဖြစ်၍ မြေခွေး မချောလေးတကောင်နှင့်ပေါင်းသင်းတဲ့ အခါ သားလေးတကောင် မွေးလာ၏။ ၎င်းသားလေးသည် သူ့အဖေခြင်္သေ့၏ လက်ချောင်း ခြေချောင်းနှင့်တူ၏။ ခြင်္သေ့ လက်သဲပုံပင်တည်း၊ ခြင်္သေ့၏ ရပ်ပုံပင်တည်း၊ လည်ဆံ လည်း ခြင်္သေ့၏ လည်ဆံ ပင်တည်း၊ သို့သော် ခြင်္သေ့ အပေါင်း၌ တကောင်တည်း ခြင်္သေ့မှတပါး တခြားသော မြေခွေးသံဖြင့် ဟောင်မြည်လေ၏။

## မှတ်ချက်

ဤဇာတ်၌ ခြင်္သေ့မင်းသည် ပောဝိ သတ္တော ဟိမဝန္တပဒေသေ သီဟော ဟုတွာဟုဆိုခြင်းကြောင့် ဟိမဝန္တာတော တခုသော အိုင်အရပ်ဟုယူ၍ ဂုဏဇာတ်လာ ခြင်္သေ့မင်း ကျနစ်သွားသောကြောင့် သီဟပ္ပပါတဒဟဟု အမည်တွင်လာသည်ဟု ယူဆရမည်။ (ဇာတက အဋ္ဌကထာ ဒုတိယတွဲ ၂၊ ဒုကနိပါတ၄။ အသဒိသဝဂ္ဂ ဂ။ သီဟကောဋ္ဌက ဇာတက ဝဏ္ဏနာ ၉၈)။ ဤကား သီဟပ္ပပါတ အိုင်အကြောင်းပြီး၏။

ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် အဆုံးအပိုင်းအခြား မရှိသော စကြာဝဠာတို့ကိုရင်း၊ အဆုံးအပိုင်းအခြား မရှိသော ကောင်းကင်တို့ကိုရင်း၊ အဆုံးအပိုင်းအခြားမရှိသော သတ္တနိကာယတို့ကိုရင်း၊ ဤသို့ ၃.ပါးသော အနန္တကို အပိုင်းအခြားမရှိသော ဗုဒ္ဓဉာဏ်တော်ဖြင့် သိတော်မူသောကြောင့် လောကဝိဒူ ဂုဏ်တော်ကြီးနှင့် ပြည့်စုံတော်မူပါပေ၏။

ကြွင်းကျန်သော အကျယ်များကိုကြည့်လိုလျှင်သာရတ္ထ ဒီပနီဋီကာနှင့် ညွှန်ပြထားသောဇာတ်တော်တို့ကို ကြည့်ရှုကြပါကုန်လော့။

## မှတ်ချက်

လောကဝိဒူ ဂုဏ်တော်တွင် ၁ သင်္ခါရလောက။ ၂ သတ္တလောက။ ၃ ဩကာသလောကအားဖြင့် လောက သုံးပါး ရှိ၏ဟု ပြခဲ့ပါသည်။

ထိုလောကသုံးပါးတို့တွင် ၁ သင်္ခါရလောက၌ (က) သတ္တဝိညာဏ်တို့၏ အဓိပ္ပာယ်အကျယ်နှင့် (ခ) သ တ္တာ ဝါသ ၏ အဓိပ္ပါယ်အကျယ်တို့ကို ပြည့်စုံအောင်ပြလိုက်သဖြင့် သတ္တလော ဩကာသလောက နှစ်ပါးတို့၏ လိုရင်းအဓိပ္ပာယ်ကို သိသင့်သိထိုက်သိလောက်ပြီဟု ယူဆပါသည်။

ဩကာသလောက၌ ဘုံ ၃၁-ဟူသည်ကား၊ အပယ်၄ဘုံ၊ ကာမသုဂတိ ၇ ဘုံ၊ ရူပါဝစရ ၁၆ ဘုံ၊ အရူပါဝစရ ၄ ဘုံ အားဖြင့် ဤလောကီဘုံ ၃၁ ဘုံတို့တွင် ၁-နိရယ်အရ မဟာနိရယ်ကြီး ၈ ထပ်ရှိ၏။

၈-ထပ်ကား၊ ၁ သိဉ္ဇီဝ၊ ၂ ကာလသုတ္တ၊ ၃ သင်္ဃာတ၊ ၄ ရောရုဝ၊ ၅ မဟာရောရုဝ၊ ၆ တာပန၊ ၇ မဟာတာပန၊ ၈ အဝီစိ၊ ဤကား-မဟာနိရယ်ကြီး ၈-ထပ်တို့တည်း။

ဤမဟာနိရယ်ကြီး ၈-ထပ်တို့တွင် မဟာနိရယ်ကြီး တထပ် တထပ်၏ အရပ်လေးမျက်နှာတို့၌ ဥဿဒနိရယ်ငယ် ၄ ထပ်စီ ၄ ထပ်စီရှိသည်ဖြစ်၍ မဟာနိရယ်ကြီးတထပ်လျှင် ဥဿဒနိရယ်ငယ် အခြံအရံ ၁၆ ထပ်ရှိ၏။

မဟာနိရယ် ၈-ထပ်ဆိုလျှင် ဥဿဒနိရယ်ငယ်ပေါင်း ၁၂၈ ထပ် အရေအတွက် ရှိသည်။ ကြွင်းနိရယ်ငယ်လေးတွေအံ့များ အံ့ပြားရှိသေးသည်။

ဤသို့ မဟာနိရယ်ကြီး ၈ ထပ်နှင့် ဥဿဒ နိရယ်ငယ် ၁၂၈ ဘုံတို့၏ အမြင့်အကျယ်အနေအထား ဖြစ်၍ ပျက်ပုံ သက်တမ်းတို့နှင့် ကာမသုဂတိ ၇ ဘုံ၊ ရူပဗြဟ္မာ ၁၆ ဘုံ၊ အရူပ ၄ ဘုံ တို့၏ အနေအထားတို့ကို သာရတ္ထဒီပနီဋီကာ တေလာဂတဥဒါနဒီပနီ သံဝေဂဝ တ္ထုဒီပနီတို့၌ကြည့်ရှုကြပါလေကုန်။

တခုသော စတ္တဝါဠတိုက်အတွင်း (က) တခုသောမြင်းမိုရ်တောင်၊ (ခ) သမုဒြာ ၄ စင်း၊ (ဂ) ကျွန်းကြီး ၄- ကျွန်း၊ (ဃ) တောင်စဉ် ၇ ထပ်၊ (င) သီဒါ ၇ တန်၊ (စ)ဟိမဝန္တာတောင်၊ (ဆ) အိုင်ကြီး ၇ အိုင်၊ (ဇ) ခံတွင်း ၄ မျိုး၊ (ဈ) မြစ်ကြီး ၅ သွယ်၊ (ည) ဂင်္ဂါကြီး ၅ ခုတို့နှင့် အရှံမြစ်-အရှံတော-အရှံတောင်နေသော သတ္တဝါတို့ကိုတော့ စုံလင်စွာ ရေးပြခဲ့ပါသည်။ သေချာစွာ ကြည့်ရှုသုံးသပ်ကြပါကုန်။

ဩကာသလောကဝိဒူဂုဏ်ပြီး၏။

## အနုတ္တရောဂုဏ်တော် အဓိပ္ပာယ်

နတ္ထိ ဧတဿ ဥတ္တရောတိ အနုတ္တရော။ (နနိပါတ ပုဗ္ဗပဒ-ဧတုတ္တပဟုဗ္ဗီသမာသ်)။

လောကသုံးထပ် ဘုံသုံးရပ်၌ သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ် ဝိမုတ္တိဂုဏ် ဝိမုတ္တိဉာဏဒဿနဂုဏ်တို့ဖြင့် မြတ်စွာဘုရားထက် လွန်မြတ်သော လူ ရှင် ရဟန်း ပုဏ္ဏား နတ် ဗြဟ္မာ မရှိပေ။ ထို့ကြောင့် အနုတ္တရဂုဏ်တော်နှင့် ပြည့်စုံတော်မူပါပေ၏။

## ပုရိသဒမ္မသာရထိဂုဏ်တော်

ပုရိသဒမ္မေ သာရေတိ ဒမေတိ ဝိနေတီတိ ပုရိသဒမ္မသာရထိ။ (သရဓာတု ဂတိ စိန္တာ ဟိံသာသု ၉၂။ သာရိသ္မာ ရထိတိသုက္ကေန ရထိပစ္စယော ဏ္ဍာဒိ မောဂ္ဂလာနဗျာကရဏ)။

၁။ မယဉ်ကျေးသေးသော တိရစ္ဆာန်ယောကျ်ား

၂။ မယဉ်ကျေးသေးသော လူယောကျ်ား

၃။ မယဉ်ကျေးသေးသော နတ်ယောကျ်ားတို့ကို ယဉ်ကျေးအောင် ဆုံးမတော်မူတတ်သောကြောင့် ပုရိသဒမ္မသာရထိ ဂုဏ်တော်ကြီးနှင့် ပြည့်စုံတော်မူပါပေ၏။

### ၁။ ဆုံးမအပ်သော တိရစ္ဆာန်ယောကျ်ားများ

(က) အပလာဠ နဂါးမင်း ဟိမဝန္တဝါသီ

(ခ) စူဠောဒရ နဂါးမင်းနှင့်

(ဂ) မဟောဒရ နဂါးမင်းတို့ နာဂဒီပဝါသီ

(ဃ) အဂ္ဂိသိခ နဂါးမင်းနှင့်

(င) ဓူမသိခ နဂါးမင်းတို့ သီဟဠဒီပဝါသီ

(စ) ဓနပါလကဆင်မင်း ဓမ္မပဒ အတ္တဒန္တသုတ်

## ၂- ဆုံးမအပ်သော လူယောကျ်ား

(က) သစ္စက ပရိဗ္ဗာဇက မူလပဏ္ဏာသ သသစ္စက သုတ်မှာ ကြည့်။

(ခ) အမ္ဗဋ္ဌလုလင်နှင့်ပေါက္ခရသာတိပုဏ္ဏား သီလက္ခန်ပါဠိ ကြည့်။

(ဂ) သောဏဒဏ္ဍပုဏ္ဏား သီလက္ခန်ကြည့်။

(ဃ) ကူဋဒဏ္ဍပုဏ္ဏား ၎င်း။

(င) အင်္ဂုလိမာလ မဇ္ဈိမပဏ္ဏာသပါဠိကြည့်။

(စ) ဃောရမုခဉပါသကာ။

(ဆ) ဥပါလိဂဟပတိ ဥပရိပဏ္ဏာသပါဠိကြည့်။

## ၃ ဆုံးမအပ်သော နတ်ဘီလူးတို့ကား

(က) အာဠဝကဘီလူး ဝနသံယုတ် အာဠဝက သုတ်ကြည့်။

(ခ) သုစိလောမဘီလူး သုစိလောမသုတ်ကြည့်။

(ဂ) ခရလောမဘီလူး ခရလောမသုတ်ကြည့်။

## ၄ ဆုံးမအပ်သော နတ် ဗြဟ္မာတို့ကား

(က) သိကြားမင်း သတ်မဟာဝါပါဠိ သက္ကပဉှသုတ်ကြည့်။

(ခ) ဗကဗြဟ္မာ ၁-ဗြဟ္မသံယုတ်၊ ၄-ဗကဗြဟ္မသုတ်။

## သတ္ထာဒေဝ မနုဿာနံ ဂုဏ်တော်

ဒေဝမနုဿာနံ ဒိဋ္ဌဓမ္မိက သမ္ပရာယိက ပရမတ္ထေဟိ ယထာရဟံ၊

အနုသာသတိ ဝိနေတိ တသ္မိံ တသ္မိံ အတ္ထေ ပတိဋ္ဌာပေတီတိ သတ္ထာ၊ ဘဂဝါ။

(သာသဓာတု အနုသာသနေ ရတ္ထုပစ္စယော သတ္ထာဒိဂဏော)။

ယော ဘဂဝါသည်။ ဒေဝမနုဿာနံ၊ နတ်လူ တို့အား။ ဒိဋ္ဌဓမ္မိက သမ္ပရာယိ ပမတ္ထေဟိ၊ ဒိဋ္ဌဓမ္မအကျိုး သမ္ပရာယိက အကျိုး ပရမတ်အကျိုးတို့ဖြင့်။ ယထာရဟံ၊ ထိုက်သည်အား လျော်စွာ။ အနုသာသတိ ဝိနေတိ၊ ဆုံးမ တော်မူ တတ်၏။ တသ္မိံ တသ္မိံ အတ္ထေ၊ ထိုထိုအကျိုး၌ ပတိဋ္ဌာပေတိ၊ တည်စေ တော်မူတတ်၏။ ဣတိ၊ ထို့ကြောင့်။ သော ဘဂဝါ၊ သည်။ သတ္ထာ၊ သတ္ထုမည်တော်မူပါပေ၏။

ဒေဝမနုဿာနံ သတ္ထာ သတ္တာ ဒေဝ မနုဿာနံ။ (အလုတ္တဆဋ္ဌီတပ္ပုရိသ်)။

သဟ အတ္တေန အသတိ အတ္တဘီဘိ သဒ္ဒတ္ထာ ဘဏ္ဍမူလေန ဝဏိဇ္ဇာယ ဒေသန္တရံ ဂစ္ဆန္တော ဇနသ

မူဟော။ (သဟပုဗ္ဗပဒ အသဓာတု ဘုဝိ၊ သူဝုသာန မူဝုသာနမတော ခထာစာတိသုက္ကေန ထပစ္စယော ပုရိ သာဒိ ဂဏော။

သတ္တော တေဿ အတ္ထတိ သတ္တာ။ (ဘာဿတ္တိ တဒ္ဓိတ်၊ သဒ္ဒိဒိတော ဏာတိသုတ်ဖြစ်ကာဗဇ္ဇ သျှာ ဓာတ်သုတ်ဖြစ် ဖြုပ္ပာတိုင်သိ–ဘာပြု)
သတ္တဝါဟော နိရုတ္တိနယေန။ ဟိတုပဒေသာ ဒိဝ သေန ပရိပါလေတဗ္ဗော။

သာသိတဗ္ဗော သော တေဿ အတ္ထတိ သတ္တာံတိ အတ္တော။ (စတုတ္ထ ဗဟုဗ္ဗိသမာသ် ရာဇာဒိဂဏော)။

သတ္တာ ဝိယာတိ သတ္တာ၊ ဘဂဝါ၊ သတ္တဝါဟော။ (ဥပမာတဒ္ဓိတ် ဝိယနိပါတ်ပုဒ်ကိုကား ဥပမာအနက်ကို ဟောနိုင်သော သတ္တိရှိအောကြောင့် ပစ္စည်းသက်စရာ မလို။ ဝိယကို ချေဖြစ်လိုက်သော်လည်း ဥပမာအနက်ကို ဟောနိုင်သော သတ္တိထူးကြံနေ၏။)။

ဘာဏ္ဍမူလေန၊ ဘဏ္ဍာအရင်းအနှီးဖြင့်။ ဝဏိဇ္ဇာယ၊ ကူးသန်း ရောင်းဝယ် ဖေါက်ကားခြင်း အကျိုးငှာ။ ဒေသန္တရံ၊ အရပ် တပါးသို့။ ဂစ္ဆန္တော၊ သွားသော။ ယောဇနသမူဟော၊ အကြင် လှည်းသားလူအပေါင်းသည်။ အတ္တေန၊ အကျိုး စီး ပွား နှင့်။ သဟ၊ တကွ။ အသတိ ဝတ္တတိ၊ ဖြစ်တတ်၏။ ဣတိ၊ ထို့ကြောင့်။

သော ဇနသမူဟော၊ သည်။ သတ္တော၊ သတ္တမည်၏။ ဇနသမူဟော နောက်ပါ ကုန်သည်လှည်းသား အပေါင်းကို လတ္တတိ၊ ရအပ်၏။

တေဟိ သတ္တဝါဟသော၊ ထိုလှည်းမှူးကြီးအား သတ္တော၊ အကျိုးစီးပွားနှင့်တကွ ဖြစ်တတ်သော လှည်း သား အ ပေါင်း သည် အတ္ထိရှိ၏။ ဣတိ ထိုသို့အကျိုးစီးပွားနှင့်တကွ ဖြစ်တတ်သော လှည်းသား အပေါင်း ရှိသော သတ္တိကြောင့်။ သော သတ္တဝါဟော၊ ထိုလှည်းမှူးကြီးသည် သတ္တာ၊ သတ္တာမည်၏။

ယော ဘဂဝါ အကြင်မြတ်စွာဘုရားသည် သတ္တာ ဝိယ အကျိုးစီးပွားနှင့်တကွ ဖြစ်တတ်သော လှည်းသား အပေါင်းရှိသော လှည်းမှူးကြီးနှင့် တူတော်မူ၏။ (ဝါ) အစီးအပွားကို ညွှန်ကြားခြင်း အစရှိသည်တို့၏ အစွမ်းအားဖြင့် စောင့်ရှောက်အပ် ဆုံးမအပ်သော လှည်းသားအပေါင်းရှိသော လှည်းမှူးကြီးနှင့်တူတော်မူ၏။ ဣတိတသ္မာ ထိုသို့အကျိုးစီးပွားနှင့်တကွ ဖြစ်တတ်သော လှည်းသားအပေါင်းရှိသော လှည်းမှူးကြီးနှင့် တူတော်မူသော သတ္တိကြောင့် (ဝါ) အစီးအပွားကို ညွှန်ကြားခြင်းအစရှိသည်တို့၏ အစွမ်းအားဖြင့် စောင့်ရှောက်အပ် ဆုံးမအပ်သော လှည်းသား အပေါင်းရှိသော လှည်း မှူး ကြီး နှင့် တူတော်မူသော သတ္တိကြောင့်။ သော ဘဂဝါ၊ သည်။ သတ္တာ၊ သတ္တာ မည်တော်မူပါပေ၏။

---

ယထာ သတ္တဝါဟော သတ္တော သတ္တိကော ဇနေ စောရကန္တာရာဒိံ တာရေတိ ခေမန္တဘူမိံ သမ္ပာပေတိ။ ဧဝ မေဝဘဂဝါ သတ္တော ဓဝနေယျသတ္တေဇာတိကန္တာရာဒိံ တာရေတိ ခေမန္တ

ဘူမိ ံသမ္ဗာပေတီတိ သတ္ထာ။ သတ္ထုဝဏ္ဏော။ ဘာဂဝါ။ (ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာဒုတိယတွဲ။ ၇ ဆမနုဿတိနိဒ္ဒေသ၊ ဒွေါ နုဿတိကထာ ၂၀၂)။

သတ္ထာဝါဟော၊ လှည်းမှူးသည်။ သတ္ထေ သတ္ထိ ကေဇနေ၊ စည်းပွားဘက်လှည်းကုန်းသည် လူအပေါင်းတို့ကို။ စောရကန္တာရာဒိံ၊ သူခိုးဒါးမြပေါများလွန်မြောက်နိုင်ခဲသော ခရီးခဲစသည်ကို (ဝါ)သူခိုး ဒမြ ခြသေ့ကျားသစ် အစာရှား ရေရှားသော ကူးခတ်သွားလာနိုင်ခဲသော ခရီးကြမ်းကို ကာရေတိ ယထာ၊ လွန်မြောက်စေသကဲ့သို့ ခေမန္တဘူမိံ၊ သူခိုး ဒမြစသော ဘေးရန်ပေါများသော လမ်းခရီးမှ ဘေးရန်ကင်းရာ တောအုပ်ပြင်ပမြေနေရာသို့။ သမ္ပာပေတိယထာ၊ ရောက်စေသကဲ့သို့။ ဧဝမေဝ၊ ဤအတူသာလျှင်။ ယောဘာဂဝါ၊ အကြင် မြတ်စွာဘုရားသည်။ သတ္တေဝေနေယျသတ္တော၊ ဝေနေယျကြာ သတ္တဝါတို့ကို။ (ဇာတိကန္တရာဒိံ) ဇာတိစပြမ်း ကန္တာရကြမ်း ခရီးလမ်းကို။ တာရေတိ၊လွန်မြောက်စေတတ်၏၊ ခေမန္တဘူမိံ၊ရွှေနန်းရိပ်သာ ပြည်ခေမာသို့ သမ္ပာပေတိ၊ ရောက်စေတတ်၏။ဣတိတသ္မာ၊ ထိုသို့ ဇာတိ ဇရာ မရဏာဟု ကန္တာရကြမ်း ခရီးလမ်းမှ ရွှေနန်းရိပ်သာ ပြည်ခေမာသို့ ဖြဟ္မာနတ်လူသုံးဘုံသူတို့ ယာဉ်မှူးပမာ သယ်ယူဆောင်တတ် ဆရာမြတ် ဖြစ်တော်မူသော ဤအကြောင်းကြောင့်လည်း။ သောဘာဂဝါ၊ ထိုမြတ်စွာဘုရားသည်။ သတ္ထာ၊ သတ္ထ မည်တော်မူပါပေ၏။ သလ္လဝါဟော၊ ယာဉ်မှူးပမာ သယ်ယူဆောင်တတ် ဆရာမြတ်ကို လဗ္ဘတိ၊ ရအပ်၏။

အပယ်ဘုံ၌ တိရစ္ဆာန်တို့၏ ဆရာအဖြစ်ကားများစွာမထင်ရှား၍ ထင်ထင်ရှားရှား သိနားလည်ကြစေရန် ဖားနတ်သားကလေး ဝတ္ထုကို ထုတ်ပြလိုက်ဦးအံ့။

ဖါးနတ်သားဝတ္ထု

မြတ်စွာဘုရားသည် စမ္ပာမြို့အနီး ဂဂ္ဂရ ရေကန် ကမ်းပါး၌ စမ္ပာမြို့သား လူအများတို့အား တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးဟောတော်မူစဉ် ဖါးကလေးတကောင်သည် ဤသာယာကောင်းမြတ်သော အသံကား မြတ်စွာဘုရား တရားဟောတော်မူသည့် အသံပေတည်းဟု မြတ်စွာဘုရား တရားတော်၌ ဓမ္မသညာ နိမိတ်ကိုယူ၍ နာနေသောအခါ ထိုတရားနာနေစဉ် နွားကျောင်းသားတယောက်၏ ဒုတ်လက်နက်ဖြင့် ဦးခေါင်းကို ထောက်လိုက်ရာ ဦးခေါင်းပိပြားကာ မရဏာလမ်း ဝင်မြန်းရရှာပြီး နတ်နန်းဌာနသို့ လှမ်းကြွရလေ၏။

ထိုမှတဖန် မြတ်စွာဘုရားထံ ထပ်မံဆီးကပ်ပြန်က သောတာပန်တည်းဟူသော ပဌမပန်းခိုင်ကို ဆင်မြန်းရ၏။ ထို့ကြောင့် ဖါးတိရစ္ဆာန်တို့၏ အမှူးဆရာတဆူဖြစ်တော်မူ၏။ (အကျယ်သိလိုက ဝိသုဒ္ဓိမဂ် ဗုဒ္ဓါနုဿတိအဖွင့်မှာရှုပါ)။

ဤသည်ကား သတ္ထာဒေဝမနုဿာနံဂုဏ်တော်ပြီး၏။

ဗုဒ္ဓဂုဏ်တော်

စတ္တာရိ သစ္စာနိ အတ္တနာဝိ ဗုဇ္ဈိ အညေဝိ သတ္တေ ဗောဓေသီတိ ဗုဒ္ဓေါ။

၁။ ကိလေသာတို့မှ လွတ်မြောက်အောင် အလုံးစုံ သော ညေယျတရား အပေါင်းတို့ကို သိတော်မူလော ဤအကြောင်း ကြောင့်ရင်း ဝိမောက္ခမည်သော အရဟတ္တမဂ်ဉာဏ်၏ အဆုံး၌ ရအပ်ယှဉ်တတ်သော ဝိမောက္ခန္တ အမည်ရသော အရဟတ္တဖလ နှင့် သဗ္ဗညုတဉာဏ်ကိုသိတော်မူသော ဤအကြောင်းကြောင့် ကြောင့်ရင်း ဗုဒ္ဓမည်ဘော်မူပါပေ၏။

၂။ မြတ်စွာဘုရားသည် ဝိမောက္ခအမည်ရှိသော အရဟတ္တ မဂ်ဉာဏ်ဖြင့် သစ္စာလေးပါး မြတ်တရားတို့ကို မိမိကိုယ်တော် တိုင်လည်းသိအောင် အသက်ကိုစွန့်၍ ကျင့်တတ် ဝေနေယျကြော သတ္တဝါအပေါင်းတို့ကိုလည်း သိအောင် ကရုဏာ ရှေ့ထား၍ ဟောကြားတော်မူတတ်သော ဤအကြောင်းတို့ကြောင့်လည်း ဗုဒ္ဓမည်တော်မူပါပေ၏။

၁။ ဝိမောက္ခ၊ ၂။ ဝိမောက္ခန္တ၊ ၃။ ဝိမောက္ခန္တိကတို့၏အထူး

၁။ အရဟတ္တမဂ်ဉာဏ်တော်ကို ဝိမောက္ခခေါ်ဆိုသည်။

၂။ အရဟတ္တဖိုလ်ကို ဝိမောက္ခ၏အဆုံး ဖြစ်သောကြောင့် ဝိမောက္ခန္တခေါ်သည်။

၃။ သဗ္ဗညုတဉာဏ်တော်ကို ဝိမောက္ခန္တခေါ်သော အရ

ဟတ္ထဖလဉာဏ်နှင့် တပြိုင်နက် ရအပ် သောကြောင့် ဝိမောက္ခန္တိက ဉာဏ်ခေါ်သည်။

**သမ္မာသမ္ဗုဒ္ဓဂုဏ်တော်နှင့်ဗုဒ္ဓဂုဏ်တော်တို့၏အထူး**

> သမ္မာသမ္ဗုဒ္ဓေါတိ ဣမိနာ သင်္ခေပတော ဝိတ္ထာရ တောစ သစ္စုတု သစ္စာ ဘိသမ္ဗော ဓော ဒီပေတွာ။ ဗုဒ္ဓေါတိ ဣမိနာ ပန တဒညဿာ ဝိဉေယျဿ ဝ ဗောဓော။ ပုရိမေန ဝါ သစ္စု ပဋိဝေဓညာဏာနုဘာဝေ ဝါ ပစ္ဆိမေန ဒေသနာ ဉာဏာနုဘာဝေ ဝါ မိ။ (ဝိသုဒ္ဓိမဂ္ဂ မဟာဋီကာ ဗုဒ္ဓနုဿတိနိဒ္ဒေသ ၂၃၉)။

သမ္မာသမ္ဗုဒ္ဓေါတိ ဣမိနာ၊ သမ္မာ သမ္ဗုဒ္ဓေါ ဟူသော ဤ ပုဒ်ဖြင့် သစ္စုမြတ်စွာဘုရား၏ သင်္ခေပတောစ အကျဉ်းအား ဖြင့်၎င်း၊ ဝိတ္ထာရတောစ အကျယ် အားဖြင့်၎င်း၊ စတုသစ္စာ ဘိသမ္ဗောဓော ထစ္စာလေးပါးတို့ကို ပိုင်းခြား သိမြင်တော်မူ ခြင်းကို ဝုတ္တော ဆိုအပ်၏။

ဗုဒ္ဓေါတိဣမိနာ၊ ဗုဒ္ဓေါဟူသော ဤပုဒ်ဖြင့် တဒညဿ ထိုသစ္စာလေးပါးမှ တပါးသော ဉေယျဿပိ၊ သိအပ်သမျှ ဉေယျ တရားအစုကိုလည်း အဝဗောဓော၊ သိ မြင် တော် မူ ခြင်း ကို ဝုတ္တော၊ ဆိုအပ်၏။

ပုရိမေန၊ သမ္မာသမ္ဗုဒ္ဓဟူသောရှေ့ပုဒ်ဖြင့် သစ္စု မြတ်စွာ

ဘုရား၏ ပဋိဝေဓညာဏာနုဘာဝေါ၊ ထိုးထွင်း၍ သိတော်မူနိုင်သောဉာဏ် အာနုဘော်တော်ကို စုတ္တော၊ ဆိုအပ်၏။

ပစ္ဆိမေန၊ ဗုဒ္ဓဟူသောနောက်ပုဒ်ဖြင့်။ ဒေသနာ ညာဏာနုဘာဝေါပိ၊ တရားဟောတော်မူနိုင်သော ဒေသနာဉာဏ်စွမ်းအာနုဘော်ကိုလည်း စုတ္တော၊ ဆိုအပ်၏။

အဓိပ္ပာယ်

သမ္မာသမ္ဗုဒ္ဓဂုဏ်တော်ဖြင့် မြတ်စွာဘုရား၏ အကျဉ်းအကျယ်နှစ်ပါးစုံဖြင့် သိတော်မူခြင်းကိုဆိုသည်။ ဗုဒ္ဓဂုဏ်တော်ဖြင့် သစ္စာလေးပါး၏တရားတော်ကိုငှင်း၊ တပါး တခြားသော ဉေယျတရားဟူသမျှတို့ကိုငှင်း၊ ထိုးထွင်း၍ သိတော်မူခြင်းကို ဆိုသည်။

(တနည်း) သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော်ဖြင့် မြတ်စွာ ဘုရား၏ ပဋိဝေဓဉာဏ်တော်၏ အာနုဘော်ကိုမိန့်ဆိုသည်။ ဗုဒ္ဓဟူသော ဂုဏ်တော်ဖြင့် ဒေသနာဉာဏ်၏ အာနုဘော်တော်ကို မိန့်ဆိုအပ်သည်။

ဤကား ဗုဒ္ဓဂုဏ်တော်ပြီး၏။

## ဘဂဝါဂုဏ်တော်

ဘဥ္ဇိတဗ္ဗာတိ ဘဂါ၊ ရာဂါဒယော ကိလေသာ။ ဘဂဝ အဿ အတ္ထီတိ ဘဂဝါ၊ ဤဝစနတ္ထကား၊ ဘ ဂ္ဂ ရာ ဂေါ-ဘဂ္ဂဂေါသောဂါထာအရလုပ်ပြသည်။ အဿတ္တိ တဒ္ဓိတ်- ဝန္တုပစ္စည်း- ယေကိလေသာ၊ အကြင်ရာဂစသော ကိလေသာတို့ကို ဘဥ္ဇ တဗ္ဗာ၊ ပျက်စီးအပ်ကုန်၏။ ဣတိတသ္မာ ထို့ ကြောင့်၊

တေ ကိလေသာတို့သည် ဘဂ္ဂါ-ဘဂ္ဂမည်ကုန်၏။ ရာဂါဒယော၊ ရာဂအစရှိကုန်သောကိလေသာတို့ကိုလဗ္ဘန္တိ ကုန်၏။အဿဗုဒ္ဓါဿ အား ဘဂ္ဂါ၊ ဖျက်ဆီးအပ်ပြီးသော ကိလေသာတို့သည် အတ္ထိ ရှိကုန်၏။ ဣတိ တသ္မာ ထို့ကြောင့် သော ဗုဒ္ဓေါသည် ဘဂဝန္တုမည်၏။ ဘဂဝါ ဖျက်ဆီးအပ်ပြီးသော ရာဂ စသော ကိလေသာ ရှိတော်မူသော မြတ်စွာဘုရား။ ဘဂဝါ မြတ်စွာဘုရားသည် ပါရမီဆယ်ပါး အပြားသုံးဆယ် စွန့်ခြင်းကြီး ငါးပါး၊ စရိယသုံးပါးတည်းဟူသော ဘုန်းတော် ရှိတော်မူ၏။

## ပါရမီဆယ်ပါး အပြားသုံးဆယ်ကား

၁ ဒါနပါရမီ။ ၂ သီလပါရမီ။ ၃ နိက္ခမပါရမီ။ ၄ ဝီရိယပါရမီ။ ၅ ခန္တီပါရမီ။ ၆ သစ္စာပါရမီ။ ၇ ပညာပါရမီ။ ၈ အဓိဋ္ဌာနပါရမီ။ ၉ မေတ္တာပါရမီ။ ၁၀ ဥပေက္ခာပါရမီ။

၁။ သာမညပါရမီ ဆယ်ပါး

၂။ ဥပပါရမီ ဆယ်ပါး

၃။ ပရမတ္ထပါရမီ ဆယ်ပါး ဤသုံးပါး ပေါင်း က အပြားသုံးဆယ်ရှိတော်မူ၏။ အကျယ် သိ လိုလျှင် သီလက္ခန္ဓ အဋ္ဌကထာ ဗြဟ္မဇာလသုတ် စူဠသီလဝဏ္ဏ

နာနှင့် ပခုက္ကူမူ သီလက္ခန္ဓအဋ္ဌကထာနိသျ ပဋ္ဌမအုပ် ၃၄၃-မှာ ကြည့်လေ။

## စွန့်ခြင်းကြီး ၅-ပါး

၁ အင်္ဂပရိစ္စာဂ။ ၂ ဇီဝိတပရိစ္စာဂ။ ၃ ဓနပရိစ္စာဂ။ ၄ ရဇ္ဇပရိစ္စာဂ။ ၅ ပုတ္တဒါရပရိစ္စာဂ ။

၁ အင်္ဂပရိစ္စာဂ ခြေလက်အင်္ဂါ စသည် စွန့်ခြင်းသည် ဥပပါရမီမည်၏။ ၂ ဇီဝိတပရိစ္စာဂ အသက်ကို စွန့်ခြင်းသည် ပရမတ္ထပါရမီမည်၏။ ၃ ဓနပရိစ္စာဂ။ ၄ ရဇ္ဇပရိစ္စာဂ။ ၅ ပုတ္တဒါရပရိစ္စာဂ ကိုယ့်အသက်မှအပ ရွှေငွေစသည် တိုင်းပြည် သားသမီး ဇနီးတို့ကို စွန့်ခြင်းသည် သာမည ပါရမီမည်၏။ ဤသို့ ပါရမီဆယ်ပါးတို့သည် သာမညပါရမီ၊ ဥပပါရမီ၊ပရမတ္ထပါရမီ အားဖြင့်သုံးပါးစီသုံးပါးစီ သုံးပါးစီပွား၍ အပြားသုံးဆယ်ဖြစ်သည်။

၁ ဉာတတ္ထစရိယ။ ၂ ဗုဒ္ဓတ္ထစရိယ။ ၃ လောကတ္ထစရိယ။ ၁ ဆွေမျိုးတို့၏အကျိုးငှာကျင့်ခြင်း။ ၂ သဗ္ဗညုတဉာဏ် ပြည့်စုံစေခြင်းအကျိုးငှာကျင့်ခြင်း။ ၃ ၃၁ ဘုံ သတ္တဝါတွေ သံသရာမှ လွတ်မြောက်ခြင်းအကျိုးငှာကျင့်ခြင်း။ ဤကား စရိယ သုံးမျိုးတည်း။

၂ ဘဂဝါ မြတ်စွာဘုရားသည် အကျဉ်းအားဖြင့် ငါးပါး သောကိလေသမာရ်၊ ခန္ဓမာရ်၊ အဘိသင်္ခါရမာရ်၊ ဒေဝပုတ္တ

မာရ်၊ ပစ္စုမာရ်တို့ကို ချိုးဖဲ့ဖျက်ဆီးတော်မူပြီး အကျယ်အားဖြင့် လောဘ-ဒေါသ-မောဟ၊ ဝိပရိတမနသိကာရ၊ အဟိရိက အနောတ္တပ္ပ၊ ကောဓ ဥပနာဟ မက္ခ ပလာသ ဣဿာ မစ္ဆရိယ မာယာ သာဌေယျ ထမ္ဘ သာရမ္ဘ မာန အတိမာန ပဒ ပမာဒ တဏှာ အဝိဇ္ဇာ တိဝိဓအကုသလမူလ ဒုစရိတ သံကိလေသ မလ ဝိသမ ပညာ ဝိတက္က ပပဉ္စ စတုဗ္ဗိဓ ဝိပရိယေသ အာသဝ ဂန္ထဩဃ ယောဂ အဂတိ တဏှုပ္ပါဒ ဥပါဒါန ပဉ္စစေတောခိလ ဝိနိဗန္ဓ နီဝရဏ အဘိနန္ဒန ဆဝိဝါဒမူလ တဏှာနုသယ သတ္တာနုသယ အဋ္ဌမိစ္ဆတ္တ နဝတဏှာ မူလက ဒသ အကုသလကမ္မပထ ဒွါသဋ္ဌိဒိဋ္ဌိဂတ အဋ္ဌသတ တဏှာစရိယ အထူးထူးအပြားပြားကုန်သော၊ ပူပန်ပူလောင် စေတတ်ကုန်သော အကျယ်အားဖြင့် အသိန်းမက များပြားစွာလှကုန်သော ကိလေသာတို့ကို ချိုးဖွဲ့ဖျက်ဆီးတော်မူလေပြီ။

၃ ဘဂေဟိယုတ္တော ဘုန်းတော်တို့နှင့် ယှဉ်တော်မူ၏။ ၁ ဣဿရိယ၊ ၂ ဓမ္မ၊ ၃ ယသ၊ ၄ သိရီ၊ ၅ ကာမ၊ ၆ ပယတ္တ၊ ဤဘုန်းတော်တို့နှင့် ယှဉ်တော်မူသောကြောင့် ဘုန်းတော် ၆ ပါး ရှိတော်မူသည်။

### ၁ ဣဿရိယဘုန်းတော် ၈ ပါး

၁ စိတ္တိဿရိယ စိတ်တော်ကို အမျိုးမျိုး ပြုပြင်ပြောင်းလဲ နိုင်၍ စိတ်တော်ကိုအစိုးရတော်မူခြင်း။

၂ သမာဓိ သမာပတ္တိဿရိယ စျာန်သမာပါတ်တို့၌ စွမ်းရည်သတ္တိ အမျိုးမျိုး လေ့လာနိုင်သည်ဖြစ်၍ သမာဓိတို့ကို နိုင်နင်းစိုးပိုင်မှုရှိတော်မူ၏။

၃ ဣဒ္ဓိဿရိယ တန်ခိုးအမျိုးမျိုး ဖန်ဆင်းနိုင်သော ဣဒ္ဓိဝိဓ အဘိညာဏ်ကို စိုးပိုင်နိုင်တော်မူ၏။

၄ ဓမ္မိဿရိယ တရား အထူးထူးတို့ကို ဝေဘန် ခွဲခြား၍ ဟောပြနိုင်သောဉာဏ်တော်ကို စိုးပိုင်တော်မူ၏။

၅ သံဃိဿရိယ တပည့်သံဃာအပေါင်းတို့အား သိက္ခာပုဒ်အမျိုးမျိုးတို့ဖြင့် ပညတ်တော်မူ၍ အာဏာစက် ဓမ္မစက်တော်တို့ဖြင့် အုပ်စိုးတော်မူနိုင်၏။

၆ ဂဏိဿရိယ ဂိုဏ်းဖြစ်သော ရဟန်းအပေါင်းကို တရားတော်ဖြင့် အုပ်စိုးတော်မူနိုင်၏။

၇ လောကိဿရိယ သရဏဂုဏ်သုံးပါးတို့၌တည်၍ ကြည်ညိုခြင်း သဒ္ဓါရှိသော လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတည်းဟူသော လောက၌ တရားစကြာမင်းဖြစ်၍ တရားသဖြင့် အုပ်စိုးတော်မူနိုင်၏။

၈ ကာယိဿရိယကိုယ်တော်ကို သေး ငယ် အောင် ကြီးအောင် အမျိုးမျိုးဖန်ဆင်းတော်မူ၍ ကာယကို အုပ်စိုးတော်မူနိုင်၏။

## ကာယိဿရိယဘုန်းတော် ၈ ပါး

၁။ အဏိမာ ရုံသီနေပြောက် ပြူတင်း ပေါက်၌ မြင်လောက်ရုံမျှသော အဏုမြူပမာ အလွန် တရာ နူးညံ့ သိမ်မွေ့လှစွာသော ကိုယ်တော်ကို ဖန်ဆင်း တော်မူနိုင်ခြင်း၊

၂။ လဃိမာ ရေပြင် မြေမိုဃ်း ပျံ့လျှိုးငုပ်လွှား ကြွသွားတော်မူနိုင်ခြင်း၊

၃။ မဟိမာ မြင့်စေလိုက မြင့်မိုရ်ပမာ တို့တက် သာ၍ ကြီးစေလိုက စကြာဝဠာ တိုက်လုံး လွှမ်းဖုံးပတ်လှည့် ကိုယ်တော်ပြည့်နိုင် တည်ကြံ့ ခိုင်ခိုင်။ နေနိုင်တော်မူခြင်း၊

၄။ ပတ္တိ မြေထု ရေထု နေရှု ပဗ္ဗတာသေလာ ဝနာထပ်ထပ် အတွင်းရပ် တို့ကိုလည်း ကျဉ်း ကျပ်ပိတ်ပင် တားမြစ်ခြင်းမရှိ ပကတိကောင်း ကင်ဟင်းလင်းပြင်ကဲ့သို့ လျှိုးဝင်ထွင်းဖေါက်ကြွ ရောက်တော်မူနိုင်ခြင်း၊

၅။ ပါကမ္မမနောဓိဋ္ဌာန် စိတ်တော်ကြံတိုင်း မဆိုင်း မြန်စွာ ကမ္မာကမ္မဟူသမျှတို့ အစ ဆုံးတိုင်ပြီး စေနိုင်ခြင်း

၆။ ဤသိကာ သုံးဆယ့်တဘုံ အလုံးစုံကို အုပ်ချုပ်စိုးဖိုင်ကိုယ်တော်၏ အလိုနိုင်ငံသို့ လိုက်စေတော်မူနိုင်ခြင်း

၇။ ဝသိတာ လောကီ လောကုတ္တရာချွန် သမါပတ်ဟူသမျှ တို့ကို မပြတ်ဝင်ခါ လိုတိုင်ပါ အောင်လေ့လာတော်မူနိုင်ခြင်း

၈။ ယတ္ထကာမဝသာယိတာ အသက်မရှိ ဂိရိဗဟို တောင်မြင့်မိုရ် မုလိတော်လိုက်ခါ ညွတ်ယိမ်းလာပုံ တစ်ခုတခု ပြုဘွယ်ကိစ္စဟူသမျှတို့၌ ပြုလိုတိုင်းသာ ပြီးဆုံးရာသို့ ရောက်စေတော်မူနိုင်ခြင်း

## လက်ာသံပေါက်များ

၁။ ပရိက္ခရာ စုံစွာပါလျက် သေးညွှတ် မှုံညွှင်း သဏ္ဌာန် ဆင်းသွင် ဖန်ဆင်းလျှင် ခေါ်တွင် အဏိမာ

၂။ အလိုရှိရာ ကြီးလိုကပ၊ မြင့်မိုရ်စကြာ တကာပွ၊ လုံးကိုယ်တော်ဖုံးခေါ်သုံး မဟိမာ

၃။ တည်မြဲနေရာ ရှိလျက်သာလျှင် ယူဇနာသိန်း

ကွာကိန်း ပစေ ဝေနေ့သက္က ကျွတ်ထိုက်ကကြွနေ်ကြပါ ပတ္တိသာ

၄။ သဏ္ဍာန်အဆင်း ဖန်ဆင်းတိုင်းရ လိုဆန္ဒပါကမ္မမည်သာ

၅။ ပေါ့ပါး စေလို ခန္ဓကိုယ် စိတ်လိုတိုင်းရ လဃိမ

၆။ လောကလုံးမှာ ဂိုဏ်းသံဃာစိုးကာ ပိုင်သကိုယ်နှင့်မျှဤသိတဟုခေါ်

၇။ အဘိညာဏ်စျာန် ဝင်စားပြန် မှန်ရန်ဝသိတာ

၈။ အသက်မရှိ ဂိရိဗဟို တောင်မြင့်မိုရ်မှ လိုတော်လိုက်ခါညွတ်ယိမ်းလာမှု

တစုံတခု ကိစ္စစုံဖု ပြုမူပါကပြီးဆုံးရ မှတ်ကြ ယတ္တကာမဝသာယိတာဣဒ္ဓိဝိဓ ဤရှစ်ဝမှတ်ကြမျိုးသက္ကာ။

အသက်တော် တသိန်းတန်းကစ၍ သောင်းတန်းအထိ ပွင့်တော် မူကြသော ဘုရားရှင်တို့၏ အရပ်တော် များကား သက်တန်းနှင့်အမျှ အရပ်တော်မြင့်တော် မူကြ၏။

ဂေါတမနွယ်ဘွား မြတ်စွာဘုရားကား သက်တန်းတရာတာ ရာထက်အလွန်နှစ်ရာပြည့်အောင် မနေရသောသက်တန်း၌ ပွင့်တော်မူသောကြောင့် အောက်ပါအတိုင်း အရပ်တော်ရှိ၏။

ဆောင်ပုဒ်....မျှင်စေ့တထွာ၊ မဇ်သုံးထွာ၊ တို့မှာလေးထွာခွဲ။

ပကတိပုရိသ တောင်တွာမိုက်လက်သစ် လက်မပေဂိုက်တို့ ဖြင့်ယူရမည်။

| | | | |
|---|---|---|---|
| (က) ပကတိပုရိသ | အတောင်အားဖြင့် | ၆ | တောင် |
| (ခ) ပကတိပုရိသ | အထွာအားဖြင့် | ၁၂ | ထွာ |
| (ဂ) ပကတိပုရိသ | ပေအားဖြင့် | ၉ | ပေ |
| (ဃ) ပကတိပုရိသ | မိုက်အားဖြင့် | ၁၈ | မိုက် |
| (င) ပကတိပုရိသ | လက်မအားဖြင့် | ၁၀၈ | လက်မ |
| (စ) ပကတိပုရိသ | လက်သစ်အားဖြင့် | ၁၄၄ | လက်သစ် |
| (က) မဇ္ဈိမပုရိသ | အတောင်အားဖြင့် | ၄ | တောင် |
| (ခ) မဇ္ဈိမပုရိသ | အထွာအားဖြင့် | ၈ | ထွာ |
| (ဂ) မဇ္ဈိမပုရိသ | ပေအားဖြင့် | ၉ | ပေ |

## မိုက်တွက်ပုံ

၃ ပေ ၂ တောင် ၁ကိုက် မိုက်အားဖြင့် ၃မိုက်၊ အတောင်အားဖြင့် ၆ တောင် ပေအားဖြင့် ၉ ပေ ဖြစ်၏။

## အဏ္ဏမာ တံခိုးတော်

မြတ်စွာဘုရားသည် အခါတပါး၌ ဥက္ကဋ္ဌမြို့ သုဘဂတော အုပ် အင်ကြင်းပင်ရင်းတွင် သီတင်းသုံး နေတော်မူစဉ် ဗက ဗြဟ္မာသည် နိစ္စ ဓုဝ သဿတ ဒိဋ္ဌိအယူရှိသည်ဖြစ်၍ အယူ ကို ချွတ်ခြင်းအကျိုးငှာ မဟာဗြဟ္မာဘုံသို့ ကြွသွားတော်မူ၏။

ဗကဗြဟ္မာသည် မြတ်စွာဘုရားအား လာခြင်းကောင်းလေ စွတကားဟု နှုတ်ချိုစွာပြောဆိုပြီး ခရီးဦးကြိုဆို၏။ နေရာထိုင်ခင်း ပေး၏။

ဗကဗြဟ္မာပြော။ ။ဣဒံ နိစ္စံ ဓုဝံ သဿတံ အစဝနဓမ္မံ၊ ဣတော စပနညံ ဥတ္တရိ နိဿရဏံ နတ္ထိ။ မိမိ၏ ဤဗြဟ္မာဘုံသည် မြဲ၏။ ဤဗြဟ္မာဘုံ ထက် လွန်မြတ်သော ဘုံမည်သည့် မရှိဟု ပြော၏။

ဘုရားမိန့်။ ။ အို ဗြဟ္မာတို့ ဗကဗြဟ္မာသည် အဝိဇ္ဇာ အလိုသို့ လိုက်နေ၏။ လိုက်နေ၏။ မမြဲဘဲ မြဲ၏ဟု အလွဲလွဲ အမှားမှား ပြောနေ၏။ ထိုအခါ မာရ်နတ်သည် တဦးသော ဗြဟ္မ ပါရိသဇ္ဇကို ပူးကပ်၍ (အိုရဟန်း ထိုဗက ဗြဟ္မာကို ခြင်းကပ်၍ မချိန်းခြောက်ပါနှင့် ဤဗြဟ္မာဟာ အလုံးစုံ အစိုးရ ပါတယ်

ဖန်ဆင်းနိုင်ပါတယ်စသည် ဗကဗြဟ္မာအား ထောက်ခံစကားပြောကြား၏။)

ဘုရားမိန့်။ ။ မာရ်နတ် ဗြဟ္မာ ပရိသတ် သင့်လက်တွင်း ရောက်ပြီ ထင်သလား၊ သင့် လက်တွင်း မရောက် သင့်အလိုမလိုက်ပေဟု ပြော ပြီး၊ နောက် (ဗက) သင်၌ ရှေးဘဝဂတိ နှင့် မဟိဒ္ဓိကံ မဟာနုဘာဝ မဟေသက္ခ ဤသို့ တန်ခိုးရှိသည်ကိုငါသိ၏။သင်ဟာငါ့အောက် တန်ခိုးယုတ်ညံ့၏။ ငါက သင့်ထက် တန်ခိုး အလွန်ကြီး၏ဟုပြော၏။

ဗကဗြဟ္မာပြော။ ။သင်ရဟန်း တန်ခိုးရှိတယ်ဆိုလျှင် အကျွန်ုပ် ကွယ်ပျောက်ပြမည်။

ဘုရားမိန့်။ ။ ဗက သင် ငါမမြင်နိုင်အောင်ကွယ်ပျောက် ပြလော့၊ ဗက ဗြဟ္မာကား မြတ်စွာဘုရား မမြင်အောင် မကွယ်ပျောက်နိုင်ပေ။

ဗကပြော။ ။ ရှင်ကြီးဂေါတမ သေသေ ချာချာ ကြည့် မမြင်အောင် ကွယ်ပျောက်ပြမည်။

ဘုရားမိန့်။ ။ မြတ်စွာ ဘုရားကား ဗက မကွယ်ပျောက် နိုင်အောင် အဓိဋ္ဌာန်ပြီး ငါဘုရားမမြင်နိုင် အောင် ကွယ်ပျောက်ပြလော။

ဗကပြော။ ။ မြတ်စွာဘုရား မမြင်အောင် မကွယ်ပျောက်နိုင်ပါ။ ရှင်ကြီးဂေါတမ အလှည့် ကျ ပြီ ကျွန်ုပ်တို့မမြင်အောင် ကွယ်ပျောက် ပြပါ။

ဘုရားမိန့်။ ။ ဗကတို့ကြည့်လေလော့။ မြတ်စွာဘုရားသည် ဗြဟ္မာပရိသတ် အပေါင်း မိမိ၏ ဘဝေ ဝါဟံ ဘယံ ဒိသွာ၊ ဘဝဥ္စ ဝိဘဝေသိနံ။ ဘဝံ နာဘိဝဒိံ ကိဉ္စိ၊ နန္ဒိဉ္စန ဥပါဒိယိံ (မူလပဏ္ဏာသ-၅-စူဠယမကဝဂ္ဂ ဗြဟ္မနိမန္တနိယသုတ္တ- ၄၀၅)ဤဟူသော ဂါထာရွတ်သံကိုသာ ကြားစေ ငါ့ကိုယ်ကိုကား လုံးဝ မမြင်နိုင်စေဟု တန်ခိုး ဖန်ဆင်း လိုက်၏။ ဗြဟ္မာအပေါင်းတို့သည် ဘုရား၏ ဂါထာ ရွတ်သံကိုသာ ကြားရ၍ ဘု ရား ၏ ကိုယ် အဆင်း ကိုကား လုံးဝ မ မြင် ကြ ပေ။ ထိုအခါ....

အစ္ဆရိယံ ဝတ ဘော အဗ္ဘုတံ ဝတ ဘော သမဏဿ ဂေါတမဿ မဟိဒ္ဓိကတာ မဟာနုဘာဝတာ (၎င်းပါဠိ ၄၀၆)

အို ဗြဟ္မာအပေါင်းတို့ ရဟန်းဂေါတမ၏ အသံကိုသာကြား၍ ကိုယ်တော်ကို မမြင်ရအောင် ဖန်ဆင်းနိုင်သော ကြီးမြတ်သော တန်ခိုးတော်ရှိသည်၏အဖြစ်သည် ကြီးမြတ်သော အာနုဘော်ရှိသည်၏ အဖြစ်သည် လက်

ဖြောက်တီးကား အံ့ဩဘွယ်ရှိလေစွတကား။ မဖြစ်ဘူးမြဲ ထူးကဲစွာ ဖြစ်လေစွတကား။

ဤသို့ မြတ်စွာဘုရားအား ချီးမွမ်းစကား ပြော ကြားကြကုန်ပြီး အရှုံးပေး လက်မြှောက် လိုက်ကြ ကုန်သည်။

ဤသည်တို့ကား မြတ်စွာဘုရား၏ ဣဒ္ဓိဝိဓ အဘိ ညာဏ်ဖြင့် သေးအောင် မမြင်အောင် ဖန်ဆင်းနိုင် သောအဏိမာ တန်ခိုးတော်ပင်တည်း။

## လဃိမာ တန်ခိုးတော်

သော ဝေ° သမာဟိတေ စိတ္တေ ပရိသုဒ္ဓေ ပရိယောဒါတေ အနင်္ဂဏေ ဝိဂတူပက္ကိလေသေ မုဒုဘူတေ ကမ္မနိယေ ဌိတေ အာနေဉ္ဇပ္ပတ္တေ ဣဒ္ဓိ ဝိဓာယ စိတ္တံ အဘိနီဟရတိ အဘိနိန္နာ မေတိ ပ ယာဝ ဗြဟ္မလော ကာဝိ ကာယေန ဝသံ ဝတ္တေတိ။(သီလက္ခန် ပါဠိ ၇၃)။

(လက်ာ)

(စတုသ္ဒ သော သတ္တ ပဥ္စသင်္ချာထား။ ပဉ္စမ ချောန် ဗြဟ္မာထံ အမှန်လူ့ရွာခြား။ ငါးသန်း ခုနစ်သိန်း ခြောက်သောင်းကိုးနီး အပြီးနှံမြဲ မှတ်သား) ဟူသော [illegible] ငါးသိန်း ခုနစ်သိန်း

ခြောက်သောင်း ကွာဝေးသော ပဋ္ဌမဈာန်ဗြဟ္မာ့ဘုံကို မြတ်စွာဘုရားသည် တမိနစ်မျှ လက်ဖြောက် တတီးမျှ လျှပ်တပျက်မျှ တမတြာမျှဖြင့် ရောက်အောင် သွားနိုင်သည့် လျှင်မြန်သောလင်္ဂိမာ တန်ခိုးတော်ပင်တည်း။

## အဟိမာ တန်ခိုးတော်

အခုဒ္ဒါဝကာ သောတိ ဧတ္ထ ဘာဂဝတော အပရိမာဏော ယေဝ ဒဿနာယ ဩကာသောတိ ဝေဒိတဗ္ဗော။ (သီလက္ခန်အဋ္ဌကာ သောဏဒဏ္ဍသုတ် ၂၅၄ နှင့် မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ စင်္ကီသုတ် ၂၀၇)

## ရှည်မြင့်အောင် ဖန်ဆင်းသော ဝတ္ထုကြောင်း

ရာဇဂဟမြို့တော်၌ တယောက်သော ပုဏ္ဏားသည် ရဟန်းဂေါတမ၏ အရပ်အတိုင်းအတာကို မည်သူမျှ မတိုင်းတာနိုင်ဟု ပြောကြား ကြ၏။ ထို့ကြောင့် ငါသည် ရဟန်း ဂေါတမ၏ အတိုင်းအတာကို ယူမည်ဟု နှလုံးပိုက်လျက် ဘုရားကြွလာရာ တံခါးဝသို့ရောက်သောအခါ အတောင် ခြောက်ဆယ် ရှိသော ဝါးကို ထောင်ကာတိုင်း၏။ ဒူးဆစ်မျှသာရှိ၏။ နောက်တနေ့ ရောက်သောအခါ အတောင်ခြောက်ဆယ်ရှိသော ဝါး နှစ်လုံး ဆက်ခါ တိုင်းပြန်၏။ ခါးမျှသာရှိပေသည်။ ထိုအခါ....

ဘုရားမေး ။ပုဏ္ဏား သင် ဝါးလုံးတွေနဲ့ ဘာလုပ်နေတာလဲ

ပုဏ္ဏားဖြေ ။ရှင်ကြီး ဂေါတမ အရုပ်ကို သိအောင် တိုင်းကြည့်တာပါ

ဘုရားမိန့် ။ပုဏ္ဏား စကြာဝဠာတိုက်ခမ်း ပြည့်အောင် ထားတဲ့ ဝါးတွေနှင့် တိုင်း သော်လည်း ငါ့ဘုရားအတိုင်း အတာကိုမရနိုင်၊ ငါဘုရား သည် လေးသင်္ချေနှင့်၊ ကမ္ဘာတသိန်း ပါရမီဖြည့်ခဲ့ခြင်းသည်....အတုလော ဖြဟ္မာဏ တထာဂတော အပ္ပမေယျော.... ဖော်ပါးသော သူတို့ မယှဉ် မတိုင်းတာနိုင်အောင် ဖြည့် ခဲ့ခြင်းဖြစ်၏။

## ရာဟုအသူရိန္ဒအား ကြီးအောင်ဖန်ဆင်းပြပုံ

ယူဇနာပေါင်း လေးသောင်း ရှစ်ရာမြင့်သော အသူရာ နတ်တို့ကိုအစိုးရသော ရာဟုဘုရင်ကြီးသည် ဘုရား၏ဂုဏ်ကို အသူရာနတ်တို့ထံမှ တဖွဖွကြားရသော်လည်းဘဲ ဘုရားက တောင်သာ အရုပ်နိမ့်နိမ့်လေး ငါကယူဇနာသော ချီ အောင် အရုပ်မြင့်တော့ ဘဲ နဲ့လုပ်ဖူး မလဲဟုအကြံစီ တွေဖြစ်နေ၏။

သို့ပင်ဖြစ်လင့်ကစား ဘုရာဂုဏ်သတင်းတွေ အသူရာပရိ သတ်စည်းဝေးတဲ့အခါတိုင်း တပ်တလဲလဲသာကြားရ၍ ဘုရား ဖူးသွားရောက်သောအခါ မြတ်စွာဘုရားက လျောက်လျက်အဖူး ခံ၏။

ရာဟုကား လျောင်းစက်နေသော မြတ်စွာဘုရားကိုကောင်

ပြင်လဝန်းကို မော်ကြည့်ရသကဲ့သို့ လည်ပင်အထက်သို့ ဆန့်ကာမော်ဖူးနေရရှာ၏။

ဘုရားအမိန့်။ ။အသူရိန္ဒ ဘာလုပ်နေသနည်း။

သူရိန္ဒဖြေ။ ။မြတ်စွာဘုရားက နိမ့်နိမ့် ငါက မြင့်မြင့် အရပ်ခြင်းမသင့်ဟူ၍ ဘုရားဖူးမလာမိတာပါဘုရား၊

ဘုရားမိန့်။ ။နမယာအသူရိန္ဒ အဓောမုခေန ပါရမီယောပူရိတာ ဥဒ္ဓဂ္ဂမေဝကထွာ ဒိန္နန္တိ(ဧင်းအဋ္ဌကထာ ၂၅၅)။

အသူရိန္ဒ ငါသုရားသည် လေးသင်္ချေနှင့်ကမ္ဘာတသိန်းပါရမီဖြည့်ခဲ့တာအောက်မျက်နှာအဘို့ သွားအောင် ဖြည့်ခဲ့သည် မဟုတ် အထက်သို့သွား အောင်ဖြည့်ခဲ့၏။လှူခဲ့၏။

ပတ္တိတံခိုးတော်

ဣဒ္ဓိဝိဓအဘိညာဏ်အတိုင်းပင်၊

ပါကမ္မတံခိုးတော်

သောဝေ ံ သမာဟိတေ စိ တ္တေ ပ ရိ သုဒ္ဓေ ပရိယောဒါတေ အနင်္ဂဏေဝိဂတူပက္ကိ လေသေ မုဒုတူတေ ကမ္မနိယေ ဋ္ဌိတေအာ

နေဥပ္ပတ္တေ သတ္တာနံ စုတူပပါတညာဏာ
ယ စိတ္တံ အဘိနိဟာရတိ အဘိနိန္နမေတိ
ပယာထာ ကမ္မူပဂေ သတ္တေ ပဇာနာတိ။
(သီလက္ခန်ပါဠိ ၇၈)။

မြတ်စွာဘုရားသည် ဒိဗ္ဗစက္ခုအဘိညာဏ်နှင့် စုတူပပါတ ညာဏ်ဖြင့် အလုံးစုံသော သတ္တဝါတို့၏ ကံဟူသမျှကို သိတော်မူနိုင်၏။

ဤသည်ကား ပါကမ္မတန်ခိုးတော်တည်း
ဣဒ္ဓိတာ တန်ခိုးတော်

မြတ်စွာဘုရားသည် ၁ မာရ်နတ်။ ၂ အာဠာဝကဘီလူး ၃ နာဠာဂီရိဆင်။ ၄ အင်္ဂုလိမာလသူပုန်ကြီး။ ၅ စိဉ္စမာန ပရိဗ္ဗာဇိကာမ။ ၆ သစ္စက ပရိဗ္ဗာဇက။ ၇ နန္ဒောပနန္ဒ နဂါးမင်း။ ၈ ဗကဗြဟ္မာ စသော အမိုက်ထိပ်သီး အယူထိပ်သီးတို့ကို မိမိအလိုသို့ပါအောင် ပြုနိုင်သည်ဖြစ်၍ ဣဿ ဘုံသားဆိုလျှင် ပြောဘွယ်ရာမရှိပေ။ မိမိအလိုသို့ပါအောင်ပြုနိုင်သည်သာ။

ဤသည်ကား ဣဿိတာတန်ခိုးတော်ပင်တည်း
ဝသိတာ တန်ခိုးတော်

မြတ်စွာဘုရားသည် လောကီစျာန် သမာပတ်ကို ဖြစ်စေ လောကုတ္တရာစျာန်ယှဉ်သော ဖလသမာပတ်ကိုဖြစ်စေ ဝင်စားလိုကတမိနစ်မျှလျှပ်တပျက်မျှအတွင်း ချက်ခြင်းဝင်စားနိုင်သော စိတ်တော်၏လေ့ကျင့်ခဏ်းတန်ခိုးတော်နှင့် ပြည့်စုံတော်မူပါပေ၏။

ဤသည်ကား ဝသိတာ တန်ခိုးတော်ပင်တည်း

## ယက္ခကာမဝသာယိတာ တန်ခိုးတော်
## မြတ်စွာဘုရားသည်

အဝိညာဏက စကြာဝဠာတောင် မြင့်မိုရ်တောင် ယုဂန္ဓရ အစရှိသော တောင် ဟိမဝန္တာတောင် စသည် မိမိစိတ်တော အဓိဋ္ဌာန်ဖြင့် ဖယောင်းတိုင်လို ညွတ်ကိုင်းလာစေလိုလျှင် လာနိုင်၏။ သေးငယ်လိုလျှင် သေးငယ်နိုင်၏။ ကြီးလိုလျှင် ကြီးနိုင်၏။ မြေထဲ ဝင်လိုလျှင် ဝင်နိုင်၏။ ကောင်းကင် ပျံလိုလျှင် ပျံသွားနိုင်၏။ ဤသို့ အကြင်အကြင် မိမိ ၏ အလို အတိုင်း လိုက်စေနိုင်သော ပြီးစေနိုင်သော ယတ္ထကာမ ဝသာယိတာ တန်ခိုးတော်နှင့် ပြည့်စုံတော်မူပါပေ၏။

ဤသည်ကားယထာကာမဝသိတာတန်ခိုးတော်ပင်တည်း

## ၂။ ဓမ္မဘုန်းတော်

မြတ်စွာဘုရားအား မြင့်မြတ်သော လောကုတ္တရာ တရား ကိုးပါးတို့သည်၎င်း မြင့်မြတ်သော သီလ သမာဓိ ပညာတို့သည် ၎င်း ရှိကုန်၏။

## မှတ်ချက်

လောကီတရားတို့ကွင် အမြင့်မြတ်ဆုံးကား ဈာန်အဘိဉာဏ်တည်း။ လောကုတ္တရာတရားတို့တွင် အမြင့်မြတ်ဆုံးကား အရဟတ္တဖလနှင့် နိဗ္ဗာန်ပင်တည်း။ ဘူတပါးတို့နှင့် မဆက်ဆံသော အသာဓာရဏဉာဏ်တော် ခြောက်ပါးသည် ဓမ္မပည်၏။

လင်္ကာ

၁။ မြင့်မြတ်လောကီသိ ဝိ ပညာ လောကုတ်ဖြာ မှတ်ပါဓမ္မဘုန်း

၂။ သာဓာရဏဉာဏ် ယင်းခြောက်တန် မုန်ရန်ဓမ္မဘုန်း

## ၃ ယသဘုန်းတော်

ပရိသတ်(၄)ပါး ပရိသတ်(၈)ပါးတို့ဖြင့် အခြံအရံများခြင်း ဂုဏ်ကျေးဇူးသတင်း ကြီးခြင်း ပြန့်နှံ့ကျော်စောခြင်း စသည်တို့သည် ယသဘုန်း တော်တို့မည်ကုန်၏။

လင်္ကာ

၁။ များလှ ခြံရံ ဂုဏ်လျှံပြည့်စုံ ကျေးဇူးဂုဏ် ယူကုန် ယသတည်း။

၂။ ပြဟ္မာလမင်း ပမာနှင်း တူခြင်း ယသတည်း။

## ၄ သိရိဘုန်းတော်

သုံးဆယ့်နှစ်ပါး သောလက္ခဏာ တော်ကြီး ရှစ်ဆယ် သောလက္ခဏာ တော်ငယ်တို့နှင့်တကွသက်ယော်ရှည်ဘုရားများ အတောင်ရှစ်ဆယ် အသက်တော်တိုဘုရားများ ဗျာမပ္ပဘာ ကိုယ်တော်၏ထက်ဝန်းကျင် တလံမျှလောက် သောအရပ်တို့၌ ရောင်ခြည်တော်တို့သည် မြတ်စွာဘုရား၊ကိုယ်တော်၌ တင့်တယ် သပ္ပယ် ကြက်သရေ တော်တို့နှင့် ပြည့်စုံကုန်၏။

## ၅ ကာမဘုန်းတော်

သူတပါးတို့၏ အကျိုး စီးပွါးတို့ကို စင်ကြယ်မွန်မြတ်သော ဆန္ဒတော်ဖြင့် လိုလားမှု ထိုသို့ သူတပါး တို့၏ အကျိုးကိုလိုလား တော်မူသည့်အတိုင်း သူတပါးတို့၏ အကျိုး ပြီးစီးမှုတို့၌ ရန်သူ ချစ်သူ မရွေး ဆင်းရဲ ချမ်းသာမရွေး လိုလား၍ အညီအမျှ ဆောင်ရွက်တော်မူ၏။

မြတ်စွာဘုရား၏ ကာမဘုန်း တန်ခိုးတော် (၀၁)လိုလား ချက်တော်တို့ဖြင့် အကျိုးစီးပွါး ပြီးစီးသော လောကုတ္တရာ မဂ်ဖိုလ်သို့ ရောက်ကြကုန်သော သတ္တဝါတို့၏ အပေါင်းမှာ နှစ်ဆယ့်လေးသင်္ချေ ကျော်ကျော်ရှိကုန်၏။

နက်ပြည်ပြဟ္မပြည် တည်းဟူသော သုဂတိ ဘုံဌာနတို့သို့ ရောက်ကြရသော သတ္တဝါတို့၏ အရေအတွက်ကား အသင်္ချေ ယျပေါင်း အသင်္ချေယျတို့ကို ကျော်လွန်နိုင်ရာ၏ ၀ါရေတွင် ပိုင်းခြားခြင်းငှါ မတတ်ကောင်း မတက်နိုင်လေပြီ။

## ၆ ပယတ္တဘုန်းတော်

အလုံးစုံသောရှေးဘုရားရှင်တို့၏ ပြုသင့် ပြုထိုက်ဆောင်ရွက် သင့် ဆောင်ရွတ်ထိုက်သော ဗုဒ္ဓကိစ္စတော်တို့ကို တွန့်တို ဆုတ်နစ်ခြင်းရှိတော်မမူဘဲ ရဲရဲဝန့်ဝန့်စွန့်စွန့်စားစား မားမား

မတ်မတ် ကြီးမြတ်တော်မူသော ဝိရိယဖြင့် ဆောင်ရွက်တော်မူ၏။

ဘုန်းတော် ပြောက်ပါးပြီး၏။

## ၄ ဝိသဝတ္တဝါဂုဏ်တော်

က။ ကုသလတိက် ဝေဒနာတိက် အစရှိသော တိက်ဒုက် အထူး တရားတို့ဖြင့် အလုံးစုံသော တရားတို့ကို ဝေဘန်၍ဟောတော်မူ၏။

ခ။ ခန္ဓာ အာယတနဓာတ် သစ္စာ ဣန္ဒြေ ပဋိစ္စသမုပ္ပါဒ အစရှိသော တရားတို့ဖြင့် ပရမတ္ထဝိဿနာတရားတို့ကိုဝေဘန်၍ဟောတော်မူ၏။

၈–၁။ ပီဠနဋ္ဌသဘော သင်္ခတဋ္ဌ သဘော သန္တာပဋ္ဌ သဘော ဝိပရိဏာ မဋ္ဌသဘော အားဖြင့် ဒုက္ခ အရိယသစ္စာကို ဝေဘန်ဖွင့်လှစ်၍ ဟောတော်မူ၏။

၂။ အာယူဟ နဋ္ဌသဘော နိဒါနဋ္ဌသဘော သံယော ဂဋ္ဌသဘောပလိ ဗောဓဋ္ဌသဘော အားဖြင့် သမုဒယ အရိယ သစ္စာကို ဝေဘန် ဖွင့်လှစ်၍ ဟောကြားတော်မူ၏။

၃။ နိဿရဏ ဌသဘော ဝိဝေကဌသဘော အမတဌသဘော အသင်္ခတဌသဘော အားဖြင့် နိရောဓ အရိယ သစ္စာကို ဝေဘန် ဖွင့်လှစ်၍ ဟောပြတော်မူ၏။

၄။ နိယျာန ဌသဘော ဟေတု အတ္ထ သဘော ဒဿနဌသဘောအဓိပတေယျအားဖြင့်မဂ္ဂအရိယ သစ္စာကိုဝေဘန်ဖွင့်လှစ်၍ ဟောပြတော်မူ၏။

## ၅ ဘတ္တဝါဂုဏ်တော်

၁ မြတ်စွာဘုရားသည် ဒိဗ္ဗဝိဟာရ၊ ဗြဟ္မဝိဟာရ၊ အရိယ ဝိဟာရတို့ကို များစွာမှီဝဲဆည်းကပ်တော်မူ၏။

၂ ကာယဝိဝေက စိတ္တဝိဝေက ဥပဓိဝိဝေကတို့ကို များစွာ မှီဝဲဆည်းကပ်တော်မူ၏။

၃ သုညတဝိမောက္ခ၊ အပ္ပဏိဟိတ ဝိမောက္ခ၊ အနိမိတ္တ ဝိမောက္ခတို့ကို များစွာ မှီဝဲဆည်းကပ်တော်မူ၏။

၄ တပါးကုန်သော လောကီလောကုတ္တရာ ဖြစ်ကုန်သော ဥတ္တရိမနုဿဓမ္မတို့ကို များစွာမှီဝဲ ဆည်းကပ်ခြင်းတို့ကို ပြုတော်မူ၏။

## ၆ ဘဝေသု ဝန္တဂမနောဂုဏ်တော်

ဘဝတို့၌ ထွေးအံ့၍ နိဗ္ဗာန်သို့ ကြွသွားတော်မူခြင်း။
မြတ်စွာဘုရားသည် ကာမ ရူပ အရူပဟုဆိုအပ်သော သုံးပါး

သောဘုံဘဝတို့၌ သာယာတပ်မက်သော တဏှာကို ထွေးအံ့ပြီး နိဗ္ဗာန်တို့ကြွသွားတော်မူ၏။

ဘဂဝါ ၆ ပါး အဓိပ္ပါယ်အကျဉ်းပြီး၏။

## မြတ်စွာဘုရား၏ဂုဏ်တော်တို့ကိုပွားများရခြင်း၏ အကျိုးအာနိသင်များ

(အင်္ဂုတ္တရ ဧကဒသကနိပါတ် ၂- အနုဿတိဝဂ် ပဉ္စမ မဟာနာမသုတ်)

(ဝိသုဒ္ဓိမဂ် ဗုဒ္ဓါနုဿတိနိဒ္ဒေသ) စသော ကျမ်းရင်းတို့၌ လာကုန်၏။

မြတ်စွာဘုရား၏ဂုဏ်တော်တို့ကို အောင်းမေ့ ဆင်ခြင် သုံးသပ်နေသော ယောဂီပုဂ္ဂိုလ်အား ဝါ၏။

၁ ရာဂသည် ထက်ဝန်းကျင်မှ ထကြွသောင်းကျန်းသော စိတ်မရှိ-ဝါ-မဖြစ်။

၂ ဒေါသသည် ထက် ဝန်း ကျင် မှ ထကြွ သောင်းကျန်း သောစိတ်မဖြစ်။

၃ မောဟသည် ထက်ဝန်းကျင်မှ ထ ကြွ သောင်း ကျန်း သောစိတ်မဖြစ်။

၄ မြတ်စွာဘုရားတို့၏ဂုဏ်တော်တို့ကိုစွဲမှီ၍ ဖြူစင်ဖြောင့် မတ်သော စိတ်အစဉ်ဖြစ်ခြင်း။

၅ ကာမာဝစရ ဥပစာရသမာဓိဇောစိတ်အစဉ်ဖြင့် နီဝရဏ ငါးပါးတို့ကို ပယ်ခွါနိုင်၏။

၆ ကာမာဝစရ ဥပစာရ သမာဓိဇော စိတ်ဖြင့် မြတ်စွာ ဘုရားဂုဏ်တော်တို့၌ ညွတ်ယိမ်းကိုင်းရှိုင်းသော ဝိတက် ဝိစာရစသည်တို့ ဖြစ်လာထင်လာနိုင်ကုန်၏။

၇ မြတ်စွာဘုရားဂုဏ်တော်ကို အဖန်ဖန် ပွားများ စီးဖြန်း သောပုဂ္ဂိုလ်အား ဖရဏာပီတိသည် တအိအိ ဖြစ်ပေါ် ၍လာ၏။

၈ ပီတိဖြစ်ပေါ်လာသော ပုဂ္ဂိုလ်အား ပီတိလျှင် နီးစွာ သောအကြောင်းရှိသော ပဿဒ္ဓိကြောင့် ကာယဒ္ဒါရ၌ ဖြစ်သောပူပန်ခြင်း၊ မနောဒ္ဒါရ၌ဖြစ်သော ပူပန်ခြင်းတို့ သည် ငြိမ်းအေးကုန်၏။ (ဝါ) ပီတိ စေ တ သိက် နှင့် တကွ ဖြစ်သောစိတ်ရှိသော ယောဂီပုဂ္ဂိုလ်အား ကာယ စိတ္တ ပဿဒ္ဓိတို့၏ဆန့်ကျင်ဘက် အခိုက်အတန့် သိမ်မွေ့ နူးညံ့ခြင်းနှင့် ဥဒ္ဒစ္စနှင့်တကွဖြစ်သော ကိလေသာတည်း တူသော ပူမန်ခြင်းတို့ ဆုတ်နစ်သွား၏။ ပယ်ခွာသွား၏။

၉ ကိုယ်စိတ်ပူပန်ခြင်းမှ ငြိမ်းအေးသောပုဂ္ဂိုလ်အား ကိုယ် စိတ်ချမ်းသာခြင်းသုခသည် ဖြစ်လာ၏။

၁၀ ကိုယ်စိတ်ချမ်းသာသောပုဂ္ဂိုလ်အား ဝါ၏ မြတ်စွာဘုရား ဂုဏ်လျှင်အာရုံရှိသည်ဖြစ်၍စိတ်သည်ဥပစာရသမာဓိဖြင့် တည်ကြည်၏။

ဤသို့သော အစဉ်အားဖြင့် တခုသော စိတ္တက္ခဏ၌ ပရိကမ္မ ဥပစာရ အနုလောမ ဂေါတြဘူဟုဆိုအပ်သော ကာမာဝစရ ဥပစာရသမာဓိဇောစိတ်၌ ဈာန်၏ အင်္ဂါဖြစ်ကုန်သော ဝိတက် ဝိစာရ ပီတိသုခ ဧကဂ္ဂတာတို့သည် ဖြစ်ကုန်၏။

## မှတ်ချက်

မြတ်စွာဘုရားဂုဏ်တော်တို့၏ နက်နဲသည်၏ အဖြစ်ကြောင့်၎င်း၊ အထူးထူးအပြားပြား များစွာဆန်းကြယ်သောဂုဏ်တော်တို့ကို အောင်းမေ့နှလုံးသွင်းရသည်၏အဖြစ်ကြောင့်၎င်း၊အပ္ပနာဈာန်သို့ကား မရောက်နိုင်၊ ဥပစာရဈာန်သာလျှင် ရနိုင်၏။

## အကျိုးတနည်း

ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို အားထုတ်စီးဖြန်းသော လူရှင်ရဟန်း ယောဂီများသည်။

၁ မြတ်စွာဘုရား၌ ရိုသေခြင်းရှိသည်ဖြစ်၍ ခြေလက် နဖူး၊ တတောင်ဒူး-မြေမှုပြားဝတ်- ဦးညွှတ်၏။

၂ မြတ်စွာဘုရား၌ ယုံကြည်ကိုးစား၍ သဒ္ဓါပြန့်ပြောသည် ဓါအဖြစ်သို့ရောက်တတ်၏။

၃ သတိပြန့်ပြောသည်၏အဖြစ်သို့ရောက်၏။

၄ ပညာပြန့်ပြောသည်၏ အဖြစ်သို့ရောက်၏။

၅ ကုသိုလ်ပုဉ်း ပြန့်ပြောသည်၏ အဖြစ်ကိုရ၏။

၆ နှစ်သက်ဝမ်းမြောက်သော ပီတိဂါမောဇ္ဇများစွာဖြစ်၏။

၇ ကြောက်မက်ဖွယ်အာရုံတူသမျှတို့ကို သည်းခံနိုင်၏။

၈ ဒုက္ခအမျိုးမျိုးတို့ကို သည်းခံနိုင်၏။

၉ မြတ်စွာဘုရားနှင့် အတူဟူမနေရ၏ဟု အမှတ် အမြဲတမ်း ရနေ၏။

၁၀ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း စီးဖြန်းသော ယောဂီ၏ ဗုဒ္ဓဂုဏ်ကို ထဖန်ဖန်အောင်းမေ့ခြင်းဖြင့် လွှမ်းမိုး စိုးအုပ်နေသောကိုယ်သည်လည်း စေတီကျောင်းတော်ကဲ့သို့ ပူဇော်ခံထိုက်၏။

၁၁ မြတ်စွာဘုရားဖြစ်လိုခြင်း၌ စိတ်ညွတ်ယိမ်းကိုင်းရှိုင်း၏။

၁၂ ယောဂီ၏လွန်ကျူးအပ်သောဝိတိက္ကမိတဗ္ဗဒုစ္စရိတဝတ္ထုတို့နှင့်ပေါင်းဆုံမိခဲ့သည်ရှိသော် မျက်မှောက်တော်၌မြတ်စွာဘုရားကို ဖူးခနေရသောသူ၏ ဟိရီဩတ္တပ္ပ ရှေ့ရှုထင်လာသလို အချက်အကြောင်း ဟိရိဩတ္တပ္ပသည် ဒလိုလို ထင်လာ၏။

၁၃ ထို့ထက် လွန်လွန်ကဲကဲ ဈာန် မဂ် ဖိုလ် သစ္စာ အပ္ပနာ တို့သို့ ထိုးထွင်း၍ မသိရသေးသည်ရှိသော် ကာမသုဂတိဘုံ တို့သို့သာ လားရောက်ရ၏။

ရတနာသုံးပါးဂုဏ်အကျိုးပြဝတ္ထုများ

၁။ ရတနာ သုံးပါး ဂုဏ်တန်ခိုးကြောင့် မြစ်ရေ သည် ကျောက်ဖြာကဲ့သို့ ဖြစ်ပေါ်လာရသော ကပ္ပိနမင်းနှင့်အနောဇာ မိဖုရားတို့ဝတ္ထု။

(က) မဟာကပ္ပိနမင်းကြီးသည် ကုန်သည်တို့၏ထမှရတနာ သုံးပါးလောက၌ ထင်ရှားပေါ်ထွန်းလာပြီဖြစ်ကြောင်း သတင်း ကြောင်း ကြားသိရသဖြင့် ၎င်းကုန်သည်တို့အား အလွန်တရာ ကျေးဇူးတင်လှ သဖြင့် အသပြာသုံးသိန်းတို့ကို ပူဇော်ပြီးသည့် နောက် တိုင်းပြည်ကို စွန့်လွှတ်လျက် အမတ်တထောင်ခြံရံကာ ရတနာသုံးပါးအား အာရုံပြု၍ ဘုရားထံရဟန်းပြုရန်ထွက်လာ ကြရာ ပထမ အပရစ္ဆာမြစ်သို့ ရောက်သောအခါ ငါသည် ယုံမှားသံသယ ကင်းရှင်းစွာဖြင့် ရတနာသုံးပါးကို ရည်မှန်း၍ ထွက်လာခဲ့ပေပြီ၊ ထိုရယနာသုံးပါးတို့၏ အာနုဘော်အစွမ်းသတ္တိ ကြောင့် ဤမြစ်ရေသည် ရေကဲ့သို့မဖြစ်ပဲ ကျောက်ဖြာ ကဲ့သို့ ဖြစ်ပါစေသားဟု အဓိဋ္ဌာန်ကာ ဣတိပိ သောဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အစရှိသည်ဖြင့် ဗုဒ္ဓါနုဿတိ ဂုဏ် တော် ကို ပွားများဆင်ခြင်ပြီး အခြံအရံ အမတ်တထောင်နှင့်အတူ မြင်း တထောင်ဖြင့် အပရစ္ဆာမြစ်ရေပြင်ကို တဟုန်တည်းမောင်းဆင်း သောအခါ ဘုရား ဂုဏ်တန်ခိုး သတ္တိကြောင့် ရေများသည် ကျောက်ဖြာကဲ့သို့ဖြစ်ပြီး မြင်းခွါဖြား သော်မျှ ရေမစိုပေ။

တဖန် ဒုတိယ နီလဝါဟိနီမြစ်ကို သွက်ခွာတော ဘာဂဝတာ ဓမ္မော သန္ဒိဋ္ဌိကော အစရှိသည်ဖြင့် တရားဂုဏ်တော်ကိုအောင်း မေ့ဆင်ခြင် အဓိဋ္ဌာန်ပြု၍ ကူးခဲ့လေပြီ။

တတိယ စန္ဒဘာဂမြစ်သို့ ရောက်သောအခါ သုပ္ပဋိပန္နေး ဘာဂဝတော သာဝကသံဃော အစရှိသည်ဖြင့် သံဃဂုဏ်တော်ကို အာရုံပြု အဓိဋ္ဌာန်ပြု၍ ကူးခဲ့ရာ ရှေးကလို ရေကား ကျောက်ဖြာကဲ့သို့ဖြစ်ပြီး မြင်းခွါဖြားတောင်မျှ ရေမစိုပေ။

ဤသို့ မြစ်သုံးမြစ်ကူးရာ၌ ရတနာသုံးပါး ဂုဏ်ကို အသီးသီ ဆင်ခြင်အဓိဋ္ဌာန်ပြု၍ ကူးခဲ့သည်ရှိသော် ရတနာသုံးပါး၏ဂုဏ် တန်ခိုး သတ္တိကြောင့် ရေများသည် ကျောက်ဖြာလို ဖြစ်ပေး ရ၏။

## အနောဇာမိဖုယား

(ခ) အနောဇာ မိဖုရား အမှူးရှိသော အမတ် ကတော် တထောင်တို့လည်း ကုန်သည်တို့ထံမှ ရတနာသုံးပါးဂုဏ်တော်ကို ကြားရ၍ ဂုဏ်တော်တပါးငွေနှစ်သိန်းပေး၍ ဂုဏ်တော်သုံးပါး ငွေခြောက်သိန်းဆုလာဘ်ပေးပြီး အမတ်ကတော်တထောင်နှင့် မြတ်စွာဘုရားကို အာရုံပြု၍ ရထားတို့ဖြင့်ထွက်လာခဲ့ရာ မြစ်သုံး မြစ်ကူးရာ၌ ပဌမအပရစ္ဆာမြစ် ဘုရားဂုဏ်၊ ဒုတိယ နီလဝါဟိနီ မြစ် တရားဂုဏ်၊ တတိယ စန္ဒဘာဂမြစ် သံဃဂုဏ် ဆင်ခြင် အဓိဋ္ဌာန်ပြု၍ ကူးခဲ့ရာ ရတနာသုံးပါး ဂုဏ်တန်ခိုးသတ္တိကြောင့် ရေများကျောက်ဖြာလိုဖြစ်လျက် မြင်းခွါဖြား ရထားဘီးတို့ကို ရေမစိုဘဲ ချမ်းချမ်းသာသာကူးသွားကြရသည်။

ဤသည်တို့ကား ရတနာသုံးပါး ဂုဏ်တို့ကို လိုက်လိုက်လဲ့လဲ့ ဘဝင်စွဲအောင် အမြဲဆင်ခြင် သုံးသပ်ခြင်း၏ တန်ခိုးသတ္တိတို့ပင် တည်း။ ( အကျယ် ဓမ္မပဒအဋ္ဌကထာ ပဌမတွဲ မဟာကပ္ပိန ဝတ္ထု ၃၅၁-မှာကြည့်)။

## ၂။ ဘုဥ်းဂုဏ်အာရုံပြု၍ နတ်ပြည်ရောက်သော မဋ္ဌကုဏ္ဍလီဝတ္ထုအကျဉ်း

သာဝတ္ထိမြို့ ပစ္စည်းနှမြောသော ပုဏ္ဏားကြီး၏သား ချော မွေ့သော နားဒွေးင်းလုံးလေး ပန်ဆင်ထား သောကြောင့် မဋ္ဌကုဏ္ဍလီဟုအမည်ရသော သူငယ်လေးသည် ၁၆ နှစ်အရွယ် ရောက်သော် သွေးအားနည်းသောရောဂါဖြစ်လျက် သေခါနီး အချိန် အိမ်ပြင် ဝရံတာ၌ထုပ်ထားသဖြင့် မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်သည် သံဃာငါးရာနှင့် ဆွမ်းခံကြွလာရာ မဋ္ဌ ကုဏ္ဍလီသတိုးသား၏ အိမ်အနီးသို့ရောက်သောအခါ ရောင်ခြည် ထော်ခြောက်သွယ်လွှတ်လိုက်၏။

မဋ္ဌကုဏ္ဍလီ သတိုးသားသည် ဆန်းကြယ်သော ရောင်ခြည် တော်များကို ဖူးမြင်ရသဖြင့် လမ်းဘက်သို့ လှည့်ကြည့်လိုက်ရာ အတုမရှိသော ကြည်ညိုဘွယ်ကောင်းသည့် ဘုရားသခင် ကို ဖူးမြင် ရသောကြောင့် အလွန်အကဲ ဝိတ်ကြည်လင် ရွှင်ပြုံး လ[illegible] ဖြစ်သောအခါ ပူ စိတ်ထဲ၌ [illegible] ပြီး [illegible] ဒါနပူ

သီလမှု ဘာဝနာမှု လုံးလုံးမရှိသော်လည်း ဘုရားဂုဏ်ကိုအာရုံ ပြုကာ ယုံကြည်ရသဖြင့် တာဝတိံသာနတ်ပြည် ယူဇနာသုံးဆယ်ရှိ သော ရွှေဗိမာန်၌ နတ်သမီး တထောင် ခြံရံကာ ဗိမာန်ရှင် နတ်ဖြစ်လေပြီ။

ဤသည်လည်း ဘုရားဂုဏ်တော်ကို ဆင်ခြင် အောင်းမေ့ သော တန်ခိုးပင်တည်း။ (အကျယ် ဓမ္မပဒအဋ္ဌကထာ ပဌမတွဲ မဋ္ဌကုဏ္ဍလီဝတ္ထု ၁၆-မှာကြည့်ပါလေ)။

၃။ ဗုဒ္ဓေါ ဗုဒ္ဓေါဟု ဘုရားဂုဏ်အာရုံပြု၍ပွားများသည်ရှိသော် အရောင်အလင်းတွေ ဖြစ်ပေါ်လာသော

အနာထပိဏ်သေဌေး ဝတ္ထု

သာဝတ္ထိမြို့သား အနာထပိဏ် သူဌေး သည် ရာဇဂဟမြို့ ယောက်ဖသူဌေးထံကုန်ရောင်းသွားရာ ဘုရားပွင့်တော်မူကြောင်း ကြားရသဖြင့် အိပ်လဲဗုဒ္ဓေါ နိုးလဲဗုဒ္ဓေါ ဗုဒ္ဓေါ နှုတ်ကမပြတ် ရွတ်ဖတ် ပွားများ ခဲ့သည်ရှိသော် ဘုရားဂုဏ်ပွားများရသော တန်ခိုးသတ္တိကြောင့် အလင်းရောင်အမြဲတမ်းဖြစ်ခနေ၍ မိုးလင်း ပြီဟုထင်သဖြင့် ခုနစ်ထပ်ရှိသောအိမ်မှ တံခါးစောင့်နတ် တွေ လည်း ဘုရားဂုဏ်ရွတ်နေသော တန်ခိုးကြောင့် တံခါးဖွင့်ပေး ကြ၏။

သင်းချိုင်း ရောက်သောအခါ လူသေတွေ ခြေထောက်နှင့်

တ်မိ၍ ကြောက်စိတ်ပေါ်လာသောအခါ သမာဓိလျှော့သွားသည့်ဖြစ်၍ မှောင်မဲလာခဲ့သည်ရှိသော် ပြန်ချင်တဲ့စိတ်ပေါ်နေစဉ် သင်းချိုင်းစောင့်များက....

သတံ ဟတ္ထီ သတံ အဿာ၊ သတံ အဿတရီရထာ။

သတံ ကညာသဟဿာနိ၊ အာမုက္ကမဏိကုဏ္ဍလာ။

ဧကဿ ပဒဝီတိဟာရဿ၊ ကလံ နာဂ္ဃန္တိ သောဠသိံ ။

အဘိက္ကမ ဂဟပတိ အဘိက္ကမ ဂဟပတိ။

အဘိက္ကန္တံ တေ သေယျော နော ပဋိက္ကန္တံ

အိမ့်ရှင်သူဌေးမင်း ဆင်တသိန်း မြင်းတသိန်း အဿတိုရ်မြင်းကသော ရထားတသိန်း ပတ္တမြားနားဋ္ဌောင်း ပန်ဆင်ထားသော သတိုးသမီးတသိန်း ဤလေးသိန်းတို့သည် ဘုရားဂုဏ်ကို အာရုံပြု၍ ဘုရားဖူးသွားသောသူ၏ ခြေတလှမ်း၏ ၁၆– စိပ် စိပ် ၁–စိပ်လောက်မျှ အဘိုးမတန်ပေ၊ ထို့ကြောင့် ရှေ့သို့သာ ဘုရားဖူးသွားပါ၊ သင်သေဌေးမင်း၏ရှေ့သို့ ဘုရားဖူးသွားခြင်းသည်မြတ်၏။ နောက်သို့ ပြန်သွားခြင်းသည်မမြတ်ပါ၊ ဤသို့သုံးကြိမ်သုံးခါ သင်းချိုင်းစောင့် နတ်များက အားပေး တိုက်တွန်းစကားပြောကြားလေ၏။

ဤသို့ တိုက်တွန်းသဖြင့် ဘုရားဂုဏ်အာရုံထပ်ပြုရာ အလင်းခတ် ပြန်ရ သဖြင့် ရဲရဲတင်းတင်း ဘုရားထံ အရောက်သွား

ဖးမျှော်၍ တရားနာရသဖြင့် သောတာပန်ဖြစ်လေပြီ။ (စူဠ ဝဂ္ဂ ပါဠိတော် နှာ-၃၀၂)။

## ၄။ ဘုရားဂုဏ်တန်ခိုးကြောင့် အဝီစိငရဲ ကျရောက်သင့်သော်လဲ လောဟကုမ္ဘီ ငရဲသာကျ၍ ပစ္စေကဗုဒ္ဓါ ဖြစ်လတံ့သော အဇာတသတ္တုမင်း ဝတ္ထု

အဇာတသတ္တုမင်းမြတ်သည် ဘုရား အလွန် ကြည်ညို၍ ဘုရားဂုဏ်ကိုအမြဲတမ်းဆင်ခြင် နှလုံးသွင်းသဖြင့် အဘ သတ်မိသော ပဉ္စာနန္တရိယကံကြီးကြောင့် အဝီစိငရဲကျသင့်သော်လည်း လူသတ်မှုဟာ ပန်းတဆုပ်ဒဏ်ဖြင့် လွတ်ရသလို လောဟကုမ္ဘီ ငရဲ၌ အနှစ်ခြောက်သောင်းခံပြီး ဝိဇိတာဝီ ပစ္စေကဗုဒ္ဓါဖြစ်၍ ပရိနိဗ္ဗာန်စံရခြင်းတည်းဟူသော လောကုတ္တရာ အကျိုးမြတ်ကြီး ကိုရလေသည်။ (သီလက္ခန်အဋ္ဌကထာ နှာ-၂၁၂)။

## ၅။ ဘုရားဂုဏ်အာရုံပြု အမိဋ္ဌာန်၍ ဘုရားကြွလာရသော စူဠသုဘဒ္ဒါဝတ္ထု

မိစ္ဆာဒိဋ္ဌိယောက္ခမထီး သူဌေးကြီး နှင့် မိစ္ဆာဒိဋ္ဌိ ယောက္ခမ သူဌေးကတော်တို့မေး- သင်ကိုးကွယ်သော ဂေါတမ ဘုရား အမျိုးရှိသော ရဟန်းတော်များ ဒီလောက် တန်ခိုးကြီးလျှင် နက်ဖန်ခါ ဘုရားဖူး ဆွမ်းကျွေးချင်သည်၊ သင် ပင့်ပေးနိုင်ပ !

မလား- စူဠသုဘဒ္ဒါဖြေ- မိခင် ဘခင်တို့ ပူဇော်စရာ ခဲဘွယ် ဘောဇဉ် ပန်းနံ့သာ တို့ကိုသာ အသင့် ပြင်ဆင် ထားပါ၊ ကျွန်တော်မ ရအောင်ပင့်ပေးပါမည်ဟု ရဲရဲတင်းတင်းကြီးဝန်ခံ အဖြေပေးလိုက်၏။

ထို့နောက် ပန်းနံ့သာ ဆီမီး ဖယောင်းတိုင် အမွှေးတိုင် တို့ကိုယူ၍ အိမ်အပေါ် အထက်ခမ်း သန့်ပြန့်သော နေရာ၌ ဘုရားအားရည်ရွယ်၍ ဆီမီးပူဇော် အမွှေးတိုင်တို့ကိုညှိထွန်းပြီး ဣတိပိသော ဘဂဝါ စသော ဘုရားဂုဏ်တော်ကို အာရုံပြု၍ မြတ်စွာဘုရား နက်ဖန်ခါ တပည့်တော် တို့၏ ပိတိပါမောဇ္ဇ အလှူငှါ ဘုရားအမှူးရှိသော သံဃာတော်ငါးရာ ကြွရောက် ချီးမြှောက်တော်မူပါဟု လက်အုပ်ချီကာ လျှောက် ထား၍ ဤပန်းတို့သည် ဘုရားထံသွား၍ ဘုရားအပေါ် မျက်နှာကြက် ကဲ့သို့တည်လျက် အပင့်ကိုယ်စားလှယ်ဖြစ်ပါစေသားဟုအဓိဋ္ဌာန် ၍ မြတ်လေးပန်းတို့ကိုမြှောက်၍ ဘုရားထံပြစ် ပူဇော်လိုက်ရာ ဘုရားဂန္ဓကုဋိတိုက်မျက်နှာကြက်မှာ ကပ်၍နေလေ၏။

အနာထပိဏ်သူဌေးလျှောက်- နက်ဖန်ခါ တပည့်တော်အိမ် ဆွမ်းစားကြွပါဟု ပင့်လျှောက်၏။ ဘုရားမိန့်- စူဠသုဘဒ္ဒါ ပင့် ထားပြီးဟု မိန့်တော်မူသည်။ အနာထပိဏ်သူဌေး လျှောက်- စူဠသုဘဒ္ဒါဟာယူဇနာ၁၂၀ဝေးသောသာကေတမြို့၌နေသည် မဟုတ်ပါလားဘုရားဟု လျှောက်ထားရာ မြတ်စွာဘုရားမိန့်....

ဒူရေ သန္တော ပကာ သေန္တိ၊ ဟိမဝန္တောဝ
ပဗ္ဗတော။

အသန္တေ္တ နဒိဿန္တ္တိ၊ ရတ္တိံခိတ္တာ ယထာ
သရာ (ဓမ္မပဒအဋ္ဌကထာ- ဒု - နှာ ၂၉၃)
ဟူသော ဂါထာကို မိန့်တော်မူ၏။

ဟိမဝန္တာတောင်သည် သာဝတ္ထိမြို့မှဝေးလောအရပ်၌တည်သော်လည်း ထင်ထင်ရှားရှားမြင်ငန်ရသလို သူတော်ကောင်းဖြစ်သော စူဠသုဘဒ္ဒါသည် ငါဘုရားမှဝေးတွာသော ယူဇနာ ၁၂၀ သာကေတမြို့၌နေသော်လည်းငါဘုရား၏အနီးအနားမှာနေသည်မည်၏၊ ညမှောင်မိုက်သောအခါ၌ ပြစ်အပ်သောမျှားတို့သည် အနီးအနား၌ဖြစ်သော်လည်း မထင်မမြင်ရသကဲ့သို့ ထိုနည်းတူစွာ သူတော် မဟုတ် သူယုတ်မာတို့သည် ငါဘုရား၏ အနီးအနား၌နေသော်လည်း ငါဘုရားအား မထင်မရှား ကုန်ဟုမိန့်တော်မူ၏။

မြတ်စွာဘုရားသံဃာငါးရာနှင့် သာကေတမြို့သို့ နတ်ပြဿာဒ်ယာဉ်ဖြင့်ကြွတော်မူ၍ သာကေတမြို့ ဥဂ္ဂဟသေဋ္ဌေးစသောသူတို့အား တရားဟောချ၍အရိယာ ဖြစ်စေသည်။

## ၆ ရာဇဂဟာမြို့သုမနပန်းသည်အကြောင်း

ကပိါနံ သတသဟဿံ ဒုဂ္ဂတိံန ဂမိဿတိ။
ဌတ္တာ ဒေဝမန ဿေသု၊ ဖလံ တေဿ
ကမ္မုနော။
ပစ္ဆာ ပစ္စေကသမ္ဗုဒ္ဓေါ၊ သုမနော နာမ
ဘဝိဿတိ (ဓမ္မပဒအဋ္ဌကထာ ၁ နှာ ၃၀၉)။

ရှင်အာနန္ဒာလျှောက်။ မြတ်စွာဘုရား ဘုမန ပန်းသည်သည် ဣတိပိသော ဘဂဝါ အရဟံ စသော မြတ်စွာဘုရား၏ ဂုဏ်တော်ကို အတဖန် လဲလဲ အာရုံပြု၍ အလွန်အကဲ ကြည်ညိုစိတ်ဖြစ်လာခါ ဘုရားအား အသက် အပ်နှံ၍ ဗိမ္ဗိသာရမင်းအား ဆက်သရမည့် ပန်းတို့ဖြင့် ပူဇော်ရာ ပန်းမျက်နှာကျက်ဖြစ်ပြီး တမြို့လုံး ချောက်ခြားအောင် ဖြစ်ပေါ်သည့် အရာ ဘုမနပန်းသည်မှာ ဘယ်လို အကျိုး ပေးမှာလဲ ဘုရား။

ဘုရားမိန့် ။ပထမဇော စေတနာ ဒိဋ္ဌဓမ္မအကျိုး ဆင်ရှစ်စီး၊ မြင်းရှစ်စီး၊ ကျွန်ထီးရှစ်ယောက်၊ ကျွန်-မရှစ်ယောက်၊ ငွေရှစ်ထောင်၊ ရွာရှစ်ရွာ၊ တန်းဆာအပြည့်အစုံဆင်ယင်ထား သော အမျိုးသမီး ရှစ်ယောက်၊ ရ၏။

သတ္တမဇောစေတနာ.... ဒုတိယ ဘဝ နတ်ပြည့်ရောက်အလယ် ဇောငါးချက် စေတနာ ကမ္ဘာတသိန်း ကာလပတ်လုံး အပါယ်မလာ နတ်ပြည်လူ့ပြည်၌သာ

စုံချီ ဆန်ချီဖြစ်ပြီး နောက်ဆုံး သုမန
အမည်တော်ရှိသော ပစ္စေက ဗုဒ္ဓါဖြစ်
လျှက် ပရိနိဗ္ဗာန်[illegible]သတံ့။

## ၄ ပစ္စက္ခဝတ္ထုကြောင်းများ။

စာရေးသူ၏ ဉာတိတော်သူ လယ်သူမကြီး ဒေါ်မုံးနှင့် ဈေးရောင်းလယ်လုပ်သူ ဒေါ်သင်တို့ စီးပွါးရေးမပြေလယ်၍ လျှောက်ထားကြရာ (အရဟံ) (အရဟံ) (အရဟံ) ဤပဌမ ဘုရားဂုဏ်တော်သုံးပုဒ်ကို ပုတီးတလုံးစီ ထား၍ တပုဒ်ပုတီး အပါတ် တနေ့တထောင်အနည်းဆုံးထား၍ ၁၀၈ လုံးပုတီး အပတ်ပေါင်း တသန်းပြည့်လျှင် စီးပွါးရေးကောင်း၍ချောင် လည်လာမည်ဟု နည်းပေးလိုက်၏။

## (က)ဟံသာဝတီခရိုင်းခရမ်းမြို့နယ်ညောင်ပင်ရွာ ဒေါ်သင်အကြောင်း

ထိုသို့ပစ္စက္ခ စီးပွါး ရေးနှင့်များ၍ နည်းညွှန်ပြလိုက်သဖြင့် စီးပွါးရေး ပြေလည်ရေးအတွက် ပုတီး တနေ့တထောင်၊ဆယ် ရက်တသောင်း၊ တလသုံးသောင်း၊ ၁၂ လသုံးသိန်းခြောက် သောင်း၊ သုံးနှစ်လည်သောအခါ တသန်း ခြောက်သောင်း ရလာ၍ ဒေါ်သင်လည်း ဈေးရောင်း ကောင်း ငွေတိုးကြေး တိုးပေး လယ်အပြင်ခနိုခြံ တွေပါတိုးပွါးလာ၏။

## (ခ)ဟံသာဝတီခရိုင်ခရမ်းမြို့နယ်ကရင်ကံရွာ ဒေါ်မုန်းအကြောင်း

ဒေါ်မုန်းကား စပါးသုံးထောင် မျှလှောင်နိုင်၏၊ လယ်သူဌေးဟုထင်ပြီး အိမ်ကို ဒမြလာတိုက်၏၊ ဒေါ်မုန်းနှင့်ရင်ဆိုင်တွေ့သော်လည်း ဒမြကမြင်ဟန်မတူ၍ လွတ်သွား၏၊ ဤသည်တို့ကား အရဟံ ဘုရားဂုဏ်တော်ကို စွဲစွဲမြဲမြဲ ပုတီးစိပ်ခြင်း၏တံခိုး ပင်တည်း။

## (ဂ)ဒေါ်မုန်းသမီးမအေးပုအကြောင်း

အေးပုံလည်း အရဟံ အမြဲတမ်း ပုတီးစိပ်၍ ကုန်ရောင်းကုန်ဝယ်ပါပြုလုပ်သဖြင့် ရန်ကုန်မြို့ ကုန်ခဏခဏသွားဝယ်ရ၏၊ တနေ့တွင် ၁၁၀ဝခုနှစ် အလယ်ရွာက ရဲဘော် တွေကဆင်းပြီး သေနတ်တွေနဲ့ချိန်ကာ ရွှေငွေတွေထုပ်ပေးဟု ပြောဆိုသောအခါ အခြား သော သူများက ရွှေလက်ဝတ်လက်စား တွေချွတ် ငွေတွေကိုပါ အထုပ်ထုပ်၍ပေးရ၏၊ အေးပုံကား အရဟံအမြဲတမ်း ရွတ်ပြီး ချမ်းသာပါစေ မေတ္တာပို့လျက်မည်သူမျှမကြည့်ဘဲ ဝတ်လျက်နေရာ သိရားဂုဏ်တော် မေတ္တာတော်တံခိုးကြောင့် အေးပုံကို မြင်ဟန်မတူ ပစ္စည်းတစုံတခုမျှမပေးလိုက်ရပေ။

(ဃ)ဦးမောင်ဟံလည်း အရဟံဂုဏ်တော်တံခိုးကြောင့် ရန်သူလူဆိုးဘေးတို့မှ လွတ်မြောက်၍ စီးပွါးရေးလည်း ပြေလည်

သည်။ လိပ်စာအမှတ် ၆၇ မင်္ဂလာလမ်းဈေးရှေ့ သမင်္ဂအိမ်ထောင်ပရိဘောဂထိုင်တာမြို့နယ်။

### ၆ ဟောင်းကောင်းဘဏ်နေဂျာ ၁၉၁၀ ခုဖွါးဦးတန်ဘိန်ချောင်း အရဟံဗုဒ္ဓါဘုရားဂုဏ်တော်တံခိုး

ဦးတန်ဘိန်ချောင်း သည်ဒုတိယကမ္ဘာစစ် ဖြစ်ပြီးနောက် ၁၉၅၅ခုနှစ် ဒီဇင်ဘာလက ဟောင်ကောင်း ဘဏ်အတွက် ဟောင်ကောင်းမြို့သို့ ကိစ္စရှိ၍သွားရာ ဟောင်ကောင်း မြို့၌ တခုသောကိစ္စဖြင့် ကားစီး၍သွားစဉ် ကားသည် အရှိန်လွန်၍ ပေတရာ လောက်ရှိသောချောက်ထဲသို့ ကျသွား၏။

ဦးတန်န်ဘိချောင်နှင့် ဆွေမျိုး တော်စပ်သူများက ဦးတန်သိန်ချောင်တော့ ကားနဲ့ချောက်ထဲကျသွားပြီ သေမှာဘဲဟုစိတ်ထားဖြင့် အလောင်းယူရန်နှင့် ကားကိုယူရန် လာသောအခါ ကားကားမှောက်၍မနေ ပင်ကိုယ်အတိုင်းချုံပေါ် ပတ်လက်သာနေ၏။

ဦးတန်သိန်ချောင်းကိုကြည့်သောအခါ အိပ်ပျော်နေသလိုဖြစ်နေ၍ ခေါ်လိုက်သောအခါ မျက်စိဖွင့်ကြည့်ပြီး ဘာလဲကွ၊ ခင်ဗျားဘာမှမဖြစ်ဘူးလား ။ ဒါတော့ ဘာမှမဖြစ်ဘူး အရဟံ ဗုဒ္ဓါ [illegible] ယ်၍ အာနာပါန [illegible] ပြောလေ၏။

ဤကား ဦးစန်ဘိန် ချောင်း၏အသက်ကို အရဟံဗုဒ္ဓေါဟုနုတ်ကရွတ် ဖတ်ပွါးများဂုဏ်တော်နှင့် အာနာပါနဘာဝနာတံခိုးသတ္တိတို့က ဦးတန်ဘိန်ချောင်း အသက်အန္တရာယ်နှင့် ထိခိုက်ခြင်း အန္တရာယ်မဖြစ်အောင် ကာကွယ်စောက်ရှောင့်ထားသည်မှာထင်ရှား ပေ၏။

၁ ဦးတန်ဘိန်ချောင်း ရန်ကုန်မြို့ ဗဟန်မြို့နယ် ရွှေဂုံတိုင်။ စာတိုက် ကိုယ့်မင်းကိုယ့်ချင်း အမှတ် ၅၁လမ်း

ထိုပြင့်ဘုရားဂုဏ်တော် အမြဲပွားများ၍ ဘေးရန်မထိသူများကား

၂ ဒေါက်တာ လှလှသိမ်၊ မော်လမြိုင်ဆေးရုံးအုပ်ကြီး

၃ မောင်ဖေဝင်း ဗိုလ်ဉာဏလမ်းဗိုလ်စိန်မှန်ရပ်ကွက် ကနေဒါသင်းဘောလိုက်သူ

## ဆောင်ပုဒ်လင်္ကာ

၁ ဗုဒ္ဓါနုဿတိ ပွါးသည့်သူမှာ ဆရာဘုံရား ထံပါးပမာ ရှိသေစိတ်ခါတ် ထားလတ်မကွာ သဒ္ဓါပွါး ဝတ္တားရှိသေစွာ။

၂ သတိသဒ္ဓါ ပညာ ပုညာ ပြန့်ပြောလှ မဆွရသည်သာ။

၃ ပီတိပါမောဇ္ဇလွန်းရွှင်ပြ များစွာ အထွဋ်(ရောက်သည်)သာ။

၄ ဘေးဒုက္ခစုံ ကြောက်မက်အာရုံ ခံနိုင်တုံ ကြည်ရှုမြတ်ဗုဒ္ဓါ။

၅။ ဘုံးရုံးနှင့်တူ နေ၏ဟူ မှတ်ယူသတိမှာ။
၆။ ဗုဒ္ဓါဂုဏ်ပွါး ထိုသူအား အမျိုး ပူဇော်ရာ။
၇။ စေတီကျောင်းလား ထိုသူအား မခြားပျ၀တ်ရာ။
၈။ လွန်ကျူးအပ်ပေ ၀တ္ထုတွေ ပယ်လေးရှင်းရှင်းကွာ။
၉။ ဆရားဘုရား မျက်မှောက်လား ရှက်အားပိုလှပါ။
၁၀။ နိဗ္ဗာန်ကာင်း စွန့်ပယ်ရှား မှတ်သား ၀ိကွမ္မနာ။
၁၁။ ဥပစာရ သမာဓိမှာ ဆိုက် လေ ရာ မှတ်ပါ ဤသို့သာ။
၁၂။ သစ္စာတရားမရခြားဘို့ သုဂတိ လားမည့်အမြဲသာ။
၁၃။ သစ္စာတရား ရသော်ကား ရောက်ငြားဗွျူတာ။

## ဥယျောဇနဂါတာ

တသ္မ ဟဝေ အပ္ပမာဒံ၊ ကယိရထ သုမေဓသော။
ဧဝံ မဟာနုဘာ၀ါယ ဗုဒ္ဓါနုဿတိယာသဒါ။

တသ္မားထို့ကြောင့်။ ဘုမေဓသော၊ သူတော်တရားခုနှစ်ပါးနှင့်တကွပေါင်းဆုံ ဖြစ်တတ်သော ပညာရှိယောဂီသည် (၀ါ)နူးညံ့သိမ်မွေ့အတွေ့နက်နဲ ခတ်ခဲအမှန် ဓမ္မကွန်ကိုလျှင် မြန်ပိုင်ပိုင် သိနိုင်သော ပညာရှိယောဂီသည် (ငါ)မိုးကြိုးစက်၀န်း လက်နက်မွှန်သို့ မတွန့်မှန်စွာ အချက်ကျကျကိုလေသကို ညှင်းဆဲဖြိုးခွင်းနိုင်သောပညာရှိယောဂီသည်

ဟာဝေ၊ စင်စစ်။ ဝေ့ံ မနုဘာဝ ဝါယ၊ ဤသို့ကြီးမြတ်သော စွမ်းရည်အာနု ဘော်ရှိသော ဗုဒ္ဓါနုဿတိယာ၊ မြတ်စွာဘုရား၏ ဂုဏ်ခတော်ကို အောင်းမေ့နှလုံးသွင်းခြင်း၌ သဒါ၊ အခပ်သိမ်း ဝါ အမြဲမပြတ် ဒလစပ် အလုံးစုံသော အခါ တို့၌။ အပ္ပမာဒံ မမေ့မလျော့ မပေါ့မတာ်ခြင်းကို ကယိရာယ၊ ပြုရာ၏။

## ဘုရားကျင့်စဉ်ဂုဏ်တော်

၁။ အသက်ကိုစွန့်ခြင်း။

၂။ ခြေလက်နား နှာခေါင်း အင်္ဂါကြီးငယ်တို့ကို စွန့်ခြင်း။

၃။ ချစ်ဇနီးကိုစွန့်ခြင်း။

၄။ ချစ်လှစွာသော ရင်ဝယ် လွယ်မွေး သားသမီးလေး တွေကိုစွန့်ခြင်း။

၅။ ဗဟိဒ္ဓ တိုင်းပြည်နိုင်ငံနှင့်တကွ အတွင်းအပ ပစ္စည်းကို စွန့်ခြင်း။

ဤသို့ စွန့်ခြင်းကြီးငါးပါး။

၁။ လောကလူနတ်တို့အတွက်ကျင့်ခြင်း။

၂။ လောကသုံးထပ် ဘုံသုံးရပ်တို့အတွက်ကျင့်ခြင်း။

၃။ သဗ္ဗညုတ ဉာဏ်အတွက် ကျင့်ခြင်း။

ဤသို့ စရိယ သုံးပါး မြတ်တရားတို့နှင့်တကွ အောင်မြင် ခဲ့သော—

သဗ္ဗညုတဉာဏ်ဟောတော်မူခဲ့သော လောကီ လောကုတ္တရာ တရားတို့ကို ဆင်ခြင်သုံးသပ်၍ ဆွမ်း ခဲဘွယ် ဘောဇဉ် ပန်း အမျိုးမျိုး အမွှေးနံ့သာအမျိုးမျိုး အမွှေးတိုင် ဆီမီးဖဖယောင်း တိုင် ပုဆိုး သင်္ကန်း တံခွန် ကုက္ကားတို့ကို တင်လှူလျက် ပင့်ဖိတ်ခါ အဓိဋ္ဌာန်ပြု၏။

ဤသည်တို့ကား ပရိနိဗ္ဗာန်စံပြီးသော ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာများ၏ ဓာတ်တော် ဌာပနာထားသော ရုပ်တုတော် စေတီတော်များ၌ တန်ခိုးပြပုံတည်း။

## အသက် ထင်ရှားရှိစဉ် အဓိဋ္ဌာန်ခဲ့၍ ရဟန္တာ အလောင်းကောင်းကင်ပျံပုံ

ထေရော သံဃမဇ္ဈေ နိသိဒိတွာ ကထေန္တော ကထေန္တော၀ မယှံ ကူဋာဂါရံ ဒါရုဘဏ္ဍကာ မဟာတိဿ ဟတ္ထေန ဗုဒ္ဓကာ လေယေ၀ ဟလတူတီ အဓိဋ္ဌာယ အနုပါဒိ သေသာယ နိဗ္ဗာန ဓာတုယာ ပရိနိဗ္ဗာယိ။

အင်္ဂုတ္တရကာယ ကေနိပါတ အဋ္ဌကထာ အပရ အစ္ဆရာ သင်္ဃာတဝဂ္ဂ ဝဏ္ဏနာ၊ နှာ-၃၉၈။

## အထက်ပါဋ္ဌအရ အခ်ဳပ်ယ်အကျဉ်း

အမ္ဗရိယ မဟာဝိဟာရဝါသီ ပိဏ္ဍပါတိက တိဿထေရ် မဟာဂါမမြို့ တိဿ မဟာဝိဟာရကျောင်းသို့ ဘုရားဖူးသွားစဉ်

ဒါရုဘဏ္ဍက မဟာတိဿ ဥပါသကာသည် ပေါင်နှံထားသော သမီးကလေးရွေးရန် ဆယ်နှစ်ကျပ်တန် ဆွမ်းကို ကပ်လှူသော ဥပသကာအား ကျေးဇူးဆပ်လိုသဖြင့် တိဿ မဟာ ဝိဟာရ ကျောင်းသို့ရောက်သောအခါ ဆိပ်ငြိမ်သော အရပ် ရှာလျက် ဆွမ်းဒါယကာ ကျေးဇူးဆပ်ရန် အတွက် အရဟတ္တဖလ မရ မခြင်းမထဟု တရားအားထုတ်သောအခါ (၇) ရက်မြောက် သောနေ့၌ ပဋိသမ္ဘိဒါ မဂ်နှင့်တကွ အရဟတ္တဖလသို့ ရောက် သောအခါ ငါ၏ရှင်နိုင်သလော မရှင်နိုင်သလောဟု အာယု သင်္ခါရကြည့်ရှုသောအခါ မရှင်နိုင်မှန်းသိ၍ ငါ၏အလောင်းကို ငါ့ဆွမ်းဒါယကာပင့်မှ ကြွပါစေသားဟုအဓိဋ္ဌာန်၍ ပရိနိဗ္ဗာန် စံ၏။

ရှင်ဘုရင် ကိုယ်တိုင်ကြွ၍ ပင့်သော်လည်း မရပေ။ မဟာ တိဿ ဆွမ်းဒါယကာ ပင့်သောအခါ ကောင်းကင် ပျံတက်၍ ထင်းပုံ၌ကြခါ တေဇောဓာတ် အလိုလို လောင်ကြွမ်း သွား သည်။

## ဘုရားဆင်းတုနှင့်ဓာတ်တော်များတန်ခိုးပြပုံ

၁။ ထေရော ဂန္တွံ မဟာရာဇ မဟာဗောဓိနာ လင်္ကာ ဒီပမှိ ဝတ္တာ ဘဂဝတော ပဉ္စမဟာအဓိဋ္ဌာနိ ကထေသိ။ ကတမာနိ ပဉ္စ ဘဂဝါ ကိရ မဟာပရိနိဗ္ဗာန မဉ္စေ နိပန္နော လင်္ကာဒီပေ မဟာဗောဓိပတိဋ္ဌာပနတ္တာယ အသောကော မဟာ ရာဇာ မဟာဗောဓိဂ္ဂဟဏတ္ထံ ဂမိဿတိ၊ တဒါ မဟာဗောဓိဿ

ဒက္ခိဏသာခါ သံယမေဝ ဆိဇ္ဇိတွာ သုဝဏ္ဏကဋာဟေ ပတိဋ္ဌာတူဟိ အဓိဋ္ဌာသိ ဣဒမေက မဓိဋ္ဌာနံ။

၂။ တတ္ထပတိဋ္ဌာနကာလေစ မဟာဗောဓိ ဟိမဝလာဟကဂဗ္ဘံ ပဝိသိတွာ ပတိဋ္ဌာတုတိ အဋ္ဌာသိ ဣဒံ ဒုတိယ မဓိဋ္ဌာနံ။

၃။ သတ္တမေ ဒိဝသေ ဟိမဝလာဟကဂဗ္ဘတော ဩရုယှ သုဝဏ္ဏကဋာဟေ ပတိဋ္ဌဟန္တော ပတ္တေဟိ စ ဖလေဟိ စ ဆဗ္ဗဏ္ဏရံသိယော မုဉ္စတူတိ အဓိဋ္ဌာသိ ဣဒံ တတိယ မဓိဋ္ဌာနံ။

၄။ ထူပါရာမေ ဒက္ခိဏက္ခကဓာတု စေတိယမှိ ပတိဋ္ဌာန ဒိဝသေ ယမကပါဋိဟာရိယံ ကရောတူတိ အဓိဋ္ဌာသိ ဣဒံ စတုတ္ထမဓိဋ္ဌာနံ။

၅။ လင်္ကာဒီပ မှိယေဝ မေ ဒေါဏမတ္တာ ဓာတုယော မဟာစေတိယမှိ ပတိဋ္ဌာနကာလေ ဗုဒ္ဓဝေသံ ဂဟေတွာ ဝေဟာသံ အဗ္ဘုဂ္ဂန္တွာ ယမကပါဋိဟာရိယံ ကရောန္တူတိ အဓိဋ္ဌာသိ ဣဒံ ပဉ္စမ မဓိဋ္ဌာနန္တိ။

ဝိနယ—ပါရာဇိက အဋ္ဌကထာ ဗာဟိရနိဒါနကထာ တတိယသင်္ဂီတိ နှာ ၆၈-၆၉။

သက်တော်ထင်ရှား ဘုရားများသာ

တန်ခိုးပြသည်မဟုတ်သေး၊ ဘုရားဝတ်တော် ဆင်းတုတော် ဗောဓိပင်များလည်းတန်ခိုးပြပုံ။

အရှင်မဟာ မဟိန္ဒမထေရ်ဘုရား သက်တော်ထင်ရှား ရှိစဉ်

က ဤလက်ာကျွန်းသို့သွား၍ အဓိဋ္ဌာန် (၅) ပါးပြုပုံအမိန့်ရှိသည်။

## အထက်ပါဋ္ဌိမျှားအဓိပ္ပာယ်အကျဉ်း

၁ မဟာဗောဓိပင်၏ ဒက္ခိဏသာခါသည် လက်ာကျွန်းသို့ သွား၍ သာသနာတွန်းလင်းအောင် ပြုပါစေသား။

၂ လက်ာဒီပကျွန်း ရောက်တဲ့အခါ မဟာဗောဓိပင်သည် ဟိမဝလာဟကဂဗ္ဘ ဆီးနှင်း တိမ်တိုက်သို့ ဝင်ပါစေ သား။

၃ မဟာဗောဓိသည် (၇) ရက်မြောက်သောနေ့၌ ဆီးနှင်း တိမ်တိုက်မှထွက်၍ ရွှေပြင်းအိုး၌ တည်ပါစေသား။

၄ လကျါသည့်ပ်ရိုးတော်သည် ထူပါရာမတွင် စေတီတည် သောနေ့၌ ပရိသတ်မျှားအား ကောင်းကင်၌တန်းခိုး ပါဋ္ဌိဟာရိယပြုပါစေသား။

၅ လက်ာကျွန်း၌ လေးပြည်တံစိပ်မျှသော ဘုရား ဓာတ် တော်မျှားသည် မဟာစေတီ၌ ဋ္ဌာပနာ တည်ပါစေ သား။

ဤကား၊ ဘုရားသက်တော်ထင်ရှားရှိစဉ် အဓိဋ္ဌာန်(၅) ချက်ပေတည်း။

## နမော ဗုဒ္ဓဿ ဘုရားရှိခိုးရွတ်ပွားခြင်း၏ အကျိုး

ဝတ္ထုကြောင်း။ ။မိစ္ဆာဒိဋ္ဌိသူငယ်ကလေးနှင့်၊ သမာဒိဋ္ဌိသူငယ်လေးတို့သည် ဂုန်ညင်းထိုးကစားရာဝယ် သမာဒိဋ္ဌိသူငယ်ကလေးက ဘုရားကိုအာရုံပြု၍ နမော ဗုဒ္ဓဿ ရွတ်ဆိုကာထိုး၏။ မိစ္ဆာဒိဋ္ဌိ သူငယ်ကလေးက တိတ္ထိ-ဆရာကြီးတို့ကို အာရုံပြု၍ နမော အရဟန္တာနံ ဟု ရွက်၍ထိုး၏။ သမာဒိဋ္ဌိသူငယ်လေးသာကြီးနိုင်၏။ မိစ္ဆာဒိဋ္ဌိ သူငယ်လေးက သမာဒိဋ္ဌိသူငယ်လေး၏ နမော ဗုဒ္ဓဿ ဘုရားရှိခိုးနည်းကိုယူ၍ရွတ်ထိုး၏။ သူမနိုင်ငါမနိုင်သရေဖြစ်နေ၏။

မှတ်ချက်။ ။ဤဝတ္ထုကြောင်း ထောက်ဆခဲ့ပါလျှင် လောင်းကြေးပြုရာ၌ ဘုရားဂုဏ်တော်ကိုသာ ရွတ်ပွားရှိခိုးနေသူသာ အနိုင်ရမည်မှတ်။

မိစ္ဆာဒိဋ္ဌိ သားအဖနှစ်ယောက်သည် နံနက်ခင်းက တောသို့ ထင်းခုတ်သွား၍ ညနေခင်း မြို့သို့ပြန်လာရာ မြို့ဆင်ဖုန်းသုဿာန်၌ လှည်းဖြုတ်၍ ထမင်းစား၏။ နွားတို့သည်မျက်စိလွှင်း တခြားနွားများနှင့် မြို့တွင်းသို့ဝင်သွား၏။ ထင်းခုတ်သမားသည် သားကလေးလှည်း၌ထားခဲ့၍နွားတွေကိုမြို့တွင်းရှာပြီးပြန်ရာ (၆) နာရီ ထိုးသဖြင့် မြို့တံခါးပိတ်လိုက်၍မထွက်နိုင် သူငယ်ကလေးသည် လှည်းအောက်၌ တယောက်ထဲအိပ်နေရ၏။ သန်းခေါင်အချိန် ဘီလူးနှစ်ယောက်တို့သည် အစာရှာထွက်၏။ မိစ္ဆာဒိဋ္ဌိဘီလူးက တို့အစာ ကောင်ကလေးတွေ့ပြီဟုပြော၏။ သမာဒိဋ္ဌိဘီလူးက ဘုရားသားကလေးပါကွယ် မလုပ်ပါနဲ့ဟုတား၏ နားမထောင်ဘဲ

# ဗုဒ္ဓါနုဿတိပကာသနီကျမ်း

သူငယ်လေး၏ ခြေနှစ်ချောင်းကို ဆွဲလိုက်သောအခါ သူငယ်ကလေးက နမော ဗုဒ္ဓဿဟု ရောင်ရမ်းရွတ်လိုက်သည်။ ရွတ်လိုက်သည်နှင့်တပြိုင်နက် မိစ္ဆာဒိဋ္ဌိဘီလူး၏ဦးခေါင်း တင်းပုတ်စောင်းနှင့် ထုလိုက်သလို နာကျင်၍ အမေလေးဟုအော်၍လွှတ်လိုက်၏။ သမ္မာဒိဋ္ဌိ ဘီလူးက တို့ဒါကြောင့်ကြအောင်လုပ်ရမည် ဗိမ္ဗိသာရမင်းကြီး စားတော်ရွှေခွက်နှင့် ဒါန်ပေါက်သားပြောင်း ထမင်းတွေယူ၍ ဘီလူးနှစ်ယောက် မိခင်ဖခင်ယောင်ဆောင်ပြီး သူငယ်လေးအား စောင့်ရှောက်ကျွေးမွေး၏။ ဘီလူးတို့သည် ရွှေခွက်၌ ဗိမ္ဗိသာရမင်းကြီးသာမြင်ရန် အကြောင်းစုံ ရေးတွေရေးထားသွားကြသည်။ မင်းအရာရှိသူတို့သည် ရွှေခွက်ပျောက်၍လိုက်ရှာရာ သူငယ်လေး၏ ချင်းလှည်းကြားမှာတွေ့၍ ဘုရင်မင်းမြတ်အား ပြရာ စာကိုဖတ်ပြီး သူငယ်လေး, သူငယ်လေးမိခင်များပါခေါ်၍ ဘုရားထံသွား၍လျှောက်ထား၏။

လျှောက်ထားပုံကား။ ။ ဗုဒ္ဓါနုဿတိ ဘာဝနာသည် ဘီလူးသားရဲဘေးမှ စောင့်ရှောက် နိုင်ပါသလား ဘုရား၊ ဗိမ္ဗိသာရမင်းကြီးလျှောက်။

သုရားဖြေ။ ။စောင့်ရှောက်နိုင်သည်။

အကျယ်ဖြေ။ ၂၉၆ ။သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ၊ သဒါဂေါတမ သာဝကာ။ ယေသံ ဒိဝါစ ရတ္တော စ၊ နိစ္စံ ဗုဒ္ဓဂတာ သတိ။

ဂု- ဒါရုသကဋိ ပုတ္တ ဝတ္ထု၊ ဓမ္မပဒအဋ္ဌကထာ (၂၇၅)

မြန်မာပြန်အနက်။ ။ ယေသံ ဂေါတမသာဝကာနံ– ဂေါတမနွယ်ဘွား မြတ်စွာဘုရား၏ စကားတော်ကို လိုက်နာ

# ဗုဒ္ဓါနုဿတိဂကာသနိကျစ်း

ကျင့်သုံးတတ်ကုန်သော အကြင်သားတော်တို့အား ဒိဝါစ–နေ့၌ရင်း၊ ရက္ကောစ–ညဉ့်၌ရင်း၊ နိစ္စံ–အမြဲ ဗုဒ္ဓဂတာ သတိ–ဘုရားဂုဏ်တော်သာလျှင်အာရုံရှိသောသတိသည်ဟောတိ-ဖြစ်၏။ တေ ဂေါတမသာဝကာဂေါတမနွယ်ဘွားမြတ်စွာဘုရား၏စကားတော်ကို လိုက်နာကျင့်သုံးတတ်ကုန်သော ထိုသားတော်တို့သည် သဒါ-အခါခပ်သိမ်း သုပ္ပဗုဒ္ဓံ-နိုးနိုးကြားကြား ဘုရားဂုဏ်ကိုသာ ပွားနေခြင်းကြောင့် ပဗုဇ္ဈန္တိ-သတိမေ့ဘဝင်ကျသွားအိပ်သွားသော်လည်း နိုးနေသည် မည်ကုန်၏။

## ဓာတ်တော်၊ဆင်းတုတော်၊ စေတီတော်များ တန်ခိုးပြပုံအကြောင်း

ကိတ္တကာနိ မဟာရာဇ အညတရဿ အဓိဋ္ဌာနာ ပရိနိဗ္ဗုတဿ စေတိယေပါဋိဟိရံ ဟောတိ ကတမေသံတိဏ္ဏန္နံ။

၁ ဣဓ မဟာရာဇ အရဟာ ဒေဝမနုဿာနံ အနုကမ္ပာယ တိဋ္ဌန္တော၀ အဓိဋ္ဌာတိ။

ဧ၀ံနာမ စေတိယေ ပါဋိဟိရံ ဟောတူတိတဿ အဓိဋ္ဌာနဝသေန စေတိယေ ပါဋိဟိရံ ဟောတိ၊ ဧ၀ံ အ..ဟာတော အဓိဋ္ဌာနဝသေန ပရိနိဗ္ဗုတဿ စေတိယေ ပါဋိဟိရံ ဟောတိ။

၂ ပုန စပရံ မဟာရာဇ ဒေဝတာ မနုဿာနံ အနုကမ္ပာယ ပရိနိဗ္ဗုတဿ စေတိယေ ပါဋိဟိရံ ဒဿေန္တိ ဣမိနာ ပါဋိဟိရေန သဒ္ဓမ္မော နိစ္စသမ္ပဂ္ဂတိတော ဘဝိဿတိ မနုဿာစ ပသန္နာ ကုသလေန အဘိ ဝဍ္ဍိဿန္တီတိ ဧ၀ံ ဒေဝတာနံ အဓိဋ္ဌာနဝသေန ပရိနိဗ္ဗုတဿ စေတိယေ ပါဋိဟိရံ ဟောတိ။

၃ ပုန စပရံ မဟာရာဇ ဣတ္ထီဝါ ပုရိသောဝါ သဒ္ဓေါ ပသန္နော ပဏ္ဍိတော ဗျတ္တော မေဓာဝီ ဗုဒ္ဓိသမ္ပန္နော ယောနိသော စိန္တယိတွာ ဂန္ဓံဝါ မာလံဝါ

ဒုဿဲ၀ါ အညတရံ၀ါ ကိဉ္စိ အဓိဋ္ဌဟိတွာ စေတိ
ယေ ဥက္ခိပတိ ၀ေ နာမ ဟောတူတိ ကဿပိ အဓိ
ဋ္ဌာန ၀သေန ပရိနိဗ္ဗုတဿ စေတိယေ ပါဋိဟိရံ
ဟောတိ၊ ၀ေ မနုဿာနံ အဓိဋ္ဌာန ၀သေန ပရိနိဗ္ဗု
တဿ စေတိယေ ပါဋိဟိရံ ဟောတိ။

မိလိန္ဒပဥှပါဠိ၊ အနုမာနပဥှ၊ ၇ စေတိယပါဋိ ဟာရိတ
နှာ ၂၉၇။

အထက်ပါဋ္ဌိများ၏အဓိပ္ပာယ် အကျဉ်းဖော်ပြအံ့

၁ ငါ၏ ဓာတ်တော် ဆင်းတုတော်စေတီများ၌ ငါပရိ

နိဗ္ဗာန်စံခဲ့၍ ဤသို့ဤပုံ ဤနည်းဖြင့် ပူဇော်ခဲ့သော်
လူများအား တန်ခိုးပါဋိဟာပြစေသတည်းဟု ဘုရား
ပစ္စေကဗုဒ္ဓါ ရဟန္တာ အရှင်မြတ်များသည် သက်တော်
ထင်ရှားရှိစဉ်ကသာလျှင် နတ်လူတို့အား သနားသော
အားဖြင့် အဓိဋ္ဌာန်ပြုထားခဲ့သည်။

၂ ဤသို့ ဤပုံ ဤနည်း ဓာတ် တော် ဆင်း တု
တော် စေတီတော်များ တန်ခိုး ပါဋိဟာ ပြသဖြင့်
သူတော် ကောင်း တို့၏ တရားသည်အမြဲတန်းကောင်း
စွာ တည်တန့်သည် ဖြစ်၍လွန်စွာ ချီးမြှောက်အပ်သည်
ဖြစ်လတံ့။ လူတို့သည်လည်း ဘုရားဓာတ်တော်ဆင်းတု
တော် စေတီတော်တို့၌ ကြည်ညို ကြကုန်သည် ဖြစ်၍
ဒါန သီလ ဘာ၀နာပြုသဖြင့် ကုသိုလ် တိုးပွားကြ

ကုန်လိမ့်လတံ့။ ဤသို့ ကျန်ဆင်ခြင်မိကြသည့် ရတနာသုံးပါး ကြည်ညိုကြသော သမ္မာဒေဝ နတ်တို့သည် နတ်တန်ခိုးဖြင့် ပရိနိဗ္ဗာန် စံပြီးသော ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာတို့၏ တန်ခိုးသတ္တိကြောင့် စေတီစသည်တို့၌ တန်ခိုးပါဋိဟာကို လူတို့အားပြကြကုန်၏။

၃ ဤဓာတ်တော်ဆင်းတုတော်စေတီတော်များသည် ဤသို့ ဤပုံဤနည်း တန်ခိုးပါဋိဟာပြ စေသတည်း၊ ဖြစ်စေသတည်းဟု အဓိဋ္ဌာန်၍ ရတနာသုံးပါး၌ အလွန်အကဲ ကြည်ညိုကြသော ပညာရှင် သူတော်စဉ် ယောကျ်ား မိန်းမ အပေါင်းသည်၊ မြတ်စွာဘုရားသည် ဖြည့်ကျင့်တော်မူအပ်သော ဒါနပါရမီ၊ သီလ ပညာ နိက္ခမ၊ ဝီရိယ အဓိဋ္ဌာန ခန္တီ သစ္စ မေတ္တာ ဥပေက္ခာ ပါရမီဆယ်ပါး အပြားသုံးဆယ် စွန့်ခြင်းကြီးငါးပါး စရိယသုံးပါးတို့၌ ထိုသို့ဆင်ခြင်၍ တပည့်တော်တို့ လိုလားသော တန်ခိုး ပါဋိဟာပြပါစေသတည်း။ အဓိဋ္ဌာန်၍ ဆီမီးဖယောင်းတိုင် စသည် တို့ကို ပူဇော်ရင်း ဓာတ်တော်၊ ဆင်းတုတော်၊ စေတီတော်တို့သည် လိုလားချက် တန်ခိုးများကို ပြ၏၊ ကောင်းကင်ပြန်ပြ၏။ ရောင်ခြည်တော်ထွက်ပြ၏။

ဤသည်ကား ဘုရားဂုဏ်တော်ပြီး၏။

## ဓမ္မာနုဿတိ ဂုဏ်တော်ပွားနည်းအကျဉ်း

၁ သွာက္ခာတော ဘဂဝတာဓမ္မော၊ ၂ သန္ဒိဋ္ဌိကော၊ ၃ အကာလိကော၊ ၄ ဧဟိပဿိကော၊ ၅ ဩပနေယျိကော၊ ၆ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။

## ဓမ္မဂုဏ်တော်(၆)ပါးအကျဉ်းပွားနည်း

၁ သွာက္ခာတော၊ မြတ်စွာဘုရားသည် ကောင်းစွာ ဟောတော်မူအပ်သည့် သုက္ကဝိနယ ဘိဓမ္မနှင့် မဂ္ဂဖလနိဗ္ဗာန် ဆယ်တန်သော တရားတော်မြတ်ပါတကား၊ တရားတော်မြတ်ပါတကား။

၂ သန္ဒိဋ္ဌိကော၊ မြတ်စွာဘုရားသည် ကောင်းစွာဟောတော်မူအပ်သည်ဖြစ်၍ ကိုယ်တိုင်ကိုယ်ကျ ရှုမြင်အပ်သော မဂ်ဖိုလ်နိဗ္ဗာန်ကိုးတန်သော လောကုတ္တရာတရားတော်မြတ်ပါတကား။

၃ အကာလိကော၊ အခါမလင့် မဖင့်မသွေ ဖိုလ်လေးတွေကို ပေးဝေတတ်ငြား မဂ်လေးပါး တရား တော်ပါတကား။

၄ ဧဟိ ပဿိကော၊ လာလှည့်ရှုလှည့်ဟု အစီရင် ခံထိုက် မဂ်ဖိုလ်ဆိုက်မှန် နိဗ္ဗာန်ကိုးတန်သော တရားတော်ပါတကား။

၅ ဩပနေယျိကော၊ မီးလောင်ဥက္ကောင်းပုဆိုးကောင်းကို မျက်စောင်း မပြု လျှစ်လျူရှု၍ ပွါးမှုအားစိုက်ကပ်ဆောင် ထိုက်သော မဂ်ဖိုလ်နိဗ္ဗာန် ကိုး ကန်သော တရားတော်မြတ်ပါတကား။

၆ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ၊ ဥဃ္ဃဋိတဝိပဥ္စိ နှင့် နေယျ ညာဏ်ရှင် သူတော် စဉ်တို့ သူ့ဉာဏ် မငှားကိုယ့်ဉာဏ်သွားဖြင့် ပိုင်းခြား ထင်ထင် သိမြင်အပ်သော မဂ်ဖိုလ်နိဗ္ဗာန် ကိုးတန်သော တရား တော်မြတ်ပါတကား။

## ဓမ္မဂုဏ်တော် ၆ ပါးနိသျနက်အကျယ်
## ၁ သွာက္ခာတဂုဏ်တော်

၁—က။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဓမ္မော၊ပရိယတ် ပဋိပတ် ပဋိဝေဟုဆိုအပ်သော သုံးပါးသော တရားတော်မြတ်ကို။ ဝါ၊ အဓိသီလ အဓိစိတ္တ အဓိပညာ သိက္ခာသုံးရပ်မြတ်ဓမ္မကို။ သွာက္ခာတော၊ အစအလယ်အဆုံး သုံးပါးလုံး၌ကောင်းစွာ ဟောကြား တော်မူအပ်ပါပေပြီ။

ခ။ ဘဂဝတာ၊ သည်။ ဓမ္မော၊ အစအလယ် အဆုံး သုံးပါးလုံး ၌ သဒ္ဒါ အနက် စင်ကြယ် ကောင်းမြတ်ခြင်းတို့နှင့်ပြည့်စုံသော လောကီ လောကုတ္တရာ ပရိယတ် ပဋိပတ် အကျင့်မြတ် တရားတော်ကို။ သွာက္ခာတော၊ ကောင်းစွာ ဟောကြားတော် မူအပ်ပါပေပြီ။

၈ ဘဂဝတာ၊ သည်။ ဓမ္မော၊ မဂ်ဖိုလ်နိဗ္ဗာန်၊ဓမ္မာက္ခန် ပရိယတ်၊ ဆယ်တန်သော တရားတော်မြတ်ကို ဝါ မဂ္ဂဖလ နိဗ္ဗာန နှင့် ဓမ္မအမှန်မြတ်ဆယ်တန်ကို။ သွက္ခာတော ကောင်း စွာ ဟောကြားတော် မူအပ်ပါပေပြီ။

## ၂ သန္ဒိဋ္ဌိကဂုဏ်တော်

၂—က။ ဘဂဝတော၊မြတ်စွာဘုရား၏။ ဓမ္မော၊ အရိယာ မဂ်တရားကို။ သန္ဒိဋ္ဌိကော၊ (အရိယာပုဂ္ဂိုလ် သည် ) ကိုယ်တိုင်ကိုယ်ကြပ် ရှုမြင်တော် မူအပ် ပါပေ၏။

ခ။ ဘဂဝတော၊ ၏။ ဓမ္မော၊မဂ်လေး၀ ဖလလေး တန် နိဗ္ဗာန်ကိုးတန်သော လောကုတ္တရာ တရားကို။ သန္ဒိဋ္ဌိကော (အရိယ ပုဂ္ဂလ သည်) သူတပါး သဒ္ဓါမဖက် မိမိ ပေစ္စ ဝေက္ခဏာ ဉာဏ်သက်သက် ဖြင့်သာ ကိုယ်တိုင် ကိုယ်ကြပ်ရှု မြင်အပ်ပါပေ၏။

ဂ။ ဘဂဝတော၊ ၏။ ဓမ္မော၊ မဂ္ဂ ဖလ နိဗ္ဗာန နှင့် ကိုးတန်သော လောကုတ္တရာ တရား သည်။ သန္ဒိဋ္ဌိကော၊သမ္ပယုတ္တ က်ာရ ဏ အာ ရမ္မဏိကဝိသယီဖြစ်၍ ဖြစ်သော ချီးမွှန်းအပ် သောပညာဖြင့် ကိလေသာတို့ကို အောင်တော် မူတတ်ပါပေ၏။

ဃ။ ဘဂဝတော၊ ၏။ ဓမ္မော၊ မဂ္ဂဖလ နိဗ္ဗာနနှင့်ကိုးဝသော လောကုတ္တရာ တရားသည်။ သန္ဒိဋ္ဌိကော၊ ဘာဝနာဘိသမယ သစ္ဆိကိရိယာဘိသမယတို့၏ အစွမ်းအားဖြင့် ဝဋ္ဋဘေးကိုနှစ်စေလျက် မြင်ခြင်းငှါ ထိုက်တော်မူပါပေ၏။

## ၃ အကာလိကဂုဏ်တော်

၁ ဘဂဝတော၊မြတ်စွာဘုရား၏။ ဓမ္မော၊မဂ်လေးပါး မြတ်တရားသည်။ အကာလိကော၊မိမိ အခြားမဲ့ အခါမလင့်မဖင့်မသွေ ဖိုလ်လေးတွေကို ပေးဝေတတ်ပါပေ၏။

၂ ဘဂဝတော၊၏။ ဓမ္မော၊ အရိယမဂ် တရား လေးပါးသည်။ အကာလိကော၊ ကာလခြားကွာ မရှိရှာ ဖလကျိုးသာ ပေးတတ်ပါပေ၏။ ဝါ-ကာလမခြား ဖိုလ်တရားသာ ပေးသွား တတ်ပါပေ၏။

၃ ဘဂဝတော၊၏။ ဓမ္မော၊ မဂ်လေးပါး မြတ်တရားဓမ္မသည်။ အကာလိကော၊ ရှေ့နောက် မခြား မှတ်သားမသွေ ဖိုလ်ကျိုးကိုပေးတတ်ပါပေ၏-

## ၄ ဧဟိပဿိက ဂုဏ်တော်

၁ ဘဂဝတော၊ မြတ်စွာဘုရား၏။ဓမ္မော၊ မဂ်ဖိုလ် နိဗ္ဗာန်ကိုးတန်သော လောကုတ္တရာ တရားသည်။ဧဟိပဿိကော၊

လာလှည့်ရှုလှည့်ဟူ၍ တိုက်တွန်းအပ်သော အစီရင်ကို ခံထိုက်ပါပေ၏။

၂ ဘဂဝတော၊၏။ ဓမ္မော၊သည်။ ဧဟိပဿိကော၊ ပရမတ္ထ သဘောအားဖြင့် ထင်ရှား ကောင်းကင်ပြင်ဝယ် ပြည့်စုံကြွယ်သည့် ရွှေလဝန်း၊ ကမ္ဗလာနီတွင် အသင့်တင်ထား ပတ္တမြားကဲ့သို့ အရောင်တောက်ပ ထက်ဝန်းကျင်မှ စင်ကျယ်လှသည်၏အဖြစ်ကြောင့် လာလှည့်ရှုလှည့်ဟု တိုက်တွန်းအပ်သောအစီရင်ကို ခံတော်မူထိုက်ပါပေ၏။

## ၅ သြပနေယျိကဂုဏ်တော်

၁ ဘဂဝတော၊၏။ ဓမ္မော၊ မဂ်ဖိုလ်နိဗ္ဗာန် ကိုးတန်သော တရားတော်မြတ်သည်။ သြပနေယျိကော၊ မီး လောင် ဥကွောင်း ပုဆိုးကောင်းကို မျက်စောင်းမပြု လျစ်လျူရှု၍ ပွားမှုအားစိုက် ကပ်ဆောင် ထိုက်တော် မူပါပေ၏။

၂ ဘဂဝတော၊၏၊ ဓမ္မော၊ မဂ်လေးပါး မြတ်တရားသည်။ သြပနေယျိကော၊ နိဗ္ဗာန်သို့ ကပ်ဆောင် တတ်ပါပေ၏။

၃ ဘဂဝတော၊၏။ ဓမ္မော၊ အရိယာမဂ်တရားသည်။ သြပနေယျိကော၊ မျက်မှောက်ပြုအပ်သောအားဖြင့် ဖလလေးတန် နိဗ္ဗာန်သို့ ကပ်ဆောင်တတ်၏။

## ၆ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိဂုဏ်တော်

ဝိညူဟိ၊ ဥဂ္ဃဋိတညူ ဝိပဉ္စိတညူ နေယျဥာဏ်ရှင် သူတော်စင်တို့သည်။ ဓမ္မော၊ မဂ်ဖိုလ်နိဗ္ဗာန် ကိုးတန်သောတရားတော်မြတ်ကို။

ပစ္စတ္တံ ဝေဒိတဗ္ဗော၊ သူ့ဉာဏ်မငှာ၊ ကိုယ့်ဉာဏ် သွားဖြင့် ပိုင်းခြားထင်ထင် သိမြင်အပ်ပါပေ၏။

ဣတိ၊ ဤသို့။ ဆယ်ပါ၊ ခြောက်ပါး ကုန်သော။ ဂုဏေဟိ၊ ဂုဏ်တော်တို့နှင့်။ သမန္နာဂတံ၊ ပြည့်စုံတော်မူသော။ ဓမ္မံ၊ မဂ္ဂလေး၀ ဖလလေးတန် နိဗ္ဗာန် ဓမ္မခဏ် ပရိယတ် ဆယ်တန်သော တရားတော်မြတ်ကို။ အဟံ၊ ခန္ဓာငါးခုပေါင်းစုသမုတ် အကျွန်ုပ်သည်။ပူဇေမိ၊ ကျင့်သောအားဖြင့် ပူဇော်ပါ၏။

တရားဂုဏ်တော် ခြောက်ပါးတို့ကို ပွားများစီးဖြန်းရခြင်း၏ အကျိုးတို့သည်ကား–

## လက်ာ

၁။ တရားဂုဏ်ပွား၊ ထိုသူအား၊ အများပူဇော်ရာ။

၂။ ဘဏ္ဍာစိုးလား၊ ထိုသူအား၊ မခြား ပြားဝတ်ရာ။

ကြွင်းကြံသောအကျိုးများ မြတ်စွာဘုရား ဂုဏ်တော်တွင် ပြခဲ့ပြီးသော အကျိုးတို့နှင့်တူ၏။

## မှတ်ချက်

တရားတော်များကား မြတ်စွာဘုရားလို သံဃာတော်များလို လက်အုပ်ချီမိုး ရှိခိုး၍ နေရုံမျှနှင့် အကျိုးပြီးသည်မဟုတ်၊ အဟုတ်သော်ကား မြတ်စွာဘုရားသည် ဟောတော်မူအပ်သော ဒါန စသော ပါရမီဆယ်ပါး အပြားသုံးဆယ် စွန့်ခြင်းကြီး ငါးပါး စရိယသုံးပါးတို့ကို နေ့ညမစဲ အင်အားနှဲ့ ကျင့်ပွဲဆင်ရသည်သာ။

ဤသို့ နေ့ညမစဲ အင်အားနှဲ့ ကျင့်ပွဲဆင်မနေခြင်းသည်တရား တော်မြတ်ကို ပူဇော်နေသည်မည်၏။ ရှိခိုးနေသည်မည်၏။ ဘုရားရှင်နှစ်သက်လိုလားတော်မူ၏။

## ဥယျောဇနဂါထာ

တသ္မာ ဟာဝေ အပ္ပမာဒံ၊ ကယိရာထ သုမေဓသော။
ဧဝံ မဟာနုဘာဝါယ၊ ဓမ္မာနုဿတိယာ သဒါ။

ဤဂါထာ၏အနက်ကား ဘုရားဂုဏ်တော်အဆုံး ဥယျောဇနဂါထာအနက်နှင့်တူ၏။ ဓမ္မာနုဿတိယာ၊ ပရိယတ် မဂ်ဖိုလ် ပဋိဝေဓ ဤသုံးဌာနကို မပြတ်မလတ် ဆင်ခြင် သုံးသတ်ခြင်းကြောင့်–

ဤသည်ကား တရားဂုဏ်တော် ပွားနည်းအကျဉ်းပြီး၏။

## သံဃဂုဏ်တော်

၁။ သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊
၂။ ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊
၃။ ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊
၄။ သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊
ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌ ပုရိသပုဂ္ဂလာ
၅။ ဧသ ဘဂဝတော သာဝက သံဃော အာဟု နေယျော၊

၆။ သေ ဘဂဝတော သာဝက သံဃော ပါဟု
နေယျော၊

၇။ သေ ဘဂဝတော သာဝကသံဃော ဒက္ခိဏေ
ယျော၊

၈။ သေ ဘဂဝတော သာဝကသံဃော အဉ္ဇလိကရ
ဏီယော၊

၉။ သေ ဘဂဝတော သာဝကသံဃော အနုတ္တရံ
ပုညက္ခေတ္တံ လောကဿ။

သံဃဂုဏ်တော် ၉-ပါးအကျဉ်းပွားရန်

၁။ သုပ္ပဋိပန္နော၊ သမ္မာပဋိပါတ် အကျင့်မြတ်ကို ဆက်
ဆက်မသွေ ဖြိုးဝေလွန်စွာ ကျင့်တော်မူတတ်သော
အရိယာသံဃာတော်မြတ်ပါတကား။

၂။ ဥဇုပ္ပဋိပန္နော၊ အလယ်အလတ် အကျင့်မြတ်ဖြင့်
မကောင်းအယုတ် ကောင်းစွာ ဖြုတ်လျှက် ကြိုး
ကုတ်ဖြောင့်မတ် ကျင့်တော်မူတတ်သော အရိယာ
သံဃာတော်မြတ်ပါတကား။

၃။ ဉာယပ္ပဋိပန္နော၊ မဂ္ဂဖလ ပစ္စဝေက္ခဏာ ဉာဏ်
အဖြာဖြာဖြင့် ကောင်းစွာသိအပ် နိဗ္ဗာန်ဓာတ်ကို
ရည်မှတ်ရှယ်ရော် ရကြောင်းမျှော်လျှက် ကျင့်တော်
မူတတ်သော အရိယာ သံဃာတော် မြတ်ပါ
တကား။

၄။ သာမိစိပ္ပဋိပန္နော၊ ဂုဏ်တော်ကိုးသွယ် စိတ်ဝယ်စွဲ၍ အားခဲပြုစု တခုမကြံ လက်ခံထိုက်အောင် အလိုက်သင့်လျှော် ကျင့်တော်မူတတ်သော အရိယာသံဃာတော်မြတ်ပါတကား။

၅။ အာဟုနေယျော၊ ဝေးကွာအရပ် ယူဆောင်လတ်၍ လှူအပ်ဝတ္ထု ပစ္စည်းစုကို တခုမကြံ အလှူခံထိုက်သော အရိယာသံဃာတော်မြတ်ပါတကား။

၆။ ပါဟုနေယျော၊ ဧည့်သည် လက်ဆောင် များရာထောင်ကို ပုဉ်းကံမိုးစွေ ကျိုးပေးလေရန် ခံတော်မူထိုက်သော အရိယာ သံဃာတော် မြတ်ပါတကား။

၇။ ဒက္ခိဏေယျော၊ တမလွန် လောက ယုံကြည်လှူ၍ ကြည်ဆွသဒ္ဓါ လှူဒါန်း လာသော ဒါန ဝတ္ထုအစုစုကို တခုမကြံ အကုန်အလှူခံတော်မူထိုက်သော အရိယာသံဃာတော်မြတ်ပါတကား။

၈။ အဉ္ဇလိကရဏီယော၊ ရှိသေဆည်းကပ် ကျင့်ဝတ်မြတ်ကို ပြုတတ်ကြောင်းဟုတ် ချီလက်အုပ်ကိုမယုတ်ကေန် ကျိုးပေးသန်အောင် ခံတော်မူ ထိုက်သော အရိယာ သံဃာတော်မြတ်ပါတကား။

၉။ အနုတ္တရံ ပုညက္ခေတ္တံ လောကဿ၊ လူနတ်ဗြဟ္မာ သတ္တဝါအပေါင်း တုမရှိအောင်မြတ်သော မျိုးစေ့ကောင်းမှုအစုစု၏ ပွားမှုလုံလောက် ညွန့်အညှောင့်

၏ပေါက်ရောက်စည်ပင်ရာ လယ်တာမြေကောင်းနှင့် တူတော် မူသော အရိယာ သံဃာတော် မြတ်ပါတကား။

## သံဃဂုဏ်တော် ၉-ပါးအကျယ်

### ၁။ သုပ္ပဋိပန္နဂုဏ်တော်

(က) ဘဂဝတော၊ တရားရတနာမြတ်သြဝါကို ကောင်းစွာဝေဘန် အမှန်သိမြင်တော်မူတတ်သောမြတ်စွာဘုရား၏ (ဝါ)ပူဦးရှိတော်မူသော မြတ်စွာဘုရား၏ သာဝကသံဃော၊ တရား ရတနာ မြတ်သြဝါကို ကောင်းစွာ နာညောင်း တပည့် အပေါင်းသည်။ သုပ္ပဋိပန္နော၊ သမ္မာပဋိပတ် အကျင့်မြတ်ကို ဆတ်ဆတ်မသေ့ ကောင်းစွာ ကျင့်တော် မူ တတ်ပါပေ၏။

(ခ) ဘဂဝတော၊ ၏။ သာဝကသံဃော၊ သည်။ သုပ္ပဋိပန္နော၊ သမ္မာပဋိပတ် အကျင့်မြတ်ကို ဆတ်ဆတ်မသေ့ ဖြိုးဝေလွန်စွာ ကျင့်တော် မူ တတ်ပါပေ၏။

(ဂ) ဘဂဝတော၊ ၏။ သာဝကသံဃော၊ သည်။ သု

ဋ္ဌိပန္နော၊ သမ္မာပဋိပတ် အကျင့်မြတ်နှင့်ပြည့်စုံသည်၏အဖြစ်ကြောင့် အရိယမဂ် ထက်မြတ်သောအကျင့်ကို ကျင့်တော်မူတတ်ပါ ပေ၏။

(ဃ) ဘဂဝတော၊ ၏။ သာဝကသံဃော၊ သည်။ သုပ္ပဋိပန္နော၊သမ္မာပဋိပတ် မဇ္ဈိမအကျင့် မြတ်ဖြင့် ဖလနိဗ္ဗာန်အား ရအပ် ရောက်အပ်သည်၏အဖြစ်ကြောင့် အရိယမဂ်ထက်မြက်သော အကျင့် ကို ကျင့်တော်မူတတ်ပါ ပေ၏။

(င) ဘဂဝတော၊၏။ သာဝကသံဃော၊သည်။ သုပ္ပဋိပန္နော၊ ကောင်းစွာ ဟောတော်မူ အပ်သောသုတ်အဘိဓမ္မာ ဝိနည်းဟုဆိုအပ်သော သာသနာတော်၌ဘုရားဆုံးမသည်အားလျော်စွာ ဝါ ဘုရားဆုံးမလေ့သဘောအတိုင်း ကျင့်တော်မူပါ ပေ၏။

(စ) ဘဂဝတော ၏ သာဝကသံဃော သည် သုပ္ပဋိပန္နော ကောင်စွာဟော တော်မူအပ်သော သုတ်အဘိဓမ္မာ ဝိနည်းဟု ဆိုအပ်သော သာသနာတော်၌မချွတ်မယွင်း သောအကျင့်ကို ကျင့်တော်မူတတ်ပါ ပေ၏။

၂ ဥဇုပ္ပဋိပန္နဂုဏ်တော်

(က) ဘဂဝတော ၏ သာဝကသံဃော သည်

ဥဇုပ္ပဋိပန္နော အလယ်အလတ် အကျင့်မြတ်ဖြင့် မကောင်းအယုတ် ကောင်းစွဲဖြတ်လျက် ကျိုးကုတ်ဖြောင့်မတ် ကျင့်တော်မူ တတ်ပါပေ၏။

(ခ) ဝါ တဖန် ပြန်မနစ်အောင် ဆန့်ကြဉ့်ဘက် အသလတရားတို့ကို ပယ်စွန့်တတ်သော ဖြောင့်မတ်သော အကျင့်ကို ကျင့်တော်မူတတ်ပါပေ၏။

(ဂ) ဝါ တဖန်ပြန်မနစ်အောင်မယဲ့သဲ့ငွေ့ယ်ချစေသော အယုတ်တရားတို့ကို အကြွင်းမဲ့ ပယ်ဖြတ်တတ်သော ဖြောင့်မတ်သော အကျင့်ကို ကျင့်တော်မူတတ်ပါပေ၏။

(ဃ) ဝါ တဖန် ပြန်မနစ်အောင် နွားကျင်ငယ်တကောက်လို လိမ်ကောက်မရှိ၊ လရေးကောက်လို နှစ်ဘက်ကောက်မရှိ၊ ထွန်း ကိုင်း ကောက်လို အဖျား ကောက်မရှိ၊ ဖြောင့်မတ်သောအကျင့်ကို ကျင့်တော်မူတတ်ပါပေ၏။

(င) ဝါ ဖြောင့်ဖြောင့် မတ်မတ် မဇ္ဈိမဋိပဒ်အကျင့်မြတ်ဖြင့် ကာမသုခကလ္လိအတ္တကိလမထ သဿတ ဥစ္ဆေဒ အယုတ်ဒွယ မကပ်ရအောင် ကျင့်ဆောင်တော်မူတတ်ပါပေ၏။

(စ) ဝါ ကိုယ် နှုတ် စိတ် တို့၌ နွားကျင်ငယ် ကောက် လရေးကောက် ထွန်းကိုင်း ကောက် အကောက် သုံးမျိုးတို့ကို ကြည်၍ ဖြောင့်ဖြောင့်မတ်မတ် အလယ်အလတ်မဇ္ဈိမအကျင့်မြတ်ဖြင့် ကျင့်တော်မူတတ်ပါပေ၏။

## ၃။ ဉာယပ္ပဋိပန္နဂုဏ်တော်

(က) ဘဂဝတော ၏ သာဝကသံဃော သည် ဉာယပ္ပဋိပန္နော မဂ္ဂ ဖလ ပစ္စဝေက္ခဏာ ဉာဏ်အဖြာဖြာဖြင့် ကောင်းစွာ မျက်မှောက်ပြုရန် နိဗ္ဗာန်ဓာတ်နန်းရည်ရွယ်မှန်း၍ ကျင့်တော် မူတတ်ပါပေ၏။

(ခ) ဝါ နိဗ္ဗာန် ရောက်ကြောင်း တရားဘောင်တွင် မချွတ်မယွင်း ဖြူစင်သန့်ရှင်း အပြစ်ကင်းသည့် မဂ်အကျင့်ကို ကျင့်တော်မူတတ်ပါပေ၏။

(ဂ) ဝါ နိဗ္ဗာန်ကို ထိုးထွင်း၍ သိကြောင်း တရားဘောင်တွင် ထက်ဝန်းကျင်လျှင် ဖြူစင်သန့်ရှင်း မဂ်အကျင့်စဉ်ကို ကျင့်တော် မူတတ်ပါပေ၏။

(ဃ) ဝါ ကိလေသာတို့၏ ငြိမ်းအေးရာ နိဗ္ဗာန်အလို့ငှါ ကျင့်တော်မူတတ်ပါပေ၏။

## ၄ သာမိစိပ္ပဋိပန္နဂုဏ်တော်

(က) ဘဂဝတော၏ သာဝကသံဃောသည် သာမိစိပ္ပဋိပန္နော ဂုဏ်ကိုချီးဝံ့ စိတ်ကိုစွဲ၍ အားခဲပြုဖူ တခုမကြံ လက်ခံ ထိုက်အောင် အလိုက်သင့်လျှော် ကျင့်တော်မူတတ်ပါ ပေ၏။

(ခ) ဝါ-ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်ရ လျှော်လျောက် ပတ်ကောင်းမြတ်သည်၏အဖြစ်ကြောင့်သက်ဝင်ယုံကြည် ကိုးစားရည်ထိုက်သော လောကုတ္တရာတရားကိုးပါးအား လျှော်သော အကျင့်ကိုကျင့်တော် မူတတ်ပါပေ၏။

ယဒိဒံ ယာနိ ဣမာနိ ပုရိသယုဂါနိမဂ္ဂဖလအကုန်အကြင် ယောကျ်ားမြတ် အစုံတို့သည် စတ္တာရိ အစုံ ဖွဲ့သော အားဖြင့် လေးပါးတို့သည် ဟောန္တိ ဖြစ်ကုန်၏။ ယဒိယံ ယေ ဣမေ ပုရိသပုဂ္ဂလာ မဂ္ဂဖလတည်ထား အကြင်ယောကျ်ား ပုဂ္ဂိုလ်တို့ သည် အဋ္ဌ၊ အသီးအခြား ဝေဘန်သောအားဖြင့် ရှစ်ပါးတို့ သည်သာလျှင် ဟောန္တိ ဖြစ်ကုန်၏

## ၅ အာဟုနေယျဂုဏ်တော်

(က) ဘဂဝတော အသိန်းမက များလှလှန်စွာ ကိလေသာကို လေးဖြာ မြိုက်မဂ် စိန်သံလျက်ဖြင့် ချီးဖျက် ဖြတ် တော်မူတတ်သော မြတ်စွာဘုရား၏ သေ သော သာဝက သံဃော အစုံဖွဲ့သား လေးပါး၊ အခြား

ဝေဘန် ရှစ်တန်အရိ၊ အတိ ထူးချွန် ဤတပည့်မွန်တို့၏ အပေါင်းသည် အာဟုနေယျော သီလဝန်အရိယမှန်တို့ကို ဝေးရာအရပ်ပင့်ဆောင်၍ လှူအပ်သော အားဖြင့် ပါးသော သောပဗ္ဗည်းလေးပါးတို့ကို တခုမကြွင်းအလှူခံ ထိုက်တော်မူပါပေ၏။

(ခ) (ဝါ) ဝေးရာအရပ်မှ အလှူခံထံဆည်းကခရမ်းဒါနပန်သို့ကို ပေးလှူရာဖြစ်တော်မူပါပေ၏။

ဂ) (ဝါ) လူမျိုးမက နတ်သိကြားမင်း သဒ္ဓါရှင်ကြည်လှူ) အပ်သော ပစ္စည်းတို့ကို ခံယူခြင်းငှာ ထိုက်တော်မူပါပေ၏။

(ဃ) (ဝါ) ပူဇော်ခြင်းတကာတို့တွင် များစွာသောအကျိုးပေးခြင်းငှာ ထိုက်သည်၏ အဖြစ်ကြောင့် အမြတ်ဆုံးပူဇော်ခြင်းငှာ ထိုက်တော်မူပါပေ၏။

၆ ပါဟုနေယျဂုဏ်တော်

(က) ဘဂဝတော်၏ သေ သော သာဝက သံဃာသည် ပါဟုနေယျော ဧည့်သည်လက်ဆောင် များရာထောင်ကို ပဉ္စကံမိုးရွာ ကျိုးမေးလေခြင်း ခံတော် မူထိုက်ပါပေ၏။

(ခ) (ဝါ) လုံးစုံလက်ဦး ဆောင်ကာယူ၍ အထူးခံတော်မူထိုက်ပါပေ၏။

(ဂ) (ဝါ) လုံးစုံခြင်းရာ ပူဇော်အပ်သည်ကို ခံတော်မူထိုက် ပါပေ၏။

## ၇ ဒက္ခိနေယျဂုဏ်တော်

(က) ဘဂဝတော၏ သော ဧသော သာဝက သံဃောသည် ဒက္ခိဏေယျော တမလွန်လောက ယုံကြည်လှ၍ ကြည်စွသဒ္ဓါ လှူဒါန်းလာသော ဒါနဝတ္ထု အစုစုကို တခု မကြံ အကုန်အလှူခံထိုက်တော်မူပါပေ၏။

(ခ) (ဝါ) များစွာသောအကျိုးတိုးပွားစေတတ် ပြုမြင့်မြတ် သည်၏သဖြစ်ဖြင့် အလှူဝတ္ထုဖြူစင် သမှုပြုစေ တော်မူ ပါပေ၏။

## ၈ အဉ္ဇလိကရဏီယဂုဏ်တော်

(က) ဘဂဝတော၏ သော ဧသော သာဝက သံဃောသည် အဉ္ဇလိကရဏီယော ရှိသေဆည်းကပ် ကျင့်ဝတ်မြတ်ကို ပြုတတ် ကြောင်းဟုတ် ချီလက်အုပ်ကို မယုတ်ကေန် ကျိုးပေးသန်အောင် ခံတော်မူထိုက်ပါပေ၏။

(ခ) ခြေလက်နှစ်မူ တဒေါင်ထူ ထိဦဘေးမျိုး ရှိခိုးထိုက်ပါပေ၏။

## ၉ အနုတ္တရံ ပုညက္ခေတ္တံ လောကဿဂုဏ်တော်

(က) ဘဂဝတော သော ဧသော သာဝက သံဃောသည်

လောကဿ သတ္တလောက၏ အနုတ္တရံ မိမိကိုလွန်သော လယ်ယာမရှိသော ၁ (ဝါ) မိမိထက်မြင့်သော လယ်ယာမရှိသော (ဝါ) အတုမရှိမြတ်သော ပုညက္ခေတ္တံ မျိုးစေ့ကောင်းမှု အစုစုံ၏ ပွားမှုလုံလောက် ညွန့်အညောက်၏ ပေါက်ရောက် စည်ပင်ရာ လယ်ယာမြေကောင်းနှင့် တူတော်မူပါပေ၏။

ဇုတိ၊ ဉာဏ်သို့။ နဝဟိ၊ ကိုးပါးကုန်သော။ ဂုဏေဟိ ဂုဏ်တော်တို့နှင့် သမန္နာဂတံ ပြည့်စုံတော်မူသောအရိယသံဃံ၊ အရိယာသံဃာတော်မြတ်အပေါင်းကို အဟံ၊ ဒန္တာငါးခု ပေါင်းစု သမုတ် အကျွန်ုပ်သည် ဝန္ဒာမိ၊ ဘယ လာဘ ကုလအာစာ မိတ္တာကျင့်ရိုး မမျှော်ကိုးဘဲ ရှိခိုးပါ၏။

## မှတ်ချက်

သံဃာတော်မြတ်၏ ဂုဏ်တော်တို့ကို ပွားများစီးဖြန်းရခြင်း၏အကျိုးသည် မြတ်စွာဘုရား၏ဂုဏ်တော်ကိုးပါး ဆယ်ပါးတို့ကို ပွားများစီးဖြန်းရခြင်းအကျိုးကျေးဇူးတို့နှင့် ထပ်တူထပ်မျှ တူလှပါ၏။

## ဥယျောဇနဂါထာ

တံသုဗ္ဗာဟဂေ အပ္ပမာဒံ၊ ကာယိရာထ
သုမေဓသော။
ဧဝံ မဟာနုဘာဝါယ၊ သံဃာနုဿတိယာ
သဒါ။

တသွ်ာ၊ ထို့ကြောင့်။ သုမေဓသော၊ အခက်အခဲ အနက် အနဲ့ကို ကောင်းစွာခွဲဖျက် မိုးကြိုးစက်သို့ တခဏခြင်း ဖောက်ထွင်း၍ သိစွမ်းခြင်းငှာ စွမ်းနိုင်သော ပညာရှိသော သူတော်ကောင်းသည့် ဟာဝေ၊ စင်စစ်။ ဝေံ မဟာနုဘာဝါယ၊ ဤသို့ကြီးသော အာနုတော်ရှိသော သံဃာ နုဿတိယာ သံဃဂုဏ်တော်ကို အောင်းမေ့နှလုံးသွင်းခြင်း၌ သဒါ၊ အခါ ခပ်သိမ်း (ဝါ) နေ့ရောညဉ့်ပါ (ဝါ) အလုံးစုံသော အခါတို့၌။ အပ္ပမာဒံ၊ မမေ့မလျော့ မဖေပါမတန့် သတိသမ္ပဇဉ် ဉာဏ်ဝယ်ယှဉ်လျက်။ ကယိရာထ၊ အသွား အသွေး ခြောက်ခမ်း၍ ပန်းမပြေ ပိန်ကပ်ကပ်ပင်နေနေ (ဝါ) အရိုးကျေကျေ အရေစုပ်စုပ် အားတွတ်ကြပါကုန်လော့။

ဤသည်ကား သံဃဂုဏ်တော်ပွားနည်း အကျယ်ပြီး၏။

လာပေး၍ ရေးထားသော ရတနတ္တယ ဂုဏ်ပွားပုံ နည်းများကို ပေးသူတို့၏ ရှင်လန်းစေခြင်းငှာရင်း၊ ပွားလိုသောသူတို့ ပွားနည်းရစေခြင်းငှာရင်း၊ နောက်ပိုင်း၌ ထည့်သွင်းပေးလိုက်ပါသည်။ ဦးတေဇိန္ဒ သာသန သိမ္မ ကျောင်း ၆-ထပ် ကြီး ဘုရားကြီးတိုက်။ ဘုန်းတံခိုးကြီး လာဘ်ရ အခြံအရံများ၊ ရာထူးခိုင်၊ ပစ္စည်းခိုင်မြဲ၊ ရန်သူဟူသမျှ အောင်နိုင်သည်။

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ
## ဘုရားဂုဏ်တော်

ဣတိပိ သော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏသမ္ပန္နော သုဂတော လောကဝိဒူ အနုတ္တရော ပုရိသဒမ္မသာရထိ သတ္ထာဒေဝမနုဿာနံ ဗုဒ္ဓေါ ဘဂဝါတိ။

(၁) သော ဘဂဝါ ဣတိပိ အရဟံ၊ အရဟံ ဝတ သော ဘဂဝါ၊ အရဟတ္တံ သရဏံ ဂစ္ဆာမိ၊ အရဟတ္တံ သိရသာ နမာမိ၊ ပဌမော ဝဇိရပါကာရော သော ဘဂဝါ ဣတိပိ အရဟံ။

(၂) သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ၊ သမ္မာသမ္ဗုဒ္ဓေါ ဝတ သော ဘဂဝါ၊ သမ္မာသမ္ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ သမ္မာသမ္ဗုဒ္ဓံ သိရသာ နမာမိ၊ ဒုတိယော ဝဇိရပါကာရော သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ။

(၃) သော ဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော ဝိဇ္ဇာစရဏသမ္ပန္နော ဝတ သော ဘဂဝ ဝိဇ္ဇာစရဏသမ္ပန္နံ သရဏံ ဂစ္ဆာမိ၊ ဝိဇ္ဇာစရဏ လမ္ပန္နံ သိရသာ နမာမိ၊ တတိယော ဝဇိရ ပါကာရော သော ဘဂဝါ ဣတိပိ ဝိဇ္ဇာ စရဏသမ္ပန္နော။

(၄) သော ဘဂဝါ ဣတိပိ သုဂတော၊ သုဂတော ဝတ သော ဘဂဝါ၊ သုဂတ္တံ သရဏံ ဂစ္ဆာမိ၊ သုဂတ္တံ သိရသာ နမာမိ၊ စတုတ္ထော ဝဇိရ ပါကာရော သော ဘဂဝါ ဣတိပိ သုဂတော။

(၅) သော ဘဂဝါ ဣတိပိ လောကဝိဒူ၊ လောက ဝိဒူ ဝတ သော ဘဂဝါ၊ လောကဝိဒုံ သရဏံ ဂစ္ဆာမိ၊ လောကဝိဒုံ သိရသာ နမာမိ၊ ပဉ္စ မော ဝဇိရပါကာရော သော ဘဂဝါ ဣတိပိ လောကဝိဒူ။

(၆) သော ဘဂဝါ ဣတိပိ အနုတ္တရော ပုရိသ ဒမ္မသာရထိ၊ အနုတ္တရော ပုရိသ ဒမ္မသာရထိ ဝတ သော ဘဂဝါ၊ အနုတ္တရံ ပုရိသ ဒမ္မ သာရထိံ သရဏံ ဂစ္ဆာမိ၊ အနုတ္တရံ ပုရိသ ဒမ္မသာရထိံ သိရသာ နမာမိ၊ ဆဋ္ဌော ဝဇိရ ပါကာရော သော ဘဂဝါ ဣတိပိ အနုတ္တရော ပုရိသဒမ္မသာရထိ။

(၇) သော ဘဂဝါ ဣတိပိ သတ္ထာဒေဝမနုဿာနံ၊ သတ္ထာ ဒေဝ မနုဿာနံ ဝတ သောဘဂဝါ၊ သတ္ထာရံ ဒေဝမနုဿာနံ သရဏံ ဂစ္ဆာမိ၊ သတ္ထာရံ ဒေဝမနုဿာနံ သိရသာ နမာမိ၊ သတ္တမော ဝဇိရပါကာရော သော ဘဂဝါ ဣတိပိ သတ္ထာဒေဝ မနုဿာနံ။

(၈) သော ဘဂဝါ ဣတိပိ ဗုဒ္ဓေါ၊ ဗုဒ္ဓေါ ဝတ- သော ဘဂဝါ၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဗုဒ္ဓံ သိရသာ နမာမိ၊ အဋ္ဌမော ဝဇိရ ပါကာရော သော ဘဂဝါ ဣတိပိ ဗုဒ္ဓေါ။

(၉) သော ဘဂဝါ ဣတိပိ ဘဂဝါ၊ ဘဂဝါ ဝတ- သော ဘဂဝါ၊ ဘဂဝန္တံ သရဏံ ဂစ္ဆာမိ၊ ဘဂဝန္တံ သိရသာ နမာမိ၊ နဝမော ဝဇိရ ပါကာရော သော ဘဂဝါ ဣတိပိ ဘဂဝါ။

## တရားဂုဏ်တော်ကွန်ခြာ

သွာက္ခာတော ဘဂဝတော ဓမ္မော၊ သန္ဒိဋ္ဌိကော၊ အကာလိကော ဧဟိပဿိကော ဩပနေယျိကော၊ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။

အနောဓိသော ဖရဏာပုဂ္ဂိုလ် ၅ ယောက်၊ ဩဓိသော ဖရဏာပုဂ္ဂိုလ် ၇ ယောက်ပေါင်းလျှင် ၁၂ ယောက်ရ၏။

၎င်း ၄၂ ယောက်ကို ဓမ္မတ္တာ ၄ ချက်နှင့်မြှောက်သော် ၄၈ ယောက်ရ၏။ ၄၈ ကို အရပ်ဆယ်မျက်နှာမြှောက် ၄၈၀

အရပ်ဆယ်မျက်နှာမပိုင်းဘဲ မေတ္တာပို့ရှိသောပုဂ္ဂိုလ် ၄၈ ယောက်တို့ကို အရပ်ဆယ်မျက်နှာနိုင်းခြား၍ မေတ္တာပို့ရသော ပုဂ္ဂိုလ် ၄၈၀ နှင့်ပေါင်းလျှင် ၆၂၈ သွယ် မေတ္တာ ဖြစ်တော့သည်။

(၁၁)

သံပေါက်လင်္ကာ

၁။ အနောဓိသော ဖ ဤငါး၀ မှတ်ကြ ပုဂ္ဂလာ။

၂။ ဩဓိသော ဖ ခုနှစ်၀ မှတ်ကြ ပုဂ္ဂလာ။

၃။ အနော ဩဓိ ဤနှစ်လီ ပေါင်းပြီး ဆဲ့နှစ်သာ။

၄။ တဆဲ့နှစ်ယောက်၊ မေတ်လေးမြှောက်ကလေးဆယ် ရှစ်ယောက်သာ။

၅။ လေးဆဲ့ရှစ်မှာ။ ဆယ်ဒိဟာ၊ မြှောက်ပါလေးရာ ရှစ်ဆယ်သာ။

၆။ လေးရာ့ရှစ်ဆယ်၊ ထို့ပြင်ဝယ်၊ လေးဆယ့် ရှစ်သွင်းပါ။

၇။ ချင်းချိန်ဂေါင်းသော်၊ ငါးရာကျော်၊ လွန်သော် နှစ်ရှစ်သာ။

၈။ ငါးရာနှစ်ဆယ် ရှစ်သွယ်၊ ချယ်မှတ်ဘွယ် မေတ္တာ ဤသို့သာ။

**မေတ္တာ၏ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်း၊ ပဒဋ္ဌာန်း တို့ကိုပြပေး၏**

ဟိတာကာ ရပ္ပဝတ္တိလက္ခဏာ မေတ္တာ၊ ဟိတူပသံဟာရ ရသာ၊ အာဃာတဝိနယ် ပစ္စု ပဋ္ဌာနာ၊ သတ္တာနံမနာ ပဘာဝ ဒဿန ပဒဋ္ဌာနာ၊ ဗျာပါဒူ ပသမော ဧတိဿာ သမ္ပတ္တိ၊ သိနေဟ သမ္ဘဝေါ ဝိပတ္တိ။

(ဝိသုဒ္ဓိမဂ္ဂ ၉ ဗြဟ္မဝိဟာရ နိဒ္ဒေသသ ပကိဏ္ဏက တထာ။ မေတ္တာ– ကရုဏာ– မုဒိတာ ဉပေက္ခာ တို့၏ ဝနတ္ထများ နှာ ၃၁၁)

လက္ခဏာ မေတ္တာသည် အကျိုးစီးပွား အခြင်း အရာအား ဖြင့်ဖြစ်ခြင်း။ လက္ခဏာရှိ၏။

ရသ သည် အကျိုး စီးပွားကို ထပ်၍ဆောင်းခြင်း ကိစ္စရှိ၏။

ပစ္စုပဋ္ဌာန် မေတ္တာသည် ရန်ငြိုးဖွဲ့ခြင်းကိုပယ်ဖျောက်သော အားဖြင့် ရှေ့ရှုတင်၏။

ပဒဋ္ဌာန် မေတ္တာသည် သတ္တဝါတို့၏ စိတ်နှလုံးကို မွားစေတတ်သည့်၏ အဖြစ်ကို ရှုဆင်ခြင် ခြင်းလျှင်နီးစွာအကြောင်းရှိ၏။

သမ္ပတ္တိ မေတ္တာ၏ ပြည့်စုံခြင်းသည်။ မိတ်ဆွေအပေါ် ပျက်စီးစေလိုသော ဒေါသ စေတသိတ် ငြိမ်းအေးအောင် ပြုလုပ်ခြင်းပင်တည်း။

ဝိပတ္တိ မေတ္တာ၏ ပျက်စီးခြင်းသည် စေးကပ်သော တဏှာချစ် ချစ်ခြင်း ပင်တည်း။

ဤသည်ကားပဋိသမ္ဘိဒါ မဂ္ဂလာ ၅၂၈ သွယ် မေတ္တာပွားနည်းအခဏ်းပြီး၏။

ဝိသုဒ္ဓိမဂ္ဂ။ ကမ္မဋ္ဌာနဂ္ဂဟနိဒ္ဒေသမေတ္တာပွားပုံ။
အခဏ်း

ဤကမ္မဋ္ဌာနဂ္ဂဟနိဒ္ဒေသလာ ကမ္မဋ္ဌာနဒါယက ဝဏ္ဏနာ (၉၄)အရ တည်နေရာ ပိုင်းခြား၍ ဝိသေသပုဂ္ဂလ ဩဓိသဖရဏ မေတ္တာပွားပုံကား....

၁။ ဣမသ္မိံ အာရာမေ သဗ္ဗေဘိက္ခုစာရိနော အဝေရာ ဟောန္တု အဗျာပဇ္ဇာ ဟောန္တု အနီဃာဟောန္တု သုခီအတ္တာနံ ပရိဟရန္တု။

ဤအရံအတွင်း၌ သီတင်းသုံး၍ မြတ်သော ကျင့်ဝတ်ကျင့် ဘက်သီတင်း သီတင်းသုံးဖော်တို့သည် ရန်မာန်ခပ်သိမ်း ကင်း ငြိမ်းပါစေ ကိုယ်စိတ်ရွှင်ပြချမ်းသာကြပါစေ။

၂။ သီမဋ္ဌက ဒေဝတာ အဝေရာ ဟောန္တု (ပ) ဤအရပ်အပိုင်းခြားအတွင်း၌ တည်နေကြသော နတ်တို့သည် ရန်မာန် ခပ်သိမ်း ကင်းငြိမ်းကြ ပါစေ။ (ပ)။

၃။ ဂေါစရဂါမေ ဣဿရဇနာ အဝေရာဟောန္တု (ပ) ငါ၏ဆွမ်းခံရွာအတွင်း၌ အစိုးတရ အုပ် ချုပ်ကြကုန်သော မင်းတို့သည် ရန်မာန် ခပ် သိမ်းကင်းငြိမ်းကြပါစေ (ပ)။

၄။ ဂေါစရဂါမေ မနုဿာ အဝေရာ ဟောန္တု (ပ)။ ငါ၏ဆွမ်းခံရွာအတွင်း၌နေကြကုန်သော လူအပေါင်းတို့သည် ရန်မာန်ခပ်သိမ်း ကင်းငြိမ်း ကြပါစေ (ပ)။ အယဥ္စ မေတ္တာ အပ္ပိယ ပုဂ္ဂလေ အပ္ပိယသဟာယကေ မဇ္ဈတ္တေ ဝေရီ ပုဂ္ဂလေတိ ဣမေသု စတူသုပဋ္ဌမံနဘာဝေတဗ္ဗာ (ဝိသုဒ္ဓိမဂ္ဂ ၉၊ ဗြဟ္မဝိဟာရနိဒ္ဒေသ မေတ္တာ ဘာဝနာကထာ ၂၀၇)ဟူသော ပါဠိကိုနည်း ယူ၍နောက်မှ ပွားပုံတည်း။

၁။ မေဝိယပုဂ္ဂလာ

၂။ မေ အဝိယ ပုဂ္ဂလာ

၃။ မေ မဇ္ဈတ္တ ပုဂ္ဂလာ

၄။ မေဝေရိပုဂ္ဂလာ အဝေရာ ဟောန္တု၊ အဗျာ ပဇ္ဇာ ဟောန္တု အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟ ရန္တု၊ ဤပုဂ္ဂိုလ် ၄-ယောက်တို့တွင် မေဂိယပုဂ္ဂလာကား-

မာတာပိတု အာစရိယာ ဉာတိမိတ္တာ သမ္မဟာ ဥပါသက ဥပါသိကာ စတုပစ္စယ ဒါယကာအမှာကံ စတုပစ္စယကာ အဝေရာဟောန္တု စသည် ရှေးဆရာကြီးတို့ မေတ္တာပွားများကြသည်။

အထူး ဝိသေသအားဖြင့်
အမိအဘချည်းသက်သက်မေတ္တာပွားပုံ

၁။ မာတာ ပိတရော အဝေရာ ဟောန္တု၊ အဗျာ ပဇ္ဇာ ဟောန္တု၊ အနီဃာဟောန္တု၊ သုခီ အတ္တာနံ ပရိဟာရန္တု။

**အာစရိယ ဉဇ္ဈာယ ပေါင်း၍ မေတ္တာ ပွားပုံ။**

၂။ အာစရိယပဇ္ဈာယာ အဝေရာ ဟောန္တု (ပ)။
ဆွေမျိုးနှင့်မိတ်ဆွေသင်္ဂဟအပေါင်းတို့အား မေတ္တာပွားပုံ။
၃။ ဉာတိ မိတ္တ သမ္မဟာ အဝေရာ ဟောန္တု (ပ)။

ပစ္စည်း လေးပါး ထောက်ပံ့၍
ရတနာသုံးပါး ကြည်ညိုသော
ပုဂ္ဂိုလ်များမေတ္တာပွားပုံ။

၄။ ဥပါသက ဥပါသိကာ စတုမစ္စယဒါယကာ အဝေရာ ဟောန္တု (ပ)

## မိမိ၏ ပစ္စည်းလေးပါး ဒါယကာများအား မေတ္တာပွားပုံ။

၅။ အမှာကံစ တပစ္စယဒါယကာ အဝေရာ ဟောန္တု (ပ)။

### အမှာ

ဤအမိအဘစသော ပိယပုဂ္ဂိုလ်တို့ကို အသီးသီးခွဲ၍ ဖြစ်စေ တပေါင်းတည်းဖြစ်စေ မေတ္တာပွားများနိုင်သည်။

ဤပိယပုဂ္ဂိုလ် ၌မေတ္တာပွားပုံနည်းမှီး၍ အပိယ ပုဂ္ဂလာ၊ မဇ္ဈတ္တပုဂ္ဂလာ၊ ဝေရီပုဂ္ဂလာတို့ကိုလည်း ဉာဏ်စေစား၍မေတ္တာ ပွားပါလေ။

ဤသည်ကား ပိယပုဂ္ဂလ အပိယပုဂ္ဂလ မဇ္ဈတ္တ ပုဂ္ဂလ ဝေရီပုဂ္ဂလ ၄ –ဦးတို့ကို မေတ္တာပွားပုံ အကျဉ်းနည်းပြီး၏။

## ဝိသေသ အားဖြင့် နတ်အမျိုးအစားခွဲ၍ ဩဓိသ ဖရဏ မေတ္တာပွားပုံ။

၁။ ဘုမ္မဋ္ဌဒေဝတာ

၂။ ရုက္ခဋ္ဌဒေဝတာ

၃။ အာကာသဋ္ဌဒေဝတာ

၄။ အာရက္ခဒေဝတာ အဝေရာ ဟောန္တု (ပ)။

၁။ မြေ၌တည်နေ့ကြသော နတ်အများတို့ ရန်မာန် ခပ်သိမ်း ကင်းငြိမ်းကြပါစေ။

၂။ သစ်ပင်၌တည်နေကြသော နတ်အများတို့ ရန်မာန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ။
၃။ ကောင်းကင်၌ တည်နေကြသော နတ်အများတို့ ရန်မာန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ။
၄။ ကိုယ်ကအစ စောင့်ရှောက် တတ်ကြသော နတ်အများတို့ ရန်မာန်ခပ်သိမ်းကင်းငြိမ်းကြပါစေ။

မှတ်ချက်။ ။ဤ ၄-ချက်ကို ခွဲ၍လည်း မေတ္တာပို့နိုင် သည်။ တပေါင်းတည်းလည်း မေတ္တာပို့နိုင်သည်။

ဣမသ္မိံဝိ ဟာရေ၊ဣမသ္မိံ ဝါသေ၊ ဣမသ္မိံ အာရာမေ။

ဣမာယ ဥပစာရ သီမာယ၊ သဗ္ဗေ သတ္တာ ပ–သဗ္ဗေ ဝိနိပါတိကာ အဝေရာ ဟောန္တု -ပ-သုခီ အတ္တာနံ ပရိဟရန္တု။

ဣမသ္မိံဝိဟာရေ၊ ဤကျောင်းတိုက်ကြီးတခုလုံး၌
ဣမသ္မိံအာဝါသေ၊ ဤမိမိနေရာကျောင်း၌
ဣမသ္မိံအာရာမေ၊ ဤကျောင်း တိုက်ကြီး တည်ရာအာရာမ်၌။

ဣမာယ ဥပစာရသီမာယ။ ဤကျောင်းတိုက်ကြီး၏ ဥပစာ အပိုင်းအခြား မိမိနေရာ ကျောင်းကလေး၏ ဥပစာ အပိုင်း အခြား၌ သဗ္ဗေ သတ္တာ၊ သဗ္ဗေ ဝိနိပါတိကာ လုံးစုံသတ္တဝါ တို့သည် အဝေရာ ဟောန္တု -ပ-သုခီ အတ္တာနံ ပရိဟရန္တု။

ရန်မာန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ -ပ-ကိုယ်စိတ်ရွှင်ပြ ချမ်းသာကြပါစေ။

မှာထားချက်

အနောဓိသဖရဏာ ၅-ခုယောက်၊ ဩဓိသဖရဏာ ၇-ယောက်၊ ဤပုဂ္ဂိုလ် ၁၂-ယောက်တို့ကို တပေါင်းတည်းဘွဲ့၍ မေတ္တာပွားနိုင်သည်။

မှတ်ချက်

ဣမသ္မိံဝိဟာရေ ဟူသည်ကား ကျောင်းတိုက်ကြီးတခုလုံးကိုဆိုလိုသည်။

ဣမသ္မိံအာဝါသေ ဟူသည်ကား မိမိနေရာ ကျောင်းတကျောင်းကိုသာ ဆိုလိုသည်။

ဣမသ္မိံအာရာမေ ဟူသည်ကား ကျောင်းတိုက်ကြီး တည်နေသော အာရာမ်တခုလုံးကိုဆိုလိုသည်။

ဣမာယ ဥပစာရသီမာယ ဟူသည်ကား ကျောင်းတိုက်ကြီးတခုလုံး၏အပြင်ဘက် ၁၂-တောင်စသည် ဥပမာအပိုင်းအခြား မိမိနေရာ ကျောင်းကလေး၏ ဥပစာအပိုင်းအခြားတို့ကို ဆိုလိုသည်။

အမှာကံ ဂေါစရဂါမေ၊ ဣမသ္မိံ ဂါမေ၊ ဣမသ္မိံဂါမခေတ္တေ၊

ဣမာယ ဂါမသီမာယ၊ သဗ္ဗေသတ္တာ -ပ- သုခီအတ္တာနံပရိဟရန္တု၊

အမှာကံ ဂေါစရဂါမေ၊ ငါတို့၏ကျက်စားရာ ဆွမ်းခံရွာ၌။

ဣမသ္မိံဂါမေ၊ ငါတို့နေသော ဤရွာ၌။

ဩမသိမ်ဂါမခေတ္တေ၊ ငါတို့နေရာဆွမ်းခံကျက်စားရာ ရွာတို့၏၊ ဤလယ်ယာမြေအရပ်၌။

ဩမာယဂါမသီမာယ၊ ငါတို့နေရာရွာ၏ ဤအာရာမ်အပိုင်းအခြား၌။

သဗ္ဗေ သတ္တာ ပ- သဗ္ဗေဝိနိပါတိကာ လုံးစုံသတ္တဝါတို့သည် အဝေရာ ဟောန္တု ပ-သုခံ အတ္တာနံ ပရိဟရန္တု၊ ရန်မာန်ခပ်သိမ်းကင်းငြိမ်းပါစေ။ (ပ)ကိုယ်စိတ်ရွှင်ပြချမ်းသာကြပါစေ။

ဤရွာစသော တည်ရာ၌လည်း အနောဓိသ ဩဓိသ ဖရဏာ ပုဂ္ဂလပေါင်း ၁၂တို့ကိုတွဲ၍ မေတ္တာပွားနိုင်သည်။

မှတ်ချက်

အမှာကံ ဂေါစရဂါမေ ဟူသည်ကား မိမိ ဆွမ်းခံရွာကို ဆိုလိုသည်။

ဩမသိမ်ဂါမေ ဟူသည်ကား မိမိနေရာရွာကို ဆိုလိုသည်။

ဩမသိမ်ဂါမခေတ္တေ ဟူသည်ကား မိမိနေရာရွာ၏ အပြင်လယ်ယာမြေအရပ်ကိုဆိုလိုသည်။

ဩမာယဂါမသီမာယ မိမိနေရာရွာ၏ အပြင်အာရာမ်အပိုင်းအခြားကိုဆိုလိုသည်။

ပုရတ္ထိမာယ ဒိသာယ၊ ပစ္ဆိမာယ ဒိသာယ၊ ဥတ္တရာယ ဒိသာယ။

ဒက္ခိဏာယ ဒိသာယ၊ ပုရတ္ထိမာယ အနုဒိသာယ၊ ပစ္ဆိမာယ အနုဒိသာယ။

ဥတ္တရာယ အနုဒိသာယ၊ ဒက္ခိဏာယ အနုဒိသာယ၊ ဟေဋ္ဌိမာယ ဒိသာယ။

ဥပရိမာယ ဒိသာယ၊ သဗ္ဗေ သတ္တာ အဝေရာ ဟောန္တု (ပ)။

## မှတ်ချက်

ပဋိသမ္ဘိဒါမဂ်လာ အရပ်ဆယ်မျက်နှာကို အနောဓိသ ပုဂ္ဂိုလ် ၅-ယောက် ဩဓိသပုဂ္ဂိုလ်၇-ယောက် ပေါင်း ၁၂-တို့ဖြင့် မေတ္တာပွားပုံကို အကျဉ်းချုံး၍ ရှေးဆရာတော်ကြီးများအောက်၌ ရေးစီရင်ထားသည်။

## မြေနေသတ္တဝါများမေတ္တာပွားပုံ

ဥဒ္ဓံယာဝဘဝဂ္ဂါစ၊ အဓောယာဝအဝီစိတော၊ သမန္တာ စက္ကဝါဠေသု၊ယေသတ္တာ-ပထဝီစရာ။

အဗျာပဇ္ဇာနိဝေရာစ၊ နိဒုက္ခာစနုပဒ္ဒဝါ။

## မြေနေသတ္တဝါများအားမေတ္တာပို့ပုံ

အထက်ဘဝဂ်တိုင်အောင် လည်းကောင်း၊ အောက်အဝီစိတိုင်အောင်လည်းကောင်း ထက်ဝန်းကျင်စက္ကဝါဠတို့၌ မြေပြင်တွင် ကျက်စား အကြင်ဆယ်ကုဋ္ဌေသတ္တာများတို့သည် ရှိကုန်၏။ မြေပြင်ကျက်စား ထိုသတ္တာအများသို့သည် ရန်မာန် ခပ်သိမ်းကင်းငြိမ်းကြပါစေ၊ စိုးရိမ်ခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ ကပ်၍နှိပ်စက်ထတ် ဥပဒ်ဟူသမျှ ကင်းငြိမ်းကြပါစေ။

ဆောင်ပုဒ် ထက်အောက်ဖီလာ ဆယ်မျက်နှာတွင် မြေပြင် ကျက်စားဆယ်ကုဋ္ဌေသတ္တဝါများ ချမ်းသာကြပါစေ။

## ရေနေသတ္တဝါများအားမေတ္တာပို့ပုံ

ဥဒ္ဓံယာဝ ဝဘ ဝဂ္ဂါစ၊ အဓောယာ ဝ အဝိစီတော။
သမန္တာစက္ကဝါဠေသု၊ ယေသတ္တာဥဒကေစရာ။
အဗျာပဇ္ဇာနိဝေရာစ၊ နဒုက္ခာစနုပဒ္ဒဝါ။

အထက် ဘဝဂ်တိုင်ရင်း (ပ) ပတ်ဝန်းကျင် စက္ကဝါဠတို့၌ ရေပြင်ကျက်စားကြကုန်သော အကြင်သတ္တဝါတို့သည် ရှိကုန်၏၊ ရေပြင်ကျက်စား ထိုသတ္တဝါများ တို့သည် (ပ) ကင်းဝေးကြပါစေကုန်သတည်း။

ဆောင်ပုဒ်။ ။ထက်အောက်ဖီလာ ဆယ်မျက်နှာတွင် ရေပြင်ကျက်စားသတ္တမျာ- ချမ်းသာကြပါစေ။

## ကောင်းကင်နေ သတ္တဝါမျ-ားအား မေတ္တာပို့ပုံ

ဥဒ္ဓံယာဝဘဝဂ္ဂါစ။ အဓောယာ ဝါ အဝိစိ· တော။
သမန္တာ စက္က-ါဠေသု၊ ယေသတ္တာအာကာ သေစရာ။
အဗျာပဇ္ဇာ နိ ဝေရာစ၊ နိဒုက္ခာစနုပဒ္ဒဝါ၊

အထက်တိုင်အောင်ရင်း(ပ) ထက်ဝန်းကျင် ကောင်းကင်ပြင် ကျက်စား အကြင် သတ္တဝါများ တို့သည် ရှိကုန်၏။ ကောင်းကင်ပြင်ကျက်စား ထိုသတ္တဝါများတို့သည် ရန်မာန်ခပ်သိမ်းကင်းငြိမ်းကြပါစေ ကုန်သတည်း၊(ပ)

ဆောင်ပုဒ်····ထက်အောက်ဖီလာ၊ ဆယ်မျက်နှာတွင်၊ကောင်းကင်ကျက်စား သတ္တများ ချမ်းသာကြပါစေ။

F, 19

မှတ်ထားချက်။

ဤသည်တို့ကား အရပ်ဆယ်မျက်နှာ မြေပြင် ၉ ကုဋေ ရေပြင် (၁၀) ကုဋေ ကောင်းကင်ပြင်တို့တွင် ကျက်စား သတ္တဝါများ တို့ကိုမေတ္တာပို့ပုံအကျဉ်းတည်း။

ဘုရားဟောလာ အရပ်ဆယ်မျက်နှာ နေ သတ္တဝါတို့၌ မြေနေသတ္တဝါ ရေနေသတ္တဝါ ကောင်းကင်နေသတ္တဝါ ဝိသေသသြဓိသဖရဏအား ဖြင့်ပိုင်းခြား၍ မေတ္တာပွား ပုံအကျဉ်းကို ရှေးဆရာ တော်ကြီးများ ရေးသား စီရင်ထားကြ လေသည်။

ဤ မြေ ရေ ကောင်းကင် ကျက်စား သတ္တဝါများအပေါ်၌ မေတ္တာပွားသော ယောဂီသည်သက်လွတ် စားပွားမှသာလျှင် အကျိုးလျင်မြန်စွာပြီးမည်။

၁၂။ ဒသကောဋ္ဌိဒကဇာတ၊ ထလဇာ နဝကောဋ္ဌိယော၊ သံသေဒဇောပပါတိကာ၊ ဒိသာယုကာယုဝတ္ထုတော (ပထဝီဇယ မန္တန်-သိရိ မင်္ဂလာပရိတ်တော် စာမျက်နှာ (၃)။

ဤကားဝိသုဒ္ဓိမဂ္ဂလာ မေတ္တာပွား ပုံအခက်းပြီ၏။

ခုဒ္ဒကပါဌမေတ္တာသုတ္တလာ မေတ္တာပွားပုံအခက်း

ကရဏီယ မတ္တကုသလေန (ပ) နဟိဇာတု ဂဗ္ဘ သေယျံ ပုနရေတိ။

(ခုဒ္ဒက ပါဠိပါဠ် ၉ မေတ္တ သုတ္တ နှာ/၁၀) ရင်း

အဋ္ဌကဏ္ဍာ မေတ္တာ သုတ္တဝဏ္ဏနာ နှာ/ ၁၉၇) အရမြက်စွာဘုရား သာဝတ္ထိမြို့ဇေတဝန်ကျောင်း တော်၌ သီတင်းသုံးတော်မူစဉ်ငါးရာသောရဟန်းတို့သည် ဝါဆိုခါနီးတွင်မြတ်စွာဘုရားထံကမ္မဋ္ဌာန်းယူ၍အခအား အပူဟု ဆွမ်းကျောင်းလျော်ကျယ် မျှသော အရပ်ကိုရှာကြကုန်ကျက်သော ပတ္တိမြို့မှ အစဉ်အားဖြင့်ခရီးလှည့်လည်ရှာခဲ့သည် ရှိသော်မဇ္ဈိမအရပ်မှ အပြင်ဘက်ပစ္စန္တအရပ် ဟိမဝန္တာနှင့်တစပ်တည်းတည်သော စိမ်းညိုသော အစဉ်ဖြင့် ပြီးသော ပတ္တမြားအရောင်တောက်သော ကျောက်မြင် ရှိသည်ဖြစ်၍ အေးမြလျက် တခဲနက်သောခရိပ် မိမ်းစိုသော တောအုပ်ဖြင့် တန်ဆာဆင်အပ်သည့် ပုလဲဇာရွှေပြားနှင့်တူသော သဲတို့ဖြင့်ရော ပြွမ်းထွေးယှက်မြေရှိလျက် စင်ကြယ်သန့်ရှင်း အေးမြသော ရေတည်ရာတို့ဖြင့် ခြံရံအပ်သော တောင်တလုံးကို မြင်ကြလေသည်။

ထိုတောတောင်ရိပ်၌ တည်းခိုကျိန်းစက်ပြီး မိုးလင်းသောအခါတောနှင့်မနီး မဝေးရာရွာသို့ဆွမ်းခံဝင်ရာ ဥပါသကာ ဥပါသိကာမတို့က ဆွမ်းကပ်လှူပြီး အကြောင်းလျှောက်ထား၍ သိသဖြင့် ဤတောအုပ်ဘွင် သီးတင်း သုံးတော်မူကြပါ၊တပည့်တော်တို့ ဒါနသီလဘာဝနာတို့၏ မျိုးစေ့ စိုက်ပျိုးရန်လျှောက်ကြ၍လျှက် ပစ္စည်းလေးပါးဖြင့် ပြည့်စုံအောင် ထောက်ပံ့ပါမည့်ဟုတောင်းပန်သဖြင့် ပင်္ဂီညာဉ်ခံနေကြလေရာ၊ တောအုပ်တွင်းနေ ထိုရုက္ခစိုး နတ်တွေက ရဟန်းတော်တို့၏သီလ တန်ခိုးအာနုဘော်ကြောင့် သစ်ပင်ပေါ်မနေနိုင်ဘဲ သစ်ပင်အောက်မြေတွင်း ဆင်းဆင်းရဲရဲနေရသဖြင့်ယင်းတောအုပ်နေ ရုက္ခစိုး

နတ်တို့၏ အစည်းအဝေးမှ ဆုံးဖြတ်ချက် အရ သစ်ပင်တပင် တပါး စီ မနီးမဝေး၌နေ၍တရားအားထုတ်နေကြသော ရဟန်း ကော်များကို။

၁။ အချို့ နတ်တွေက ကြောက်မက်ဘွယ် ဘီလူးရုပ် ဖန်ဆင်းပြခြင်း။

၂။ အချို့နတ်တွေက စူးစူးရှရှအသံဖြင့် အော်ပြခြင်း။

၃။အချို့နတ်တွေက ခေါင်းကိုက် ခေါင်းမူးခေါင်းဝေ ရောဂါတွေရောက်အောင် အပုပ်နံ့ဆိုးကြီး တွေလွှတ်ကြ၍ဤသို့ ပြုသည်ရှိသော် ရဟန်းတော်တို့သည် မသင့်သောအာရုံ မသင့် သောအသံ အပုပ်နံ့တွေ တွေ့မြင်ကြား နံ့ခော်ကြရသဖြင့်ထိတ် လန့်မူးဝေပြီး မစားမသောက်နိုင်၊ တမှိုင်မှိုင်ဖြင့် တရားအား မထုတ်နိုင်ဘဲနေကြကုန်၏။

## သံဃာမဟာထေရ်မေး

တနေ့တော ပက္ခဉ်နေ့ သံဃာအစည်းအဝေးတွင်သံဃ ထေရ်ကြီးကသင်တို့၏ ရှေးနှစ်ရက်သုံးရက် ကအရေအဆင်းစင် ကြယ်သန့်ရှင်းကြ၏ ဣန္ဒြေကြည်လင်ကြ၏ ယခုမှာမူ အဘယ် ကြောင့် အဆင်း မလှ ကိုယ်သားကိုယ် ရေကြုံလှီဖြော့တော့၍ နေကြကုန်သနည်း အတယ်မလျှောက် ပတ်သော အခင်းနှင့် တွေ့ကြုံနေကြရကုန်သနည်း။

## ရဟန်းငယ်များမေး

မပဲ့ာနာယက ထေရ်ကြီးအား မိမိတို့ တွေ့ကြုံ ကြရ ကုန်သော ဘေးရန်ဖုံဖုံ အလုံးစုံကိုလျှောက်ထားကြ၏။

မဟာထေရ် ယခုလိုဖြစ်လျှင် ဘုရားထံပြန်လျှောက် မည်မိန့်၍ ဘုရားထံပြန်လျှောက်ထားမည်။

ဘုရားထံသွား၍ မြတ်စွာ ဘုရားအား အလုံးစုံလျှောက်ထားကြ၏။

## မြတ်စွာဘုရားသင့်ရာဌာနကြည်ပုံ

သားတော် ရဟန်းတော်များ လျှောက်ထားသော အခါ မြတ်စွာ ဘုရား သည် ဇမ္ဗူဒိပ်ကျွန်း အလုံး ကို ငါသား တော်ရဟန်းတို့၏ အပ္ပါယမျှတသော နေရာကိုဒိဗ္ဗစက္ခု၊ အဘိညဉ်ဖြင့် ကြည့်လိုက်သည်ရှိသော် မူလထိုနေရာမှတပါး အခြား ဇမ္ဗူဒိပ်ကျွန်း အပြင်၌ အယုတ်ဆုံး အခြေ လေးချောင်းရှိပထိုင် ကုလားထိုင်တနေရာစာမျှလျှောက်ပတ်သော ကျောင်းနေရာကို ဘုရားထပ်မိန့်မမြင်ရပေ၊ ဘေးရန်ကိုလည်းတားဆီးနိုင်ကမ္မဋ္ဌာန်း လည်းဖြစ်သော (ကရဏီယမတ္တကုသလေန)စသောမေတ္တသုတ်ကို ပေးရ၍သင်ချစ်သား တို့ ထိုတောအုပ်သို့ပင် ပြန်သွားကြ၊ တော အုပ်သို့ဝင်သောအခါ ဤမေတ္တာသုတ်ကို အကွာရာ မှန်ကန်စွာ ညီညီညာညာ ရွတ်၍မေတ္တာပို့ဝင်ကြလေ သင်တို့၏ရှေးကရန်သူ နတ်တို့သည် ချစ်မိုင်းစွေကြလျက်ခရီးဦးကြို ဝေယျာဝစ္စပြုသရဏ ခံယူသီလဆောက်တည်တရား တော်ကို နာယူကြလိမ့်မည်။ သင်တို့လည်း အရဟတ္တဖလရ ကြလိမ့်မည်ဟု မိန့်တော်မူသဖြင့် မိန့်မှာတော်မူတိုင်းလိုက်နာ ပြုကျင့်လေရာ နတ်များကြည်သာ စောင့်ရှောက်ခါဖြင့် မကြာမတင် တရားမြင်၍ မဂ်ဖိုလ်စခန်းဆုံးခဏ်းတိုင်မြောက်ရောက်တော်မူကြကုန်၏။

ရှေးဦးစွာ မေတ္တာသုတ်လာသော တောနေဝေရီနတ်တို့သိရန်
ရဟန်းဂုဏ်ထူး ၁၅ပါး

ရဟန်းတို့၏ဂုဏ်ထူးကား။ ။အကြင်နိဗ္ဗာန်သည်ငြိမ်းချမ်းသာ၏။

ထိုနိဗ္ဗာန်သို့ရောက်ရန် သက်ဝင်ရန် ပြုအပ် အကျင့်မြတ်၌ လိမ္မာသောသာ အမျိုးသားကောင်းသားသည် ထိုနိဗ္ဗာန်ကို အာရုံပြု၍ ပြုလုပ်အားထုတ်အပ်၏ အားထုတ်သော ထိုပုဂ္ဂိုလ်သည်။

၁။ သက္ကော နိဗ္ဗာန်သို့သက်ဝင်ခြင်း ငှာစွမ်းနိုင်သောဂုဏ်ထူးရှိ၏၊

၂။ ဥဇူ ဖြောင့်မတ်ခြင်း နှင့်ပြည့်စုံသောဂုဏ်ထူးရှိ၏၊

၃။ သုဟုဇူ လွန်စွာဖြောင့်မတ်၏၊

၄။ သုဝစော ဆိုဆုံးမလွယ်သော စကားရှိ၏။

၅။ စိတ်မူဒုနူးညံ့သိမ်မွေ့၏။

၆။ အနတိမာနိ မာန်မထောင်လွန်းမမော်ကြွား၊

၇။ သန္တုဿကော ၁၂-ပါးသော် ရတတ် သမျှ ပစ္စည်းလေးဖြင့်သာရောင့်ရဲ၏။

၈။ သုဘရောဒါယကာတို့ ချမ်းသာသဖြင့် မွေးမြူအပ်၏။

၉။ အပ္ပကိစ္စော ရဟန်းလုပ်ငန်းမှတပါး အခြားဗဟုကိစ္စ ငါးပါးမရှိ (၀၁)ရဟန်းလုပ်ငန်းကိုသာအားထုတ်၏။

၁၀။ သလ္လဟုကဝုတ္တိ သပိတ်တလုံးသက်နိုးသုံးထည် စသည် ပရိက္ခရာမျှားကိုဆောင်ကာ ပေါ့ပေါ့ပါးပါးသွားလာကျင့်သုံး၏။

၁၁။ သန္တိန္ဒြိယော ငြိမ်သက်သော စက္ခုစသော ဣန္ဒြေငါးပါးရှိ၏။
၁၂။ နိပကော ဇိမ်ခံနိုင်ခြင်း၊ ဝေဘန်နိုင်သော ဝိစာရဏာပညာရှိ၏။
၁၃။ အပ္ပဂဗ္ဗော၊ ကိုယ်နှုတ်စိတ်ထန်ပြင်း၊ကြမ်းထမ်းခြင်းမှကင်း၏။
၁၄။ ကုလေသုအနနုဂိဒ္ဓေါ အမျိုး ဒကာဒကာမတို့၌ တပ်မက် မြဲတာမ်းခြင်း မရှိ၊ သံယောဇဉ် အတိပြတ်၏။ (ဤဂုဏ်တူး ၁၄-ပါးကားကျင့်ရသော ရဟန်းဂုဏ်ထူးများပင်တည်း)
၁၅။ နစခုဒ္ဒမာ စရေကိဉ္စိ၊ ပညာရှင်သူတော်စင်တို့သည် ကဲ့ရဲ့အပ်သော စိုးစဉ်းမျှသော ယုတ်မာသော အပြုအမူများကိုလုံးဝမပြုကျင့်၊ဤပုဂ္ဂိုလ်ကား မကောင်းမှုဒုစရိုက်တရားတို့ကို ပယ်၍ကျင့်သောသူမြတ်ပင်တည်း။
ဤသည်ကား ရဟန်းတို့၏ ဂုဏ်ထူး အကျင့် ၁၅ ပါးပင်တည်း။

**မှတ်ချက်။** ၁၃- အပ္ပဂဗ္ဗော ဟူသော ပုဒ်ဖြင့် သတ္တဝါအားလုံးတို့အပေါ်၌ ကိုယ်နှုတ်စိတ်တို့ဖြင့် ကြမ်းထမ်း ပြစ်မှားသော သဘောလုံးဝမရှိသည်ကိုပြသဖြင့် (သားငါး)သက်လွတ်စား၍ မေတ္တာပွားမှုလိုရာအကျိုးပြီးမည်။

**ရဟန်းတို့က ဝေရိနတ်တို့အပေါ်၌ မေတ္တာပွားပုံအကျဉ်း**

၁။ သဗ္ဗေသတ္တာ သုခိနောဟောန္တု၊ ခေမိနော ဟောန္တု၊ သုခိတတ္တာဘဝန္တု။

အမိသည် တယောက်တည်းသောသားအား အသက်ဖြင့် မျှ ချစ်ခင် အစဉ် မေတ္တာထားပွားများ စောင့်ရှောက် သလို ဤတောနေ နတ်မှအစ အလုံးစုံသော သတ္တဝါ တို့သည် က။ ချမ်းသာခြင်းနှင့်ပြည့်စုံကြပါစေကုန်သတည်း။ ခ။ ဘေးရန် ကင်းစင် နှလုံးကြည်လင်ကြပါစေကုန်သတည်း။ ဂ။ ကိုယ်စိတ် ရွှင်ပြ ချမ်းသာကြပါစေကုန်သတည်း။

၂။ သဗ္ဗေပါဏာ သုခိနော ဟောန္တု မေမိနော ဟောန္တု သုခိတတ္တာဘဝန္တု။

ဤတောနေနတ်မှအစကြွင်းမဲ့ဥဿုံအလုံးစုံ ထွက်သက် ဝင် သက် ရှိကြကုန်သော ပဉ္စဝေါကာရ သတ္တဝါများ တို့သည် က။ ချမ်းသာခြင်းနှင့်ပြည့်စုံကြပါစေကုန်သတည်း၊ ခ။ ဘေးရန် ကင်းစင် နှလုံးကြည်လင်ကြပါစေကုန်သတည်း။ ဂ။ ကိုယ်စိတ် ရွှင်ပြချမ်းသာကြပါစေကုန်သတည်း။

၃။ သဗ္ဗေဘူတာ သုခိနောဟောန္တု ခေမိနောဟောန္တု သုခိ တတ္တာဘဝန္တု။

ဤတောနေ နတ်မှအစ ကြွင်းမဲ့ဥဿုံ ဧက ဝေါကာရ သတ္တဝါစတု ဝေါကာရ သတ္တဝါ တို့သည် က။ ချမ်းသာခြင်း နှင့်ပြည့်စုံကြပါစေကုန်သတည်း။ ခ။ ဘေးရန် ကင်းစင် နှလုံး ကြည်လင်ကြပါစေကုန်သတည်း။ ဂ။ ကိုယ်စိတ်ရွှင်ပြချမ်းသာ ကြပါစေကုန်သတည်း။

ဤကား သာမည အကျဉ်းမေတ္တာပို့ပုံတည်း။

အကျယ်ဝိသေသအားဖြင့် အတွဲလိုက်မေတ္တာဗို့ပုံက
နှစ်ပါးတတွဲ လေးစုံဖွဲ့၍ နှစ်ယောက်တတွဲ ၄တွဲတွဲပုံကား

၁။ က- တသ ခ- ထာဝရ တတွဲ

၂။ က- ဒိဋ္ဌ ခ- အဒိဋ္ဌ တတွဲ

၃။ က- ဒူရ ခ- သန္တိက တတွဲ

၄။ က- ဘူတ ခ- သမ္ဘဝေသီ တတွဲ ဤကား ဒုက
နှစ်ပါး တတွဲ ၄-စုံတွဲတည်း။

ဒုက ၄-စုံတွဲ ပွားပုံပါဠိဆောင်ပုဒ်

တသ ထာဝရာ ပဌမာ ဒိဋ္ဌာဲဒိဋ္ဌာ ဒုတိယာ
ဒူရသန္တိကာ တတိယာ
ဘူတာ သမ္ဘဝေသီ ဤလေးလီ စုံညီပွားများပါ။

တိက ၃-စုံ တွဲပုံကား

၁။ က- ဒီဃ ခ- ရဿ ဂ- မဇ္ဈိမ တတွဲ

၂။ က- မဟန္တ ခ- အနုက ဂ- မဇ္ဈိမ တတွဲ

၃။ က- ထူလ ခ-အနုက ဂ-မဇ္ဈိမ တတွဲ
ဤကား တိက ၃ယောက်တတွဲ ၃-စုံတွဲပုံတည်း။

တိက ၃-စုံတွဲ ပွားပုံပါဠိဆောင်ပုဒ်

ဒီဃ ရဿ မဇ္ဈိမ ပွားကျ ပဌမာ။
မဟန္တာ နုက မဇ္ဈိမ ပွားကျ ဒုတိယာ။

ထူလာ် နူကဲ့ မဇ္ဈိမ ပွားကျ စတုတ္ထာ။
ကိုယ်စိတ်နှစ်ဖြာ ချမ်းချမ်းသာသာ။
ကင်းကွာဘေးဒဏ်၊ အမြဲမှန်။ ။
ဖန်ဖန်ပွားများရာ။
တိက သုံးစုံတွဲ ဆောင်ပုဒ်ပြီး၏။

နှစ်ယောက်တတွဲ ၄ ငုံတွဲမြန်မာလို မေတ္တာပို့လက်ာ

(၁) က– ထိတ်လန့်တက်ပေါ၊ များဝေနော်၊ နှစ်ထွေ ကိုယ်စိတ်ချမ်းသာစေ။

ခ– ကြောက်လန့်ကင်းပေါ၊ ဒေသေကွာ၊ နှစ်တွေကိုယ် စိတ်ချမ်းသာစေ။

(၂) က– မြင်အပ်ဘူးပေါ၊ များဝေနော်၊ နှစ်ထွေ ကိုယ်စိတ် ချမ်းသာစေ။

ခ– ပဿမုဒ္ဒါ၊ များဝေနော်၊ နှစ်ထွေကိုယ်စိတ် ချမ်းသာစေ။

(၃) က– အဝေးမှာနေ၊ များသတ္တွာ၊ နှစ်ထွေ ကိုယ်စိတ် ချမ်းသာစေ။

ခ– အနီးမှာနေ၊ များသတ္တွာ၊ နှစ်ထွေ ကိုယ်စိတ် ချမ်းသာစေ။

၄ (က)– ဘဝဆုံးကြ၊ ရဟန္တာ၊ နှစ်ဝကိုယ်စိတ်ချမ်းသာစေ။

ခ– ဘဝသစ်ရှာ၊ များသတ္တွာ၊ နှစ်ဖြာကိုယ်စိတ် ချမ်းသာစေ။

ဤသည်ကားနှစ်ယောက်တတွဲ လေးစုံတွဲ မြန်မာလိုမေတ္တာပို့ လက်ာပြီး၏။

၃ယောက်တတွဲ ၃စုံတွဲမြန်မာလို မေတ္တာပို့လက်ာ

(၁) က– ခန္ဓာရှည်လျှား၊ သတ္တာများ၊ နှစ်ပါး ကိုယ်စိတ်ချမ်းသာစေ။

ခ– ခန္ဓာကုံကြား၊ သတ္တမျာ၊ နှစ်ပါးကိုယ်စိတ် ချမ်းသာစေ။

ဂ– လယ်လတ်မှတ်သား၊ သတ္တာများ၊ နှစ်ပါးကိုယ်စိတ်ချမ်းသာစေ။

(၂) က– ခန္ဓာကြီးထွား၊ သတ္တာများ၊ နှစ်ပါး ကိုယ်စိတ်ချမ်းသာစေ။

ခ– ခန္ဓာသေးမွှား၊ သတ္တာများ၊ နှစ်ပါးကိုယ်စိတ်ချမ်းသာစေ။

ဂ– လယ်လတ်မှတ်သား၊ သတ္တာများ၊ နှစ်ပါးကိုယ်စိတ်ချမ်းသာစေ။

(၃) က– ဝန်းဝိုင်းန္ဓော၊ သတ္တဝါ၊ ချမ်းသာ ကိုယ်စိတ်မြဲပါစေ။

ခ– ခန္ဓာသေးမွှား၊ သတ္တာများ၊ နှစ်ပါး ကိုယ်စိတ်ချမ်းသာစေ။

ဂ– လယ်လတ်မှတ်သား၊ သတ္တာများ၊ နှစ်ပါးကိုယ်စိတ် ချမ်းသာစေ။

ဤသည်ကား ၃ ယောက်တတွဲ
၃ စုံတွဲ မြန်မာလိုမေတ္တာပို့လက်ာပြီး၏။

ဒုက အသီးသီး မေတ္တာပို့ပုံကား

(၁)က။ သဗ္ဗေ တသာ သုခိနော ဟောန္တု ခေမိနော ဟောန္တု၊ သုခိတ္တာဘဝန္တု။

ထိတ်လန့်တတ်စွာ လုံးစုံ သတ္တဝါ တို့သည်ကား ချမ်းသာခြင်းနှင့် ပြည့်စုံကြ ပါစေ ကုန်သတည်း၊ခ-ဓ။ ဘေးရန်ကင်းစင် နှလုံးကြည်လင်ကြပါစေကုန် သတည်း။ ဂ-ဂ။ ကိုယ်စိတ် ရွှင်ပြ ချမ်းသာကြပါ စေကုန်သတည်း။

ခ။ သဗ္ဗေ ထာဝရာသုခိနောဟောန္တု။ခေမိနော ဟောန္တု၊ သုခိတတ္တာ ဘဝန္တု။

စိတ်ဓာတ် ခိုင်မာ ရဟန္တာ အရှင်မြတ်တို့သည် ပ-ကုန်သတည်း။

(၂)က။ သဗ္ဗေ ဒိဋ္ဌာသုခိနော ဟောန္တု၊ ခေ မိ နော ဟောန္တု၊ သုခိတတ္တာဘဝန္တု၊ စက္ခုအားတင်၊ လုံးစုံမြင်ငြား၊ အတ္တဝါများ တို့သည် ပ-ကုန်သသည်း။

ခ။ သဗ္ဗေ အဒိဋ္ဌာ သုခိနော ဟောန္တု၊(ပ) ဘဝန္တု။

စက္ခုအားမတင်၊လုံးစုံပင်ပမြင်ငြား သတ္တဝါများတို့သည် ပ-ကုန်သတည်း။

(၃)က။ သဗ္ဗေ ဒူရေ သုခိနော ဟောန္တု၊ ပ-ဘဝန္တု။ အဝေးနေငြား သတ္တဝါများ တို့ သည် (ပ) သတည်း။

ခ။ သဗ္ဗေ သန္တိကေ သုခိနော ဟောန္တု၊ (ပ) ဘဝန္တု။
အနီးနေဝေးသတ္တဝါများတို့သည် ပ-သတည်း။

(၄)က။ သဗ္ဗေဘူတာ သုခိနောဟောန္တု ပ-ဘဝန္တု။
ဘဝပြီးဆုံးသွား ကိုယ်ထင်ရှား သတ္တဝါများ တို့သည် ပ- သဘည်း။

ခ။ သဗ္ဗေ သမ္ဘဝေသီ သုခိနောဟောန္တု၊ ခေမိနောဟောန္တု၊ သုခိတတ္တာဘဝန္တု။
ဘဝသစ်ရှာဝေး သတ္တဝါ များ တို့ သည် က။ ချမ်းသာခြင်းနှင့်ပြည့်စုံကြပါစေ။ ဘေးရန်ကင်းစင် နှလုံးကြည်လင်ကြပါစေ။ ဂ။ ကိုယ်စိတ် ရွှင်ပြချမ်းသာကြပါစေ။

ဤကား ဒွိက ၂-ပါး ၄-စုံတွဲ မေတ္တာပို့ပုံပြီး၏။

## တိက ၃-တွဲ ၃-ခုံ အသီးသီး မေတ္တာ ပို့ပုံကား

(၁)က။ သဗ္ဗေ ဒီဃာ သုခိနောဟောန္တု၊ ခေမိနော ဟောန္တု၊ သုခိတတ္တာ ဘဝန္တု။
ကိုယ်ခန္ဓာ ရှည်လျား စသော သတ္တဝါများ တို့ သည်။ (က)ချမ်းသာ ခြင်းနှင့်ပြည့်စုံကြပါစေ။

ခ။ ဘေးရန် ကင်းစင်ကြည်လင်ကြပါစေ၊ (ဂ)ကိုယ်စိတ်ရွှင်ပြချမ်းသာကြပါစေ။

ခ။ သဗ္ဗေရဿကာသုခိနောဟောန္တု" (ပ) ဘဝန္တု။ ကိုယ်ခန္ဓ ပုက္ခ တိုလယငြား သတ္တဝါများတို့ သည်ပ- သဘည်း။

ဂ။ သဗ္ဗေ မဇ္ဈိမာ သုခိနော ဟောန္တု၊ (ပ) ဘဝန္တု။

ကိုယ်ခန္ဓ ကြီးငယ် အလယ်အလတ် ရှိငြား သတ္တဝါများတို့သည် ပ-ကြပါစေ။

(၂)-က။ သဗ္ဗေ မဟန္တာ သုခိနော ဟောန္တု(ပ)ဘဝန္တု။ ကိုယ်ခန္ဓာကြီးထွား သတ္တဝါများ တို့သည် ပ-ပါစေ။

ခ။ သဗ္ဗေ အနုကာ သုခိနော ဟောန္တု-ပ-ဘဝန္တု။ မိသ စက္ခုအား မထင်ရှားဘွယ် သေးငယ်သော သတ္တဝါများတို့သည် (ပ) ပါစေ။

ဂ။ သဗ္ဗေ မဇ္ဈိမာ သုခိနော ဟောန္တု- -ဘဝန္တု" ကိုယ်ခန္ဓာ ကြီးငယ် အလယ် အလတ်ရှိငြား သတ္တဝါများတို့သည်-ပ-ပါစေ။

(၃)-က။ သဗ္ဗေ ထူလာ သုခိနော ဟောန္တု(ပ)ဘဝန္တု။ ကိုယ်ခန္ဓါတုံး၊ ဝန်းဝိုင်း လုံးငြား သတ္တဝါများ တို့သည်-ပ-ပါစေ။

ခ။ သဗ္ဗေ အနုကာ သုခိနော ဟောန္တု(ပ)ဘဝန္တု။
မံသစက္ခုအား မထင်ရှားဘွယ် သေးငယ်သော သတ္တဝါများတို့သည်-ပ-ပါစေ။

ဂ။ သဗ္ဗေ မဇ္ဈိမာ သုခိနော ဟောန္တု၊ ခေမိနော ဟောန္တု၊ သုခိတတ္တာ ဘဝန္တု။

ကိုယ်ခန္ဓာနှယ် အလယ်အလတ်ရှိကြသော သတ္တဝါများတို့သည် (က)ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေ၊ (ခ) ဘေးရန်ကင်းစင် နှလုံးကြည်လင်ကြပါစေ၊ (ဂ) ကိုယ်စိတ်ရွှင်ပြ ချမ်းသာကြပါစေ။

ဤသည်ကား ၄ ပါးတွဲ ၃ စုံမေတ္တာပို့ပုံပြီး၏။

## ဝိသေသ ဝိနိစ္ဆယ

ဧဝံ ဟိ မေတ္တာ ဘာဝေတဗ္ဗာ သဗ္ဗေသတ္တာ သုခိနော ဟောန္တုတိဝါ ခေမိနော ဟောန္တုတိဝါ သုခိတတ္တာ ဟောန္တုတိဝါ။

(ခုဒ္ဒကပါဌအဋ္ဌကထာ ၉ မေတ္တာသုတ္တ နှာ-၂၀၈)။
မေတ္တာပွားလိုသော ပုဂ္ဂိုလ်သည် ရှေးကလို သုံးပုဒ်လုံး မပွားဘဲ(သဗ္ဗေသတ္တာ သုခိနောဟောန္တု) တပုဒ်တည်းဖြစ်စေ

သို့မဟုတ်(သဗ္ဗေသတ္တာ ခေမိနော ဟောန္တု) တပုဒ်တည်းဖြစ်စေ၊ သို့မဟုတ် (သဗ္ဗေသတ္တာ သုခိတတ္တာ ဟောန္တု) တပုဒ်တည်းဖြစ်စေ၊ လိုရာပုဂ္ဂိုလ်ကိုသွင်း၍ ပွားနိုင်သည်။

လျှောင်းတိုင်ရပ်သွား လေးပါး ဣရိယာပုထ်တစ္စာဖြင့်ထိနမိဒ္ဓကင်းကွာ မပြတ်မလပ် သတိကပ်ခါ မေတ္တာဘာဝနာ ပွားများအားထုတ်နေသော ယောဂီကို ဗြဟ္မာဝိဟာရ မြတ်သော မေတ္တာအခြေပြု၍ ဝိပဿနာ ပွားများ နေသော ပညာရှိတို့ မိန့်ဆိုကြကုန်၏။

ဤသို့ မေတ္တာ ဘာဝနာ၏ အာရုံဖြစ်သော သတ္တတည်းဟူသော ပညတ်၌ အတ္တဒိဋ္ဌိတည်းဟူသော အယူကို တားမြစ်ခြင်းငှါ အဦးပြုသဖြင့် ရအပ်ပြီးသော မေတ္တာဈာန်ကို အခြေခံထားကာ ရုပ်နာမ် ခန္ဓာတို့ပေါ်၌ အနိစ္စ ဒုက္ခ အနတ္တဖြစ်-ပျက်ဟုကြိမ့်ဖန်များစွာ ရှုလတ်သည်ရှိသော် လောကုတ္တရာ သီလနှင့်ပြည့်စုံကာ သောတာပတ္တိ မဂ်ဉာဏ်ကို ရသည်နှင့် တပြိုင်နက်သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတပရာ မာသတို့ကို အကြွင်းမဲ့ ပယ်သတ်၍ ဆင့်ကဲဆင့်ကဲပွားများ ခဲ့သည်ရှိသော် နောက်ဆုံး အရဟတ္တမဂ်ဖြင့် အဝိဇ္ဇာဘဝတို့ကို ပယ်သတ်လျှက် အရဟတ္တဖလရ၍ရဟန္တာဖြစ်ပြီး ထဖန်ပဋိသန္ဓေ မနေရာ နိဗ္ဗာန်သို့ စံဝင်နိုင်၏။ အနာဂါမ်- ဖြစ်က- သုဒ္ဓါဝါသဆဲးတို့၌ဖြစ်၍ အရဟတ္တမဂ်ရပြီး နိဗ္ဗာန်စံဝင်ရ၏။

**သတ္တပါဏဘူတပုဒ်တို့ကိုကောက်ပြပုံ။**

၁။ သတ္တ....ဟူသော ပုဒ်ဖြင့် ငါးဖြာအာရုံ ကာမဂုဏ်တို့၌ တပ်စွဲတတ်သော သတ္တဝါ ဟူသမျှကိုရသည်။

၂။ ပါဏ....ဟူသောပုဒ်ဖြင့် ထွက်သက်ဝင်သက်နှင့်စပ်သော ပဉ္စဝေါကာရသတ္တဝါတို့ကိုရသည်။

၃။ ဘူတ....ဟူသော ပုဒ်ဖြင့် ဧက ဝေါကာရ စတုဝေါကာရ သတ္တဝါတို့ကိုရသည်။

ဤသည်ကား သတ္တပါဏဘူတပုဒ်တို့၏အရကောက်ပြပုံပြီး၏။

**တသ ထာဝရ စသည်တို့၏ အရကောက်များ။**

၁–က။ တသ....ဟူသောပုဒ်ဖြင့် တပ်စွဲတတ် ကြောက်ထိတ်လန့်တတ်သော သဉ္စ ပုဂ္ဂိုလ် ၇ယောက်နှင့် ကလျာဏ ပုထုဇ္ဇန ပုဂ္ဂိုလ်များကိုရပါသည်။

ခ။ ထာဝရ....ဟူသောပုဒ်ဖြင့် လုံးဝ ပယ်အပ်ပြီးသော တဏှာရှိသည်ဖြစ်၍ ကြောက်ထိတ်လန့်ခြင်းမရှိသော ရဟန္တာပုဂ္ဂိုလ်များကို ရပါသည်။

၂–က။ ဒိဋ္ဌ....ဟူသော ပုဒ်ဖြင့် စက္ခုပသာဒအား ထင်မြင်ခြင်းသို့ရောက်ကုန်သော သတ္တဝါအပေါင်းတို့ကိုရပါသည်။

ခ။ အဒိဋ္ဌ....တူသော ပုဒ်ဖြင့် ပသာဒ စက္ခုအေး ထင်

ခြင်းသို့ မရောက်ကုန်သော တခြားသော သမုဒ္ဒရာ၊ တခြားသောကျောတောင်တခြား တာခြားသော စက္ကဝါဠတပါး စသည်တို့၌ တည်ကုန်သော သတ္တဝါ များကို ရပါသည်။

၃–က။ ဒူရေ....ဟူသောပုဒ်ဖြင့် မိမိမှ အတ္တဘော၏ အဝေး၌ တည်နေသော သတ္တဝါတို့ကိုရပါသည်။

ခ။ အဝိဒူရေသန္တိသ....ဟူသော ပုဒ်ဖြင့် မိမိအနီး၌တည်နေသော သတ္တဝါတို့ကိုရပါသည် (ဥင်းဒူရေ သန္တိကေ၏ နည်း အကျယ်ကို သိလိုလျှင် ခုဒ္ဒကပါဠိအဋ္ဌကထာမေတ္တာသုတ် အဖွင့်ကို ကြည့်ပါ)။

၄–က။ ဘူတ....ဟူသော ပုဒ်ပြင့်ဖြစ်ပြီးသည်ဖြစ်၍ နောက် တဖန် မဖြစ် လတံ့သောခီဏာသဝဘောသစ္စ ပုဂ္ဂိုလ်တို့ကို ရပါသည်။

မှတ်ချက်

နည်းအကျယ်ကိုသိလိုလျှင် ခုဒ္ဒကပါဠိအဋ္ဌကထာ မေတ္တာသုတ်အဖွင့်ကိုကြည့်ပါ ကျယ်မည်စိုး၍ မရေးလိုက်တော့ပြီ။

ဤကား ဒုက ၄ တွဲ ပုဂ္ဂိုလ် အကောက်ပြီး၏။

## တိ ... တွဲ ပုဂ္ဂိုလ်ကောက်ပုံ

၁-က။ ဒီဃာ....ဟူသောပါဠိဖြင့် ရှည်လျားသောအတ္တဘောရှိသော နဂါး ငါးဖွတ်စသော သတ္တဝါတို့ကိုရပါသည်။

ခ။ ရဿာ....ဟူသော ပါဠိဖြင့် ဒီဃ မဇ္ဈိမတို့အောင်ယုတ်ညံ့ပုကွသော ဘား၊ လိပ်စသော သတ္တဝါတို့ကိုရပါသည်။

ဂ။ မဇ္ဈိမာ....ဟူသော ပါဠိဖြင့် အလယ် အလတ်အတ္တဘောရှိသော မြင်း၊နွား၊ ကျွဲ၊ ဝက်အာ ရှိသော သတ္တဝါ တို့ကို ရပါသည်။

၂-က။ မဟန္တာ....ဟူသောပဠိဖြင့် ကြီးသော ကိုယ်ရှိကြသည့် ရေ၌အာနန္ဒတိဒိ ငါးလိပ်စသည်၊ ကုန်း၌ ဆင်၊ နဂါး စသည်၊ နတ်ပြည်၌ ဒါနဝ၊ ရာဟု အသူရိန်ကြီးတို့ စသည် သတ္တဝါတို့ကိုရပါသည်။

ခ။ အနုကာ....ဟူသောပါဠိဖြင့် မံသစက္ခုအရာမဟုတ် ဒိဗ္ဗစက္ခု၏ အရာသာ ဖြစ်ကုန်သော အလွန်သေးငယ်သော သန်းအစရှိသော သတ္တဝါများကို ရပါသည်။

ဂ။ မဇ္ဈိမာ....ဟူသောပါဠ်ဖြင့် ရှေးဖော်ပြပြီး ခြံတိုင်း မြင်း၊ နွား၊ ကျွဲ၊ ဝက် စသော သတ္တဝါ တို့၏ ကောက်ပါ။

၃–က။ တူလာ....ဟူသောပါဠ်ဖြင့်ဝိုင်းဝန်းလုံးသော့ကိုယ်ရှိ သော ယောက်သွား ခရုလိပ် အစရှိ သော သတ္တဝါ တို့ကို ကောက်ရပါ သည်။

ခ။ အနုကာ....ဟူသော ပါဠ်ဖြင့် ရှေးက ကောက်ပြခဲ့ တိုင်အလွန်သေးငယ်သော သန်းစသည် ကိုကောက်ပါလေ။

ဂ။ မဇ္ဈိမာ....ဟူသောပါဠ်ဖြင့် ရှေးကကောက်ပြခဲ့တိုင်း ကောက်ပါလေ။

ဤသည်ကား တိက ၃ တွဲလာ ပုဂ္ဂလအရ ကောက်ပြပုံပြီး၏။

ခန္ဓသုတ္တ နယ မေတ္တာပွားပုံအခန်း

ဤဆိုအပ် လတံ့သည်ကား ခန္ဓသုတ် နည်းဖြင့် မေတ္တာ ပွားပုံတည်း။

စူဠဝဂ္ဂပါဠိ ၅ ခုဒ္ဒက ဝတ္ထု ခန္ဓက အဟိဒဋ္ဌ ဝတ္ထု ခန္ဓ

သုတ နှာ ၂၄၅ ဇာတက အဋ္ဌကထာ ဒုကနိပါတ ၆ နတံ ဒဠှဝဂ္ဂ ၃ ခန္ဓဇာတကဝဏ္ဏနာ နှာ ၁၃၂ မြတ်စွာဘုရားသည် သာဝတ္ထိမြို့တော် ဇေတမင်းသား၏ ဥယျာဉ် အနာထပိဏ် သူဌေး၏ အာရာမ်၌ သီတင်းသုံးတော်မူစဉ် ရဟန်းတော်တပါး အား မြွေကိုက်သည်ဖြစ်၍ ပျံလွန်တော်မူသောအခါ ရှေးအတိတ် ဘဝ၊ ရသေ့ဖြစ်စဉ်က သစ်သီး သစ်ဥ သစ်ဖုံစား၍ မေတ္တာ ဘာဝနာပွားများသောအခါ ဈာန်သမာပတ္တိနှင့် အဘိညာဉ် ရသောရသေ့ဆရာတဦးဖြစ်စဉ်ကပည့်ရသေ့ကပါးအားမြွေကိုက် ၍သေခြင်းနှင့် စပ်လျဉ်းသော သတ္တဝါများ ဘေးရန် မပြုနိုင် သော မေတ္တာနှင့်စပ်ယှဉ်သည့် ခန္ဓသုတ် ဒေသနာကို ဟော တော်မူ၏။

## ဟောတော်မူပုံ။

၁ သြဓိသ ဖရဏ မေတ္တာ
၂ အနောဓိသ ဖရဏ မေတ္တာ အားဖြင့် ၂ မျိုးဟော၏။

၁ သြဓိသ မေတ္တာ ပွားရာ၌ ဇာတ်ကိုဝိသေသပြု၍

## သတ္တဝါတို့အပေါ် မေတ္တာပွားနည်း။

၁–က။ ဝိရူပက္ခေဟိ မေ မေတ္တံ ဟောတု၊
ဝိရူပက္ခ မြွေနဂါးမျိုးတို့နှင့်အတူ မြွေအားလုံးအ ပေါင်၏ ချစ်ခြင်း မေတ္တာသည် သက်ဝင်ကြည် လင်ပါစေသတည်း။

ခ။ ရောပဒထေဟိ မေ မေတ္တံ ဟောတု၊

ရောပဒမြွေမျိုးတို့နှင့်အဘ မြွေအားလုံးအပေါ် ငါ၏ချစ်ခြင်းမေတ္တာသည် သက်ဝင်ကြည်လင်ပါစေသတည်း။

ဂ။ ဆဗျာပုတ္တေဟိ မေ မေတ္တံ ဟောတု။

ဆဗျာပုတ္တမြွေမျိုးတို့နှင့်အတူမြွေအားလုံးအပေါ် ငါ၏ချစ်ခြင်းမေတ္တာသည်သက်ဝင်ကြည်လင်ပါစေသတည်း။

ဃ။ ကဏှာဂေါတမ ကေဟိမေမေတ္တံ ဟောတု။

ကဏှာဂေါတမက မြွေနဂါးမျိုးတို့နှင့်အတူ မြွေအားလုံးအပေါ် ငါ့ချစ်ခြင်းမေတ္တာသည် သက်ဝင်ကြည်လင်ပါစေသတည်း၊

ဤသည်ကား မြွေနဂါးမျိုး အပေါ်၌ ထားသော မေတ္တာပွားနည်းပင်တည်း။

မှတ်........ချက်။

လွယ်ကူစေရန်စုဏ္ဏိယအားဖြင့် မေတ္တာပွားပုံကိုရေးထားသော်လည်းဂါထာအတိုင်း ပိုင်းခြား၍ပွားလိုကပွားနိုင်သည်။

## တနည်းခြေကိုဝိသေသပြု၍သတ္တဝါတို့အပေါ်

## မေတ္တာပွားနည်း။

က။ အပါဒကေဟိ မေ မေတ္တံ ဟောတု။
ခြေမရှိသော ကြောရှည် မြွေမျိုး ငါးမျိုးတို့နှင့်အတူသတ္တဝါတို့ အပေါ်ငါ၏ ချစ်ခြင်းမေတ္တာသည် သက်ဝင်ကြည်လင်ပ စေသတည်း။

ခ။ ဒွိပါဒကေဟိ မေ မေတ္တံ ဟောတု။

အခြေ ၂ ချောင်းရှိသော လူငှက်ကြက်စသော သတ္တဝါတို့နှင့် အတူ သတ္တဝါတို့အပေါ် ငါ၏ချစ်ခြင်း မေတ္တာသည် သက်ဝင် ကြည်လင်ပါစေသတည်း။

ဂ။ စတုပ္ပဒေဟိ မေ မေတ္တံ ဟောတု။
အခြေ ၄ ချောင်းရှိသော ဆင်မြင်းခြသေ့ သစ်ကျား သမင်ဒရယ် ဂျေငယ်စိုင်ဆတ်ယုန်နွားစသည်တို့နှင့်အတူ သတ္တဝါတို့အပေါ် ငါ၏ချစ်ခြင်း မေတ္တာသည် သက်ဝင် ကြည်လင်ပါစေသတည်း။

ဃ။ ဗဟုပ္ပဒေဟိမေ မေတ္တံ ဟောတု။
အခြေများ စွာရှိသောကင်းမျိုး ပင့်ကူမျိုး ပိုးမျိုးစသည်တို့နှင့်အတူ သတ္တဝါမျိုးတို့အပေါ်

ငါ၏ချစ်ခြင်း မေတ္တာသည် သက်ဝင်ကြည်လင်ပါစေသတည်း။

ဤတား ခြေကိုဝိသေသပြု၍ သတ္တဝါတို့အပေါ် မေတ္တာပွားပုံ တည်း။

ခန္ဓသုတ်လာမေတ္တာပွါးပုံသံပေါက်လင်္ကာ

၁။ ပါဠိလို

၁။ ဝိရူပက္ခ ဧရာပထ ထဗျာပုတ္တကဏှာဂေါတမက ဤလေးဗျာ များကြမေတ္တာသာ။

၂။ ဘပါဒက ဒွိပါဒက စတုပ္ပဒ ဗဟုပ္ပဒ ဤလေး ဖွံ့ပျာမွားကြ မေတ္တာသာ။

ဝိရူပက စသည်အပြား မြွေလေးပါး ကြီးမှား ကိုယ်စိတ်မြဲပါစေ။

အခြေနှစ်ချောင်း ခြေလေးချောင်း အပေါင်း ကိုယ်စိတ် မြဲပါစေ။

အချေများစွာ ခြေမဲ့ပါ နှစ်ဖြာကိုယ်စိတ်မြဲပါစေညှာတာမဲ့ကင်း ငြင်းဆဲခြင်း လက်ငင်း ပျောက်ပါစေ၊

ခြေနှင့်စပ်သောသတ္တဝါတို့အပေါ်၌
တိုးလျှိုးတောင်းပန်သည်၏
အစွမ်းအားဖြင့်ကရုဏာမေတ္တာပွားပုံ။

က။ မာမံအပါဒ ကောဟိံသိ။

ခြေမရှိကြသော သတ္တဝါများ ငါ့အားသနား ကြင်နာမညှင်းဆဲပါစေသတည်း။

ခ။ မာမံ့ဟိံသိဒ္ဒိပါဒကော။

ခြေနှစ်ချောင်း ရှိကြသော သတ္တဝါများသည် ငါ့အားသနားကြင်နာ မညှင်းဆဲပါစေသ သတည်း။

ဂ။ မာမံစတုပ္ပဒေါ ဟိံသိ။

ခြေလေးချောင်းရှိကြသော သတ္တဝါများသည် ငါ့အားသနားကြင်နာ မညှင်ဆဲပါစေသ တည်း။

ဃ။ မာမံဟိံသိဗဟုပ္ပဒေါ။
ခြေများစွာရှိကြသောသတ္တဝါများသည် ငါ့ အား သနားကြင်နာ မညှင်းဆဲပါ စေသ တည်း။

မှတ်ချက်....
အဌကထာ၌ မေတ္တာဘာ ဝေထဟုဆို ထားသည်။
ဤကား တောင်းပန်သည်၏အစွမ်းအားဖြင့် မေတ္တာကရုဏာနှစ်မျိုးပွားပုံတည်း

၂။ အနောဓိသမေတ္တာပွားပုံ။

က။ သဗ္ဗေသတ္တာဘဒြာနိပဿန္တု။
ဝဋ်ဒုက္ခ၌တဏှာ၏အစွမ်းအားဖြင့် ခန္ဓာငါးဖြာ ကပ်ငြိတတ်သောသတ္တဝါတို့ သည်ကောင်းမြတ် သော အာရုံတို့ကို မြင်ကြပါ စေကုန်သ တည်း။

ခ။ သဗ္ဗေပါဏာဘဒြာနိပဿန္တု။
ထွက်သက်ဝင်သက် ရှိကုန်သော သတ္တဝါတို့ သည်ကောင်းမြတ်သော အာရုံတို့ကိုမြင်မက် ကြပါစေကုန် သတည်း။

ဂ။ သဗ္ဗေဘူတာဘဒြာနိပဿန္တု။
ခန္ဓာကိုယ်အထင်ကရဖြစ်တတ်သော သတ္တဝါ တို့သည်ကောင်းမြတ်သောအာရုံတို့ကို မြင်မက် ကြပါစေကုန်သတည်း

ဃ။ မာကိဉ္စိပါပမာဂမာ။
ထိုသတ္တဝါတို့တွင်တစုံတယောက် သောသတ္တ

ဝါသို့လည်းမကောင်မကြည်သော ယုတ်မာသော
ဆင်းရဲဟူသမျှသည်၊ မရောက်ပါစေသတည်း
ဤကားအနေသခ်ိဿမေတ္တာပွားပုံတည်း။

## မနှိုင်းယှဉ်အပ် မပိုင်းခြားအပ်သောရတနာသုံးပါး ဂုဏ်ကျေးဇူးကို ထုတ်ဖေါ်ပြပုံ

အပ္ပမာဏော ဗုဒ္ဓေါ အပ္ပမာဏော ဓမ္မော အပ္ပမာဏော သံဃော။

၁။ သဗ္ဗညုဘုရားရှင်သည် နှိုင်းယှဉ်ခြင်းကို ပြုတတ်ကပ်၍ နှိန်စက်တတ်သည့်ကိလေသာတို့၏ မရှိသဖြင့် မနှိုင်းရှဉ်အပ် မပိုင်းခြားအပ်သော ဂုဏ်တော်တို့နှင့်ပြည့်စုံတော်ပါပေ၏။

၂။ လောကုတ္တရာတရား ၉ ပါးသည် နှိုင်းယှဉ်ခြင်းကို ပြုတတ်ကပ်၍နှိပ်စက်တတ်သော ရာဂစသည့် ကိလေသာတို့၏ မရှိသဖြင့် မနှိုင်းယှဉ်အပ် မပိုင်းခြားအပ်သော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူပါပေ၏။

၃။ ဘုရားသားတော် သံဃာတော်သည် နှိုင်းယှဉ်ခြင်းကိုပြုတတ်၍။ နှိပ်စက်တတ်သည်။ ကိလေသာတို့၏

မရှိသဖြင့် မနှိုင်းယှဉ်အပ် မပိုင်းခြားအပ်သော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူပါပေ၏။

## အပိုင်းအခြားဂမာဏရှိသော သတ္တဝါများ

ပမာဏိဝန္တာနိ ပရိသပါနိ အဟိဝိစ္ဆိကသတပဒိ ဥဏ္ဏနာဘိသရဘူမူသိကာ။

မြွေကင်းမြီးကောက် ကင်းခြေများ ပင့်ကူအိမ်မြှောင် တက်တူကြွက် သတ္တဝါကြီးသည် နှိုင်းယှဉ်ခြင်းကို ပြုတတ်ပိုင်းခြား တတ်ကပ်၍နှိပ်စက်တတ်သော ရာဂစသည် ကဲ့လေသာ အတိုင်း အရှည်ပမာဏရှိကုန်၏။

## အစောင့်အရှောက်အရံအတားပြုခြင်းနှင့် ရန်သူများနှင်ထုတ်ပုံ

ကတာမေရက္ခာ ကတံမေ ပရိတ္တံ။ ပဋိက္ကမန္တု ဘူတာနိ အစောင့် အရှောက်အရံ အတား လားခြင်းနှင့် ရန်သူများ နှင်ထုတ်ရခြင်းအကြောင်း။

သောဟံနမော ဘဂဝတော နမော သတ္တာနံ့ သမ္မာ သမ္ဗုဒ္ဓါနံ။

## ဂေါတမမြတ်စွာ ဘုရားရှိခိုးပုံ

နှိုင်းယှဉ်ခြင်းကို ပြုတတ်ပိုင်းခြားတတ်ကပ်၍ နှိပ်စက်တတ်

သော ရာဂစသည့် ကိလေသာ ကုန်ခမ်းပြီးသည်ဖြစ်၍ပရိနိဗ္ဗာန် စံဝင်ပြီးသော ဘုရားရှင်အား ငါသည် အရိုအသေ အလေး အမြတ်ထား၍ ရှိခိုးပါ၏။

## ဘုရား ၇ ဆူနှင့်စပ်မှုသံဃာအားရှိခိုးပုံ

နိုင်းယှဉ်ခြင်းကို ပြုတတ် ပိုင်းခြားခြင်းကို ပြုတတ်ကပ်၍ နှိပ်စက်တတ်ကုန်သော ရာဂစသည့် ကိလေသာကုန်ခမ်း ပြီးကြကုန်သည်ဖြစ်၍ပရိနိဗ္ဗာန်စံဝင်ကြကုန်ပြီးသော ၇ ဆူသောဘုရား၊ ရှင်တို့အား (ဝါ) ဝိပဿိ၊ သိခိ ဝေဿဘူ ကကုသန္ဓ ကောဏာဂမန ကဿပ ဂေါတမအားဖြင့် ၇ ဆူကုန်သော ဘုရားရှင်တို့အား ငါသည် ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပါ၏။ ထိုဘုရားရှင်တို့သက် ဟောတော်မူအပ်သော လောကီ လောကုတ္တရာတရားတော်မြတ်ကို ရိုသေလေးစားစွာ ကျင့်သောအား ဖြင့် ပူဇော်ပါ၏။

အရိယာ သံဃာတော်ကို ရိုသေလေးစားစွာ ဆည်းကပ် ပါ၏။

ထိုသို့ ဘုရား တရား သံဃာဂုဏ်တို့ကို အမြဲထုံသင်း နှလုံး သွင်းပူဇော်ခြင်းတည်းဟူသော ဤအကြောင်းကြောင့် ငါသည် (ငါ့အား) အစောင့် အရှောက်ကို ပြုထားအပ်ပြီ၊ ငါသည် (ငါ့အား)အရံအတားကိုပြုထားအပ်ပြီ။

ငါ့အပေါ်၌ မလိုလားသော စိတ်နှလုံးသွင်းရှိကြကုန်သော

ရန်သူသတ္တဝါ အပေါင်း တို့သည် ငါ၏ နေရာ အိမ်ကျောင်း စသော ဤအာရာမ်အတွင်းမှ ရှောင်ကွင်း ဖဲကြ၍ ကြစေကုန် သတည်း။

မှတ်ချက်။ ။တပါးသူအတွက်ဖြစ်လျှင် ယင်း၏ အမည်နာမ ကို ဖော်ထုတ်၍ အရန်အဘားပြုထား ကြောင်း ယင်းသူမကို မေးက သူ၏ ပိုင်ထိုက် အတွင်းမှ ထွက်သွားရှောင်ရှားရမည်။ဘုရားတရား သံဃာ အမိန့်တော်နှင့် ဆရာတို့၏ မေတ္တာ ရပ်ခံချက် တည်း

ဤသည်ကား ခန္ဓာသုတ်လာ မေတ္တာပွားပုံနှင့် အပ္ပမာဏ အနန္တရတနာသုံးပါး၏ ဂုဏ်တို့ကို အောင်းမေ့၍ အရံအတား ပြုပုံ၊ မနှစ်လိုက အာရာမ်တွင်းမှ ဖယ်ရှားသွားရန် မေတ္တာ ရပ်ပုံတည်း။

ဤခန္ဓာသုတ်အရလည်း သားငါးစား ရှောင်ကျဉ်မှအကျိုး ပြီးမည်။

ဤကား ခန္ဓာသုတ္တမေတ္တာပွားပုံအခဏ်းပြီး၏။

## မေတ္တာပွါးအကျိုး ၁၁ ပါးပြပုံအခဏ်း

မေတ္တာယ ဘိက္ခဝေ စေတောဝိမုတ္တိယာ အာသေဝိတာယ ဘာဝိတာယ။

ဗဟုလီကတာယ ယာနီကတာယ ဝတ္ထုကတာယ အနုဋ္ဌိကာယ ပရိစိတာယ။

သုသမာရဒ္ဓါယကောဒသာနိသံသာ ပါဋိကင်္ခါ။ ကတမေ ကောဒသသုခံ သုပတိ၊ သုခံပဋိဗုဇ္ဈတိ။

နပါပကံသုပနံပဿတိ။ မနုဿာနံပိယောဟောတိ၊ အမနုဿာနံ ပိယောဟောတိ။ ဒေဝတာ ရက္ခန္တိ၊ နဿအဂ္ဂိ ဝါဝိသံ သတ္ထံ ဝါကမတိ၊ တုဝဋံစိတ္တံ သမာဒိယတိ၊မုခဝဏ္ဏော ဝိပ္ပသီဒတိ။ အသံမုဠှောကာလံကရောတိ၊ ဥတ္တရိအပ္ပဋိဝိဇ္ဈန္တော ဗြဟ္မလောကူပ ဂေါဟောတိ။ မေတ္တာယဘိက္ခဝေ စေတော ဝိမုတ္တိယာအာသေဝိ တာယဘာ ဝိတာယ ဗဟုလီကတာယ ယာနီကတာယဝတ္ထုကတာယ အနုဋ္ဌိတာကပရိစိတာယ သုသပာ ရဒ္ဓါယဣမေကောဒသာနိသံသာပါဋိကင်္ခါတိ။

(အင်္ဂုတ္တရနိကာယ ကောဒသနိပါတပါဠိ အနုဿတိဝဂ္ဂ မေတ္တာသုတ္တ နှာ ၆၅၂)။

(ပဋိသမ္ဘိဒါမဂ္ဂပါဠိ ယုဂနဒ္ဓဝဂ္ဂ၄မေတ္တာကထာ နှာ၃၁၃)

မေတ္တာဘာဝနာ စီးဖြန်းသော ပုဂ္ဂိုလ်သည် ပစ္စက္ခ မျက်မှောက်အားဖြင့် အကျိုး ၁၁ ပါး လက်ငင်း ချက်ခြင်း ရ၏။

## အကျိုး ၁၁ ပါးကား

၁။ ချမ်းသာစွာ အိပ်ရခြင်း။
၂။ ချမ်းသာစွာ အိပ်ယာမှ နိုးရခြင်း။
၃။ ကောင်းသော အိပ်မက်ကိုမြင်မက်ရခြင်း။

၄။ လူတို့သည် ချစ်ခြင်း။
၅။ နတ်တို့သည် ချစ်ခြင်း။
၆။ နတ်တို့သည် အမြဲစောင့်ရှောက်ခြင်း။
၇။ (က) မီးမလောင်းခြင်း၊ (ခ) အဆိပ်မသင့်ခြင်း၊ (ဂ) ဒါးလှံသေနတ်ပြီးခြင်းနှင့် ရန်သူ မကပ်နိုင်ခြင်း။

၈။ စိတ်လျှင်စွာ တည်ကြည်ခြင်း။

၉။ မျက်နှာကြည်လင်လှပခြင်း။
၁၀။ မတွေမဝေ ကောင်းမြတ်သော ကုသလအာရုံဖြင့် သေသွားရခြင်း။

၁ ။ အတက် အရဟတ္တဖလအဆင့်သို့ မရောက်သေးသော ပုဂ္ဂိုလ်များ စျာန်ရလျှင်သင့်ရာ ဗြဟ္မာ့ပြည်၊ ရောက်ခြင်း၊ စျာန်မရသျှင် နတ်ပြည် ခြောက်ထပ် တထပထပ်သို့ ရောက်နိုင်ခြင်း။

ဤသည်ကား အကြောင်းမေတ္တာပွါး ပစ္စက္ခအကျိုး ၁၁ ပါးရပုံတည်း။

## ၁၁ နံပါတ်အစိပ္ပါယ် အဋ္ဌယထာဲရှင် လင်းချက်

ဥတ္တရိအပဍ္ဍိ ဝိဇ္ဈန္တောတိ မေတ္တာသမာပတ္တိ တောဥတ္တရိအရဟတ္တ အဓိဂန္တုံ အသက္ကော ခန္တာ ဇ္ဈာတောစဝိတွာသုတ္တပဗုဒ္ဓ ါဝိယဗြဟ္မလောကံ ဥပပဇ္ဇတီတိ။ (ရင်းအဋ္ဌကထာနှာ ၃၄၆)။

မေတ္တာဘာဝနာ စီးဖြန်းသော ပုဂ္ဂိုလ်သည်ရူပါဝစရဈာန် လေးပါး၊အရူပါဝစရဈာန်လေးပါး၊ သမာပါတ်ရှစ်ပါး ရသည် ဖြစ်စေ သို့မဟုတ်ရူပဈာန်လေပါ သက်သက်သာသာ ရည်ဖြစ် စေ။

မေတ္တာစတုတ္ထဈာန် ကိုအခြေပြု၍ဝိပဿနာတင်ရှုခဲ့သည်ရှိ သော်အရဟတ္တဖလရ၍ရဟန္တာဖြစ်ပြီပရိနိဗ္ဗာန်စံရ၏။

အနာဂါမိဖလ ရောက်၍အနာဂါ ဖြစ်ကစတုတ္ထဈာန်သုဒ္ဓ ဝါသာငါးဘုံတို့တွင် တဘုံ၌ဖြစ်လျှင် အရဟတ္တဖလရောက်၍ ပရိနိဗ္ဗာန်စံရ၏။

တိဟေတုကပုထုဇ္ဇနနှင့် သောတာကန် သကဒါဂါမ် ပုဂ္ဂိုလ် တို့သည်ပဌမဈာန်ရကပဌမဈာန် ဘုံရောက်ရ၏၊ ဒုတိယဈာန် ဘုံ၊တတိယဈာန်ရ၊ ဟာတတိယဈာန်ဘုံစတုတ္ထဈာန်ရကဝေဟ ပ္ဖလစတုတ္ထဈာန် ဘုံရောက်နိုင်၏၊ ဈာန်မရငြားအံ့ ကာမသု တိ၇)ဘုံတွင် ဘဝနိကန္တိအာရုံပြုရာဘုံသို့ရောက်၏။

## လင်္ကာသံပေါက်

အိပ်ကောင်း အိပ်နိုး၊ ကျိုးမဲ့မက်၊ နှစ်သက်
ချစ်ခင်၊စောင့်ရှောက်လျှင် ချက်၊ အဆိပ်လက်
နက်၊ကိုယ်၌မထိ၊ စိတ်တည်ရှင်မော၊အိပ်သော
ယောကျ်ားနိုးသောလားသို့၊ ရောက်ငြားခေါင်
ထိ၊သုဂတိ၊ရှာဘိအကျိုးဆဲ့တမျိုး။

## အိပ်နိုး အိပ်မက်နတ်မစောင့် သုတ်လွတ်အားဖြင့် အပြစ် ၅-ပါး

(က) ပဉ္စိမေ ဘိက္ခဝေ အာဒီနဝါ မုဋ္ဌဿတိဿ အသမ္ပဇာနဿ နိဒ္ဒံ ဩက္ကမယ။ ကတမေ ပဉ္စ၊ ဒုက္ခံ သုပတိ၊ ဒုက္ခံ ပဋိဗုဇ္ဈတိ၊ ပါပကံ သုပိနံ ပဿတိ၊ ဒေဝတာ န ရက္ခန္တိ၊ အသုစိ မုစ္စတိ။

(ခ) ပဉ္စိမေ ဘိက္ခဝေ အာနိသံသာ ဥပဋ္ဌိတဿတိဿ သမ္ပဇာနဿ နိဒ္ဒံ ဩက္ကမယတော၊ ကတမေ ပဉ္စ သုခံ သုပတိ၊ သုခံ ပဋိဗုဇ္ဈတိ၊ န ပါပကံ သုပိနံ ပဿတိ။ ဒေဝတာ ရက္ခန္တိ၊ အသုစိ န မုစ္စတိ၊ (ဝိနယမဟာဝဂ္ဂ ပါဠိ ၈-စီဝရက္ခန္ဓက နိသီဒနာဒိအနုဇာနန နှာ ၄၀၉-၄၁၀) (အင်္ဂုတ္တရ ပဉ္စကနိပါတ ၅-ပဉ္စမပဏ္ဏာသ ၁ကိမိလဝဂ္ဂ ၁၀ မုဋ္ဌဿတိ နှာ ၂၁၉)။

## ရင်းအင်္ဂါများ၏အဋ္ဌကထာရှင်းလင်းချက်

ပဉ္စမေ သုခံ သုပတီတိ ယထာ သေသဇနာ သမ္ပရိဝတ္တမာနာ ကာကစ္ဆမာနာ ဒုက္ခံ သုပန္တိ၊ ဧဝံ အသုပိတွာ သုခံ သုပတိ၊ နိဒ္ဒံ ဩက္ကန္တောပိ သမာပတ္တိံ သမာပန္နော ဝိယ ဟောတိ။ သုခံ ပဋိဗုဇ္ဈတီတိ ယထာ အညေ နိတ္ထုနန္တာ ဝိဇမ္ဘမာနာ သမ္ပရိဝတ္တန္တာ ဒုက္ခံ ပဋိဗုဇ္ဈန္တိ၊ ဧဝံ အပဋိဗုဇ္ဈိတွာ ဝိကသမာနံ ဝိယ

ပဒုမံသုခံ နိဗ္ဗုံကာရော ပဋိဗုဇ္ဈတိ။ နပါပကံ သုပိနံ ပဿတီတိသုပိနံ ပဿန္တောပိဘဒ္ဒကမေဝ သုပိနံပဿတိ၊ စေတိယံ ဝန္ဒန္တော့ဝိယ ပူဇံကရောန္တော ဝိယဓမ္မံ သုဏန္တော၊ ဝိယစဟောတိ၊ ယထာပနညေ အတ္တာနံ စောရေဟိ သမ္ပံဝါရိတံ ဝိယဝါဠေဟိ ဥပဒ္ဒုတံ ဝိယ ပပါတေ ပတန္တံ ဝိယစပဿန္တိ နေ ဝံပါပကံ သုပိနံ ပဿတိ။ အင်္ဂုတ္တရ အဋ္ဌ ကထာ ကောဒသ နိပါတ ၂-အနုဿတိဝဂ္ဂ ၅ မေတ္တာ သုတ္တဝဏ္ဏနာ နှာ၃၄၅ (ဝိသုဒ္ဓိမဂ္ဂ ၉- ဗြဟ္မဝိဟာ ရနိဒ္ဒေသ မေတ္တာဘာဝနာ ဝဏ္ဏနာ နှာ—၃၀)။

ဒုက္ခံသုပဘိတိ နာနာဝိ ဓသုပိနံ ပဿန္တောဒုက္ခံ သုပတိ။ ဒုက္ခံပဋိဗုဇ္ဈန္တောပိ ဥက္ကသိတွာသ လောမ ဟံသော ဒုက္ခံ ပဋိဗုဇ္ဈတိ။ ( သာရတ္ထ ဒီပနီဋီကာ ၈-စီဝရက္ခန္ဓက နံ့သီဒနာဒိအနုဇာ နနကထာ ဝဏ္ဏနာ နှာ—၃၄၁)။

## ၁။ဒုက္ခံသုပတိနှင့် သုခံသုပတိ၏ မကျဉ်းမကျယ်အဓိပ္ပါယ်။

မေတ္တာစသော သမထကမ္မဋ္ဌာန်းနှင့် အနိစ္စ ဒုက္ခ အနတ္တ စသော ဝိပဿနာကမ္မဋ္ဌာန်းတို့ကိုအားမထုတ်ကြသော ရတန်း ရှင်လူတို့သည် တပြောင်းပြန်ပြန် လူးလည်းလျက် ခေါခေါ်ဟု ဟောက်ခါ ဆင်းဆင်းရဲရဲ ပင်ပင်ပန်းပန်းအိပ်ရကုန်၏။

မေတ္တာစသော သမထကမ္မဋ္ဌာန်းနှင့် အနိစ္စ ဒုက္ခ အနတ္တ စသော ဝိပဿနာကမ္မဋ္ဌာန်းတို့ကို အားထုတ်လျက် ရပြီးသော သမာပတ်တို့ကို ဝင်စားသော ပုဂ္ဂိုလ်တို့သည် အိပ်ပျော်သွားသော်လည်း အပ္ပဋ္ဌသတိ–သဘောမလွတ်မြဲစွဲနေ၍ ချမ်းချမ်းသာသာ အိပ်ရကုန်၏။ စိတ်ချမ်းသာကိုယ်ချမ်းသာရှိကုန်၏။ စိတ်အေးကိုယ်အေးရှိကုန်၏။

## ၂။ ဒုက္ခံပဋိ ကူလကိုနှင့်သုခံပဋိဗူလတိတို့၏ မကျဉ်းမကျယ်အဓိပ္ပါယ်။

တရားအားမထုတ် တရားဆောင်ခြင် တရားနှလုံးမသွင်းဘဲ အိပ်ပျော်ခြင်းသို့ ရောက်ကြကုန်သော ပုဂ္ဂိုလ်တို့သည် နိုးလာသောအခါ ညီးတွားမြည်တွန်ကိုယ် လက်ဆန့်တန်းလူးလိမ့်ကာ ဆင်းဆင်းရဲရဲနိုးရ၏။

တရားအားထုတ်ပွားများ နှလုံးသွင်းဆင်ခြင်သောသူတို့သည် ထိုသို့မဟုတ်ဘဲ အိပ်ယာမှနိုးခဲ့သည်ရှိသော် ပွင့်သော ပဒုမ္မာကြာပန်းကဲ့သို့ပွင့်လန်းလျှက ကိုယ်လက်ဖေါက်ပြန်မရှိ ငြိမ်ငြိမ်သက်သက် အိပ်ယာခင်းမပျက် စောင်ခြုံမပျက် ချမ်းချမ်းသာသာ ရွှင်ရွှင်ပြုံးပြုံး တရားအာရုံဖြင့်နိုးလာရ၏။

## အိပ်သောပုဂ္ဂိုလ်နှင့် မအိပ်သောပုဂ္ဂိုလ်များ။

အဘိဇာနာတိ ဝေါ ပန ဘဝံ ဂေါတ မောဒိ ဝါသုပိတာတိ။

အဘိဇ္ဈာနာ မဟံ အင်္ဂေါဝေဿနဂိမှာနံပဇ္ဇိမေမာသေ ပဋ္ဌာဘတ္တံ ပိဏ္ဍပါတပဋိက္ကန္တော စတုဂ္ဂုဏံသံဃာဋိံ ပညပေတွာ။

ဒက္ခိဏေနပဿေန သတော သမ္ပဇာ နော နိဒ္ဒံ ဩက္ကမိတာတိ။

တေခေါ ဘောဂေါတမာ ကေ သမဏဗြာဟ္မဏာ သမ္မောဟ ဝိဟာရသ္မိံ ဝဒန္တိတိ။

(မူလပဏ္ဏာသပါဠိ၊ ၄-မဟာယမကဝဂ်၊ ၆-မဟာသစ္စကသုတ္တန္တာ ၃၁၈)။

သမ္မောဟ ဝိဟာရသ္မိံဝဒန္တိတိသမ္မောဟ ဝိဟာရောတိဝဒန္တိတိ။

( မူလ ပဏ္ဏာသအဋ္ဌကထာ ၄- မဟာယမကဝဂ် ၆-မဟာသစ္စကသုတ္တဝဏ္ဏနာ နှာ ၁၃၄)

အဓိပ္ပါယ်အကျဉ်း။

သစ္စကလျှောက်။ ။အရှင် ဂေါတမဟာ အရဟန္တ သမ္မာသမ္ဗုဒ္ဓဆိုတာ ကျွန်ုပ် ယုံကြည် ပါသည်။ သို့သော်လည်း အရှင်ဂေါတမဟာ နေ့၌ အိပ်ဘူးတယ်ဟူ၍သိပါသလား။

ဘုရားဖြေ။ ။ အဂ္ဂိဝေဿန နွေလတို့၏ နောက်ဆုံး နယုံ ဝါဆို ပူချိန်အခါ၌ ဆွမ်းခံသွား ဆွမ်းစား ပြီးသည်မှ နောက်ပြန်လာသော် သင်္ကန်း ကြီးကိုခင်း၍ လက်ျာနံတောင်းဖြင့် သတိ ရှေ့သွား ပညာထား ကမ္မဋ္ဌာန်း ဆင်ခြင် သုံးသပ်လျက် လျောင်းစက် ခဲ့သည်ရှိသော် အိပ်ပျော်ခြင်းသို့ရောက်ဘူး၏ဟူ၍သိ၏။

သစ္စကလျှောက်။ ။ရှင်ကြီးဂေါတမ အချို့ချို့သော ရဟန်း ပုဏ္ဏားတို့သည် အိပ်သောသူကို တွေဝေ- မိန်းမော မောဟပြောသူတွေဟူ၍ မိန့်ဆို ကြကုန်၏။ ထို့ကြောင့် ရှင်ကြီးဂေါတမ ဟာ တိနမိဒ္ဓရှိတာပေါ့။

## သေက္ခ ၇ ပါးနှင့် ပုထုဇ္ဇနများတွေဝေပုံ

ယဿ ကဿစိ အဂ္ဂိဝေဿန ယေ အာသဝါ သံကိလေသိကာ ပေါနောဗ္ဘဝိကာ သဒရာ ဒုက္ခဝိပါကာ အာယတိံ ဇာတိဇာရာ မရဏိနိယာ အပ္ပဟီနာ တမဟံ သမ္မုဠှောတိ ဝဒါမိ။ အာသဝါနံ ဟိ အဂ္ဂိဝေဿန အပ္ပဟာနာ သမ္မုဠှော ဟောတိ။

## အဓိပ္ပာယ်အကျဉ်း

အဂ္ဂိဝေဿန အဖန်တလဲလဲ သဝသစ်ဖြစ်ရသဖြင့် အကြိမ်

ပေါင်းများစွာ အမိဝမ်းခေါင်း ကိန်းအောင်းတလှည့် ဥပပတ်တခါ ပဋိသန္ဓေနေရသဖြင့် ဆံဖြူသွားကျိုး အရိုးကိုင်းကိုင်း အကြောပြိုင်းပြိုင်းနှင့် ဒယိမ်းဒယိုင် ကိုယ်မခိုင်သည့် ဇရာဖိစီးခြင်း၊ သည်းခြေသလိပ် လေစသည် အဖန်ဖန် နှိပ်စက်သည်ဖြစ်၍ အမိအမယ် ကယ်ပါယူပါ တစာစာ ဖြင့် မြည်တွန်ညီးထွား အော်ဟစ်နေရသည့် နာဘေးအဖန်ဖန် သေရသောဒဏ် အတန်တန် စိုးရိမ်ပူဆွေး ငိုကြွေးရသော ဖြစ်ရပ်ပြင်းစွာ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ မချိတင်ကဲ အမြဲဖြစ်နေရသည့် မကောင်းကျိုး အမျိုးမျိုးပေးတတ်သော ကာမအာသဝ၊ ဒိဋ္ဌိအာသဝ၊ အဝိဇ္ဇာအာသဝ လူဆိုးနှင့်တူသော ဤလေးမျိုး တရားတို့ကို အကြွင်းမဲ့ မပယ်သတ် အုပ်သေးသော သေက္ခ ၇–ယောက်ပုထုဇဉ်အပေါင်းကို တွေတွေပေဝေ ထိုင်းထိုင်းမှိုင်းမှိုင်း နေရသူတွေဟူ၍ရင်း၊ မောဟလူဆိုး၏ အသင်းအပင်းဖြစ်သော ထိနမိဒ္ဓ အကုသလ စေတသိတ်ဖြင့် အိပ်သောသူဟူ၍ရင်း၊ ငါဘုရားမိန့်တော်မူ၏။

## ဘုရား ရဟန္တာများ မတွေဝေပုံနှင့် ထိနမိဒ္ဓဖြင့် မအိပ်ဘဲဘပင်သော့ကျပုံ

ယဿ ကဿစိ အဂ္ဂိဝေသန ယေ အာသဝါ သံကိလေသိကာ ပေါနော့ဗ္ဘဝိကာ သဒရာ ဒုက္ခဝိပါကာ အာယတိဇာတိဇရာ မရဏိယာ ပဟီနာ၊ တမဟံ အသမ္မူဠှောတိ ဝဒါမိ အာသဝါနံ ဟိ အဂ္ဂိဝေသန ပဟာနာ အသမ္မူဠှော ဟောတိ။

## အဓိပ္ပာယ်အကျဉ်း

၁။ တသွင်သွင် ယိုစီးတတ်သည့် မြင်မြင်ကရာ တပ်စွဲတတ်သော ကာမဒမြ။

၂။ ဒလစပ်မပြတ် အမျိုးမျိုး ပြောင်းလွဲနေတတ်သော ဘဝသူပုန်။

၃။ တရွှဲရွှဲတပေပေ လွှဲမှားတွေဝေနေသော မိစ္ဆာဒိဋ္ဌိ အယူမှား။

၄။ စိုစွတ်စိုစွတ် အမြွတ်ထွက်နေ မှိုင်ဝေဝေ ဖြစ်နေသော အဝိဇ္ဇာလှူမိုက်။

ဤအာသဝ ၄—ပါးတို့ကို မဂ်လေးဆင့်တို့ဖြင့် အကြွင်းမဲ့ မယ်ပြီးသော ဘုရားနှင့် ရဟန္တာများကို ဈာနသမာပတ်၊ ဖလသမာပတ္တိ၊ နိရောဓသမာပတ္တိတို့ဖြင့် နိဗ္ဗာန်ကို အာရုံပြု၍ ချမ်းချမ်း သာသာ ဝင်စားကာ နေ၏ဟု ငါဘုရား မိန့်တော်မူ၏။

မောဟ၏ အသင်း အပင်း ဖြစ်သော ထိနမိဒ္ဓ အကုသလ စေတသိက် လုံးဝ မရှိ သဖြင့် စိတ်အစဉ် ပြတ်သွားသော ဘဝင် သာကျ၏။ မအိမ်ပေ၊ အိပ်သော သူမဟုတ်ပေ၊ အဂ္ဂိဝေဿန။

## သဗ္ဗညုဘုရား၏ ဥပမာနှင့်တကွ အာသဝ ၄-ပါး ပယ်နည်းပြပုံ

သေယျထာပိ အဂ္ဂိဝေဿန တာလော မတ္ထကစ္ဆိန္နော

အာဘဗ္ဗော၊ ပုန် ဝိ ရု ဠှ ယာ ဝေမေဝ ခေါ အဂ္ဂိဝေဿ တတာဂတဿ ယေ အာသဝါ သံကိလေသိကာ ပေါနော့ဗ္ဘဝိကာ သဒရာ ဒုက္ခဝိပါကာ အာယတိ ဇာတိဇရာ မရဏိယာ ပဟီနာ ဥစ္ဆိန္နမူလာ တာလဝတ္ထုကတာ အနဘာဝံကတာ အာယတိံ အနုပ္ပါဒ ဓမ္မာတိ။

(မဇ္ဈိမနိကာယ မူလပဏ္ဏာသ ပါဠိ နှာ ၃၁၇)

## အဓိပ္ပာယ်အကျဉ်း

အဂ္ဂိဝေဿန လည်ဆစ်လည်သီး ပြတ်လေပြီးသောထန်းပင်သည် မြေဆွေး မြေဩဇာတွေ ဝေဝေဆာဆာ မွမ်းမံ၍ ရေတသွင်သွင် လောင်းသော်လည်း တဖန် စိမ်းရှင် ပြန်ခြင်းငှာ မတတ်ကောင်းသလို၊ အာသဝ ၄ ပါး အယုတ်တရားတို့ကို မဂ်လေးဆင့်ဖြင့် အကြွင်းမရှိ ပယ်ပြီးသော မြတ်စွာ ဘုရားသည် တဖန်ဘဝ အသစ်မဖြစ်သဖြင့် ပဋိသန္ဓေ မနေရသောကြောင့် ဇရာဗျာဓိ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတို့ လုံးဝ ချုပ်ငြိမ်း၍ နိဗ္ဗာန်ကိုသာ အာရုံပြု၍ နေတော်မူသည်-

## အဋ္ဌကထာရှင်းလင်းချက်

တတ္ထ ယသ္မာ ထိနမိဒ္ဓံ သဗ္ဗခီဏာသဝါနံ အရဟတ္တမဂ္ဂေန ပဟီယတိ၊ ကာယဒုရတော ပန ဥပါဒိန္နကေပိ ဟောတိ၊ အနုပါဒိန္နကေပိ။ တထာဟိ ကမလုပ္ပလာဒီနံ ကေသံ ကာလေ ဝိကသန္တိ ကေသံ မကုလာနိ ဟောန္တိ၊ သာယံ ကေသဉ္စိ ရုက္ခာနမ္ပိ ပတ္တာနိ ပတိလီယန္တိ၊ ပါတော ဝိပ္ဖာရိကာနိ ဟောန္တိ၊

ဧဝံ ဥပါဒိန္နကာယ ဒရထောယေ၀ ဒရထ၀သေန ဘ၀င်္ဂသော တဥ္စ ဣဓ နိဒ္ဒါတိ အဓိပ္ပေတံ၊ တံခိဏာသ၀ါနမ္ပိ ဟောတိ တံသန္ဓာယ အဘိဇာန ဟန္တ္ခံ အာဒိမာဟ။

(မဇ္ဈိမ နိကာယ မူလပဏ္ဏာသ အဋ္ဌကထာ ဒုတိယတွဲ ၄-မဟာ ယမကဝဂ္ဂ ၆- မဟာအစ္စကသုတ္တ နှာ ၁၉၄)။

## အဓိပ္ပာယ်

အကြောင်း ဥပဟာနှင့် တကွ ပြဆိုပေအံ့။ ကုန်ပြီးသော အာသာ၀ တရား ၄-ပါး ရှိတော် မူကြ ကုန်သော ဘုရား ရဟန္တာအရှင်မြတ်တို့သည် မောဟ အသင်း အပင်း ဖြစ်သော ထိန မိဒ္ဓကို အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ ပယ်သတ်အပ်ပြီးသည် သာတည်း။

သို့သော်လည်း ဘုရားရဟန္တာတို့၏ ကမ္မဇ ဥပါဒိန္နကရုပ်၌ ၎င်း၊ စိတ္တဇ ဥတုဇ အာဟာရဇ ဥပါဒိန္နကရုပ်၌၎င်း၊ နေပူနှိပ် စက်ခြင်းကြောင့်၎င်း၊ ခရီးပြင်းစွာ သွားမိခြင်းကြောင့်၎င်း၊ မသင့်မလျော်ကပ်တ်သော အဟာရကို စားမိခြင်းကြောင့်၎င်း၊ ကိုယ်၏ပင်ပန်းခြင်း၊ ပူလောင်ခြင်း၊ နွမ်းနယ်ခြင်းသည်ဖြစ်ပေါ် လာတတ်ပေ၏။ ထိုသို့ ပင်ပန်းသည်ဖြစ်၍ လျောင်းစက်လိုက် သည့်အခါ စိတ်အစဉ် ပြတ်သွားပြီး ဘ၀င်ကျသွား၏။ ထို ဘ၀င် ကျသွားသည်ကိုပင် လောကလူတို့က အိပ်၏ဟုခေါ် ကြ၏။

## ဥပမာဖြင့် အကျယ်ရှင်းလင်းပြပေအံ့

ကြာဥပမာ — နံနက်ခင်းအခါ၌ အရှေ့ လောကဓာတ်မှ ထွက်ပေါ်လာသော နေရောင်နှင့်တွေ့ထိသဖြင့် ပူးငုံနေသော ကြာနီ- ကြာညို- ကြာကုဏ္ဍရိတ် ကြာပဒုမ္မါ စသည်တို့ သည် ကားကားစွင့်စွင့် ပွင့်ကုန်၏။ အချို့ မငုံ့မဖူးသေးသော ကြာတို့သည်လည်း ငုံဖူးလာကြကုန်၏။

(သစ်ရွက်ဥပမာ) — နံနက်ခင်းအခါ၌ အချို့သောသစ်ပင်တို့၏ အရွက်တို့သည် အရှေ့လောကဓာတ်မှထွက်လာသော နေခြည်နုကလေးနှင့် တွေ့ထိရသဖြင့် ပြန့်ပြန့်ကားကား အရွက်ဖားဖား ဖြစ်လာကြကုန်၏။ ညနေချမ်းအခါ၌ တွန့်လိပ်၍ သွားကြကုန်၏။

ဤဥပမာအမျိုးအတူ၊ ဥပါဒိန္နကဖြစ်သော ဘုရားရဟန္တာတို့၏ ကိုယ်ခန္ဓာ၏ ပင်ပန်းပူလောင် နွမ်းနယ်သည်ဖြစ်၍ လျှောင်းလိုက်သောအခါ စိတ်အစဉ်ဖြစ်၍ ဘဝင်ကျသွား၏။ ထိုဘဝင်ကျခြင်းကိုသာလျှင် အိပ်၏ဟု လောကီသားတို့ ခေါ်ဝေါ်ပြောဆိုကြကုန်၏။ ဘုရားစသော အရိယာအရှင်တို့ကား ဘဝင်ကျ၏ဟု မိန့်ဆိုတော်မူကြကုန်၏။

## (၃) အိပ်မက် မက်ခြင်း

ပါပတံ သုပိနံ ပဿတိနှင့် နပါပကံ သုပိနံ ပဿတိ။

### တရားမဆင်ခြင်သူ အိပ်မက် မက်ပုံ

မေတ္တာစသော သမထ ကမ္မဋ္ဌာန်း တရားများ အားထုတ်ခြင်း၊ အနိစ္စ ဒုက္ခ အနတ္တ ဝိပဿနာ ၁န္တာ အာဟတန တို့၌ ဆင်ခြင်သုံးသပ်ခြင်း၊ နှလုံးသွင်းခြင်းမရှိ အိပ်၍သာ နေ့သည့် အန္ဓဗာလ ပုထုဇ္ဇနပုဂ္ဂိုလ်တို့သည် ရန်သူ ဒါးပြ သူပုန်တို့ ဝိုင်းထားသလို နောက်က တကောက်ကောက် လိုက်နေသလို ခြသေ့်သစ်ကျား၊ သားရဲ၊ ကျွဲနွား၊ တစ္ဆေ၊ မြွေ၊ နဂါး စသည်တို့ လိုက်နေသလို စားမည် ဝါးမည့် ညှင်းဆဲမည်ပြုသလို တောင် ကမ္ဘားကြီးမှ ပြုတ်ကျသွားသလို ကြောက်မက်ဖွယ်ရာ တိတ်လန့် ဘွယ်ရာ အိပ်မက်တို့ကို မြင်မက်ကြရကုန်၏။

### တရားဆင်ခြင်သူ အိပ်မက်ကောင်းမြင်မက်ပုံ

မေတ္တာစသော ကမ္မဋ္ဌာန်းတရားနှင့် ဝိပဿနာ တရားများကို အားထုတ်ကြကုန်သော ကလျာဏပုထုဇ္ဇနပုဂ္ဂိုလ်တို့သည် ယင်းသို့သော အိပ်မက်ဆိုးများကို မမြင်မက် ကြရကုန်ဘဲ ကြည်လာသောဘုရားအမှူးရှိသော သံဃာတော်များ ဖူးမြင်ရပုံ၊ ဘုရားဆင်းတုတော်၊ စေတီတော်များရှိခိုးပူဇော်ရပုံ၊ ရဟန်း သံဃာတော်များကို ရှိခိုးပူဇော်ရပုံ၊ တရားတော်များကို နာကြားရပုံ၊ ရဟန်းသံဃာတော်များအား ဆွမ်းကျွေးလှူဒါန်းရပုံ၊ အလှူကြီး

ပေးရပုံစသော ကောင်းမြတ်သော ဝမ်းမြောက်ဖွယ် အိပ်မက် များကိုသာ မြင်မက်ကြရကုန်၏။

အညတြ သုပိနန္တာတိ ဧတ္ထ သုပိနော။ ဧဝ သုပိနန္တော၊ တံ ဌပေတွာ အပနေတွာတိ ဝုတ္တံ ဟောတိ။ ယဉ္စပန သုပိနံ ပဿန္တော စတူဟိ ကာရဏေဟိ ပဿတိ ဓာတုက္ခော ဘတော ဝါ အနုဘူတ ပုဗ္ဗတော ဝါ ဒေဝတော ပသံဟာရတော ဝါ· ပုဗ္ဗနိမိတ္တတော ဝါတိ။

တတ္ထ ပိတ္တာဒိနံ ခေါဘ ကရဏ ပစ္စယယော ကန ခုဘိတ ဓာတုကော ဓာတုက္ခော ဘတော သုပိနံပဿတိ၊ ပဿတိ၊ ပဿန္တော စ နာနာဝိဓံ သုပိနံ ပဿတိ၊ ပဗ္ဗတာ ပတန္တော ဝိယ အာကာသေန ဂစ္ဆန္တော ဝိယ ဝါဠ မိဂဟတ္ထိ စောရာဒီဟိ အနုဗဒ္ဓေါ ဝိယ ဟောတိ။ အနုဘူတ ပုဗ္ဗတော ပဿန္တော ပုဗ္ဗေအနုဘူတ ပုဗ္ဗံ အာရမ္မဏံ ပဿတိ။ ဒေဝ တော ပသံဟာရတော ပဿန္တဿ ဒေဝတာ အတ္ထကာ မတာယ ဝါ အနတ္ထကာမတာယ ဝါ အတ္ထာယ ဝါ ဝါ နာနာ ဝိဓာနိ အာရမ္မဏာနိ ဥပသံဟရန္တိ၊ သော တာသံ ဒေဝတာနံ အနုဘာဝေန တာနိ အာရမ္မဏာနိ ပဿတိ။ ပုဗ္ဗနိမိတ္တတော ပဿန္တော ပုညာ ပုည ဝသေန ဥပ္ပဇ္ဇိတုကာမဿ အတ္ထဿ ဝါ အနတ္ထဿ ဝါ ပုဗ္ဗနိမိတ္တ ဘူတံ သုပိနံ ပဿတိ၊ ဗောဓိသတ္တ မာတာ ဝိယပုတ္တပဋိလာဘ နိမိတ္တံ ဗောဓိသတ္တော ဝိယ ပဉ္စ မဟာ သုပိနေ ကောသလရာဇာ ဝိယ သောဠသ သုပိနေတိ။

(ပါရာဇိ အဋ္ဌကထာ ဒုတိယတွဲ ၂ သံဃာဒိသေသကဏ္ဍ၊ ၁ သုက္ကဝိဿဋ္ဌိ သိက္ခာပဒဝဏ္ဏနာ နှာ ၁၀၇)

ထာ-စတုတ္ထပဏ္ဏာသက ၂၁ ဗြဟ္မဏဝဂ္ဂ မဟာသုပိနသုံ နှာ ၇၅)

## အိပ်မက်မြင်မက်ခြင်း၏အကြောင်း ၄-မျိုး

၁။ ဓာတုက္ခောဘ
၂။ အနုဘူတပုဗ္ဗ
၃။ ဒေဝတောပသံဟာရ
၄။ ပုဗ္ဗနိမိတ္တ

၁။ သည်းခြေစသည်တို့၏ ချောက်ချားခြင်းကိုပြုတတ်သော အကြောင်းလုံ့လဖြင့် မြင်မက်သောအိပ်မက်သည် ဓါတုက္ခော ဘ အိပ်မက်မည်၏။

## မြင်မက်ပုံ

တောင်ပေါ်မှ ဇောက်ထိုး ကျသကဲ့သို လည်း ကောင်း၊ ကောင်းကင်ဖြင့်သွားရသကဲ့သို့ရင်း၊ ရဲရင့်သော ခြသေ့် ကျား ဆင် ဓားပြ သူပုန် ရန်သူစသည်တို့သည် နောက်ကတကောက် ကောက်လိုက်၍ နှိမ်စက်နေဘိသကဲ့သို့ရင်း၊ အထူးထူး အပြား ပြား မြင်မက်တတ်၏။

၂။ ရှေး၌ခံစားဘူး သုံးဆောင်ဘူးသော အာရုံ အတူနေဘူးသော သူငယ်ချင်း ပုဂ္ဂိုလ်တို့ကို မြင်မက်ခြင်းသည် အနုဘူတပုဗ္ဗ မည်၏။

၃။ နတ်တို့သည် အကျိုးကို လိုလားသော ကြောင့် ၎င်း၊ အကျိုးမဲ့ကိုလိုလားသောကြောင့်၎င်း အထူးထူး အပြားပြားသော အာရုံတို့ကို တင်ဆောင်ခြင်းသည် ဒေဝတောပသံဟာရ မည်၏။

ဤအိပ်မက်သည် နတ်တို့၏ တံခိုးအာနုဘော်ကြောင့် အာရုံအမျိုးမျိုး မြင်မက်ရ၏။

၄။ ဘုရားအလောင်း မယ်တော်သည် သားရလတံ့သောအိမ်မက်ကိုမြင် မက်သကဲ့သို့ ၎င်း။ ကောသလမင်းသည် -၁၆- ချက်သောအိမ်မက်တို့ကို မြင်မက်သကဲ့သို့၎င်း။ မြတ်စွာဘုရားသည်ဘုရားအလောင်းဖြစ်စဉ် ၅ မျိုးသော အိမ်မက်ကြီးတို့ကိုမြင်မက်သကဲ့သို့ ၎င်း။ ကုသိုလ်အကုသိုလ်စွမ်းအားဖြင့် နောက်အနာဂါတ်ဖြစ်ခြင်းငှါအလိုရှိသော အကျိုးစီးပွားနှင့်အကျိုးမဲ့၏ ရှေဦးစွာပြထားသော နိမိတ်တို့ကို မြင်မက်ခြင်းသည် ပုဗ္ဗနိမိတ္တ အိပ်မက်မည်၏။

၂၂။ တတ္တာယံ ၊ဓါတုက္ခောဘကျွောအနုဘူတ
ပုဗ္ဗတောစသုံပိန်မဿတိ၊နတံသစ္စံ ဟော

တိ။ယံ ဒေဝတောပသံဟာရတော ပဿ
တိ၊တံသစ္စံ ဝါ ဟောတိ အလိကံ ဝါ။
ကုဒ္ဓါ ဟိ ဗဒေဝတာ ဥပါယေန ဝိနာ
သေတုကာမာ ဝိပရိတမ္ပိ ကထ္ဒသေ
န္တိ၊ယံပန ပုဗ္ဗ နိမိတ္တတော ပဿတိ
တံ ဧကန္တသစ္စမေဝ ဟောတိ။ ဧတေသဥ္စ
စတုန္န မူလကာ ရဏာနံ သံသဂ္ဂဘေဒ
တော ပိ သုပိ နဘေဒေါ ဟောတိ
ယေဝ။

(ရှင်းအထကာထာ ၂၀၈)

အိပ်မက် ၄ မျိုးမှန်မမှန်

၁။ ဓါတုက္ခောဘနှင့်

၂။ အနုဘူတ အိပ်မက် တို့သည် မမှန် တတ်
ပေ။

၃။ ဒေဝတောပသံဟာရအိပ်မက်သည် မှန်သည်
လည်းရှိ၏၊မမှန်သည်လည်းရှိ၏။

အကြောင်ကား။ စိတ်ဆိုးသော ရန်သူနတ်တို့သည် ဥပါယ်တ
မည်ခြင့် ပျက်စီးခြင်းငှါအလိုရှိကုန်သည်ဖြစ်၍
မဟုတ်မမှန် ဖေါက်ပြန်သော အာရုံကိုယူ
ဆောင်ပြတတ်ကုန်၏။

၄။ ပုဗ္ဗနိမိတ္တအိပ်ကော်သည်ကား မှန်ကန်၏။

၃။ တဥ္စပနေတံ စတုဗ္ဗိ ဓမ္ပိ သုပိနံ သေက္ခ

ပုထုဇ္ဇနာနံ ပဿန္တိ။ အပ္ပတိနုဝိပ္ပလ္လာ
သတ္တာ၊ အသေက္ခာနံ ပဿန္တိ ပတီနုဝိပ္ပလ္လာ
သတ္တာ။ (ဂုင်းအဋ္ဌကထာ ၁၀၈)

**အိပ်မက်မမက်သောပုဂ္ဂိုလ်များ။**

သေက္ခပုဂ္ဂိုလ် ၇ ယောက်နှင့် ပုထုဇ္ဇနပုဂ္ဂိုလ်တို့သည် အလုံးစုံမပယ်အပ်သေးသောဝိပ္ပလ္လာသရှိသည်၏အဖြစ်ကြောင့် ၄ မျိုးသောအိပ်မက်ကိုမြင်မက်တတ်ကြကုန်၏။

**အိပ်မက်မမက်သောပုဂ္ဂိုလ်များ**

ရဟန္တာပုဂ္ဂိုလ်တို့သည် ပယ်အပ်ပြီးသော အလုံးစုံသောဝိပ္ပလ္လာသရှိသည်၏အဖြစ်ကြောင့်အိပ်မက် ၄ မျိုးကိုလုံးဝမမြင်မက်တတ်ကြကုန်။

**၄။ အိပ်မက် မမက်နိုင်သော အိပ်နည်း။**

ယသ္မာ ကပိ မိဒ္ဓပရေတော ပဿတိ။ ဝုတ္တဉ္ဟေတံ ကပိမိဒ္ဓပရေတော ခေါ မဟာရာဇ သုပိနံ ပဿတီတိ။ ကပိမိဒ္ဓပရေတောတိ မက္ကဋနိဒ္ဒါယ ယုတ္တော။ ယသ္မာ ဟိ မက္ကဋဿ နိဒ္ဒါ လဟု ပရိဝတ္တာ ဟောတိ။ ဧဝံ ယာ နိဒ္ဒါ ပုနပ္ပုနံ ကုသလာဒိစိတ္တ ဝေါကိဏ္ဏတ္တာ လဟုပရိဝတ္တာ ယဿာ ပဝတ္တိယံ ပုနပ္ပုနံ ဘဝင်္ဂတော ဥတ္တရဏံ ဟောတိ တာယ ယုတ္တော သုပိနံ ပဿတိ။ (ပုင်းအဋ္ဌကထာ ၁၀၉)

**အဓိပ္ပါယ်ကား**

မျောက်အိပ်အိပ်သော ပုဂ္ဂိုလ်သည်သာလျှင် အိပ်မက်ကိုမြင်

မက်၏၊ ဥပမာနှင့်တကွ အိပ်ပုံကိုပြပေအံ့။ မျောက်၏အိပ်ခြင်းသည် လျင်မြန်သော အပြန်ရှိသလို (ဝါ) ခဏခဏ နိုးသလို ထိုနည်းတူစွာ ပုဂ္ဂိုလ်တယောက်၏ အကြင်အိပ်ခြင်းသည် အဖန်တလဲလဲ ကုသလ အကုသလ အဗျာကတ စိတ်အစဉ်တို့နှင့် ရောပြွမ်းနေသည်အဖြစ်ကြောင့် လျင်မြန်သောအပြန်ရှိ၏။ ခဏခဏအိပ် ခဏခဏနိုး၏။ အကြင်အိပ်ခြင်း၏ ပဝတ္တိအခါမှာ အဖန်တလဲလဲ စိတ်အစဉ်မဖြစ်၊ ဘဝင် ခဏခဏ ကျသည်မည်၏။ ထိုသို့စိတ်အစဉ်မဖြစ်ဘဲ ဘဝင်ခဏခဏကျသော အိပ်ခြင်းနှင့် ယှဉ်သော ပုဂ္ဂိုလ်သည် အိပ်မက်မက်တတ်၏။

အသုဝိ မုဉ္စတိ၊ အသုဝိ နံမုဉ္စတိ

သုတ်လွှတ်သောပုဂ္ဂိုလ်နှင့် သုတ်မလွှတ်သောပုဂ္ဂိုလ်။

ဧဝံ မေတံ အာနန္ဒဧဝံ မေတံ.အာနန္ဒ မုဋ္ဌဿတိဿဟိအာနန္ဒ။ မုဋ္ဌဿတိနံ အသမ္ပဇာနာနံ နိဒ္ဒံ ဩက္ကမန္တာနံ သုပိနန္တေန အသုစိ။ ယေ တေ အာနန္ဒ ဘိက္ခူ ဥပဋ္ဌိတသတိ သမ္ပဇာနာ. နိဒ္ဒံ ဩက္ကမန္တိ။

တေသံ အသုစိနံ မုစ္စတိ။ ယေပိ တေ အာနန္ဒ ပုထုဇ္ဇနာ ကာမေသု ဝီတရာဂါ။ တေသံပိ အသုစိနံ မုစ္စတိ အဋ္ဌာနံ မေတံ အာနန္ဒ အနဝကာသော ယံ အရဟတော အသုစိ မုစ္စေယျာတိ။

(ဝိနယ မဟာဝဂ္ဂ ပါဠိ- ၈- စီဝရက္ခန္ဓက နှာ/၄၀၉)

(ပုထုဇ္ဇနာ ကာမေသု ဝိတရာဂါတိ ဈာနလာဘိနော။
(မဟာဝဂ္ဂအဋ္ဌကထာ- ၄၁၀)

## အိပ်မက်ဖြင့် သုတ်လွှတ်သော ပုဂ္ဂိုလ်များ။

ကမ္မဋ္ဌာန်းသတိလွှတ်ထားလျက် ကောင်းမြတ်သော ကုသလတရား၌ ဆင်ခြင်သုံးသပ်ခြင်းမရှိဘဲ ကာမဝိတက် စသည်တို့ဖြင့် အိပ်ကြကုန်သော အန္ဓ ပုထုဇန် ပုဂ္ဂိုလ်တို့သည် အိပ်မက်ဖြင့် သုတ်လွှတ်တတ်ကုန်၏။

## အိပ်မက်ဖြင့်သုတ်မလွှတ်သောပုဂ္ဂိုလ်များ

အကြင် ရဟန်း ပုဂ္ဂိုလ်တို့သည် ကမ္မဋ္ဌာန်းသတိ အမြဲထားလျက် ကောင်းမြတ်သော ကုသလတရားတို့၌ ဆင်ခြင်သုံးသပ် အိပ်ကြကုန်၏။ ထိုပုဂ္ဂိုလ်တို့အား အိပ်မက် မက်သော် လည်း သုတ်မလွှတ်ကြကုန်။

## ပုဂ္ဂိုလ်ထူး

အကြင်ပုဂ္ဂိုလ်တို့သည် ပုထုဇ္ဇနပင် ဖြစ်လင့်ကစား ဝိခမ္ဘတာယာနဖြင့် ပယ်ခွာထား၍ ကာမတို့၌ ကင်းသောရာဂ ရှိကုန်သည်ဖြစ်၍ ဈာန်ရကြကုန်၏ ရပြီးသောဈာန်ကို ဝင်စားကြကုန်၏ ထိုပုဂ္ဂိုလ်တို့သည် သုတ်မလွှတ်ကြကုန်၊ အာသာဝကုန်ခမ်း ရဟန္တာအရှင်မြတ်များမှာမူကား ဆိုဖွယ်ရာ မရှိလုံးဝ သုတ်မလွှတ်ပေ။

## အထူးမှာ ထားချက်။

သောတာပန် သကဒါဂါမ် အရိယာ ပုဂ္ဂိုလ်တို့သည် အိပ်

ထောင်ရှင်ဖြစ်ကုန်ငြားအံ့သုတ်လွှတ်ကြကုန်၏၊ရဟန်းပြုကြသော သောတာပန် သကဒါဂါမိ ပုဂ္ဂိုလ်တို့သည် ကာမတော့ကုန် အောင် သမထဝိပဿနာတရားတွေ ပွားများနေခဲ့သည်ရှိသော် သုတ်မလွှတ်ကြကုန်။

အရိယာ အနာဂါမ်နှင့် ရဟန္တာတို့ကား ကာမတဏှာကို အနာဂါမိမဂ်နှင့် အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ ပယ်လိုက်ပြီး လည်းဖြစ်၍ ကာမတဏှာလုံးဝမရှိ သော ကြောင့်သုတ်မလွှတ် ကြကုန်။

## (၄) မနုဿာနံပိယော ဟောတိ။
## မေတ္တာပွားသောသုဘူတိမထေရ်အားလူတို့ချစ်ခင်ပုံ။

ထေရော ပိဏ္ဍာယ စရန္တော ဃရေဃရေမေတ္တာဈာနံ သမာပဇ္ဇိတွာ သမာပတ္တိတော ဝုဋ္ဌာယဘိက္ခံ ဂဏှာတိဧဝံ ဘိက္ခာဒါယကာနံ မဟပ္ဖလံ ဘဝိဿတီတိ။

အင်္ဂုတ္တရဧက ကနိပါတ အဋ္ဌကထာ ၁၄ တေဒဂ္ဂဝဂ္ဂ ၂ ဒုတိယ ဝဂ္ဂသုဘူတိထေရ်ဝတ္ထု ၁၇၃)။

သာဝတ္ထိမြို့တော် ခမည်းတော်သုမနသဌေး မယ်တော်မယ် ပတိတို့၏သားအနာထပိဏ်ကသူဌေး၏ညီ။

(တေဒဂ္ဂံ ဘိက္ခဝေ မမသာဝကာနံ ဒက္ခိဏေယျာနံ ယဒိဒံ သုဘူတိ)ဟုမြတ်စွာဘုရား တေဒဂ်ပေးထားသော သုဘူတိ

ထေရ်သည်အိမ်တိုင်းအိမ်တိုင်း ရပ်ဆွမ်းခံကာ ဆွမ်းဒါယကာ ဒါယကာမတွေ့။

၁။ ရန်မာန်ခပ်သိမ်းကင်းငြိမ်းပါစေ

၂။ စိုးရိမ်ခပ်သိမ်း တင်းငြိမ်းပါစေ

၃။ ဆင်းရဲခပ်သိမ်း ကင်းငြိမ်းပါစေ

၄။ ကိုယ်စိတ်နှစ်ဖြာချမ်း သာကြပါ

စေဟုမေတ္တာဘာဝနာပွားများ

ကာ အိမ်ရှေ့ ရပ်သည်နှင့် တပြိုင်နက် မေတ္တာဈာန်ဝင်စား၍ ထိုဈာန်မှထလိုက်သည့်အချိန်တွင် ဆွမ်းဆွမ်းဟင်း လျာများကို လောင်းလှူကြရာတွင် အနည်းငယ်ပင် ဖြစ်လင့်ကစားမေတ္တာ ဘာဝနာတံခိုးသတ္တိကြောင့် ၁ ဒိဋ္ဌမှစည်းပွားချမ်းသာတိုးတက်ခြင်း။ ၂ ရာထူးဌာနန္တရ၊ ပုဏ်သိရ်အရှိန်အဝါ ပေါ်လွင်ကျော်ကြားမြင့်မားလာခြင်း စသောအကျိုးစီပွါးများကို ခံစားကြရကုန်၏။ ထို့ကြောင့်မေတ္တာပွားများဆွမ်းခံကြသောသူတော်ထေရ်ကြီးကို ဒါယကာဒါယကာမများ အလွန် ချစ်ခင်လေးစားကြည်ညိုအားထားကြကုန်၏။

တနည်း.......ကာဠဝဠဳယဇနီးမောင်နှံ

၇ ရက်အတွင်းသူဌေးဖြစ်၍မဟာကဿပထေရ်အား

လူများချစ်သောဝတ္ထု

အရှင်မဟာကဿပထေရ်မြတ်သည် ရာဇဂဟတမြို့အနီး ပိပ္ပလိ

ညဉ့် သီတင်းသုံး၍နိရောဓ သမာပတ် ၇ ရက်ဝင်စားပြီးနောက် သူဆင်းရဲတို့ကို ချီးမြှောက်လိုသဖြင့် ဆွမ်းခံကြွတော်မူရာ ကာဠဝဠိယ၏ ဇနီးသည် ထေရ်မြတ်၏ သပိတ်ကိုယူ၍ ဟင်းရွက်ချဉ် ပြုတ်ကို သပိတ်အတွင်း အပြည့်လောင်းထည့်ကာ ရိုသေစွာကပ်လှူလိုက်၏။

အရှင်မဟာကဿပ ထေရ်မြတ်သည် မိမိမစားသုံးသေးဘဲ ဘုရားအမှူးရှိသော သံဃာငါးရာအား မျှမျှတတ ကပ်လှူ၏ မကုန် နိုင်ပေ။ သမဒပတ် ဝင်စားပြီး စားသုံး ဘုဉ်းပေးတော်မူကြ၏ ၇ ရက်အတွင်း ကာဠဝဠိယ ဇနီးမောင်နှံတို့ သူဌေးကြီးဖြစ်လိမ့်မည်ဟုမြတ်စွာဘုရား မိန့်တော်မူ၏။ သုံးသန် သို့မင်းတမာန်သည် ပြုလုပ်၍သွားသော ကာဠဝဠိယ၏ဇနီးကို တမန်တဆင့် ခိုင်းသောဒိဿကာလ ဘီလူးကဲ ရွှေအိုး ၇ လုံး၊ သုံးမန ဘီလူး ကသစ်ပင်ရိပ်နှင့်အမျှ ရွှေအိုးပေး၍ ရာဇဂဟမြို့၌ သူဌေးကြီးဖြစ်သွားကြ၏။

၁။ (မဇ္ဈိမ နိကာယ ဥပရိပဏ္ဏာသဋ္ဌကထာ ၁ဒေဝဒဟဝဂ္ဂ ဒေဝဒဟသုတ္တဝဏ္ဏနာနှာ/၄)။

၂။ ဝိသုဒ္ဓိမဂ္ဂ ၁၂ ဣဒ္ဓိဝိဓနိဒ္ဒေသ ဣဒ္ဓိကထာ ကာဠဝဠိယ ၁တွဲ နှာ ၃၃)။

ဤကား မေတ္တာပွားများ သူတို့ကို လူများချစ်သော ဝတ္ထုတည်း။

လူသာမက ထိရစ္ဆာန်မါချစ်သော သုဝဏ္ဏသာမ ဝတ္ထု

၁၁၁။ သာဓေဟာ ယဒါ ဝနေ အာသိံ၊ သင်္ကေန အဘိနိမ္မိ၊ ဘောပဝနေ သီဟဗျဂ္ဃေစ မေတ္တာယ မုပနာ ခယိံ

၁၁၂။ သီဟဗျဂ္ဃေဟိ ဒီပိဟိ၊ အစ္ဆေဟိ ပဟိ မသဟိစ ပသဒ မိဂဝရာဟေတိ၊ ပရိဝါရေတွာ ဝနေ ဝသိံ

၁၁၃။ နမံ ကောစိ ဥတ္တာသေတိ၊ နပိ ဘာယာမိ ကဿစိ မေတ္တာ ဗလေ နုပတ္ထဒ္ဓေါ၊ ရမာမိ ပဝနေ တဒါတိ။ (သုဝဏ္ဏသာမ စရိယာ ပိဋကပါဠိ ၃-ယုဓ ဥယဝဂ္ဂ နှာ– ၄၁၈)

၃၀၉။ ဘိရှ ကိမ္ဗူရိသာ ရာဇ၊ ပဗ္ဗ တေ ဂန္ဓမာဒနေ သမ္မော ဒမာနာ ဂစ္ဆာမ၊ ပဗ္ဗတာနိ ဝနာနိစ။

၃၁၀။ နမံ မိဂါ ဥတ္တသန္တိ၊ အရညေ သာပဒါနိပိ။ ဒာထ ကေန ဝဏ္ဏေန၊ ဥတြာ သန္တိ မိဂါမ မန္တိ (ဆဋ္ဌ ဇာတက အဋ္ဌကထာ ၂၂- မဟာ နိပါက ၃–သုဝဏ္ဏသာမ ဇာတက ဝဏ္ဏနာ နှာ/၉၇)

လွန်လေပြီးသော အတိတ်ကာလ၌ ဗာရာဏသီပြည်မှ မနီး မဝေး မြစ်ကမ်းနားအနီး တခုသော နေသာဒရွာသည် ရှိ၏။ ထိုနေသာဒ တံငါမုဆိုးရွာ၌ ဒုကူလအလောင်းသည် ဗြဟ္မာ ပြည်မှသက်ဆင်း၍ နေသာဒရွာသူကြီးသားဖြစ်လာ၏။ ပါရိကာ သည်လည်း မြစ်ကဘက်ကမ်းတပါးသော နေသာဒရွာ၏သူကြီး ကတော်ထံ ဗြဟ္မာ့ဘုံမှသက်ဆင်း၍ မင်္ဂိုသန္ဓေတည်နေပြီး သမီး

လေးဘွားမြင်လာသောအခါ ပါရိကာ ဟူသော အမည်ပေး ကြ၏။

မိဘနှစ်ပါးစုံတို့က ဒုကူလနှင့် ပါရိကာတို့သဘောမတူကြဘဲ ၁၆–နှစ်အရွယ်ကျော်လွန်ကြသောအခါ ထိမ်းမြား လက်ထပ် လိုက်ကြသဖြင့် အကြင်လင်မယားအဖြစ် နေကြ သော်လည်း မေတ္တာကမ္မဋ္ဌာန်းစီးဖြန်း၍ ဗြဟ္မာပြည်မှလာသော သူတော် ဖြစ် သောကြောင့် ကာမရာဂအမှုမပြုကြဘဲ အတူနေ သော်လည်း တခြားစီအိပ်ကြ၏။ ကြမ်းတမ်းသော တံငါမုဆိုးအမှု ကိုလည်း လုံးဝမပြုကြပေ၊ ထိုအခါ မိဘနှစ်ပါးတို့က သင်တို့ နေသာဒ တံငါမုဆိုးအမှုလည်းမပြု၊ အိမ်ရာတည်ထောင်လို ဃရာဝါသ ကိစ္စအလိုမရှိကြလျှင် အဘယ်အမှုပြုအံ့နည်းဟု မိဘတို့က မြည် တွန် တောက်တီး ကြ၏။ ထိုအခါ ဒုကူလနှင့် ပါရိကာတို့က ကျွန်ဘော် ကျွန်တော်မတို့ ခွင့်ပေးလျှင် ရဟန်းပြုပါတော့ မည်ဟု ပြောကြ၏။ မိဘတို့ကလည်း ခွင့်ပြုလိုက်ကြ၏။

ထိုအခါ မိဂသမတ မည်သောမြစ်သည် ဟိမဝန္တာမှ စီး ဆင်းသည်ဖြစ်၍ ဂင်္ဂါမြစ်သို့ရောက်သွား၏။ ထိုဂင်္ဂါမြစ်ဌာနသို့ ရောက်သွား၍ ဂင်္ဂါမြစ်ကိုပါယ်စွန့်ပြီး မိဂသမတမြစ်သို့ ရှေ့ရှု ဘက်ကြကန်၏။ ထိုအခါ သိကြားမင်းသည် ပဏ္ဍုကမ္ဗလာ တင်း၍ ကြည့်လိုက်သည့်အခါ အကြောင်းစုံကိုသိသဖြင့် ဝိသု ကမ္မနတ်ကိုစေလွှတ်ကာ ကျောင်းသင်္ခမ်းဖန်ဆင်းပေး၏။ ဒုကူလ ပါရိကာ ဇနီးမောင်နှံ တို့သည် ထိုသင်္ခမ်းကျောင်းသို့ သွား ၍

ရသော ဟန်းပြုပြီး သိကြားမင်းသည် ပေးအပ်သော သခ်ၤဏ်း ကျောင်း၌ ကာမာဝစရ မေတ္တာ ဘာဝနာကိုပွား၍ နေကြ ကုန်၏။ သိကြားမင်းသည်လည်း ထိုဒုကုလ ပါရိကာ ရသော ထံသို့ မပြတ်မလပ်ဆည်းကပ်သွား၏။

## ဒုကုလ ပါရိကာတို့ သားကလေးရလာပုံအကြောင်း

သိကြားမင်းသည် ဒုကုလ ပါရိကာတို့ မျက်စေ့ကွယ်မည့် အကြောင်းကိုသိသည်ဖြစ်၍ ဒုကုလ ပညာရှိကို အကြောင်းစုံ လျှောက်ထားပြီး ပါရိကာ ဥတုလာသည့်အခါ ချက်ကိုလက်မ နှင့်သုံးသတ်၍ အရှင်ဘုရား ထိုသို့သိကြားမင်းပြောသည့်အတိုင်း ဒုကုလပညာရှိသည် ပါရိကာဥတုလာသည့်အခါ ချက်ကိုလက်မ နှင့် ရစ်လိုက်သည်နှင့်တပြိုင်နက် ဘုရားအလောင်းသည် နတ်ပြည် မှစုတေ၍ ပါရိကာ၏ဝမ်းဗိုက်၌ ပဋိသန္ဓေယူ၏။ ပါရိကာသည် ၉-လလွယ် ၁၀-လ လွန်သည့်အခါ ရွှေအဆင်းရှိသော သား ကလေးကိုဖွားမြင်လာ၏။ သုဝဏ္ဏသာမ ဟု အမည် မှည့်ကြ ကုန်၏။ ထိုသားကလေး သုဝဏ္ဏသာမကို တဆယ့်ခြောက်နှစ် အရွယ်မြောက်သည့်တိုင်အောင် သခ်ၤဏ်းကျောင်း၌ မိဘနှစ်ပါး တို့သည် စောင့်ရှောက်နေ့စေ၍ ကိုယ်တိုင်သစ်မြစ်သစ်သီးတို့ကို ရှာဖွေ၍ ကြွေး၍မွေးကြီးပွားစေ၏။

## မျက်စေ့ကွယ်၍ သုဝဏ္ဏသာမ သားကလေးလုပ်ကျွေးပုံ

တနေ့သ၌ ဒုကုလ ပါရိကာတို့သည် သစ်သီးရှာထွက်သည့် အချိန် မိမိတို့နေရာသခ်ၤဏ်းကျောင်းမှ မနီးမဝေးသော အရပ်၌

ရောက်သည့်အခါ မိုးကြီးသည်းထန်စွာရွာသွန်းခဲ့သည်ရှိသော် တခုသောသစ်ပင်ရင်းသို့ဝင်၍ တောင်ပို့ထိပ်၌ ရပ်နေကြကုန်စဉ် ကိုယ်မှချွေးနံ့နှင့်ရောသော ရေသည် ထိုတောင်ပို့ တွင်းထဲ၌ နေသော မြွေဟောက်၏ နှာခေါင်းဖုပေါ်ဝင်သဖြင့် မြွေဟောက်သည် အမျက်ဒေါသ ချောင်းချောင်း ထသည် ဖြစ်၍ နှာခေါင်းလေလွှတ်လိုက်၏။ ဒုကုလ ပါရိကာ ရသေ့နှစ်ဦးတို့သည် မျက်စေ့စုံလုံးကန်းကြကုန်၏။ ထိုအခါ မိဘတို့မလာတာကြာသဖြင့် သုဝဏ္ဏသာမသည် အသံပေးအရှာထွက်သည့်အခါ စုံလုံးကန်းနေသည်ကိုတွေ့ရှိရသဖြင့် သင်္ကျင်းကျောင်းသို့အသာတွဲပြီးခေါ်ထားလျက် ဤနေ့ကစပြီး မိဘနှစ်ပါးတို့ကိုအစစအရာရာ လုပ်ကျွေးမွေးမြူ၏။ မေတ္တာကမ္မဋ္ဌာန်းလည်းစီးဖြန်း၏။

သုဝဏ္ဏသာမ မေတ္တာကမ္မဋ္ဌာန်းစီးဖြန်း၍ လူတို့ ချစ်ရုံသာမက တိရစ္ဆာန်တို့ကပါ ချစ်ခင်ကြ၏။ ဘုရင်မင်းမြတ် အကြင်အခါ၌ အကျွန်ုပ်သည် သိကြားမင်း၏ အကြံပေး ဖန်ဆင်းထားအပ်သော သာမ မည်သော ရသေ့လုလင် ဖြစ်လာသည် ဖြစ်၍ တောထဲ၌နေခဲ့ပါပြီ၊ ကျွန်ုပ်သည် တောတွင်း၌ ခြင်္သေ့ကျားတို့ကိုလည်း မေတ္တာပွား၍ ချဉ်းကပ်ပါပြီ၊ ကျွန်ုပ်သည် တောထဲ၌ ခြင်္သေ့ ကျားတို့ဖြင့်လည်းကောင်း၊ သစ်တို့ဖြင့်လည်းကောင်း ဝံတို့ဖြင့်လည်းကောင်း၊ ကျွဲတို့ဖြင့် လည်းကောင်း၊ ဂျီ၊ သမင်၊ ဝက် တို့ဖြင့်လည်းကောင်း ခြံရံ၍ နေခဲ့ လေပြီ၊ ကျွန်ုပ်ကို ခြင်္သေ့ ကျားသစ် စသော တစုံတခုသော သတ္တဝါသည် အကြင့်ကြောင့် မထိတ်လန့်ပေ၊ အကျွန်ုပ် ကလဲ

## မေတ္တာဝိဟာ

ခြသေ့ံကျားသစ် အစရှိသည်တို့အား အကြင့်ကြောင့်မကြောက်ရှိပေ၊ ထို့ကြောင့် အကျွန်ုပ်သည် မေတ္တာကို ပွားများသော အစွမ်းအားဖြင့် ထောက်ပံ့ထားသည်ဖြစ်၍ တောထဲ၌ မွေ့လျော်နေ၏။

## ကျားသစ် မဆိုထားဘိ ကိန္နရီများကပါ ချစ်ခင်ပုံ

ဘုရင်မင်းမြတ် ဂန္ဓမာဒန တောင်၌ နေကြသည့် ကိန္နရာတို့သည် လူကိုအလွန်ကြောက်တတ်ကြကုန်၏။ ထိုကိန္နရာ တို့နှင့် အကျွန်ုပ်တို့သည် ဝမ်းမြောက်ဝမ်းသာ အချင်းချင်း လည်ပင်းဖက်ခါ တောင်အထပ်ထပ်သို့လည်းကောင်း တောအထပ်ထပ်သို့လည်းကောင်း၊ လှည့်ပတ်သွားလာပျော်ပိုက်ကြကုန်၏။ ထိုမှတပါး သားသမင် တို့သည် လည်းကောင်း ကြမ်းထမ်းသောသားရဲတို့သည်လည်းကောင်း တောထဲ၌ ကျွန် တော် မျိုး ကို မထိတ်လန့် မကြောက်ရှိ ကြပါကုန်။ ထိုသို့ ကြမ်းထမ်းသောသားရဲတို့ဖြစ်ပါလျက် သားသမင်တို့သည် အကျွန်ုပ်ကို မြင်ခဲ့သည်ရှိသော် ထိတ်လန့်သင့်ပါသော်လည်း အ ဘယ် မည် သော အကြောင်းကြောင့် ဝါ အဘယ်မည်သော ဂုဏ်ထူးကြောင့် မထိတ်လန့်ကြပါကုန်သနည်း။

အကြောင်းကား အကျွန်ုပ်သည် သတ္တဝါတို့အပေါ်၌အမြဲတမ်း မေတ္တာ၏အစွမ်းအားဖြင့် ထူထောင်ထားသည် ဖြစ်၍နေပါ၏။ ထိုမေတ္တာ၏ တန်ခိုးရှိန်စော် အာနုဘော် ကြောင့်

ကျွန်ုပ်ကို မြင်ကြရသော သားသမင်တို့သည် မကြောက်ရွံ့ကြပါကုန်။

## ၅။ အမနုဿနံပိယောဟောတိ၊

## ဘီလူးနတ်နဂါးများချစ်ခင်ပုံ

ယက္ခဘီလူးတွေအုပ်စိုးသော လင်္ကာဒီပကျွန်း၊ နဂါးတွေအုပ်စိုးသောနာဂဒီပကျွန်း။ ဤကျွန်း ၂ ကျွန်းကိုနိမ်မြန်းသော ဟင်းရွက်များ ပေါ်များသည်ဖြစ်၍ တမ္ဗပဏ္ဏိကျွန်းဟုအမည်ခေါ်ကြ၏။

တနည်း ၁)နီသောလက်ရှိသော မင်းသားအုပ်စိုးသော့ကြောင့်တမ္ဗပါဏိကျွန်း။

၂။ ခြင်္သေ့မင်း၏သားဝိဇယမင်းသား အုပ်စိုးသောကြောင့်သီဟဠကျွန်းဟု–

နှစ်မည်ရသောကျွန်း၌ သာသနာ သက္ကရာဇ်(၂၃၀)ကျော်သောအခါ ပါဋ္ဌလိပုတ်မြို့တော်ကို အုပ်စိုး သောဓမ္မာသောကမင်းမြတ်သည်တိတ္ထိတို့ကိုနှိမ်နင်းပြီးသည်နောက်ဆဋ္ဌာဘိညတေဝိဇ္ဇ်တေပိဋကဓရ အရဟန္တာတထောင်တို့ဖြင့် တတိယသံဂါယနာတင်ပြီး၍သားတော်မဟာ မဟိန္ဒထေရ်အမှူးရှိသော သံဃာတော်ငါးပါးသီဟဠကျွန်းသို့ ကြွသွား၍ သာသနာပြုရာ နေရောင်လရောင်လိုသာသနာထွန်းလင်းနေသည့်အချိန်။

# မေတ္တာဝိဟာရိပကာသနီကျမ်း

မဇ္ဈိမဒေသ ပါဋလိပုတ်မြို့သား။ ဝိသာခအမည်ရှိသော ဘူကြွယ်တယောက်သည် သံဝေဂဉာဏ်ရရှိသဖြင့် အနိစ္စဒုက္ခ အနတ္တဝိပဿနာဉာဏ်ယှဉ် ထင်မြင်သည်ဖြစ်၍ ပစ္စည်းဥစ္စာ ရတနာနှင့်တကွ ဇနီးသားသမီးတို့ကိုစွန့်လွှတ်လျက် သီဟဠကျွန်း သို့သွားကာ ရဟန်းတော်များထံ ဆည်းကပ်ပြီး ရဟန်းပြုလျက် တပါတည်းတည်းတဌာနတဌာန၌ လေးလစီလေလစီ သီတင်းသုံး လျက်မေတ္တာကမ္မဋ္ဌာန်းပွားများကာနေ၏။

စိတ္တလပဗ္ဗတ၊ တောင်ကျောင်း၌ မေတ္တာကမ္မဋ္ဌာန်း စီးဖြန်း ကာနေလတ်သော် လေးလစေ့၍ကြွသွားမည်ပြုစဉ် စင်္ကြံစောင့် နတ်သည် ငိုယိုကာနေလေတော့၏။

မထေရ်မေး၊ သင်ဘာကြောင့် ငိုနေရသနည်း။

နတ်ဖြေ၊ ဤနေရာ၌ ငါးလူးတွေ အချင်းချင်း နဂါးတွေအချင်းချင်း ခဏခဏ စစ်ခင်းနေသော်လည်း အရှင် ဘုရား၏မေတ္တာဘာဝနာလှိုင်းသတ္တိကြောင့် တဦးနှင့်တဦးချစ်ခင် လေးစားကာ ငြိမ်းချမ်းရေး ရနေကြပါသည် ဘုရား၊ ထို့ကြောင့် အရှင်ဘုရားကြွသွားမည်ကိုစိုးရိမ်၍ ငိုချင်းဖြစ်ပါသည်ဘုရား ဟုလျှောက်ထားလေ၏။

ထေရ်မိန့်။ ဤနေရာငါနေခဲ့လျှင် သင်တို့တစေဘူငြိမ်း ချမ်းရေးရမည်ဖြစ်ပါက နေမည်ဟု ဝံခံလိုက်၏။

ဤကဲ့သို့နတ် ခဏခဏ တောင်းပန်၍နေကာ မေတ္တာဘာဝနာပွားများ၍ သမာပတ် ၈ ပါးရပြီးလျှင်မေတ္တာစျာန်ပေါ် ဝိပဿနာ တင်ရှုဆင်ခြင်သဖြင့် အရဟတ္တဖလရ၍ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်စံဝင်သွားရ၏။

အမှာ........သီဟဠဒီပ နာဂဒီပ မည်ကြောင်းများကိုပဋ္ဌမ သာရတ္ထဒီပနီဋီကာစာမျက်နှာ ၁၅၆ – ၁၅၇ တို့တွင်ကြည့်ပါလေ။

ဝနန္တရေ ဌိတော ထေရော၊ ဝိသာခေါ ဂဇ္ဇမာနတော။
အတ္တနော ဂုဏမေသန္တော၊ ဣမမတ္ထံ အဘာသထ။
ယာဝတာ ဥပသမ္ပန္နော၊ ယာဝတာ ဣဓအာဂတော။
ဧတ္ထန္တရေ ခလိတံ နတ္ထိ၊ အဟောလာဘော တေ မာရိသာတိ။

ဝိသုဒ္ဓိမဂ္ဂ ၉ ဗြဟ္မဝိဟာရနိဒ္ဒေသမေတ္တာဘာဝနာ ဝဏ္ဏနာ နှာ/၃၀၆)။

တောတွင်းစိတ္တလ ပဗ္ဗတတောင်ကျောင်း၌ အမြဲသီတင်းသုံးနေသော ဝိသာခ အမည်ရှိသည့် ထေရ်မြတ်သည် ဤမှီ မေတ္တာ အခြေပွားများ၍ သမာဓိ ဝိပဿနာ ပညာ ငါမှတ္တိ ဉာဏ ဒသနံဂုဏ် ၅ အင်တို့ကို ရှာမှီးအားထုတ်ကျ အရဟတ္တ ဖလ

မရလျင် မနေ့ဲဟု ကြိမ်းဝါးကာ ရခဲ့သော် ဤသို့ ကျုံးဝါး ပြောကြား၏။

ဘယ်ပုံ ဘယ်နည်း ကျုံးဝါးေ ပြောကြားသနည်း။

ငါ့ရှင်ဝိသာခ အကြင်မျှလောက်သော နေ့ရက်ကာလမှစ၍ ရဟန်းအဖြစ်သို့ရောက်လာ၏။

အကြင်မျှလောက်သောကာလဖြင့် စိတ္တလတောင်ကျောင်း၏ တည်ရာ ဤတောလယ်သို့ရောက် လာ၏။ ရဟန်း ဖြစ်သည့် နေ့မှစ၍ စိတ္တလတောင်ကျောင်းသို့ ရောက်လာသော ဤအ တွင်း၌ သင်ဝိသာခအား ချွတ်ချော်တိမ်းပါးသော အကျင့်သည် မရှိခဲ့ပေ၊ ထို့ကြောင့် သူတော်ကောင်းတို့သည် ရအပ်သော အရိယာ မဂ္ဂဖလဂုဏ် ကျေးဇူးတို့ကို သင်ဝိသာခသည် အံ့ဩ ဘွယ်ရာရအပ်ပေကုန်စွတကား၊ ဤသို့ကျုံးဝါးကာပြောဆို၏။

## မေတ္တာပွားသူနတ်များချစ်ခင်သောဝတ္ထု

အရှင်မဟာကဿပ ထေရ်မြတ်သည် နိရောဓ သမာပတ် ၇ ရက် ဝင်စားပြီး ဆွမ်းခံကြွတော်မူသောအခါ ချစ်ခြင်း မေတ္တာ သနားခြင်း ကရုဏာ ဤကမ္မဋ္ဌာန်း ၂ပါးကိုစီးဖြန်း၍ ကြွရာ ဆွမ်းခံရာ အိမ်ရှေ့၌ ရပ်သည်နှင့်တပြိုင်နက် သို့မဟုတ် ဆွမ်းလောင်း လာသည်နှင့် တပြိုင်နက် နိရောဓသမာပတ်မှ သကာဆွမ်းကို အလှူခံ၏။

ထို့ကြောင့် ဆွမ်းလောင်းလှူသူ ဒါယကာဒါယိကာမများ

## မေတ္တာဝိဟာရီပကာသနီကျမ်း

သည်ဒိဋ္ဌဓမ္မစီးပွားချမ်းသာပြည့်စုံတိုးပွားရာထူး ဂုဏ်သိရ်အရှိန် မြင့်မားလျက် အထက်တန်းစားဖြစ်သွားကြရကုန်၏။ ထို့ကြောင့် အရှင်မဟာကဿမသည် ရာဇဂြိုဟ်မြို့၏ အနီးပိပ္ပလိဂူ၌ သီတင်းသုံး၍ နိရောဓသမာပတ် ၇ ရက်ဝင်စား ပြီးသည်နောက် နိရောဓ သမာပတ်မှထခဲ့သည့် ရှိသော် ဆင်းရဲသောသူများ ကို ငါချီးမြှောက်မည်ဟု မေတ္တာကရုဏာရှေ့ထား၍ သူဆင်းရဲ အိမ်းတန်းလမ်းသို့ ဆွမ်းခံကြွတော်မူရာ အဘိုးအိုအမယ်အို ယောင်ဆောင်ပြီး ဆွမ်းခလောင်းလှူကြသော သိကြားမင်းနှင့် သုဇမ္ပတိ ဇနီး မောင်နှံတို့အဖွဲ့သည် ကိုယ်ရောင် တောက် ကြွား ဝင့်ဝါသွား၍ ရှေးကဆက်တံခိုးထွားသွားလေတော့သည်။

ဥဒါနဋ္ဌကထာ ၃ နန္ဒဝဂ္ဂ
မဟာကဿပပိဏ္ဍပါတိကသုတ္တ)

ပိဏ္ဍပါတိကဿ ဘိက္ခုနော၊ အတ္တဘရဿ အနညပေါသိနော။

ဒေဝါပိဟာယန္တိ တာဒိနော၊ ဥပသန္တဿ သဒါ သတီမတော။

ဓမ္မပဒအဋ္ဌကထာ ၄ ပုပ္ဖဝဂ္ဂ နှာ/၂၇၂။ ဥဒါနပါဠိ ၃ နန္ဒဝဂ္ဂမဟာကဿပပိဏ္ဍပါတိကသုတ္တ)။

မိမိကိုယ်ကိုသာ မိမိမွေးမြူလျက် သတ်အမြဲထားကာဥုန္နြေ ငြိမ်သက်စွာ ဖြင့် ကြည်ညိုဘွယ်ကိုဆောင် နိုင်သည်ဖြစ်၍ပေး ကမ်းလှူဒါန်းသူ နတ်လူတို့၏ အကျိုးစီးပွားကိုမျှော်ကိုးလျက် မေတ္တာ ကရုဏာရှေ့ထားပြီး ပိဏ္ဍပါတ်မူတင် ဆောက်တည် ကာ အမြဲတမ်းဆွမ်းခံကြွလေ့ရှိသော အရှင်မဟာကဿပ

ထေရ်မြတ်အား လူတွေသာမက နတ်များကပါ ချစ်ခင်လေးစားကြကုန်၏ဟု သိကြားမင်း ဥဒါန်းကျူးရင့် သွားလေသည်။

## ဒေဝတာရက္ခန္တိ မေတ္တာပွားတရားအားထုတ်သူ နတ်များစောင့်ရှောက်ပုံ

တတ္ထ သေ့ ဝဿူပနာယိကာ'တိ အာသ ဠှ ီပုဏ္ဏမာယ ဒ္ဒိသု ဒေဝ လေကေသုဒေဝါ သုဓမ္မာယ ဒေဝသဘာယ သန္နိ ပတိတွာမန္တေန္တိ....အသုံကဝိဟာရေ ကော္ဘိက္ခု ဝဿံပဂတော အသုံကဝိဟာရေ ဒွေတယော စတ္တာရော ပဉ္စ ဒသဝိသတိ တိံသံ ဋ္ဌတ္တာလီသံ ပညာသံ သတံ သဟဿံ ဘိက္ခူ ဝဿံ ပဂတာဧ တ္ထတ္ထဌာနေ အယျာနံ အရက္ခံ သံဂဝိဟိတ ကရောထာတိ ဧဝံ ဝဿူ ပနာယိကံသင် ဟောကံတော ဟောတိ၊

(သံ့တ်မဟာဝဂ္ဂအဌကထာ ၅ ဇနဝသဘသုတ္တ ဒေဝသဘာ ဝဏ္ဏနာ/နှာ–၂၃၂။

တာဝတိံသာ နတ်သဘင် အစည်းအဝေး ၄ မျိုးတို့တွင် ၁ "ဝဿူပနာယိက သင်္ဂဟတ္တ" ပါဠိအရ သိကြားမင်းသည် တာဝတိံသာနတ်ပြည် သုဓမ္မာ အခန်းရှိသော ဒေဝသဘင်တော်၌ စည်းဝေး၍ ချီးမြှောက်ခြင်း ၄ မျိုးတို့တွင် ဝါဆိုသော ရဟန်းတို့ကို ချီးမြှောက်ခြင်းငှာ အစည်း အဝေး၌

သိကြားမင်းက သက်ဆိုင်ရာ နတ်တို့ကို အမိန့်တော်ပြန်သည်။ အမိန့်တော်ပြန်ပုံကား .. မည်သည့်ကျောင်း၌.ရဟန်းတော်တပါး ဝါကပ်တော်မူ၏။ ၂ ပါး ၃ပါး ၄ပါး ၅ ပါး ၁၀ ပါး ၂၀ ပါး ၃၀ပါး ၄၀ပါး ၅ပါး ၁၀၀ပါး ၁၀၀၀ပါး စသည် အားဖြင့် ဝါကပ်တော်မူကြကုန်၏။ ဤဝါကပ်ရာ ကျောင်း အရပ်၌ တရား အားထုတ်တော်မူကြကုန်သော အရှင်တို့အား အနှောက်အရှက်မရှိဘေးရန် ကင်းကင်းရှင်းရှင်းတရားအားထုတ် နိုင်ရန်အကျိုးငှာ ဒေဝပါလိဘ နတ်ပုလိပ် နတ်ရဲတို့ကို အစောင့် အကြပ် ထားကြကုန်လော့ဟု မိန့်တော်မူ၍ အစည်းအဝေး ရုတ်သိမ်းလိုက်၏။ ဤသို့မေတ္တာစသော ကမ္မဋ္ဌာန်း အားထုတ်၍ ရပြီးသော ဈာနဖလတို့ကို ဝင်စားကြသော ရဟန်းတော်တို့ အား ချမ်းချမ်းသာသာ တရား အားထုတ် နိုင်ရန် အလို့ငှာ သိကြားမင်းစီစဉ်ပေးရခြင်းပင်တည်း။

ယသ္မိံပဒေသေ ကပ္ပေတိ၊ ဝါသံပဏ္ဍိတဇာတိယော။
သီလဝန္တေတ္ထဘောဇေတွာ၊ သညတေဗြဟ္မစာရယော။
ယာတတ္ထဒေဝတာအာသုံ၊ တာသံဒက္ခိဏမာဒိသေ။
တာပူဇိတာပူဇယန္တိ၊ မာနိတာမာနယန္တိနံ။
တတောနံအနုကမ္ပန္တိ၊ မာတာပုတ္တံဝဩရသံ။
ဒေဝတာနုကမ္ပိတောပေါသော၊ သဒါဘဒြာနိပဿတိ။
(ဝိနယမဟာဝဂ္ဂပါဠိ ဘေသဇ္ဇက္ခန္ဓက ၃၂၃)

အမျိုးဇာတ်နှင့်ပြည့်စုံသည့် ပညာရှင် သူတော်စင်သည် အကြင်အရပ်၌ မြို့ရွာတည်ကာ အိမ်ယာဆောက်လုပ် စီးပွား ရေးပြုလုပ်နေ၏။ ထိုပညာရှင် သူတော်စင်သည် မိမိနေသော ထိုအရပ်၌ သီလနှင့်ပြည့်စုံ ကိုယ်နှုတ်နှလုံး စောင့်စည်း လူနတ် ဖြဟ္မာ ကြည်ညိုလာအောင် ကျင့်ကြံကျိုးကုတ်အားထုတ်သော ဘေရ် သံဃာတော်အရှင်မြတ်တို့ကို ခဲဘွယ် ဘောဇဉ် ချိုချဉ် (ဘောဇဉ်)ရသာတို့ဖြင့်ရှိရှိသေသေ လေးလေးစားစားဆက်ကပ် ပြီးသော် ထိုအရပ်၌ နေကုန်သော နတ်အပေါင်း တို့အား ကိုယ်စိတ်နှစ်ဖြာချမ်းသာပါစေ မေတ္တာပြန့်ဝေလျက် မိမိပြုလုပ် အပ်သော ဒါနမှုသီလမှု ဘာဝနာမှုတို့ကို အမျှပေးဝေ၏။

ပညာရှင် ထိုသူတော်စင်သည် မေတ္တာပို့အမျှပေးဝေလေ့ ရှိသောကြောင့် ပူဇော်အပ်မြတ်နိုးအပ်, အပူဇော်ခံရ အမြတ်နိုး ခံရသော ထိုနတ်အပေါင်းတို့သည်၊ ပူဇော်တတ် မြတ်နိုးတတ် သော ထိုသူတော်စင်ကို မေတ္တာ ကျေးဇူးတုံ့ပြန်ကာ ချစ်ခင် မြတ်နိုးလျက် မိခင်သည်ဝမ်းဝယ် လွယ်မွေးရှင်၌ ပိုက်ထွေး ချစ်စဘွယ် သားကလေးကို ဘေးရန်မခရအောင် အမြဲတမ်း မေတ္တာရှေ့ထား၍ စောင့်ရှောက် ကြကုန်၏။ နတ်များစောင့် ရှောက်နေသော အမျိုးကောင်းသားသည် အခါ ခပ်သိမ်း ကောင်းမြတ်သော အာရုံကိုသာတွေ့မြင် ဆုံဆည်းရတော့၏။

ဤကားနတ်များ စောင့်ရှောက်သောဝတ္ထုပြင်တည်း။

## ၇။ ဒေဝတာနုရက္ခိတ္တိတောတွင်းနေတရားမကျင့်သူ နှတ် မစောင့်ရှောက်ပုံ

အသပ္ပါယတာတိ ဝိသဘာဂရူပါဒိမာရမ္မဏ သမောသ
ရဏေန ဝါ အမနုဿ ပရိဂ္ဂဟိတတာယ ဝါ အသပ္ပါ
ယတာ။ တတြိဒံ ဝတ္ထု ကောကိရ ထေရော အရညေ ဝသတိ
အထဿေကာ ယက္ခိနီ ပဏ္ဏသာလဒွါရေ ဌတွာ ဂါယိ။
သော နိက္ခမိတွာ ဒွါရေ အဋ္ဌာသိ။ သာ ဂန္တွာ စင်္ကမနသီ
သေ ဂါယိ။ ထေရော စင်္ကမနသီသံ အဂမာသိ။ သာ သ
တပေါရိသေ ပပါတေ ဌတွာ ဂါယိ။ ထေရော ပဋိနိဝတ္တိ။
အထ နံ သာ ဝေဂေန ဂန္တွာ ဂဟေတွာ မယာ ဘန္တေ
န ဧကော န ဒွေ တုမှာဒိသာ ခါဒိတာတိ အာဟ။

(ဝိသုဒ္ဓိမဂ္ဂ ၄ ပထဝီကသိဏ နိဒ္ဒေသ အနုရူပဝိဟာရ နှာ—၁၁၈)။

သူရဲတစ္ဆေ ပေါများသော အရပ်၌ နေလျက် ဝိသဘာဂ အာရုံ ၅ ပါးကို လိုက်ကာ ပေါ့ပေါ့ တန်တန် နေလျှင် ဘီလူး စားခံ ညှဉ်းဆဲခံရတတ်သည်။

ဝတ္ထု။ ။မထေရ်ဘပါးသည် တောကျောင်း၌ သီတင်း သုံးနေသောအခါ လူသားစားကြူး ဘီလူးမ တကောင်သည် ထိုမထေရ်၏ သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်ကို စမ်းလို၍ သစ်ရွက် မိုးကျောင်းတံခါး၀၌ သီချင်းလေးဆိုနေ၏။ မထေရ်

သည် သာယာသဖြင့် ထွက်နားထောင်၏။ တဖန် စကြံဦးသို့ ရွှေ့ပြောင်းပြီး သီချင်းဆိုပြန်၏။ လိုက်၍ နားထောင်ပြန်၏။ ထို့နောက် အသူဘရာနက်သော ချောက်၌ သီချင်းဆိုပြန်၏။ ထိုခါ မထေရ်ပြန်လှည့်လာသည်ရှိသော် ဘီလူးမသည် ကပြာကရာပြေးလိုက်လာ၍သင့်လိုအာရုံ ၅ ပါးလိုက်စားသောရဟန်းတွေတောတွင်း နေလင့်ကစား တပါးနှစ်ပါးကိုသာ စားသည်မဟုတ် စားတာများလှပြီဟု ပြောဆို သတိပေးသွားတော့၏။

ဤကား သီလသည် မကျင့်သုံးသူများ လူနတ်ဘီလူးများ မစောင့်ရှောက်ပုံဝတ္ထုတည်း။

## ၇–က။ နသဿအဂ္ဂိကမတိ မေတ္တာပွားသောပုဂ္ဂိုလ် မီးမလောင်ပုံ

အဂ္ဂေါခေနေ ဇိနေ ကောခံ၊ အသာခုံ သာခုနာဇိနေ။
ဇိနေ ကဒရိယံ ဒါနေန၊ သစ္စေနာလိကဝါဒိနံ။

(ဓမ္မပဒပါဠိ ၁၇ ကောဓဝဂ္ဂ နှာ–၄၆)။ ဓမ္မပဒ အဋ္ဌကထာ ၂၇ ကောဓဝဂ္ဂ နှာ ၁၉၆)။

မေတ္တာဝိဟာရိဿ ကာယေ ဥတ္တရာယ ဥပါသိကာယ ဝိယ အဂ္ဂိ ဝါ။

(ဝိသုဒ္ဓိမဂ္ဂ ၉ ဗြဟ္မဝိဟာရနိဒ္ဒေသ မေတ္တာ ဘာဝနာ ဝဏ္ဏနာ နှာ–၃၀၇)။

ရာဇဂဟပြည်မြို့ ဝေဠုဝန် ကျောင်းတော်၌ မြတ်စွာဘုရား သီတင်းသုံး နေတော်မူသောအခါ ရာဇဂဟပြည်မြို့ သုမန သူဌေးကို အမှီပြု၍ နေသော သူဆင်းရဲ လုပ်သားမောင်ပုဏ္ဏနှင့် ဇနီးသည် ဥတ္တရာတို့သည် နိရောဓသမာပတ် ၇ ရက် ဝင်စားပြီးသော အရှင်သာရိပုတြာအား ဆွမ်း၊ ဒါန်ပူ လှူဒါန်း ရသည်ဖြစ်၍ ထွန်ကြီး ခဲတွေက ရွှေတုံးတွေ ဖြစ်လာသဖြင့် ဒိဋ္ဌဓမ္မပင် မင်းတံဆိပ် ရသော သူဌေးကြီး ဖြစ်လာသဖြင့် အရှင်ဖြစ်သော သုမနသူဌေးက မိမိသားနှင့် ဥတ္တရာ အမည်ရှိသော မောင်ပုဏ္ဏ၏သမီးချောကလေးကို လက်ဆက်ပေးရန် တောင်းပန်သောအခါ သုမန သူဌေးကား တိတ္ထိဖြစ်၍ လက်မဆက်ချင် သော်လည်း အတန်တန် တောင်းပန် ကြ၍ လက်ဆက်လိုက် ရ၏။

သောတာပန် ဖြစ်သော ဥတ္တရာသတို့သမီးသည် မိစ္ဆာဒိဋ္ဌိ တိတ္ထိတွေကို ကိုးကွယ် ကြသော ယောက္ခမနှင့် အရှင်လင် ယောကျ်ား အိမ်လိုက်သွားရ၍ ဘုရားအမှူးရှိသော သံဃာတော် အား အလှူမပေးရခြင်း သီလမဆောက်တည်ရခြင်း ကမ္မဋ္ဌာန်း ဘာဝနာ မစီးဖြန်းရခြင်းတို့ကြောင့် မိဘထံအကြောင်းကြားရာ အဘဖြစ်သော ပုဏ္ဏက ငွေတသောင်းငါးထောင် (၁၅၀၀၀) ပေးလိုက်သဖြင့် သီရိမာ အမည်ရှိသော ပြည့်တန်ဆာမချော ကလေးကို တနေ့တထောင်ပေးပြီး မိမိလင်ယောကျ်ား၏ခေတ္တ အငှားဇနီးမယားလုပ်စေ၏။

ထိုအခါ တနေ့သော နောက်ဆုံး သီတင်းကျွတ်လပြည့်နေ့၌

ဥတ္တိ ရာ၏ အရှင်ခင်ပွန်းဖြစ်သော သူကဇနီးသည် ဥတ္တရာကို ကြည့်လိုက်သောအခါ အိုးမဲ့ဖွဲ့ပြာတို့ဖြင့် ပေကျံနေ သည်ကို မြင်ရ၍ မိုက်လိုက်သည့်မိန်းမ စည်းစိမ်ကိုမခံစားဘဲနေဘိ၏။

ဥတ္တရာကလည်း မော်ကြည့်ပြီး ကုသိုလ်နည်းပြီး ဧရဲသွား မည့်သူဟု ကြံစည်ပြီး နှစ်ယောက်သား မျက်နှာချင်းဆိုင်ပြီး အပြုံးချင်းပြိုင်နေကြသည်ကို သီရိမာအငှားဇနီးသည်က သည်း မခံနိုင် တော့ဘဲ ငြူစူစောင်းမြောင်းပြီး ငါ့ယောက်ျားကို ဒင်းကပြုံးရမလားဟုစိတ်ဆိုးကာ အိမ်ပေါ်မှ အပြေးဆင်းလာ လျက် မယ်မင်းမတော့ သေပေတော့ဟု ပွက်ပွက်ဆူအောင် ကျိုချက်ထားသော ထောပတ်ပူကို ယောက်ချိုဖြင့် ခပ်ယူလာ သောအခါ ဥတ္တရာသူဌေးသမီးက ငါ့အဆွေမစိတ်ဆိုးလာသည် ဟုသိ၍ ငါ့အဆွေမဖြစ်သော သီရိမာကား ငါ့အပေါ်ကျေးဇူး များလှပေ၏။ စကြာဝဠာကာ်း ကျဉ်းလှပေ၏။ ဗြဟ္မာ့ပြည်ကား နိမ့်လှပေ၏။ ငါ့အဆွေမ ဂုဏ်ကား ကြီးမားလှပေ၏။ ငါ့မှာမူ သီရိမာသူငယ်ချင်းကိုအကြောင်းပြု၍ အလှူပေးတရားနာဥပုသ် စောင့်ရပေ၏။ ကျေးဇူးများလှသော ငါ့အဆွေမ အပေါ်၌ ငါဒေါသမဖြစ်ခဲ့ငြားအံ့ မပူပါစေသား ဤသို့ သစ္စာပြုလျက် သီရိမာသည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာပါစေ မေတ္တာဖြန့်ဝေ၍ နေ၏။ လောင်းချလိုက်သော ကျိုက်ကျိုက်ဆူသည့် ထောပတ်ဆီပူ သည် စန္ဒကူးရေအေးကဲ့သို့ မြမြအေး၍ မွှေးနေတော့၏။

ဤကား မီးမလောင်သော ဥတ္တရာ ဥပါသိကာမ ဝတ္ထုပြီး ပင်တည်း။

## ၇—ခ။ နာဿ ဝိသံ ကမတိ အဆိပ်မသင့်ပုံ။

သံယုတ္တဘာဏက စူဠသီဝတ္ထေရဿေဝ ဝိသံဝါ။

သံယုတ္တနိကာယ်ကိုဆောင်သော စူဠသိဝထေရ်အား မယား ဟောင်းသည် လူမထွက်သည်ဖြစ်၍ စိတ်ဆိုးရကား စားဘွယ် မုန့်တွင် လတ်တလော သေစေတတ်သော အဆိပ်ကို ခပ်၍ ထေရ်အား ဆက်ကပ်လေ၏။ စူဠသိဝမထေရ်သည် ထိုမုန့်ကို စားလည်း မေတ္တာကမ္မဋ္ဌာန်း အမြဲ စီးဖြန်း ထုံသင်းနေသော တရားတော်၏တန်ခိုးရှိန်စော် အာနုဘော်ကြောင့် အဆိပ်မသင့် ပျောက်လွင့်၏။

အိန္ဒိယနိုင်ငံ ယောဂီဆရာကြီးတို့၏ (အက်စစ်) အဆိပ်ကို သောက်ပြီး မေတ္တာစသော တရား ဘာဝနာတွေ ထုံသင်း ပွားများနေသောကြောင့် အဆိပ်တွေပျက်ပြယ်ကုန်၏ဟုမဂ္ဂဇင်း သတင်းစာများ၌ ဖတ်ရဘူးသည်။

ဤကား မေတ္တာတန်ခိုးကြောင့် အဆိပ်မသင့်သောစူဠသိဝ ထေရ် ဝတ္ထုပြင်တည်း။

### (၇—ဂ။) ၁ နာဿ သတ္ထံဝါကမတိ။
### သေနတ် စိန်ပြောင်း အမြောက်မထွက်
### ဓလးမြှား ဒါးလှံ ပြီး၍ ရန်သူမနှိပ်စက်နိုင်ပုံ။

မေတ္တာဘာဝနာစီးဖြန်း၍ မေတ္တာသမာပတ် ဝင်စား နေသော ၇-နှစ်အရွယ်သာရှိသေးသည့် သံကိစ္စ သာမဏေလေးကို

ဒါးမြဗိုလ်ကြီးက လက်သုံးတော် ကိုးသင်းချိုင်း သံဒါး ဖြင့် ခေါင်းပြတ် သွားအောင် တအားခုတ် သော်လည်း ဒါးမှာ ထန်းရွက်ပမာ ခွေလိပ်သွားလေတော့၏။

တဿံ တေ နတ္ထိ ဘီတတ္တံ၊ ဘီယျော ဝဏ္ဏော ပသီဒတိ။
ကဿာ နပရိ ဒေဝတိ။ ဝေရူပေ မဟာဘူ ယေတိ။
နတ္ထိ စေတသိကံ ဒုက္ခံ၊ အနုပက္ခဿ ဂါမဏိ။
အတိက္ကန္တာဘယာ သဗ္ဗေ၊ ခီဏသံ ယောဇနဿဝေ။
ခီဏာယာဘဝနေတ္တိယာ၊ ဒိဋ္ဌေဓမ္မေ ယ ထာတထေ။
နဘယံ မရဏေ ဟောတိ၊ ဘာရနိက္ခေပနေဿတိ။
(ဓမ္မပဒ အဋ္ဌကထာ ဂ–သဟဿဝဂ္ဂ၊ ၉–သံကိစ္စ သာမဏေ ဝတ္ထု)။

ဒါးမြဗိုလ်မေး။ ။ချစ်သား ကိုယ်ရင်လေး ငှက်ကြီးတောင်ဒါး ဖြင့် လည်ပင်းကိုပိုင်းဖြတ်မည့် ကြောက်စရာ ဘေးကြီး ဖြစ်နေပါလျက် အဘယ့်ကြောင့် မကြောက်ရွံ့ မငိုယိုဘဲ အတိုင်းအထက်အလွန် မျက်နှာရွှင်ပြ၍ နေရပါသနည်း။

သံကိစ္စသာမဏေဖြေ။ ။အဘ ဗိုလ်ကြီး သံယောဇဉ်တွေမတွယ် စိတ်၌ ဖြစ်သော ဒုက္ခတွေ ပယ်ထားသော အကျွန်ုပ်ကိုယ်ရင်ကလေးမှာ အလုံးစုံဘေးရန်

တွေ့လှန်မြောက်နေပါပြီ သေရမှာကို လုံးဝ မကြောက် တော့ပါဟု ဖြေကြား လိုက်တော့၏။

## (၇-ဂ) ၂ လှံပြီးသောနွားမဝတ္ထု

သားငယ် နွားလေးကို နို့တိုက်၍ သားအပေါ် ချစ်မိုးစွဲနေသော နွားမကြီးကို မုဆိုးက လှံဖြင့် တအား ပစ်ထိုးလိုက်၏၊ လှံသွားမှာ ထန်းဖလပ်ကဲ့သို့လိပ်ခွေ၍ သွားတော့၏။ (ကေနိပါတ အင်္ဂုတ္တရ အဋ္ဌကထာ)။

## (၇-ဂ) ၃။လေးမြားစိန်ပြောင်းအမြောက်မထွက်သော သာမာဝတီ ဝတ္ထု

သာမာဝတီစသော မောင်းမငါးရာတို့ကို မာဂဏ္ဍီ မိဖုရားဂုံးတိုက်သည့်အတွက် ဥတေနမင်းသည် စောင်းတွင်းမှမာဂဏ္ဍီမိဖုရား ထည့်ထားသော မြွေဟောက် ထွက်လာသဖြင့် မချုပ်တည်းနိုင်လောက်အောင် ဒေါသအမျက် ချောင်းချောင်းထွက်ခါစီတန်းနေသော သာမာဝတီ အမှူးရှိသော မောင်းမမိဿံတို့ကို ဗိုလ်ခြေတထောင်ဆောင်လူပေါင်းတထောင်တကြိမ်တည်း တချက်တည်းနှင့်သေစေနိုင်သော လေးဖြင့်ချိန်ရွယ်၍ပစ်မည်ပြုရာသာမာဝတီမိဖုရားက ရှင်မင်းတို့ဘုရင်မင်းမြတ်အပေါ်လည်း စိတ်မကွက်အမျက်မထွက်ပါလင့် အရှင်မမာဂဏ္ဍီတို့ ကိုယ်စိတ်

နှစ်ဖြာ ချမ်းသာပါစေဟု အမြဲ မေတ္တာဖြန့်ဝေ၍ နေကြပါ ဤသို့စိတ်မကွက် အမျက်မထွက်ဘဲမေတ္တာပွားလျက်ထာ နေရိုးမှန်ပါက ဤမှန်သော သစ္စာစကားကြောင့် ဘုရင်မင်းမြတ်ပစ်သောမျှားမထွက်ပါစေသားဟု သစ္စာပြုကြပါရန် တိုက်တွန်းနှိုးဆော်လိုက်၏။

ဤသို့မေတ္တာပြုပြီးသစ္စာပြုလိုက် သောအခါ မျှားသည် မထွက်ဘဲ ဘုရင်မင်းမြတ်မှာသာတုံတုံခိုက်ခိုက် ဖြစ်နေသဖြင့် သာမာဝတီ မိဘုရားက မြေသို့စိုက်၍လွှတ်ပါ၊ ဘုရားဟုလျှောက်တင်သဖြင့် မြေသို့ စိုက်လိုက်မှ မျှားထွက်သွား သောကြောင့် ဥတေနမင်းက ငါသည် လူသားဖြစ်လျက် သာမာဝတီ မိဖုရား၏ ဂုဏ်ကျေးဇူးကို မသိဘတ်လေတကားဟု ပြောဆိုကာ မိဖုရား၏ ခြေကို ဖက်လျှတ် ဝပ်တွား တောင်းပန် ရတော့၏။

ဤကား မေတ္တာပွားသူအား ဒါးလှံမျှားမစူးရှသော ဝတ္ထုများပင်တည်း။

(၇-၈) ၄။ သီလစောင့်ဝေယျာဝစ္စပြု မေတ္တာပွား၍ ရန်သူမနှိပ်စက်နိုင်ပုံ မာဃဝတ္ထု

အမေ့ပန တေတ္တိံသ မတ္တာ ဇနာ ပါဏံ နံ့ဟနာမ၊ **အဒိန္နံနံအာဒိယာမ၊**

မိစ္ဆာစာရိနုစရာမှု၊ မုသာဝါဒ ံနုဘာဏာမှ၊ မဇ္ဇ ံနုဝီဝါမှ၊ မေတ္တ ံဘာဝေမ၊
ဒါနံဒေမ၊ မဂ္ဂ ံသမ္ဖံ ကရောမ၊ ပေါက္ခရဏိယောခဏာမ၊ သာလ ံကရောမ၊

အယ ံအမှာကံပန္တော စပရိတ္တာဠစုစိုစာတိ။ (ခုဒ္ဒကနိကာယ ပထမဇာတကအဌကထာကုလာဝက ၊ဇာတကဝဏ္ဏနာ -နှာ ၂၁၆)

ရာဇာအဝိမံသိတွာဝဟတ္ထိနာ မဒ္ဒါပေထာတိ အာဏာပေတိ မဃော သေသာဏ ံသြဝါဒမဒါသိ။ (ပ) ဒူရတောဝပဋိက္ကမိ။ (ဓမ္မပဒအဌကထာ—၁၆၇)။

လွန်လေပြီးသော အတိတ်အခါက မဂဓတိုင်း မစလအမည် ရှိသောရွာတွင် မဃ အမှုးရှိသော သုံးကျိပ် သုံးယောက်သော အမျိုးသားတို့သည် မြို့သို့ရောက်သောအခါ မင်းပုဏ္ဏားသူဌေး စသည်တို့ပြာဿဒ်၊ဗိမာန်၊အုတ်တိုက်စသောနေထိုင်စရာတို့ကိုမိုး ထိနီးပါးထယ်ထယ်ဝါဝါဆောက်လုပ်ကြကုန်လျက် ပိုးဖဲကတ္တီ ပါရွှေငွေကျောက်သံ ပတ္တမြားစသော တန်ဆာတို့ ဆင်မြန်းကာ ထောပတ်ဆီဦး ပျားသကာဇီယာ ကရဝေးထုံ မွှေးပျံ့သင်းသား ပြွမ်းထမင်း ဒါန်ပေါက်ထမင်းစသည် တို့ကိုစားသုံးကာရှောက် သံပုရာငှက်ပျောစသော အဖျော်ယမကာ သောက်သုံး၍ ချမ်း ချမ်းသာသာစည်းစိမ်ခံစားကြကုန်၏

အထက်ကောင်းကင်တွင် သွားလာနေကြသော နေလနက္ခတ်တာရာ စသည်တို့ သည်လည်း ဆယ်ယူဇနာ၊ ၅၀ ယူဇနာစသည် အမြင့်ဆောင်သော ရွှေဗိမာန်ငွေဗိမာန်ရတနာဗိမာန် များဖြစ်ကြ၍ယင်းဗိမာန်၌ နတ်သမီးနတ်သားများ နေကြကုန်၏။

ဤလူချမ်းသာနတ်ချမ်းသာ လူမင်းစီးစိမ် နတ်မင်းစီးစိမ်တို့သည် ပေးလှူခြင်း ဒါနမှု ဆောက်တည်ခြင်း သီလမှု မေတ္တာကရုဏာ မုဒိတာဥပေက္ခာ ဗြဟ္မစရိယ ဘာဝနာမှု ပြုသဖြင့်သာလျှင်၊ဤချမ်းသာစည်းစိမ်တို့ကို ခံစားစံစားရကြကုန်၏၊ ဤသို့ကြံစည်နှလုံးသွင်း၍လမ်းပြင်ခြင်း စသောနတ်ရွာသုဂတိလားကြောင်းလမ်းကောင်းများကို ပြုလုပ်နေကြစဉ် ရွာသူကြီးသည် ရှေးကလိုဒဏ်ငွေများကိုမရတော့ သဖြင့်ရန်ငြိုးထားကာသူပုန်သူကန်များကိုတွေ့မြင်ရပါကြောင်း မင်းထံဂုံးချော သံတော်ဦးတင်တော့၏။

ဘုရင်မင်းမြတ်သည် ဖမ်းဆီးရန် အမိန့် ထုတ်၍ စုံစမ်းစစ်ဆေးမှု မပြုဘဲ ဆင်ဖြင့် နင်းသတ်စေဟု အမိန့် ထုတ်သဖြင့် မဃ လုလင်သည် မိမိ အဖွဲ့သားများအား အဆွေတို့ ငါတို့မှာ မိမိတို့၏ ဝန်ထမ်းလုပ်ငန်းစဉ်နှင့်တကွ သီလမေတ္တာ၊ ဘာဝနာ သစ္စာ ပွါးများမှုမှ တပါး အခြား အားထားကိုးကွယ်ရာ ဘာတခုမျှ မရှိတော့ချေ၊ ငါတို့သည် မည်သူ့ အပေါ်တွင်မျှ အမျက်မထွက်ကြကုန်ဘဲ ရှင်ဘုရင်ရွာသူကြီးနင်းသတ်မည့်ဆင်တို့ ကိုမိမိတို့ကိုယ်နှင့်အတူမေတ္တာစိတ် အညီအမျှ ထားပြီး ပွားများ

အားထုတ်ကြပါရန်အဆုံးအမပေးသဖြင့် အဖွဲ့သားအားလုံးတို့ လိုက်နာ၍မေတ္တာပွားကြရာ မေတ္တာ၏ တံခိုးကြောင့်ဆင်ကြီး သည် မနင်းဝံ့တော့ဘဲ ရှောင်ရှားပြေးသွားတော့၏။

ဆင်မနင်းဝံ့ကြောင်းကို သိလိုသဖြင့် ခေါ်မေးစစ်ဆေးရာရွာသူကြီးသံတော်ဦးတင်သည့်အကြောင်းတစုံတရာမျှမမှန်ပါဘုရား ဘုရားကျွန်ုပ်တို့မှာလူအများသွားလာနေထိုင်ရာ၌ချမ်းသာပါစေ ခြင်းငှာလမ်းများဖေါက်လုပ်ခြင်း သုတ်သင်ရှင်လင်းခြင်း နားနေ တည်ခိုရန် ဇရပ်မဏ္ဍပ် အဆောက် အဦးများ ဆောက်လုပ်ခြင်း သောက်ရေသုံးရေတည်ထားခြင်း ရေတွင်း ရေကန်များတူး ဖေါ်ပေခြင်း ခရီးသွား ဧည့်သည် လူမမာ သက်ကြီး ရွယ်အို ရဟန်း ပုဏ္ဏားများကို ချစ်ခြင်းမေတ္တာ သနားခြင်းကရုဏာ စိတ် ရှေ့ထားပြီး တတ်အား သမျှ ကျွေးမွေး ပြုစု စောင့်ရှောက်ခြင်း သူ့အသက် မသတ်ခြင်း သူ့ဥစ္စာ မခိုးယူခြင်း၊ သူတပါးအိမ်ယာ သားမယားကို မကျူး လွန်ခြင်း၊ မုသားမပြောခြင်း၊ သေအရက်ကိုမသောက်သုံးခြင်း၊ ဒါန သီလ ဘာဝနာများကို ကျင့်ကြံကျိုးကုတ် အားထုတ်ခြင်း စသည့် လူမှုဝန်ထမ်းအဖြာဖြာတို့ကို လုပ်ကိုင်လျက် မိမိတို့၏ နတ်ရွာသုဝတိလားကြောင်း လမ်းကောင်းများကိုသာသုတ်သင် ပြုပြင်နေသူများသာဖြစ်ကြောင်းပါဘုရား၊စင်စစ်မှာမူရွာသူကြီး သည် ကျွန်တော်မျိုးတို့ကို အကုသိုလ်ဖြစ်ကြောင်း မကောင်းမှု တွေကိုသာစေခိုင်းပြီး အမိန့်ကို မနာယူသည့် အတွက် အမျက် ထွက် စိတ်ဆိုးပြီး ရန်ငြိုးထားကာ ဖျက်ဆီးလို၍ ယခုကဲ့သို့

မတရားလျှောက်တင်ခြင်း ဖြစ်ပါသည်ဘုရားဟု သံတော်ဦးတင် လိုက်လျှင် ဘုရင်မင်းမြတ်သည် မဃတို့၏လျှောက်တင်ချက်ကို ကြားသိရသည်နှင့် တပြိုင်နက် လွန်စွာ နှစ်သက်တော်မူလှ၍ မိမိ၏ မဆင်ခြင်ဘဲပြုမိသည်ကို ယူကျုံးမရဖြစ်ကာ အမောင်တို့ ဤတိရစ္ဆာန် ဆင်ကောင်ကြီးသော်မှ သင်တို့၏ဂုဏ်ကျေးဇူးကို သိရှာသေး၏။ ငါမှာမူ လူဖြစ်ပါလျက် သင်တို့၏ဂုဏ်ကျေးဇူး ကိုမသိတတ်ခဲ့။ ငါ့အပေါ် သည်းခံကြပါဟုပြောဆိုပြီး မဃတို့ အား ရွှာသူကြီး မိသားစုကို ကျေးကျွန်အဖြစ် ဆင်ကြီးကို သယ်ယူပို့ဆောင်ရေးယာဉ်အဖြစ်နှင့် ရွှာကိုအလိုရှိတိုင်း အသုံး ချနိုင်ရေးအတွက် အပိုင်စား ပေးသနားတော်မူလိုက်တော့ သည်။

ဤကား သီလမေတ္တာ သစ္စာပြုသူကို ရန်သူ မကပ်နိုင်ဘဲ အောင်နိုင်သော ဝတ္ထုပင်တည်း။

## (၇-၈)၅။ မေတ္တာဘာဝနာ၏ မစ္စက္ခ ဝတ္ထုများ။

## မိုးညှင်းဆရာတော်ကြီး၏ ဝတ္ထု

မုံရွာမြို့ မိုးညှင်းတောရကျောင်းတိုက်၌ သီတင်းသုံးတော် မူသော အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တသုမနမဟာထေရ်မြတ် သည် မေတ္တာ ဘာဝနာကို အစဉ်းစွာ မပြတ်မလပ် ပွားများသဖြင့် ယင်းတောရကျောင်းတိုက်၌သီတင်းသုံးစေသောအခါ မြွေကင်း

တွေ၊ ကြပ်တွေ၊ တစ္ဆေတွေ ပေါများသော်လည်း၊ ၎င်းမြေကင်းကြပ် တစ္ဆေ တို့လည်း ဆရာတော်၏ မေတ္တာဘာဝနာတံခိုးကြောင့် ရှောင်ရှားထွက်သွား ကြတော့၏။ အချို့သော ကြပ် သူရဲတစ္ဆေတို့သည် ဆရာတော်၏ မေတ္တာအနုမောဒနာကို ခံယူလျက် ဟောကြားသော တရားတော်ကို နာကြားကြရသဖြင့် ကျွတ်တမ်းဝင်ကြရကုန်၏။

ကေ—၅၀ ကျော်ရှိသော မိုးညှင်း တိုက် တာ ကြီး ၌ ၃၀၃-ခု တပို့တွဲလကစ၍ ဂျပန်ခေတ်ကာလပတ်လုံး ဆရာတော်ကြီး၏ အဆုံးအမတော်ကိုခံယူနားထောင်ကာ နေကြသူအပေါင်းသည် စစ်ဘေး စစ်ဒဏ် မခံစားကြရဘဲ ချမ်းသာစွာ နေထိုင်တရားအားထုတ်ကြရကုန်၏။

အခြားသော မြို့ရွာတို့၌ နေထိုင်ကြကုန်သော သူတော်စင် ပုဂ္ဂိုလ်တို့သည်လည်း မိုးညှင်းဆရာတော်ကြီး၏ အမိန့်အတိုင်း (တို့တအိမ်သားလုံး ချမ်းသာပါစေ၊ တို့တလမ်းလုံး ချမ်းသာပါစေ၊ တို့တရွာလုံးချမ်းသာပါစေ။ တို့တမြို့လုံးချမ်းသာပါစေ။ တို့တနိုင်ငံလုံးချမ်းသာပါစေ၊ ကမ္ဘာသူ ကမ္ဘာသားတွေ ချမ်းသာပါစေ)ဟု နေ့စဉ်မေတ္တာပွား၍နေ၏။

ထိုပုဂ္ဂိုလ်များကား စစ်ဘေးရန်တွေ ရင်ဆိုင်နေရလင့်ကစား ဘေးမထိ ရန်မသန်း ချမ်းသာစွာ နေသွားကြရ၏။

## (၇-၈) ၆။ ဖားကူးဆရာတော်၏ မေတ္တာပွားမှုအမျှပေးဝေမှုကြောင့် အသက်ချမ်းသာသွားရသောဝတ္ထု

ဦးထွန်းအောင်သည် ၁၃၁၁ ခုနှစ် လောက်တွင် ဘုရားကြီးကျောင်းတိုက် ဖားကူးဆရာတော်ထံသို့ ရောက်လာ၏။ ဦးထွန်းအောင်က လျှောက်သည်မှာ မငွေခင်သည် ရောဂါအသဲအသန်ဖြစ်နေ၍ ဆရာတော်ကူညီမှ အသက်ချမ်းသာမည်ဟု လျှောက်၏။

ဆရာတော်မေး။ ။ ဆရာတို့ကဆေးလည်း မကုတတ်သည်ဖြစ်၍ ရောဂါဝေဒနာအတွက်နှင့် ဘာမျှမလုပ်တတ်သဖြင့် ဘယ်လိုနည်းဖြင့် ကယ်ရမည်နည်း။

ဦးထွန်းအောင်ဖြေ။ ။ ယိုအခါ ဦးထွန်းအောင်က ကြေးကုန်အောင် ယုတ်ပြောတော့၏။

ထိုကိစ္စနှင့်စပ်လျဉ်း၍ နားမလည်သဖြင့် မလိုက်လိုကြောင်း အတန်တန်ညင်းဆန်သော်လည်း ဦးထွန်းအောင်က အတန်တန်တောင်းပန်သဖြင့် လျှို့ဝှက်လိုက်သွားရာ အိပ်၏ဘုရားဆောင်အတွင်း လူမမာကို လူ ၂၀ လောက် ဝိုင်းပြီး ကြည့်ရှုနေကြ၏။

ထိုအခါဆရာတော်က ဦးထွန်းအောင်နှင့်အိမ်ရှင်တယောက် ၁၈၁ နေခဲ့၍ကျန်လူအားလုံး အခန်းတွင်းမှထွက်ပေးရန် မေတ္တာ ရပ်ခံ လိုက်သဖြင့် ပရိသတ်တွေ ထွက်သွားပြီး တံခါးပိတ် လိုက်၏၊

ထိုအခါဆရာတော်သည် ငြိမ်သက်စွာတင်ပလ္လင်ခွေ၍ ၁၀ မိနစ် ၁၅ မိနစ် လောက်ကြာသောအခါ ဂိလာန မငွေခင် ဘက်သို့လှည့်၍ သင်ဟာ ဘိုးဘိုးအောင်ဆိုပြီး လူကိုကပ်၍ညာ စားနေသည်။

သင်ဟာသရဲကြီးဘဲ ဒီလို အထင်မှားအမြင်မှားလမ်းလွဲဖြစ် အောင် မလုပ်ပါနှင့်၊ အပြစ်ကြီးလေးလှသည်ဟုပြောဆိုတောင်း ပန်မေတ္တာပို့အမျှဝေလိုက်၏။ နောက်အခါမပူးကပ်ရန် ဂတိခံ စေပြီးလွှတ်လိုက်၍ ထွက်သွားတော့၏။

ထို့နောက်မငွေခင်အား တဦးကပ်လာပြန်၏ ကပ်လာသူ ပြောပုံကားထိုမိန်းမသည် သံလျင်မြို့ဘုရားတည်သောအခါ တပည့်တော်အတွက် ပြင်ထားသော ကန်တော့ပွဲတွေကိုခြေ တောက်နှင့်နင်းခြေပစ်ပါသည်၊ ထိုအခါတပည့်တော်က နင့်ကံ ကောင်းတုံး နင်းနှင့် ပေါ့ဟု စိတ်ထဲထားပြီး အမျက်မပြေဘဲ အကြောင်းအခွင့်တွေကိုရှာနေခဲ့၏။

ယခုအပါထိုမိန်းမကံညံ့၍ ရောဂါတွေများပြီးလာတဲ့အချိန် တပည့်တော်က အမျိုးမျိုးသော အတတ်ဖြင့်လုပ်၍ သတ်ဖြတ် မည်ဟုကြိမ်းဝါးကာနေပါ၏၊ ထိုသို့အဖန်ဖန်ကြိမ်းဝါးကာနေ လေရာ သက်ဆိုင်ရာတို့က အသက်တချောင်းရခဲကြောင်းချမ်း သာပေးပါဖူဇော်ပသပါမည်ဟု အကြိမ်ကြိမ်တောင်းပန်တိုးလျှိုး

ကြပါသည် ထိုအခါတပည့်တော်က ခြောက်ထပ်ကြီးဘုရားကြီး တိုက်မှာ ဖားကူးဆရာတော်ရှိ၏၊ထိုဆရာတော်က ဒီမိန်းမ၏ကိုယ် နှင့်အသက်ဝိညာဉ်ကို အလှူခံလျှင်လှူပါမည်၊ ထိုဆရာတော်မှ တပါး မည်သူတဦးတယောက်ကိုမျှ မလှူနိုင်ပေ၊ သေအောင် သတ်ပစ်မည်ဟုပြောတော့၏။

ဆရာတော်မေး။ ။သင်သည် အဘယ်အမျိုးအနွယ်ဖြစ်၍ သင့်နာမည် ဘယ်သို့ခေါ်သနည်း။

နတ်ဖြေ။ ။တပည့်တော် သံလျင်မြို့ ပါဒကြီး နတ် လို့ခေါ်ပါသည်။

ဆရာတော်မေး။ ။ဘုန်းကြီးကိုဘယ်လိုသိသနည်း။

နတ်ဖြေ။ အရှင်ဘုရား ကြပ်တွင်းကျောင်းတွင်းအုတ် ဂူလေးထဲ၌နေ၍ တရားအားထုတ်စဉ် အခါ တပည့်တော်တို့ကို နာမည်ထုတ်ဖော်၍ ပါဒ ကြီးနတ် ၁ ရန်မာန် ခပ်သိမ်းကင်းငြိမ်းပါ စေသတည်း။ ၂ စိုးရိမ်ခပ်သိမ်း ကင်းငြိမ်းပါ စေသတည်း။ ၃ ဆင်းရဲခပ်သိမ်းကင်းငြိမ်းပါ စေသတည်း။ ၄ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာ ပါစေသတည်းဟုမေတ္တာပို့၍ ကုသိုလ်အဘို့ ကိုအမျှပေးဝေကာ စောင့်ရှောက် ခိုင်းပါ ၏။ တပည့်တော်လည်း အရှင်ဘုရားမေတ္တာ ရေဖြန်းမှုကို ခံယူကာ ကုသိုလ် ကောင်းမှု အဘို့ကို သာခုခေါ်ကာ အေးချမ်းစွာနေရ ပါ၏။ ဤကျေးဇူးကို မမေ့နိုင် သဖြင့်

ဤမိန်းမ ကိုယ်နှင့် အသက်ကို အရှင်ဘုရား
အား လှူပါ မည်ဟု ပြောဆို ဂတိပြုမိ
ပါသည်။

ထိုအခါဆရာတော်သည် ပါဒကြီးနတ်အား ရှေးကပွား များနေကြမေတ္တာကို ထပ်ခါထပ်ခါ ပွားများလျက် ကုသိုလ်ကောင်းမှုအဘို့များကိုလည်း သင်နတ်မင်းသာဓုခေါ်ရန်ပြောသောအခါ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်၏။ ဆိုင်ရာအိမ်သူအိမ်သားများကိုလည်း ယင်းပါဒကြီးနတ်အား မေတ္တာပို့ အမျှဝေရန်တိုက်တွန်းသဖြင့် မေတ္တာပို့ အမျှဝေပြီးသာဓုခေါ် ခိုင်း၏ ထိုအခါပါဒကြီးနတ်သည် ထိုမိန်းမ၏ကိုယ်နှင့်အသက်ဝိညာဉ်ကို ဆရာတော်အား လှူပါ၏ဟု ၃ ကြိမ် ဝမ်းမြောက်ဝမ်းသာဆို၍ လှူ၏။ ဆရာတော် ကလည်း အလှူခံယူ၏ ၃ ကြိမ် အလှူခံ၍ဝမ်းမြောက်ဝမ်းသာထပ်မေတ္တာပို့ အမျှဝေ၏။

နတ်မင်းလည်း ၃ ကြိမ်သာဓုခေါ်ကာ တပည့်တော်သွားပါရစေတော့ဟုခွင့်တောင်းပြီး ထွက်သွားတော့၏။နတ်ကြီးထွက်သွားပြီးသောအခါ မငွေခင်သည် ပုမမာမဟုတ် လူကောင်းပကတိဖြစ်နေတော့၏။ မငွေခင်အား ဆရာတော်က တရားဟောရာ (အရဟံ အရဟံ အရဟံ) ဤသို့တပုဒ်စီ ပုတီးသုံးပတ် တနေ့လျှင်နေ့ညမပြတ်သုံးထောင် လေးထောင်ရအောင် စိတ်၍တသန်းရှိလာလျှင်တံခိုးထက်လာမည်၊ ။

နေ့စဉ်မေတ္တာပွား သက်သတ်လွတ်စား အမျှပေးဝေလျှင် လူချစ် လူခင် များလာမည်။ နေ့စဉ် ဒါန သီလ ဘာဝနာပြု

ကြပါလေဟု ဂါထာပို့စေသည်၊ မငွေခင် သည်လည်း ဂါထာပေး သွားလေ၏။

( ဖားကူးဆရာတော်၏ သီလ သမာဓိပညာကို လေးစား ကြည်ညိုသူ)

မောင်ထွန်းအောင် ၁၃၁ဝ ခု ၁၉၄၈။

၈။ တုဝဋ္ဋံ စိတ္တံ သမာဓိယတိ၊ မေတ္တာ ပွား သူ စိတ် လျှင်စွာတည်ကြည်၏။

၉။ မုခဝဏ္ဏော ဝိပ္ပသီဒတိ၊ မေတ္တာပွားသူ မျက်နှာ ရွှင်ပြ၏။

၁၀။ အသံမုဠှောကာလံ ကရောတိ၊ မေတ္တာပွားသူ မတွေမဝေသေရ၏။

အဓိပ္ပါယ်အကျဉ်း

ကလျာဏပုထုဇ္ဇနများသည် အဓိသီလ အဓိစိတ္တ အဓိပညာ သိက္ခာသုံးရပ် မြတ်ဓမ္မကိုမကျိုးမပေါက်မပြောက်မကြားအောင် သတိဆောင်ကာ ပညာဖြင့် ဆင်ခြင် ဝီရိယဖြင့်။

၁။ လုံးစုံသတ္တဝါ ရန်မန်ခပ်သိမ်းကင်းငြိမ်းပါစေ။

၂။ စိုးရိမ်ခပ်သိမ်း ကင်းငြိမ်းပါစေ။

၃။ ဆင်းရဲခပ်သိမ်းကင်းငြိမ်းပါစေ။

၄။ ကိုယ်စိတ်နှစ်ဖြာချမ်းသာပါစေ။

ဤသို့ မပြတ်မလပ် မေတ္တာဘာဝနာကို အားထုတ်ခဲ့သည် ရှိသော် ဥပစာရ သမာဓိ ရနိုင်၏။ အပ္ပနာ သမာဓိ

ချာန်သမာဓိလည်းရနိုင်၏။ စိတ်ရွှင်ပြသည်ဖြစ်၍ မျက်နှာကြည်လင်၏။ တမလွန်ဘဝပြောင်းသွားခဲ့ရသည်ရှိသော် ဈာန်မရသူဖြစ်ကကာမသုဂတိ(၇)ဘုံတဘုံဘုံရောက်၏ဈာန်ရသောသူဖြစ်ပါကရသောဈာန်အလျောက်ရူပဗြဟ္မာဘုံ ၁၅ ဘုံသို့ ရောက်ရသည်ဖြစ်၏ဓ့တိမည်သူဖြစ်က အိပ်ဒသာယောကျ်ား နိုးသော်လာ းသို့ မေတ္တာဘရားပွားများသည်ဖြစ်၍ မတွေမဝေသေရ၏။ ၁၁ ဥတ္တရီအပ္ပဋိဝိဇ္ဈန္တော ဗြဟ္မလောကူပ ဂေါ ဟောတိ၊ ပါဠိအရ မဂ်ဖိုလ်ကို ထိုးထွင်း၍မရသေး၍ ရသောဈာန်အား လျော်စွာ ဗြဟ္မပြည်ရောက်နိုင်၏။

## အဓိပ္ပါယ်အကျဉ်း

ကလျာဏပုထုဇ္ဇနသည် မေတ္တာဈာန်ပွား၍ ဥပစာရသမာဓိ အပ္ပနာသမာဓိရပြီးလျှင် ယင်းသမာဓိကို အခြေခံထားလျက် ဖြစ်ပျက်ဝိပဿနာရှုသော် အာသဝက္ခယ်ခမ်း ရဟန္တာဖြစ်နိုင်၏။ ရဟန္တာဖြစ်လျှင် ဘဝချုပ်ငြိမ်း၏။ အနာဂါမ်ဖြစ်လျှင် သုဒ္ဓါဝါသဘုံသို့ ရောက်၏။ သောတာပန် သကဒါဂါမ်ဖြစ်လျှင် ကာမသုဂတိ(၇)ဘုံသို့ ရောက်နိုင်၏။

## ဈာန်သဂ္ဂရသူ

ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ဈာန်ရသော သောတာပန်သကဒါဂါမ်သည်။ သုဒ္ဓါဝါသ ငါးဘုံမှတပါး မိမိရသော ရူပဈာန် အားလျော်စွာ ဗြဟ္မ ၁၁-ဘုံတို့ဝယ် ရသောဈာန်ဘုံသို့ ရောက်နိုင်၏။

အနာဂါမ် ပုဂ္ဂိုလ်သည် စုတိသည်၏အခြားမဲ့ သုဒ္ဓါဝါသ ငါးဘုံတို့တွင် တဘုံဘုံသို့ရောက်၏။

ဤသည်ကား မေတ္တာသုတ်လာ အခန်းပြီး၏။

## ၁၂။ ပကိဏ္ဏကခန်း

မေတ္တာ ဘာဝနာ ထုံသင်းကြဲသော ၁၊ ဥပဂုတ္တမထေရ်။ ၂၊ ဇာနုဒ္ဒဂုတ္တမထေရ်။ ၃၊ ရောဟနဂုတ္တမထေရ်။ ၄၊ အဿဂုတ္တမထေရ်။ ၅၊ ဥပဂုတ္တတိဿနာဝ မထေရ်တို့ ဝတ္ထုကြောင်းများ။

### ဥပဂုတ္တမထေရ်အကြောင်း

သူရသေနတိုင်း ဒက္ခိဏာမဓုရမြို့တော်၊ ဤသူရသေန တိုင်းသည် မဇ္ဈတိုင်းနှင့်စပ်၍မဇ္ဈိမဒေသတွင် အနောက် တောင်ဘက်စွန်း၌တည်သော တိုင်းနိုင်ငံတခုဖြစ်၍ သာယာစည်ကားဝပြောသော တိုင်းကြီးတတိုင်း ဖြစ်သည်၊ မြို့တော်ကား ဒက္ခိဏာမဓုရမြို့တော်ဖြစ်သည်။ ထိုဒက္ခိဏာမဓုရမြို့တော်၌ မဟာသာဂရ ဥပသာရဂဟူ၍သား ၂-ယောက် ဖွားမြင်သည်။

ထိုအခါအသိတဥ္စနမြို့တော်၌ မဟာကံသဘုရင်မင်းမြတ်စိုးစံသည်၊ယင်းမိဖုရားမှ ဒေဝဂဗ္ဘာအမည်ရှိသော မင်းသမီးချောကလေးမွေးဖွားသည်၊ယင်းမင်းသမီးချောကလေးကို ဥပသာဂရမင်းသားလေးသည် တိတ်တဆိတ် ခိုးယူပေါင်းသင်းသည်။ ဃဋပဏ္ဍိတကဇာတ် (ဇာတကအဋ္ဌကထာ စတုတ္ထတွဲဒသက နိပါတ်နှာ ၈၀) ဇာတ်လာပထမ အဥ္စနဒေဝီမင်းသမီးလေးနှင့် အင်္ဂရမင်း အဆုံးရှိသော သားတကျိပ် သမီးတယောက်မွေးဖွားသည်။

(ဗုဒ္ဓနိုင်ငံတော် ပထမအုပ်- ၄၀၄၊ တရုပ်ဘုန်းကြီး ဝုပ်သျှင် မှတ်တမ်း)။

## ဥတ္တရမခုရမြို့

ကော်သမယံ အာ ယဲသွာ မဟာကစ္စာနော မဓုရာယံ ဝိဟ ရတိ ဂုန္ဒာဝနေ၊ အဿောသိ ခေါရာဇာ မဓုရော အဝန္တိ ပုတ္တော သမဏော ခလု ဘောကစ္စာနော မဓုရာယံ ဝိဟရတိ ဂုန္ဒာဝနေ (မဇ္ဈိမ ပဏ္ဏာသက မဓုရိသုတ္တာ)။

တေန သမယေန ဗု ဒ္ဓါ ဘဂဝါ ဝေရဉ္ဇာယံ ဝိဟရတိ နဠေရုပုစိမန္ဒမူလေ မဟတာ ဘိက္ခုသံဃေနသဒ္ဓိံ ပဉ္စမတ္တေဟိ ဘိက္ခုသတေဟိ။ (ပါရာဇိကံ ဝေရဉ္ဇကဏ္ဍ)

ဤဝေရဉ္ဇာမြို့၌ မြတ်စွာဘုရားသည် ၁၂-ဝါမြောက်ဝါဆို တော်မူသည်။ ဤမခုရမြို့တော်၌ အရှင်မဟာကစ္စာနအမှူးရှိသော ၈-ပါးသော ရဟန္တာတို့အား ဆံပင်ဖြတ်၍ လှူသော ဘိက္ခု ဒါယိကာမသူဌေးသမီးသည် ဒိဋ္ဌဓမ္မ ဆံပင်အစားပြန်ပေါက်၏။ (ဝိမာန ဝတ္ထု အဋ္ဌကထာ)။

မြတ်စွာဘုရား သာဝတ္ထိမြို့၌ သီတင်းသုံးစဉ် ဥတ္တရမခုရမြို့၌ ဒါယိကာမတယောက် စုတေလျှင် နိရဲ(ငရဲ) ကျမည်ကို မြင်၍ ဆွမ်းခံဝင်ရာ ဆွမ်းဘောဇဉ် လှူဒါန်းရသဖြင့် ၃-ရက်မြောက် တွင် သေ၍ နတ်ပြည်ရောက်ရ၏။ ဝိမာန ဝတ္ထု အဋ္ဌကထာ ၄၁၇)။

ဧကံ သမယံ ဘဂဝါ အန္တရာ စ,မခုရံ အန္တရာ စ,ဝေရဉ္ဇံ အဒ္ဓါနမဂ္ဂ ပဋိပန္နော ဟောတိ။ (အင်္ဂုတ္တရ နိကာယ စတုတ္ထ နိပါတ ပုညာဘိသန္ဒဝဂ္ဂ)။

## အဝန္တိတိုင်း ဥတ္တရမဓုရမြို့

ပါဠိတော်အရကား မဓုရမြို့နှင့်ဝေရဉ္စမြို့သည် ခရီးဝေးကွာလှမည် မဟုတ်တယူဇနာ မျှလောက် ဝေးကွာ၏ဟု မှတ်ယူရမည်၊ ဥပဂုတ္တ၏သီတင်းသုံးရာ ဌာနပါဠိလိပ်ပုတ်မြို့တော်အသောကမင်းမြတ်စိုးစံစဉ်အခါ မဓုရမြို့အနီး နင့်ဘာဘတိကအမည်ရှိသောတောအုပ်ကြီးအတွင်းဥရုမုန္ဒတောင်၌ဣဒ္ဓိနုဘာဝမဟာနုဘာဝရှိသည်ဖြစ်၍မေတ္တာကမ္မဋ္ဌာန်းစီးဖြန်းကာ မေတ္တာသမာပတ်ဝင်စားလေ့ရှိသော ဥပဂုတ္တမဟာထေရ်သည် တပည့်ရဟန်းသံဃာအပေါင်းရှစ်သောင်းလေးထောင်မျှ အခြံအရံရှိ၏။ ဓမ္မာသောကမင်းတရားသည် ပါဋလိပုတ်မြို့တော်သို့ သာသနာပြု ကြွစေတော်မူ၏။

(ဗုဒ္ဓနိုင်ငံတော် ၄၉၇)။

ဗုဒ္ဓေနဇိတောမာရော၊ ဥပဂုတ္တေနမာရောဗန္ဓော။ ယောကရောတိသကတ္တာသုံတ် ကာရက ကစ္စာယနသဒ္ဒါပါဠိ)၌ဥပဂုတ္တ အမည်ရ၏။

ဥပဂုတ္တထေရ် ဓနေရာဌာန။ မဓုရမြို့အနီး နင့်ဘာဘတိကတောအုပ် ဥရုမုန္ဒတောင်ပေါ်ကျောင်း၌ သီတင်းသုံးနေ့ထိုင်သည်။ ဗုဒ္ဓနိုင်ငံတော် ၄၉၀)။

ဥတ္တရမဓုရမြို့ဇာပူစ္စီယပြည်အနောက်မြောက်ပိုင်း ပန်ဂျပ်လမ်း ခရီးဖြတ်သွားရာလမ်းခရီးတလျှောက်တွင်များစွာသောကျောင်း တိုက်များနှင့် မဓုရမြို့သို့ရောက်သောအခါ၌လည်း မြို့သူမြို့သား နယ်သူ နယ်သား တို့သည် ဗုဒ္ဓသာသနာတော်ကို ကြည်ညိုကိုး ကွယ်ဆည်းကပ်ကြကုန်၏။

ဘုရင်မင်းမြတ်တို့လည်း ဗုဒ္ဓသာသနာတော်ကို ကြည်ညိုကုန် ၏။ ရဟန်းသံဃာများ သီတင်းသုံးရာ ကျောင်းတိုက်ကြီးများ ဆောက်လုပ်တည်ထားကြ၏။ (တရုပ် ရဟန်းတော် ဖါတိုင် မှတ်တမ်း ဗုဒ္ဓနိုင်ငံတော် / ၄၉၁)။

မဓုရမြို့တော်သည်နိုင်ငံအကျယ်အဝန်း လီပေါင်းငါးထောင် ခန့်ရှိ၏၊ မြို့တော်အကျယ်အဝန်း လီပေါင်းနှစ်ရာခန့်ရှိ၏၊ သာ သနာအစဉ်အဆက် တထောင်ကျော်အောင် မပျက်စီးဘဲထွန်း ကားလျက်ရှိသေးကြောင်းမှတ်သားရ၏။ရှေးဟောင်းပထဝီကျမ်း ကြီးများအရရင်းမဓုရမြို့တော်မှာ တောင်များဖြင့်လှည့်ပတ်ဝန်း ရံကာထားလျက် ယင်းတောင်များပေါ်၌လည်း ရှေး ဟောင်း အဆောက်အဦးနေရာများနှင့် ရုပ်ထုတော် ကျောက်စာတိုင်များ ကြီးကျယ်ခန်းနားသော ကျောင်းတိုက်ကြီးများ၏ နေရာဟောင်း များရှိသေးကြောင်း မှတ်သားထား၏ (တရုပ်ရဟန်းတော်ဝိုပ် သျှင်မှတ်တမ်း ဗုဒ္ဓနိုင်ငံတော် ၄၉၁)။

## ၂ ဇာလန္ဓရတ္တာထေရ်အကြောင်း

ရာဇာစမ္မေ ပသီဒိတွာ ဧကော ဓမ္မကုဋ္ဋိ ဧကေက ဝိဟာ

ရေနံပူဇေဿာမီတိ ဧက ဒိဝသ မေဝံ,ဆန္ဒဝုတ္တိ,ကော ဣမိနာပိ သေဋ္ဌေတွာ အမစ္စေ အာဏာပေသိ ထေဘဏေ ကေမေ ကသ္မိံ နဂရေ ဧကမေကံ ဝိဟာရံ ကာရာ ပေန္တု စတုရာသီတိ ယာနံ နဂရ သဟဿေသု စတုရာ သီတိဝိဟာရ သဟဿာနိ ကာရာပေထာတိ။ သယဉ္စ အသောကာရာမံ,အသောကမဟာ ဝိဟာရတ္ထာ ယ,ကမ္မံ ပဋ္ဌပေသိ။ သံဃော ဣန္ဒဂုတ္တတ္ထေရံ နာမမဲ ဟိဒ္ဓိကံမဲဟာနုဘာဝံ ခီဏာသဝံ နဝကမ္မာဓိဋ္ဌာယကံ အဒါသိ။ ထေရောယံယံ နနိဋ္ဌိတံတံတံ အတ္တနော အာနုဘာဝေန နိဋ္ဌာ ပေသိ ဧဝမ္ပိ တီဟိ ဝဿေဟိ,ဝိဟာရကမ္မံ နိဋ္ဌာပေသိ ဧကဒိ ဝသမေဝ သဗ္ဗနဂရေဟိ ပဏ္ဏာနိ အာဂမိံသု (ပါရာဇိက ကဏ္ဍ အဋ္ဌကထာ ဗာဟိရနိဒါန ကထာ တတိယ သင်္ဂီတိ ကထာ ၃၇)။

ဓမ္မာသောကဘုရင်မင်းမြတ်သည် မြတ်စွာဘုရားသည် ဟောတော်မူအပ်သော သုံးပုံပိဋကတ်နိကာယ်ငါးသွယ် အင်္ဂါကိုးတန် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်တို့တွင် ဓမ္မက္ခန္ဓာတို့၌ ကြည်ညိုသည်ဖြစ်၍ ဓမ္မက္ခန္ဓာတဆူလျှင် ကျောင်းတဆောင် ဘုရားတဆူ တည်လျက် ကျောင်းပေါင်း ရှစ်သောင်းလေးထောင် ဘုရားပေါင်း ရှစ်သောင်းလေးထောင် ဆောက်လုပ်ပူဇော်ရန်အတွက်အမတ်တို့အား ငွေကိုးဆယ့်ခြောက်ကုဋေ ထုပ်ပေးခိုင်းစေပြီး မိမိကိုယ်တိုင် အသောကအာရာမ်၌အသောက ကျောင်းတိုက်ကြီးဆောက်လုပ်ရန်အတွက် စီမံခန့်ခွဲလေသည်။ သံဃာတော်များက နဝကမ္မစီရင်ရန်အတွက် မဟိဒ္ဓိကမဟာနုဘာ

ဝခီဏာသဝဖြစ်သော ဋ္ဌလန္ဒဂုတ္တထေရ်ကို သမုတ်ပေးလေသည်။ ဋ္ဌလန္ဒဂုတ္တထေရ်သည် သုံးနှစ်နှင့် ပြီးအောင် မိမိအာနုဘော်ဖြင့် စီမံခန့်ခွဲလျက်ပြီးဆုံးစေလေ၏။ နေရာဌာန်.........ဋ္ဌလန္ဒဂုတ္တထေရ်၏သီတင်းသုံးသော ကျောင်းတိုက်ကား ဤနေရာ၌ အသော ကရာမဲအာရာမ်ကျောင်းတိုက်ကြီးဟု ယူဆရမည်။

## ၃ မဟာရောဟဏဂုတ္တသေရ် အကြောင်း။

ဝိကုဗ္ဗနပ္ပတ္တဿာပိ ခိပ္ပနိသန္တိဘာဝေါ နာမဘာရော၊သတေ သုသဟသေသု ဝါ ကောဝိခိပ္ပနိသန္တိဟောတိ။ ထေရမ္ဗတ္တလေမဟာရောဟန ဂုတ္တသေရဿ ဂိလာနုပဋ္ဌာနံ အာဂတေသုတိံ သမတ္တေသုံ ဋ္ဌဒ္ဓိမန္တ, သဟဿေသုံ ဥပသမ္ပဒါယ အဋ္ဌဝဿိကော ရက္ခိတထေရော ဝိယ,တဿာ နုဘာဝေါပထဝိတ သိန္နိဒ္ဒဿေဝုတ္တောယေဝ။ (ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ ဒုတိယဘွဲ ၁၂ ဋ္ဌဒ္ဓိဝိဓနိဒ္ဒေသအဘိညာကထာ ၄ )။

ဝိကုဗ္ဗနပ္ပတ္တဿာပိ ။ပ။ရက္ခိတ ထေရော ဝိယာသဗ္ဗံဝတ္ထုံ ဝိသုဒ္ဓိမဂ္ဂဝိတ္ထာရိတမေပါတိ။ (အဋ္ဌသာလိနီစိတ္တုပ္ပါဒကဏ္ဍ ကသိဏကထာ/၂၃၂)။

မဟာရောဟဏ ဂုတ္တထေရ်သည် ဋ္ဌဒ္ဓိမဟာ နုဘာဝ မဟာယသ ဗဟုသုတ ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ဂဏပါမောက္ခသံဃပိတု ရတ္တညူ ဂဏာဂရိယ ဝိနယဓရ ဓမ္မဓရမဟာထေရ်တပါးဖြစ်သည်၊ ပဋိသမ္ဘိဒါ တပည့် ရဟန္တာ သုံးသောင်း အမြဲခြံရံသည်။ သီတင်းသုံးရာဌာနကား မဟာရောဟဏ ဇနပုဒ်ဖြစ်သည်၊ ကျောင်းတိုက်ကား ထေရမ္ဗတ္ထလကျောင်းတိုက်ကြီးဖြစ်သည်၊ မြန်မာလို ထေရ်သရက်ကုန်းကျောင်းဖြစ်

သည်(မူကွဲတွင် ထေရမ္ပလေဏောဟုရှိသည်၊ မြန်မာလိုထေရ်သရက်လှိုဏ်ကျောင်းဖြစ်သည်။

## မှတ်ချက်။

ဤမဟာရောဟဏဂုတ္တထေရ်သည် မဇ္ဈိမဒေသသီရိမ္ဗာသောကမင်းလက်ထက်ဖြစ်သလော သို့မဟုတ် သီဟဠကျွန်း သဒ္ဓါတိဿမဟာနာမ မင်းတို့ လက်ထက်ဖြစ်သလောဟု သေချာစွာယူဆရန် ခဲရင်းပါသည်၊ ပညာရှင်များစဉ်းစားတော်မူရန်ထည့်လိုက်ပါသည်။

ဤသည်ကားမဟာရောဟဏဂုတ္တထေရ်အကြောင်းပြီး၏။

## တပည့် အရှင်ရက္ခိတအကြောင်း

ဟမ္ဗနဿာ နုဘာဝံ ဒိသွာ ထေရောအာဟ အာဝုသောသစေရက္ခိတော နာဘဝိဿ သဗ္ဗေဂရဟပ္ပတ္တာ အဿာမ နာဂရာဇာနံ ရက္ခိတုံ နာသက္ခိံသူတိ။ တသ္မာ အတ္တနာ ဂဟေတဗ္ဗာ ဝိစရိတဗ္ဗံ အာဝုဇ္ဇံ နာမမလံ သောဓေတွာဝ ဂဟေတွာ ဝိစရိတုံ ဝဋ္ဋတီတိ။ တေနေဝါယ ဩပါဝမေဒ ဥဒကာတိ သသဟဿာပိ ဘိက္ခူ။ ဓိပ္ပနိသန္တိနော အဓေဟသုံ ဓိပ္ပနိသန္တိယာပိ သတိပရဿ ပဏ္ဍိတာဘာဝေါ နာမဘာရော၊ တေသုသဟသေသု ဝါ, ဂေဝါဝဟောတိ၊ ဂိရိဘဏ္ဍဝါဟန ပူဇာယ မာရေနအင်္ဂါရဝဿေ ပဝတ္တိတေအာကာသေ ပထဝီမာပေတွာ အင်္ဂါရဝဿပရိတ္တာဏကော ထေရောဝိယ။ (ဝိသုဒ္ဓိ မဂ္ဂ/ ၂၁ ဣဒ္ဓိဝိဓ နိဒ္ဒေသအဘိညာကထာ ၄)။

တံပနရက္ခိတတ္ထေရနိဒဿနေနေဝ သိဒ္ဓမ္ပိ တထောဂရုဘာရေနအင်္ဂါရဝဿပရိတ္တာ ဆောန ဝိဘာဝိတုံ.... ဂိရိဘဏ္ဍဝါဟ

နပ္ပဇာယ။ပ။ ထေရော ဝိယာတိအာဟ။ ဂိရိဘဏ္ဍဝါဟ နပ္ပဇာ နာမခေတ်ိယဂိရိမှာဒိ ကတွာ သာကလဒိပေသမုဒ္ဒေစ,ယာဝယော ဇာနာမဟတိဒိပပ္ပဇာ ပထဝိံ မာပေတွာတိ မာရေန ပဝတ္တိတံ အင်္ဂါရ ဝဿံဖုံလိဂ်မတွေနပိ ယာဝ မနုဿနေ ပါပုဏာတိ၊ တာဝဒေဝအာကာသေ ပထဝိံ နိမ္မိနိတွာ။ (ဝိသုဒ္ဓိမဂ္ဂ မဟာ ဋီကာ ၁၂ ဣဒ္ဓိ ဝိခနိဒ္ဒေသအဘိညာကထာဝဏ္ဏာ နှာ၅)။

အရှင်ရက္ခိတထေရ် ဂဠုန်ဘေးမှနဂါးကိုကယ်ပုံ။

မာရေဟဏ ဂုတ္တထေရ်၏ သုံးသောင်း သော ရဟန္တာ ထေရ် တပည့်တို့တွင် (၈) ငါသာ ရသေးသော အရှင်ရက္ခိ တထေရ်သည် ခိပ္ပနိသန္တိဘာဝဏ္ဍိ တံခိုးနှင့်ပြည့်စုံသည်ဖြစ် ၍မဟာရောဟဏဂုတ္တထေရ်၏ မမာသောအခါ တပည့်ရဟန်း သုံးသောင်းစည်းဝေး၍ လာရောက်လုပ်ကျွေး၏၊ ထိုအချိန်အခါ ဂဠုန်သည်နဂါးမင်းကိုလိုက်၏၊ နဂါးမင်းသည် မဟာ ရောဟဏ ဂုတ္တထေရ်မမာရာ၌ လုပ်ကျွေးကြသော ရဟန်းသုံးသောင်းထံ အသက်ကယ်တော်မူပါဟု လျှောက်ထားရာ အရှင်ရက္ခိတထေရ် သည် ပထဝီကသိုဏ်းကိုဝင်စား၍ နဂါးမင်းအား မြေတောင်ဖြင့် ဖုံးကွယ်ထားလိုက်၏။

ထို့ကြောင့်နဂါးမင်းသည် ရက္ခိတထေရ်၏တံခိုးဖြင့်အသက် ဘေးချမ်းသာရသွားတော့၏။

တောင်ထိပ်သဘင်ဘုရားပွဲ မာရ်နတ်မီးကျီးမိုးရွာသည်ကို တားမြစ်ပုံ

ဘုရင်မင်းမြတ်သည် စေတီယတောင်မှစ၍ အလုံး စုံသော ကျွန်း၌ရင်း၊ သမုဒ္ဒရာပြင်၌ရင်း၊ ယူဇနာတိုင်အောင် စေတီယ

တောင်စသော စေတီများအား ဆီမီးပူဇော်ပွဲကြီး ကျင်းပ၏။ မာရ်နတ်သည် ကောင်းကင်မှ မီးကျီးမိုးယံး ရွာချ၏။ အရှင်ရက္ခိတထေရ်သည် ပထဝီကသိုဏ်းကို ဝင်စား၍ ကောင်းကင်ပြင်၌ မြေပြင်ကြီးဖန်ဆင်းလျက် မီးကျီးမိုးယံးကို တားထား၏။ ဤဖြစ်ရပ်များကား သီဟဠကျွန်း၌ ဖြစ်ရပ်များတည်း။

**အထူးမှတ်ချက်**

ခိပ္ပနိသန္တိ ဣဒ္ဓိဝိဓ အဘိညာဉ်ကိုရသော အသျှင်ရက္ခိတထေရ်ကို အကြောင်းပြု၍ မဟာရောဟဏ ဂုတ္တ ထေရ် သည် သုံးသောင်းသော မိမိ၏ တပည့်တို့အား ခိပ္ပံနိသန္တိ ဣဒ္ဓိရ အောင် ကသိုဏ်းကိုစီးဖြန်းစေ၏။

ဤကား မဟာရောဟဏ ဂုတ္တထေရ်၏ တပည့် အရှင်ရက္ခိတထေရ်အကြောင်းပြီး၏။

## ၄- ဝတ္ထု နိသေနာသန အဿ ဂုတ္တ

ကိံ ပန ခိဏာသဝေါ အဟံ ခိဏာသဝေါတိ အတ္တာနံ ပကာ ဧသတီတိ။

တိံ ဝတ္တဗ္ဗံ။ ကာရကဘာဝံ ဟိ ဇာနိတွာ ပကာ သေတိ။ နနု-အဿ ဂုတ္တထေရော အာရဒ္ဓ ကမ္မဋ္ဌာ နဿ ဘိက္ခုနော ကမ္မဋ္ဌာန ကာရကော။

အယန္တိ ဇာနိတွာ အာကာသေ ဓမ္မခဏ္ဍံ ပညာ ပေတွာ တတ္ထ ပလ္လင်္ကေန နိသိန္နော ကမ္မဋ္ဌာနံ ကထေ သီတိ။

(ဝိသုဒ္ဓိမဂ္ဂ ၃– ကမ္မဋ္ဌာနဂ္ဂဟဏ နိဒ္ဒေသ ကမ္မဋ္ဌာနဒါယက ဝဏ္ဏနာ/၉၅)

ဤအဿဂုတ္တထေရ်သည် ကမ္မဋ္ဌာန်း အားထုတ် လိုသော ပုဂ္ဂိုလ်အား ကောင်းကင်၌ စမ္မခဏ်ကိုခင်း၍ တင်ပလ္လင်ခွေထိုင်ကာ ကမ္မဋ္ဌာန်းပြတော်မူ၏။ နေရာကျောင်းကား ဝတ္တနိသေနာသနကျောင်းခေါ်သည်။

အနာဂတေ ပစ္စယဘာဝံ စဿ ဒိသွာ ဘဂဝါ ဓရ မာနေ့ ကေံ ဘိက္ခုမ္ပိ မေတ္တာဝိဟာရိမှိ တေဒဂ္ဂေန ဌပေသိ။ ပဿတိ ဟိ ဘဂဝါ အနာဂတေ အယံ မမ သာသနေ ပဗ္ဗ ဇိတွာ မေတ္တာ ဝိဟာရီနံ၊ အဂ္ဂေါဘဝိဿတီတိ။ သောဘ ဂဝ်တိ ပရိနိဗ္ဗုတေ ဓမ္မာသောကရာဇကာလေ ပါဋလိ ပုတ္တေ နိဗ္ဗတ္တိတွာ ပဗ္ဗဇိတွာ အရဟတ္တံ ပတွာ အဿ ဂုတ္တတ္ထေရော နာမ ဟုတွာ မေတ္တာဝိဟာရီနံ အဂ္ဂေါ အဟောသိ။ ထေရဿ မေတ္တာ နုဘာဝေန တိရစ္ဆာနဂတာပိ မေတ္တာစိတ္တံ ပဋိလဘိံ သု၊ ထေရော သကလ ဇမ္ဗုဒီပေ ဘိက္ခုသံဃဿ ဩဝါဒါ စရိယော ဟုတွာ ဝတ္တနိ သေနာသနေ အာဝသိ၊ တိံသယော ဇနမတ္တာ အဋဝိ ကော ပမာနဿရံ အဟောသိ။

ထေရော အာကာသေ စမ္မခဏ္ဍံ ပတ္ထရိတွာ တတ္ထ နိသိန္နော ကမ္မဋ္ဌာနံ ကထေသိ။ ဂစ္ဆန္တေ ဂန္တကာလေ သိက္ခာစာရမ္ပိ အဂန္တွာ ဝိဟာရေ နိသိန္နော ကမ္မဋ္ဌာနံ ကထေသိ မနုဿာ ဝိဟာရမေဝ ဂန္တွာ ဒါန မဒံသု၊ ဓမ္မာသောက ရာဇာ ထေရဿ ဂုဏံ သုတွာ ဒဋ္ဌုကာမော တိက္ခတ္တုံ ပတိနိ။ ထေရော ဘိက္ခုသံဃဿ ဩဝါဒံ ဒမ္မိတိ ကေဝ ရမိ န ဂတောတိ။

(မဇ္ဈိမ ပဏ္ဏာသ အဋ္ဌကထာ ၃ ပရိဗ္ဗာဇကဝဂ္ဂ ၁၀ စူဠသကုလုဒါယိ သုတ္တ ဝဏ္ဏနာ နှာ ၁၉၀)။

အဋ္ဌဝီ ဝိဉ္ဈပဗ္ဗတပဿေ ဂါမာနံ အနိဝိဋ္ဌတ္တာ ဟိယောဇနမတ္တံ ဌာနံ အဋ္ဌပိနာမ။ တတ္တ သေနာ သနံ ကာသိံ အဋ္ဌဝိ သေနာသနေ ပဝေန ကမ္ပိတာနံ ဘိက္ခူနံ ဗဟူနံ တတ္ထနိဝါသေန ဧကံ ပဓာန ဃရံ အဟောသိ။

(မဇ္ဈိမ ပဏ္ဏာသဋီကာ ၃ ပရိဗ္ဗာဇကဝဂ္ဂ ၁၀ စူဠ သကုလုဒါယိသုတ္တ ဝဏ္ဏနာ နှာ ၁၃၂)။

မြတ်စွာဘုရားသက်တော် ထင်ရှားရှိစဉ် စူဠသကုလုဒါယိ ပရိဗ္ဗာဇကကိုပင်ပန်းခံ ဟောတော်မူခြင်းမှာ ဤပရိဗ္ဗာဇက သည် ယခုဘဝ ငါဘုရား သာသနာတော်၌ မသက်ဝင်ပေ သို့ပင်ဖြစ်လင့်ကစား ငါဘုရား ပရိနိဗ္ဗာန် စံတော်မူပြီးသည့် နောက် နှစ်ပေါင်း နှစ်ရာကျော်သောအခါ ဓမ္မာသောကမင်း လက်ထက် ပါဋလိပုတ်မြို့၌ အမျိုးသား ဇနီးမောင်နှံ တို့ထံ ပဋိသန္ဓေနေပြီး ဖွားမြင်၍ အသက်နှစ်ဆယ်အရွယ်ရောက်သော် မဟာ မောဂ္ဂလိပုတ္တတိဿ မဟာထေရ်တို့ထံ ချဉ်းကပ်လျက် ရဟန်းပြုပြီး ဆရာ့ထံ ပရိယတ် ပဋိပတ်များကို သင်ယူလျက် ငါးဝါကျော်လွန်သောအခါ ဆရာ့အား ခွင့်တောင်း၍ ဆရာ့ ထံပါးမှ ဖဲ့ခွာကာ မေတ္တာကမ္မဋ္ဌာန်း စီးဖြန်း အားထုတ်ပြီး ရဟန္တာ ဖြစ်လိမ့်မည်။

မေတ္တာဘာဝနာ စီးဖြန်းသော ပုဂ္ဂိုလ်တို့တွင် အမြတ်ဆုံး ဖြစ်သော အဿဂုတ္တထေရ်ဟု မြတ်စွာဘုရား သာသနာတော်

၌ ကျော်စော ထင်ရှား‌သည်ဖြစ်၍ ယူဇနာ သုံးဆယ် ရှိသော တောအုပ်ကြီး၌ ကမ္မဋ္ဌာန်း ကျောင်းများ ပြည့်နှက် နေကာ တရားအားထုတ်သော ပုဂ္ဂိုလ်များကိုလည်း ယူဇနာသုံးဆယ်ရှိ ကမ္မဋ္ဌာန်းကျောင်းများ အလည် တည့်တည့် ကောင်းကင်၌ စမ္မခဏ်ကို ခင်းပြီး ထိုင်ကာကမ္မဋ္ဌာန်းတရားဟော၍ ကမ္မဋ္ဌာန်း ပေးရ၏။ ရဟန်းရှင် လူတို့တွင်သာမက တိရစ္ဆာန် သတ္တဝါတို့သော်မှလည်း မေတ္တာစိတ်ဖြစ်၍ အချင်းချင်း မေတ္တာစိတ် ပွားများကာ ပျော်ပျော်ရွှင်ရွှင် နေကြကုန်၏။

(မေတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ မေတ္တာ ဝိဟာရိနံယ ဒိဒံ အဿ ဂုတ္တော) ဟု မြတ်စွာ ဘုရားသည်း ဉာဏ်စူဠသကုလုဒါယိကို ရည်ရွယ်ထားခဲ့သည်။ ဓမ္မာသောကမင်း သည် အဿဂုတ္တထေရ်၏ ဂုဏ်သတင်းကို ကြားရ၍ အမတ်များ ကို စေလွှတ်ကာ သုံးကြိမ်သုံးခါ ပင့်ပါသော်လည်း ရဟန်း သံ ဃာ အပေါင်းအား နေ့စဉ် မပြတ် သြဝါဒ ပေးနေရ၍ တကြိမ်တခါမျှ မကြွပေ။

မှတ်ချက်။ ။ထေရ်၏ ဘွဲ့တော်ကား အဿဂုတ္တထေရ ဖြစ်သည်။ ကျောင်းတော်ကား ဝတ္တနိ သေနာသနကျောင်းတိုက်ဖြစ်သည်။ (ဋီကာအလိုသော် အဋ္ဌပိ သေနာသန ကျောင်းတိုက် ဖြစ်သည်။ ဝိဥ္ဈ တောင်နံဘေး၌ ယူဇနာ သုံးဆယ်ရှိသော တောအုပ်ကြီးသည်တရားအားထုတ်ရာကျောင်း တို့ဖြစ် ပြည့်နှက်နေသည်။

## ရေအိုင်၌ရေများနံနက်ခင်းအခါထောပယ်နို့စမ်းဖြစ်ရန် အဓိဋ္ဌာန်ပုံ

အဿ ဂုတ္တတ္ထေရော ဝတ္တနိ သေနာသနေ ဘိက္ခုသံဃ သုက္ခဘတ္တံ ဘုဥ္ဇမာနံ ဒိသွာ ဥဒကသောဏ္ဍိ ဒိဝသေ ဒိဝသေ ပုရေဘတ္တံ ဒမိရသာ ဟောတု ဒိအဓိဋ္ဌဟိ။ ပုရေဘတ္တံ ဂဟိတံ ဒမိရသံ ဟောတိ၊ ပစ္ဆာဘတ္တေ ပါကတိမေဝ။

(အင်္ဂုတ္တရ နိကာယ အဋ္ဌကထာ ၄ အဋ္ဌကထာ ကဏ္ဍ ဟိတ အတ္ထုဒ္ဒါရ ဝဏ္ဏ နှာ ၄-၄)။

အဿဂုတ္တထေရ်၏ ဝတ္တနိယ ကျောင်းတိုက်ကြီး၌ တရားလာရောက်အားထုတ်ကြသော သံဃာတော်များ အလှူနည်းများသဖြင့် ခြောက်သွေ့စေက်နေသော ဆွမ်းသာ ရသည်ဖြစ်၍ ရဟန်းတော်များဆင်းဆင်းရဲရဲ ဆွမ်းဘုဉ်းပေးရသည်ကို မဟာထေရ်မြင်သဖြင့် နေ့တိုင်း နေ့တိုင်း နံနက်ခင်းအခါ ရေအိုင်သည် နို့စမ်းဖြစ်စေသားဟု အဓိဋ္ဌာန် ထား၏။ နံနက်ခင်းခပ်ယူတိုင်းနို့စမ်းဖြစ်နေ၏။မွန်းတည့်ပိုင်းပကတိ ရေသာဖြစ်နေ၏။

ဧဝံ ပဗ္ဗ ဇိတေသု ပန် မဟာကဿပ ထေရဿ တာဝ အနုမ္ဗဇ္ဇာ ပဗ္ဗဇိတာ သတသဟဿ မတ္တာ အဟေသုံ တထာ တေရ သဿဝ သဒ္ဓိဝိဟာရိ တဿ စန္ဒဂုတ္တတ္ထေရဿ ကဿဝိ သဒ္ဓိ ဝိဟာ ရိကဿ သုရိ ယဂုတ္တတ္ထေရဿ၊ ဘဿဝိ သဒ္ဓိ ဝိဟာရိကဿ၊ အဿဂုတ္တတ္ထေရဿ၊ ဘဿဝိ သဒ္ဓိ ဝိဟာရိက ဿယောနက ဓမ္မရက္ခိတတ္ထေရဿ၊တဿ ပန သဒ္ဓိဝိဟာရိတော အယောကရညောကနိဋ္ဌဘာတာတိဿတ္ထေရောနာမအဟောသိ။

(သံ၊ဠ၊ ၃–၁၇ဝ။ အထူး) ဒီ၊ဠ၊ ၂–၃၆၉) (မဲ၊ဠ၊ ၁–၂ဝ၇–အံ၊ ဠ၊ ၁–၃၇) (အဘိ၊ ဠ၊ ၂–၂၅၉) (ဇာတ်ဝတ်၊ ဠ၊ ၃၄ဝ) (ဝိသုဒ္ဓိ၊ ၁–၉၅) (ဝိသုဒ္ဓိ၊ ၂–၆ဝ) တို့၏၊မထူး။

(တိပိဋက ပါဠိမြန်မာအဘိဓာန်အတွဲ ၃ အဗျဂ္ဂ အဋ္ဌာရပ မှ အဘိဓာန်ပုဒ်ပေါင်း ၁၁၄၅၁ ပါဝင်သည်)။

ဤသို့ဘုရား သာသနာတော်သို့င်၍ ရဟန်း ပြုကုန်သောသူတို့တွင်–

၁။ မဟာကဿပ ထေရ်သို့ အတုလိုက်၍ ရဟန်းပြုသူက သိန်းအတိုင်းအရှည်ရှိ၏။

၂။ ယင်း၏သဒ္ဓိဝိဟာရိက တပည့် စန္ဒဂုတ္တထေရ်သို့ အတုလိုက် ရဟန်းပြုသူ တသိန်း။

၃။ ယင်းသဒ္ဓိဝိဟာရိက တပည့် သူရိယ ဂုတ္တထေရ်သို့ အတုလိုက် ရဟန်းပြုသူ တသိန်း၊

၄။ ယင်း သဒ္ဓိဝိဟာရိက တပည့် အဿဂုတ္တထေရ်သို့ အတုလိုက် ရဟန်းပြုသူ တသိန်း။

၅။ ယင်း သဒ္ဓိဝိဟာရိက တပည့် ယောနက ဓမ္မရက္ခိ ယထေရ်သို့ အတုလိုက် ရဟန်းပြုသူတသိန်း။

၆။ ယင်း သဒ္ဓိဝိဟာရိက တပည့် ဓမ္မာသောက မင်းကြီးညီ တိဿထေရ်ဖြစ်သည်။ ယင်းတိဿ ထေရ်သို့ အတုလိုက်၍ ရဟန်းပြုသူ သောင်း ကျော်မျှ များစွ ဖြစ်သည်။ ဤကား တေရဝါသ ဖြစ်သည်။

ဤကား အဿဂုတ္တထေရ်အကြောင်းပြီး၏။

## အဿဂုတ္တအကြောင်း

ယောနကတိုင်း သာဂလမြို့တော် ယောနက ဓမ္မရက္ခိတ မထေရ်၏ ဇာတိနေရပ် ဇမ္ဗူကျွန်း မဇ္ဈိမဒေသ ယောန ကတိုင်း သာဂလမြို့တော်၌ မိလိန္ဒမင်းကြီးအုပ်စိုးစဉ် အခါ ပိဋကတ်နှင့် ဗေဒင်မျိုးစုံ တဆဲ့ ရှစ်ရပ် အတတ် ပုစ္ဆာ ပြဿနာ အယူဝါဒပေါင်းများစွာ ကျွမ်းကျင် လိမ်မာသည် ဖြစ်၍ ပူရဏ ကဿပ စသော ဟိတ္တိဆရာကြီး ခြောက်ယောက် တို့၏ အမျိုးအနွယ်ဖြစ်သော ပရိဗ္ဗာဇက ရသေ့တို့နှင့် ဗုဒ္ဓ ဘာသာ သာသနာတော်ထမ်း ရဟန်းသိန်းပေါင်းများစွာတို့ပါ ပုစ္ဆာမေး ညှင်းဆဲ၍ သာဂလမြို့နယ်တွင်း ရဟန်းတော်များ လုံးဝမနေနိုင်(၁၂)နှစ်ပတ်လုံးရဟန်းတော်တို့မှဆိတ်သုံးနေ၏။

ထိုအခါ အရှင်အဿဂုတ္တထေရ်သည် ဟိမဝန္တာ တောင် ရက္ခိတ တောင်ထိပ်၌ သတင်းသုံး နေကြကုန်သော ရဟန္တာ ကုဋေတရာ တို့သည် ယုဂန္ဓရ တောင်ထိပ်၌စည်းဝေးကြကုန်၏။

### အဿဂုတ္တမဟာထေရ်မေး

စည်းဝေး လာကြကုန်သော ရဟန်းတို့တွင် မည်သို့သော ရဟန်းသည် မိလိန္ဒမင်းနှင့်တကွ စကားပြိုင်ဆိုင်ပြောဆို၍ယုံမှား ခြင်းကိုဖြောက်ခြင်းငှာစွမ်းနိုင်သည့် ရဟန်းရှိပါသလား ၃ကြိမ် မေးပါသော်လည်း ရဟန္တာ ကုဋေတရာတို့တွင် တပါးမှ ထ မပြောဘဲ ဆိတ်ဆိတ်နေကြ၏။

ထိုအခါ အရှင်အဿဂုတ္တမထေရ်သည် ကဿပ ဘုရားရှင် လက်ထက်တော်အခါက တံမြက်စီးလှဲ၍ ဆုတောင်းဘူးကဲ ဖြစ် သော ဝေဇယန္တာပြဿဒ်၏ အရှေ့ဘက် ကေတုမတီနတ်ဘုံ၌

နေသော မဟာသေန နတ်သားသည် မိလိန္ဒမင်းနှင့် ပြိုင်ဆိုင်ပြောဆိုခြင်းငှာ စွမ်းနိုင်၏။

ထိုအခါ အရှင်အဿဂုတ္တမထေရ်အမှူးရှိသော ကုဋေတရာသော ရဟန္တာတို့သည် ယုဂန္ဓရတောင်ထိပ်၌ ပျောက်ကွယ်ပြီး တာဝတိံသာနတ်ပြည် သက္ကရားမင်းထံသို့သွား၍ ဤအကြောင်းပြောပြရာ မဟာသေနနတ်သားကို တာဝန်ယူစေလျက် လူ့ပြည်၌ သာသနာပြုရန် ဂတိပေး၍ ထိုအစည်းအဝေး၌ အရှင်ရောဟဏ ရဟန်းတော်မြတ်ကို ဟိမဝန္တာတောင်နံဘေး ဂဇင်္ဂလ ပုဏ္ဏားရွာ သောဏုတ္တရ ပုဏ္ဏား အိမ်၌ ပဋိသန္ဓေနေ၍ (၇)နှစ်သားရှိသောအခါ ရှင်ပြုပေးရမည်ဟု အမိန့်ပေး၏။

## နာဂသေနရှင်ပြုပုံ

အရှင်ရောဟဏမထေရ်သည် မဟာသေနနတ်သား ပဋိသန္ဓေနေဆဲကစပြီး (၇)နှစ်နှင့်(၁၀)လ ဤသောဏုတ္တရ အိမ်၌ ဆွမ်းခံလျက် (၇)နှစ်အရွယ် ရောက်သောအခါ နာဂသေနသူငယ်လေးကိုခေါ်၍ မိမိနေသော သာဂလမြို့နယ် ဝတ္တနိယကျောင်းမှ ဝိဇမ္ဘဝတ္တကျောင်း၌ တည်းခိုပ်ပြီး ရက္ခိတတောင်ထိပ် ကုဋေတရာသော ရဟန္တာတို့၏ အလယ်၌ နာဂသေနသူငယ်လေးကို ရှင်ပြုပေးလေသည်။

အရှင်ရောဟဏမထေရ်သည် မိမိနေသော ဝတ္တနိယကျောင်း၌ခေါ်လျက် အဘိဓမ္မာ (၇)ကျမ်းကိုသင်စေ၏။ ထို့နောက် အသက်(၂၀)ပြည့်သောအခါ ရက္ခိတတောင်ထိပ်၌ကုဋေတရာသော ရဟန္တာတို့က ရှင်နာဂသေနကို ရဟန်းခံပေး၏။

## ရှင်နာဂသေန အရှင်အဿဂုတ္တမထေရ်ထံလွှတ်ပုံ

အရှင်ရောဟဏမထေရ်သည် မိမိတပည့်ဖြစ်သော ရှင်နာဂ သေနကို သာဂလမြို့နယ်ဝတ္တနိယကျောင်း သီတင်းသုံးတော်မူသော အရှင်အဿဂုတ္တမထေရ်ထံလွှတ်၍ အဆုံးမခံစေ၏။ အရှင်အဿဂုတ္တမထေရ်သည် မိမိအား သားအရင်းလို လုပ်ကျွေးနေသော ဥပါသိကာမကြီးတယောက်က ဆွမ်းစားပင့်၍ ရှင်နာဂသေနပါခေါ်သွားပြီး ဆွမ်းစားပြီးသည်နောက် အရှင် အဿဂုတ္တမထေရ်က ရှင်နာဂသေနကိုတရားဟောခိုင်းပြီး ကျောင်းသို့ပြန်သွား၍ တန်ဆောင်းဝန်း၌ ထိုင်နေ၏။

ရှင်နာဂသေနသည် နက်နဲခက်ခဲသော လောကုတ္တရ သုညတနှင့် စပ်ရှင်သော တရားစကားဖြင့် အနုမောဒနာ ပြုခဲ့သည်၌ ခဲ့သော် ဥပါသိကာမကြီးသည် သောတာပန်တည်၏။ မိမိဟောသော တရား ပြန်၍ဆင်ခြင်သောအခါ ဤနေရာ၌ပင် ရှင်နာဂသေနသည် သောတာပန်တည်၏။ အရှင်အဿဂုတ္တမထေရ်သည် ကျောင်းတန်ဆောင်းဝန်း၌ထိုင်၍ (၂) ယောက် စလုံး အား သာဓုခေါ်၏။

## ရှင်နာဂသေနအား စာသင်လွှတ်ပုံ

အရှင်အဿဂုတ္တမထေရ်သည် ယောဇနကတိုင်း ဤသာဂလမြို့မှ ယူဇနာတရာဝေးကွာသော ပါဋလိပုတ္တမြို့တော် အသောကာရာမ ကျောင်းတော်၌ ဓမ္မရက္ခိတမထေရ်သည်ရှိ၏။ သင်သည် ထိုဓမ္မရက္ခိတမထေရ်ထံသို့သွား၍ မြတ်စွာဘုရား၏စကားတော်ကို ကုန်စင်အောင်သင်ယူလော့ဟု ခိုင်းလိုက်၏။

အရှင်ဓမ္မရက္ခိတမထေရ်သည် ရှင်နာဂသေနအား ပိဋကတ်

သုံးပုံကို (၃)လဖြင့်အပြီးအစီးသင်ယူပြီးသည်နောက် ကမ္မဋ္ဌာန်းပေး၍ တရားအားထုတ် ခိုင်းရာ ပဋိသမ္ဘိဒါ မဂ်နှင့် တကွ ရဟန္တာအဖြစ်သို့ရောက်သွား၏။

**မိလိန္ဒမင်းအား ဆုံးမရန်ခိုင်းပုံ။**

ဟိမဝန္တာတောင် ရက္ခိတတောင်ထိပ်အပြင်၌ ကုဋေတရာသော ရဟန္တတို့စီးဝေး၍ အရှင်နာဂသေနအား ခေါ်ပြီး မိလိန္ဒမင်းကိုဆုံးမရန် တာဝန်ပေး၏။

